# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

**Myanma Alinn Daily**

၁၃၇၇ ခုနှစ်၊ ဒုတိယဝါဆိုလဆန်း ၁၃ ရက်    ၂၀၁၅ ခုနှစ်၊ ဇူလိုင် ၂၉ ရက်၊ ဗုဒ္ဓဟူးနေ့၊    အတွဲ [၅၄]၊ အမှတ် [၂၉၇]


ဒါန၃ တော်မင်္ဂလ မုတ္တမ်

**စွန့်ကြဲပေးကမ်း လှူဒါန်းခြင်းသည် မြတ်သောမင်္ဂလာ မည်၏။**



## နိုင်ငံတော်သမ္မတ ဦးသိန်းစိန် အမေရိကန်ပြည်ထောင်စု နယူးယောက်မြို့အခြေစိုက် အာရှလူ့မှုအဖွဲ့ အစည်းဆိုင်ရာမူဝါဒအဖွဲ့ ဥက္ကဋ္ဌဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံ

ရွေးကောက်ပွဲအကြိုကာလ၊ ရွေးကောက်ပွဲကာလ၊ ရွေးကောက်ပွဲအလွန်ကာလများတွင် တည်ငြိမ်အေးချမ်းရေးအတွက် အလေးထားဆောင်ရွက်နေမှုများ ဆွေးနွေး

စာမျက်နှာ-၃

## ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ဆန်းစစ်မှုအရ မြန်မာနိုင်ငံသည်ကုလသမဂ္ဂထောင်စုနှစ် ပန်းတိုင် ဖွံ့ဖြိုးတိုးတက်ရေး ရည်မှန်းချက်များပြည့်မီရေး လမ်းကြောင်းမှန်ပေါ်တွင် ရောက်ရှိနေသော်လည်း စိန်ခေါ်မှုများစွာကျန်ရှိနေ

စာမျက်နှာ » ၆

## မြန်မာနိုင်ငံ၏ စားနပ်ရိက္ခာဖူလုံမှု ရေရှည်တည်တံ့စေရေးနှင့် အာဟာရပြည့်ဝစေရေး အတွက် ဝိုင်းဝန်းကြိုးပမ်း

စာမျက်နှာ » ၈



အရာတော်မြို့နယ်အတွင်း မိုးမြစ်ရေဝင်ရောက်ခဲ့သည့်ကျေးရွာများတွင် အဖွဲ့အစည်းအသီးသီးနှင့် စေတနာရှင် အလှူရှင်များက ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ ဇူလိုင် ၂၈ ရက်က ဇရစ်ကျေးရွာကယ်ဆယ်ရေးစခန်း၌ ထမင်းထုပ်များ ဝေငှနေသည်ကို တွေ့ရစဉ်။ (ခရိုင် ပြန်/ဆက်)

## ပိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် အိန္ဒိယတပ်မတော် ရေငုပ်သင်္ဘော အား ကြည့်ရှုလေ့လာ

စာမျက်နှာ » ၉

## ပြည်ထောင်စုတရားစီရင်ရေး ဥပဒေကို တတိယအကြိမ် ပြင်ဆင်သည့် ဥပဒေပြဋ္ဌာန်း

စာမျက်နှာ » ၁၀

## ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥပဒေကို ပြင်ဆင်သည့် ဥပဒေပြဋ္ဌာန်း

စာမျက်နှာ » ၁၀




# မြန်မာ့အလင်း အယ်ဒီတာ့အာဘော်

## အနည်းဆုံးအခကြေးငွေ

ကျွန်ုပ်တို့မြန်မာနိုင်ငံတွင် ဖွံ့ဖြိုးတိုးတက်မှုအနည်းဆုံးနိုင်ငံ (LDC) အဖြစ်မှ လွတ်မြောက်ရန်နှင့် အလယ်အလတ်ဝင်ငွေရှိသော နိုင်ငံဖြစ်ရန်ဟူသော ရည်မှန်းချက်ချမှတ်ဆောင်ရွက်လျက်ရှိပါသည်။ ဤသို့ဆောင်ရွက်ရာတွင် အနည်းဆုံးအခကြေးငွေသတ်မှတ်ရေးကိစ္စသည် အဓိကစိန်ခေါ်မှုတစ်ရပ်ဖြစ်လာပါသည်။ အလုပ်ရှင်နှင့်အလုပ်သမားတို့အကြား လုပ်ခတိုးပေးရေးကိစ္စအပေါ် ပြဿနာများ မကြာခဏဖြစ်ပေါ်လျက်ရှိပါသည်။ ဤသို့အငြင်းပွားစရာများ ပြဿနာများတစ်စိတ်တစ်ဒေသအားဖြင့် ချုပ်ငြိမ်းသွားစေရန် အနည်းဆုံးအခကြေးငွေ သတ်မှတ်သဘောတူညီမှုရရှိနိုင်ရေး အကောင်အထည်ဖော်ကြိုးပမ်းလျက်ရှိပါသည်။

လက်ရှိအချိန်တွင် တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက်အစိုးရအလုပ်ရှင်၊ အလုပ်သမားကိုယ်စားလှယ်များ အကြိမ်ပေါင်း ၃၀ ကျော် တွေ့ဆုံညှိနှိုင်းမှုရလဒ်အရ အနည်းဆုံးအခကြေးငွေသတ်မှတ်ရေးဆိုင်ရာ အမျိုးသားကော်မတီက ဇွန်လ ၂၉ ရက်နေ့ရက်စွဲဖြင့် တစ်နေ့အလုပ်လုပ်ချိန် ရှစ်နာရီအတွက် ငွေကျပ် ၃၆၀၀ သတ်မှတ်နိုင်ရန် အဆိုပြုလွှာတစ်ရပ်ထုတ်ပြန်ထားပါသည်။ သက်ဆိုင်ရာ အမျိုးသားကော်မတီအနေဖြင့် ဩဂုတ်လကုန်ပိုင်းတွင် အနည်းဆုံးအခကြေးငွေသတ်မှတ်ထုတ်ပြန်နိုင်ရန် မျှော်လင့်ထားပါသည်။

ဤအဆိုပြုလွှာထွက်ပေါ်လာပြီးနောက် အလုပ်ရှင်နှင့်အလုပ်သမားတို့အကြား အနည်းဆုံးအခကြေးငွေနှင့်ပတ်သက်၍ လွန်ဆွဲမှုမှာပြင်းထန်လာပါသည်။ အလုပ်ရှင်တို့က အနည်းဆုံးအခကြေးငွေအပေါ် ကန့်ကွက်လာကြပါသည်။ တစ်ချိန်တည်းမှာပင် အလုပ်သမားများဘက်ကလည်း တစ်ရက်လုပ်ခလစာ ငွေကျပ် ၃၆၀၀ သာမက ငွေကျပ် ၄၀၀၀ အထိတိုးမြှင့်သတ်မှတ်ရန် ဆန္ဒပြတောင်းဆိုမှုများ ရှိလာပါသည်။

မည်သို့ပင်ဖြစ်စေ အလုပ်ရှင်နှင့် အလုပ်သမားတို့သည် တစ်ဖက်နှင့်တစ်ဖက် ကိုင်းကျွန်းမှီ၊ ကျွန်းကိုင်းမှီဆိုသကဲ့သို့ အပြန်အလှန်အကျိုးပြုနေကြသူများသာ ဖြစ်ပါသည်။ အမှီသဟဲပြုနေကြသူများသာဖြစ်ပါသည်။ အလုပ်သမားများက အလုပ်ရှင်တို့၏ အကျိုးစီးပွားအတွက် ကြိုးစားအလုပ်လုပ်ပေးရမည်ဖြစ်သကဲ့သို့ တစ်ဖန်အလုပ်ရှင်များဘက်မှလည်း အလုပ်သမားများ၏ ဘဝရှင်သန်ရပ်တည်နိုင်ရေး ထိုက်သင့်သောလစာငွေများပေးရန် လိုအပ်မည်ဖြစ်ပါသည်။

အမှန်စင်စစ် ဤကိစ္စသည် “ရှဉ့်လည်းလျှောက်သာ ပျားလည်းစွဲသာ”ဖြစ်အောင် လုပ်ကိုင်ဆောင်ရွက်သင့်ပါသည်။ အလုပ်ရှင်တို့၏ အကျိုးစီးပွားကိုလည်း လွန်စွာမထိခိုက်၊ အလုပ်သမားတို့အတွက်လည်း ထိုက်သင့်သောအခကြေးငွေများ ရရှိအောင်ဆောင်ရွက်နိုင်မှသာ ရည်မှန်းချက်များပေါက်မြောက်အောင်မြင်နိုင်မည်ဖြစ်ပါသည်။ ဤနေရာတွင် အတ္တ၊ ပရမှျတစွာဆောင်ရွက်ရန် အရေးကြီးပါသည်။

လက်ရှိအဆိုပြုထားသော တစ်ရက်လုပ်ခလစာ ၃၆၀၀ ကျပ်သည် အနည်းဆုံးအခကြေးငွေအနိမ့်ဆုံးဖြစ်သည့် ကမ္ဘောဒီးယားနိုင်ငံထက်ပင် လျော့နည်းနေသေးကြောင်း ကြားသိရပါသည်။ ဤအချက်ကို ထောက်ရှု၍ မြန်မာနိုင်ငံသည် လုပ်အားခအသက်သာဆုံးနိုင်ငံဖြစ်နေသည်ကို တွေ့ရမည်ဖြစ်ပါသည်။ သို့ပါ၍ ကုန်ဈေးနှုန်းမြင့်မားလာချိန်တွင် အလုပ်သမားများ၏ဘဝကို စာနာထောက်ထားသောအားဖြင့် အဆိုပြုထားသော အနည်းဆုံးအခကြေးငွေအပေါ် အမြန်ဆုံးတုံ့ပြန်ဖော်ဆောင်ကြိုးပမ်းကြရမည်ဖြစ်ပါကြောင်း။ ။

မြန်မာ့အလင်း
၁၂၇၅ ခုနှစ်က တည်ထောင်သည်။
Established in 1914
Myanma Alinn Daily
စာတည်းမှူးချုပ် - အောင်နိုင်ဦး
စာတည်းမှူး - ဝင်းရွှေ
စာတည်း - ထိန်လင်း၊ မြင့်စိုး၊ ကြည်ဝင်း၊ ဝင်းကျော်
သတင်းထောက်မှူး - မြင့်ဆွေ
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)
ကြော်ငြာ - ၀၁-၅၄၅၈၃၄ ၊ ၀၁- ၅၅၉၁၁၈
Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈
ဖြန့်ချိ - ၀၁-၅၄၄၃၁၇၊ Fax- ၀၁-၈၆၀၄၅၄၆

# အထွေထွေရွေးကောက်ပွဲကို ၂၀၁၅ ခုနှစ် နိုဝင်ဘာလ ၈ ရက်နေ့တွင် ကျင်းပမည်

“ မဲစာရင်းမှာအမည်ပါမှ မဲပေးနိုင်ကြောင်း သတိချပ်စေလိုပါသည်။
မဲစာရင်းမှားယွင်းမှုရှိနေသော်လည်း မဲပေးခွင့်မဆုံးရှုံးနိုင်ပါ။
မဲပေးပိုင်ခွင့်ရှိသူ အမှန်ဖြစ်ကြောင်း တာဝန်ခံပြောကြားသူရှိလျှင် ပြင်ဆင်ရေးမှတ်၍ မဲပေးခွင့်ပြုရမည်ဟု
လွှတ်တော်ရွေးကောက်ပွဲ နည်းဥပဒေများ ၅၀ (ဂ)တွင် အတိအလင်း ပြဋ္ဌာန်းထားပါသည်။ ”

## ရွေးကောက်ပွဲဆိုင်ရာ အသိပညာပေးသင်တန်းဖွင့်



**ရန်ကုန် ဇူလိုင် ၂၈**

ရန်ကုန်အရှေ့ပိုင်းခရိုင် တာမွေမြို့နယ်ကော်မရှင်အဖွဲ့ခွဲမှ ကျင်းပသည့် ရပ်ကွက်ရွေးကောက်ပွဲအဖွဲ့ခွဲဝင်များအား ရွေးကောက်ပွဲဆိုင်ရာ အသိပညာပေးသင်တန်းကို ဇူလိုင် ၂၆ ရက်က တာမွေအထက(၁) ပင်လုံခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်ကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးမြင့်သိန်းက သင်တန်းဖွင့်လှစ်ရခြင်းရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားပြီး မြို့နယ်ကော်မရှင်အဖွဲ့ခွဲအဖွဲ့ဝင် ဒေါက်တာဦးအောင်မြင့်က ရပ်ကွက်ကော်မရှင်အဖွဲ့ခွဲဝင်များ လုပ်ဆောင်ရမည့် လုပ်ငန်းများကို ရှင်းလင်းဆွေးနွေးသည်။

ဆက်လက်၍ မြို့နယ်ကော်မရှင်အဖွဲ့ခွဲမှ ဦးခင်မောင်အေးက ရွေးကောက်ပွဲဆိုင်ရာလုပ်ငန်းတွင် အသုံးပြုမည့်ပုံစံများအကြောင်း၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနဦးစီးမှူး ဒေါ်လှလှမြင့်က ကြိုတင်ဆန္ဒမဲပေးခြင်း၊ ဆန္ဒမဲရေတွက်ခြင်းနှင့် မြို့နယ်ဥပဒေအရာရှိဒေါ်မြမြစိုးက ရွေးကောက်ပွဲဆိုင်ရာ ဥပဒေနှင့်နည်းဥပဒေအကြောင်းအရာများကို ရှင်းလင်းဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**လှလှ**

## ရွေးကောက်ပွဲဆိုင်ရာသင်တန်းဖွင့်

**နေပြည်တော် ဇူလိုင် ၂၈**

၂၀၁၅ခုနှစ် နိုဝင်ဘာ ၈ ရက်တွင်ကျင်းပမည့် ရွေးကောက်ပွဲကြီးအောင်မြင်စွာ ကျင်းပပြီးစီးနိုင်ရေး အထူးရဲများအား ဆင့်ပွားသင်တန်းပေးမည့် တပ်ဖွဲ့ဝင်(အရာရှိ) နည်းပြသင်တန်းဖွင့်ပွဲအခမ်းအနားကို ဇူလိုင် ၂၇ ရက်က မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ် အရိန္ဒမာခန်းမတွင် ကျင်းပရာ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဒုတိယရဲချုပ် ရဲမှူးချုပ်သိန်းဦး တက်ရောက်၍ အမှာစကားပြောကြားသည်။

အဆိုပါသင်တန်းသို့ တပ်ဖွဲ့ဝင်(အရာရှိ) သင်တန်းသား ၃၄ ဦး တက်ရောက်လျက်ရှိပြီး ဩဂုတ် ၇ ရက်အထိ ဖွင့်လှစ်သင်ကြားသွားမည်ဖြစ်သည်။

**ကိုရဲ**




## ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် အခြေခံစားကုန်ဈေးနှုန်း ၂၈-၇-၂၀၁၅

**ရွှေဈေးနှုန်း(အောင်သမာဓိ)**

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၇၃၁၅၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၆၈၈၅၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၇၃၀၈၀၀ |

**စက်သုံးဆီဈေးနှုန်း(စက်သုံးဆီအသင်း)**

| | | |
|---|---|---|
| ဓာတ်ဆီ | တစ်လီတာ | ကျပ် ၇၁၀ |
| ဒီဇယ် | တစ်လီတာ | ကျပ် ၆၉၀ |
| အောက်တိန်း ၉၂ | တစ်လီတာ | ကျပ် ၇၃၀ |
| အောက်တိန်း ၉၅ | တစ်လီတာ | ကျပ် ၈၁၀ |
| ပရီမီယံဒီဇယ် | တစ်လီတာ | ကျပ် ၇၃၀ |

**သားငါးနှင့်ဟင်းချက်စရာဈေးနှုန်း(သား/ငါးဒိုင်များ)**

| | | | |
|---|---|---|---|
| ၁။ | ငါးကြင်း | တစ်ပိဿာ | ၄၅၀၀-၆၀၀၀ |
| ၂။ | ငါးမြစ်ချင်း | တစ်ပိဿာ | ၄၀၀၀-၄၅၀၀ |
| ၃။ | ငါးရံ့ | တစ်ပိဿာ | ၆၅၀၀-၇၅၀၀ |
| ၄။ | ငါးဖယ် | တစ်ပိဿာ | ၆၅၀၀-၁၂၀၀၀ |
| ၅။ | ပုစွန် (ကျော့) | တစ်ပိဿာ | ၇၀၀၀-၁၀၀၀၀ |
| ၆။ | ပုစွန်တုပ် | တစ်ပိဿာ | ၁၀၀၀၀-၂၇၀၀၀ |
| ၇။ | ငါးသလောက် | တစ်ပိဿာ | ၇၅၀၀-၁၂၀၀၀ |
| ၈။ | ကြက် | တစ်ပိဿာ | ၅၀၀၀-၁၂၀၀၀ |
| ၉။ | ဝက် | တစ်ပိဿာ | ၅၀၀၀-၉၀၀၀ |
| ၁၀။ | အမဲ | တစ်ပိဿာ | ၇၀၀၀-၉၀၀၀ |
| ၁၁။ | ဆိတ် | တစ်ပိဿာ | ၁၃၀၀၀-၁၇၀၀၀ |
| ၁၂။ | ဘဲ | တစ်ပိဿာ | ၆၀၀၀-၁၃၀၀၀ |

**နိုင်ငံတကာသုံးငွေကြေးပေါက်ဈေး (ဗဟိုဘဏ်)**

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ၁၂၃၈ |
| ဥရောပ | တစ်ယူရို | ၁၃၇၃.၆ |
| စင်ကာပူ | တစ်ဒေါ်လာ | ၉၀၄.၉ |
| ထိုင်း | တစ်ဘတ် | ၃၅.၅၃၄ |
| အိန္ဒိယ | တစ်ရူပီး | ၁၉.၃၀ |
| တရုတ် | တစ်ယွမ် | ၁၉၉.၃၇ |
| မလေးရှား | တစ်ရင်းဂစ် | ၃၂၄.၅၉ |

ခင်ရတနာ-စုစည်းသည်။

# ၂၀၁၅ ခုနှစ် အထွေထွေရွေးကောက်ပွဲအား လွတ်လပ်၍ တရားမျှတစွာကျင်းပနိုင်ရေး စီစဉ်ဆောင်ရွက်နေမှုဆွေးနွေး

**နေပြည်တော် ဇူလိုင် ၂၈**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် အမေရိကန်ပြည်ထောင်စု နယူးယောက်မြို့အခြေစိုက် အာရှလူ့မှုအဖွဲ့အစည်းဆိုင်ရာ မူဝါဒအဖွဲ့ဥက္ကဋ္ဌ (ဩစတြေးလျနိုင်ငံ ဝန်ကြီးချုပ်ဟောင်း) မစ္စတာ ကီဗင်ရုဒ် ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား ယနေ့နံနက် ၁၁ နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတ အိမ်တော် ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် မြန်မာနိုင်ငံ၏ ပြုပြင်ပြောင်းလဲမှုလုပ်ငန်းများသည် အပြုသဘော လမ်းကြောင်းပေါ်တွင် ဆက်လက် လျှောက်လှမ်းနေမှု၊ ဒီမိုကရေစီ အသွင်ကူးပြောင်းမှု ဒုတိယခြေလှမ်းဖြစ်သော ၂၀၁၅ခုနှစ် အထွေထွေ ရွေးကောက်ပွဲအား လွတ်လပ်၍ တရားမျှတစွာ ကျင်းပနိုင်ရေး စီစဉ်ဆောင်ရွက်နေမှု၊ ရွေးကောက်ပွဲ အကြိုကာလ၊ ရွေးကောက်ပွဲကာလ၊ ရွေးကောက်ပွဲ အလွန်ကာလများတွင် တည်ငြိမ်အေးချမ်းရေးအတွက် အလေးထားဆောင်ရွက်နေမှုများကို ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲသို့ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးကိုကို၊ ဦးစိုးသိန်း၊ ဒုတိယဝန်ကြီး ဦးတင်ဦးလွင်နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။ **(သတင်းစဉ်)**



နိုင်ငံတော်သမ္မတ ဦးသိန်းစိန် အမေရိကန်ပြည်ထောင်စု နယူးယောက်မြို့အခြေစိုက် အာရှလူ့မှုအဖွဲ့အစည်းဆိုင်ရာမူဝါဒအဖွဲ့ဥက္ကဋ္ဌ (ဩစတြေးလျနိုင်ငံ ဝန်ကြီးချုပ်ဟောင်း) မစ္စတာ ကီဗင်ရုဒ် ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့နှင့် စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။ (သတင်းစဉ်)

# လွှတ်တော်ကိုယ်စားလှယ်လောင်း အမည်စာရင်းများ ဆက်လက်တင်သွင်းလျက်ရှိ

**နေပြည်တော် ဇူလိုင် ၂၈**

၂၀၁၅ ခုနှစ် အထွေထွေရွေးကောက်ပွဲအတွက် လွှတ်တော်ကိုယ်စားလှယ်လောင်း အမည်စာရင်းများ ဆက်လက်တင်သွင်းလျက်ရှိရာ ဇူလိုင် ၂၈ ရက်တွင် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်လောင်း ၁၅ ဦး၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်လောင်း နှစ်ဦး၊ တိုင်းဒေသကြီး၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်လောင်း ၂၈ ဦးနှင့် တိုင်းဒေသကြီး၊ ပြည်နယ်တိုင်းရင်းသားလူမျိုး လွှတ်တော်ကိုယ်စားလှယ်လောင်း တစ်ဦးတို့ တင်သွင်းခဲ့သည်။

ဇူလိုင် ၂၀ ရက်မှ ၂၈ ရက်အထိ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်လောင်း ၃၁ ဦး၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်လောင်း ၁၂ ဦး၊ တိုင်းဒေသကြီး၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်လောင်း ၅၈ ဦးနှင့် တိုင်းဒေသကြီး၊ ပြည်နယ်တိုင်းရင်းသား လူမျိုးလွှတ်တော် ကိုယ်စားလှယ်လောင်း ၁၃ ဦး၊ စုစုပေါင်း ၁၁၄ ဦး ရှိပြီဖြစ်ပြီး နိုင်ငံရေးပါတီ ၁၄ ပါတီ နှင့် တစ်သီးပုဂ္ဂလိက ၂၂ ဦးတို့မှ အမည်စာရင်းတင်သွင်းခဲ့ကြကြောင်း သိရှိရသည်။ အမည်စာရင်း တင်သွင်းမှုအသေးစိတ်အား ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် Website www. uecmyanmar. org တွင် ကြည့်ရှုနိုင်ကြောင်းသတင်းရရှိသည်။ **(သတင်းစဉ်)**

■ *ကျောဖုံးမှ*

အဆိုပါ ဖမ်းဆီးချုပ်နှောင်ခံထားရသည့် မြန်မာနိုင်ငံသားများနှင့် ပတ်သက်၍ စစ်ကိုင်းတိုင်းဒေသကြီး အမျိုးသားလွှတ်တော်ကိုယ်စားလှယ်၏ တင်ပြချက်အရ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက နိုင်ငံတော်သမ္မတထံသို့ သဝဏ်လွှာပေးပို့ခဲ့ခြင်းအပေါ် နိုင်ငံခြားရေးဝန်ကြီးဌာနမှ တရုတ်နိုင်ငံမှ သက်ဆိုင်ရာတာဝန်ရှိသူများနှင့် ဆက်သွယ်ပြီး ညှိနှိုင်းဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း နိုင်ငံခြားရေးဝန်ကြီးဌာနသို့ စုံစမ်းမေးမြန်းချက်အရ သတင်းရရှိသည်။

**(သတင်းစဉ်)**

# လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ ရေဘေးသင့်ပြည်သူများအတွက် ထောက်ပံ့ပေးလျက်ရှိ

**နေပြည်တော် ဇူလိုင် ၂၈**

မြန်မာနိုင်ငံတစ်ဝန်း ဇွန်လနှင့် ဇူလိုင်လအတွင်း မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် တိုင်းဒေသကြီးနှင့် ပြည်နယ်အချို့တွင် ရေကြီး၊ ရေလျှံမှုများဖြစ်ပွားခဲ့ရာ အမျိုးသားသဘာဝဘေးကာကွယ်စောင့်ရှောက်ရေးဗဟိုကော်မတီနှင့် စီမံခန့်ခွဲမှုလုပ်ငန်းကော်မတီတို့၏ လမ်းညွှန်စီမံကြီးကြပ်မှုဖြင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာနက ရေဘေးသင့်ပြည်သူများအတွက် အရေးပေါ်လိုအပ်သော ပစ္စည်းများ၊ အိမ်ဆောက်ပစ္စည်းများ၊ ဆန်ရိက္ခာနှင့် ခေါက်ဆွဲ၊ ကြက်ဥများ ထောက်ပံ့ခြင်းနှင့် သေဆုံးသူ ထောက်ပံ့ခြင်းများ ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ထောက်ပံ့ပေးအပ်ခဲ့ရာ ရခိုင်ပြည်နယ် ဘူးသီးတောင်၊ မောင်တော၊ အမ်း၊ သံတွဲ၊ ကျောက်တော်၊ ဂွနှင့် တောင်ကုတ်မြို့နယ်များတွင် နေအိမ် ၃၈၄ လုံး ရေမျောပါဆုံးရှုံးပြီး နေအိမ် ၁၈၆၇ လုံး ရေဝင်ပျက်စီးခဲ့မှုကြောင့် လူဦးရေ စုစုပေါင်း ၁၃၅၄၂ ဦး ဘေးဒုက္ခ ကြုံတွေ့ခဲ့ရပြီး လူခြောက်ဦး သေဆုံးခဲ့ခြင်းအပေါ် ဆန်ရိက္ခာဖိုး ငွေကျပ် ၂၈၃၅၀၀၀၊ အိမ်ဆောက်ပစ္စည်းဖိုး ငွေကျပ် ၄၀၃၀၀၀၀၀၊ သေဆုံးသူ ထောက်ပံ့မှု ငွေကျပ် ၆၀၀၀၀၀၊ တန်ဖိုးငွေကျပ် ၂၈၃၅၈၄၀ ရှိ ခေါက်ဆွဲနှင့် ကြက်ဥများ၊ တန်ဖိုးငွေကျပ် ၁၃၆၆၉၆၁၄ရှိ ကယ်ဆယ်ရေးပစ္စည်းများ စုစုပေါင်း ငွေသားနှင့် ပစ္စည်းထောက်ပံ့မှုတန်ဖိုး ငွေကျပ် ၆၀၂၄၀၄၅၄ ဖြစ်သည်။

တနင်္သာရီ တိုင်းဒေသကြီး ထားဝယ်မြို့နယ်ရှိ နေအိမ် ၅၆ လုံးသို့ ရေဝင်ရောက်ခဲ့သဖြင့် လူဦးရေ စုစုပေါင်း ၂၆၄ ဦးအား ဘေးလွတ်ရာသို့ ရွှေ့ပြောင်းခဲ့ရာ ရေဘေးသင့်ပြည်သူများအတွက် ဆန်ရိက္ခာဖိုး ငွေကျပ် ၁၇၄၆၀၀ နှင့် တန်ဖိုးငွေကျပ် ၄၅၅၂၈၀ရှိ ကယ်ဆယ်ရေးပစ္စည်းများ ထောက်ပံ့ခဲ့ရာ ငွေသားနှင့် ပစ္စည်းထောက်ပံ့မှု စုစုပေါင်း တန်ဖိုးမှာ ငွေကျပ် ၆၂၉၈၈၀ ဖြစ်သည်။

ကရင်ပြည်နယ် လှိုင်းဘွဲ့မြို့နယ်ရှိ နေအိမ် ၇၂ လုံးသို့ ရေဝင်ရောက်ခဲ့သဖြင့် လူဦးရေစုစုပေါင်း ၃၈၉ ဦးအား ဘေးလွတ်ရာသို့ ရွှေ့ပြောင်းခဲ့ရာ ရေဘေးသင့် ပြည်သူများအတွက် တန်ဖိုးငွေကျပ် ၉၅၆၉၄၀ ရှိ ခေါက်ဆွဲနှင့် ကြက်ဥများ ထောက်ပံ့ခဲ့သည်။

ပဲခူးတိုင်းဒေသကြီး ပန်းတောင်းမြို့နယ်ရှိ နေအိမ် ၁၂ လုံး ရေမျောပါဆုံးရှုံးခဲ့သဖြင့် နေအိမ်နှစ်လုံး ရေဝင်ပျက်စီးခဲ့ရာ ရေဘေးသင့်ပြည်သူများအတွက် တန်ဖိုးငွေကျပ် ၂၈၁၀၅၂ရှိ ကယ်ဆယ်ရေးပစ္စည်းများ ထောက်ပံ့ခဲ့သည်။

ဧရာဝတီတိုင်းဒေသကြီးပုသိမ်တော မြို့နယ်ရှိ နေအိမ် လေးလုံး ရေမျောပါဆုံးရှုံးခဲ့ပြီး နေအိမ် ၁၄၉ လုံး ရေဝင်ခဲ့ခြင်းကြောင့် လူဦးရေစုစုပေါင်း ၇၁၆ ဦး ဘေးဒုက္ခကြုံတွေ့ခဲ့ပြီး လူတစ်ဦးသေဆုံးခဲ့ရာ ရေဘေးသင့်ပြည်သူများအတွက် ဆန်ရိက္ခာဖိုး ငွေကျပ် ၅၃၇၇၅၀ နှင့် တန်ဖိုး ငွေကျပ် ၁၂၉၉၆၃၄ ရှိ ကယ်ဆယ်ရေး ပစ္စည်းများထောက်ပံ့ခဲ့ရာ ငွေသားနှင့် ပစ္စည်းထောက်ပံ့မှု စုစုပေါင်းမှာ တန်ဖိုးငွေကျပ် ၁၈၃၇၃၈၄ ဖြစ်သည်။

စစ်ကိုင်း တိုင်းဒေသကြီးတွင် မင်းကင်း၊ ကန့်ဘလူ၊ ကျွန်းလှ၊ ကနီ၊ ကောလင်း၊ ဘုတလင်၊ အင်းတော်၊ ရေဦး၊ မုံရွာ၊ ခင်ဦး၊ အရာတော်နှင့် ဝက်လက်မြို့နယ်များတွင် ရေကြီးရေလျှံမှုများ ဖြစ်ပွားခဲ့ရာ နေအိမ် ၃၅ လုံး ရေမျောပါဆုံးရှုံးခြင်း၊ နေအိမ် ၁၄၅၈၄ လုံး ရေဝင်ရောက်ခြင်းကြောင့် အိမ်ထောင်စု ၅၇၄၃ စု ဘေးလွတ်ရာသို့ ပြောင်းရွှေ့ခဲ့ရပြီး လူဦးရေ စုစုပေါင်း ၉၁၄၄၁ ဦး ဘေးဒုက္ခကြုံတွေ့ခဲ့ကာ လူ ခုနစ်ဦး သေဆုံးခဲ့သည်။ အဆိုပါ ရေဘေးသင့်ပြည်သူများအတွက် ဆန်ရိက္ခာဖိုး ငွေကျပ် ၁၈၃၅၉၅၀၀၊ အိမ်ဆောက်ပစ္စည်းဖိုး ငွေကျပ် ၁၁၅၀၀၀၀၊ သေဆုံးသူ ထောက်ပံ့ငွေကျပ် ၆၀၀၀၀၀နှင့် တန်ဖိုးငွေကျပ် ၈၈၇၃၂၈၈ရှိ ကယ်ဆယ်ရေးပစ္စည်းများ ထောက်ပံ့ခဲ့ရာ ငွေသားနှင့်ပစ္စည်းထောက်ပံ့မှု စုစုပေါင်းမှာ ငွေကျပ် ၂၈၉၈၂၇၈၈ ဖြစ်သည်။

ကချင်ပြည်နယ် အတွင်း မိုးကောင်း၊ ဖားကန့်နှင့် မိုးညှင်း မြို့နယ်များရှိ နေအိမ်များသို့ ရေဝင်ရောက်မှုကြောင့် အိမ်ထောင်စု ၁၀၉၅ စုအား ဘေးလွတ်ရာသို့ ပြောင်းရွှေ့ခဲ့ပြီး လူတစ်ဦးသေဆုံးခဲ့ရာ ရေဘေးသင့်ပြည်သူများအတွက် ဆန်ရိက္ခာဖိုး ငွေကျပ် ၉၇၀၃၂၅၀၊ ဟင်းဖိုးငွေကျပ် ၃၀၀၀၀၀၀၊ သေဆုံးသူ ထောက်ပံ့ငွေကျပ် ၁၀၀၀၀၀နှင့် တန်ဖိုးငွေကျပ် ၂၉၁၀၅၄၀ ရှိ ကယ်ဆယ်ရေးပစ္စည်းများ ထောက်ပံ့ခဲ့ရာ ငွေသားနှင့်ပစ္စည်းထောက်ပံ့မှု စုစုပေါင်းမှာ ငွေကျပ် ၁၅၇၁၃၇၉၀ ဖြစ်သည်။

ရှမ်းပြည်နယ် မဘိမ်း၊ သီပေါနှင့် မိုးမိတ်မြို့နယ်များတွင် နေအိမ် သုံးလုံး ရေမျောပါပြီး နေအိမ် ၁၂၄၀ ရေဝင်ရောက်မှုကြောင့် ရေဘေးသင့်ပြည်သူများအတွက် တန်ဖိုးငွေကျပ် ၁၄၇၂၆၈၈ ရှိ ကယ်ဆယ်ရေးပစ္စည်းများ ထောက်ပံ့ခဲ့သည်။

မန္တလေးတိုင်းဒေသကြီး မိုးကုတ်နှင့်သပိတ်ကျင်းမြို့နယ်များရှိ နေအိမ် ၈၄ လုံး ရေမျောပါခဲ့ပြီး နေအိမ် ၂၆ လုံး ရေဝင်ရောက်ခဲ့မှုကြောင့် ရေဘေးသင့်ပြည်သူများအတွက် အိမ်ဆောက်ပစ္စည်းတန်ဖိုးငွေကျပ် ၂၈၅၀၀၀၀နှင့် တန်ဖိုးငွေကျပ် ၁၂၅၇၇၆၂ ရှိ ကယ်ဆယ်ရေးပစ္စည်းများ ထောက်ပံ့ခဲ့ရာ ငွေသားနှင့် ပစ္စည်းထောက်ပံ့မှု စုစုပေါင်းမှာ ငွေကျပ် ၄၁၀၇၇၆၂ ဖြစ်သည်။

၂၀၁၅ ခုနှစ် ဇွန်လအတွင်း တိုင်းဒေသကြီး၊ ပြည်နယ် ငါးခုမှ ရေဘေးသင့်ပြည်သူများ အတွက် ထောက်ပံ့မှုစုစုပေါင်းမှာ ငွေကျပ် ၆၃၉၄၅၇၁၀နှင့် ဇူလိုင်လအတွင်း တိုင်းဒေသကြီး၊ ပြည်နယ် လေးခုမှ ရေဘေးသင့်ပြည်သူများအတွက် ထောက်ပံ့မှုစုစုပေါင်းမှာ ငွေကျပ် ၅၀၂၇၇၀၂၈ ဖြစ်၍ စုစုပေါင်း ထောက်ပံ့မှုမှာငွေကျပ် ၁၁၄၂၂၂၇၃၈ ဖြစ်သည်။

သဘာဝဘေးအန္တရာယ်ကြောင့် ထိခိုက်ခံစားရသည့် ပြည်သူများအတွက် အမျိုးသားသဘာဝဘေးကာကွယ်စောင့်ရှောက်ရေး ဗဟိုကော်မတီ၏စီမံမှုဖြင့် ကယ်ဆယ်ရေး၊ ထောက်ပံ့ရေးနှင့် ပြင်ဆင်တည်ဆောက်ရေးလုပ်ငန်းများကို အချိန်နှင့် တစ်ပြေးညီ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **(သတင်းစဉ်)**



# အင်ဒိုနီးရှားတွင် အခြေခံအဆောက်အအုံများ ဆောက်လုပ်ပေးရန် ဗြိတိန်အသင့်ရှိ

**ဂျကာတာ ဇူလိုင် ၂၈**

ဗြိတိန်ဝန်ကြီးချုပ် ဒေးဗစ်ကင်မရွန်းက အင်ဒိုနီးရှားသမ္မတ ဂျိုကိုဝီဒိုဒိုနှင့် တနင်္လာနေ့က ဂျကာတာမြို့၌ တွေ့ဆုံစဉ် ဗြိတိန်နိုင်ငံက အင်ဒိုနီးရှားနိုင်ငံကို များပြားလှသောအခြေခံအဆောက်အအုံစီမံကိန်းများနှင့် အကြမ်းဖက်တိုက်ဖျက်ရေးတွင် ကူညီပေးသွားမည်ဖြစ်ကြောင်း ထုတ်ဖော်ပြောကြားလိုက်သည်။

"အခြေခံအဆောက်အအုံတွေဆောက်လုပ်ဖို့နဲ့ အကြမ်းဖက်ဝါဒတိုက်ဖျက်ရေးအတွက် ဗြိတိန်နိုင်ငံအနေနဲ့ အင်ဒိုနီးရှားကို အကူအညီပေးသွားဖို့ အသင့်ပါပဲ"ဟု ဗြိတိန်ဝန်ကြီးချုပ် ဒေးဗစ်ကင်မရွန်းက ထုတ်ဖော်ပြောကြားလိုက်သည်။

ဗြိတိန်နိုင်ငံအနေဖြင့် အင်ဒိုနီးရှားနိုင်ငံတွင် ရင်းနှီးမြှုပ်နှံမှုများ တိုးမြှင့်လုပ်ဆောင်ရန် သမ္မတဝီဒိုဒိုက ဖိတ်ခေါ်ခဲ့ပြီး ဒေးဗစ်ကင်မရွန်းကလည်း အင်ဒိုနီးရှားနိုင်ငံအနေဖြင့် သစ်ထုတ်ကုန်များ၊ အဝတ်အထည်၊ ကော်ဖီနှင့် ရေထွက်ပစ္စည်းထုတ်ကုန်များအပေါ် တင်းကျပ်သည့် သွင်းကုန်ခွန်များကို လျှော့ချပေးရန် တောင်းဆိုခဲ့သည်။

အင်ဒိုနီးရှားနိုင်ငံသည် ဥရောပနိုင်ငံများနှင့်လွတ်လပ်စွာ ကုန်သွယ်ခွင့်ရရှိရေး ကြိုးပမ်းလျက်ရှိရာ ယခုနှစ် စက်တင်ဘာလတွင် ဘာလီ၌ကျင်းပမည့် အစည်းအဝေးတွင် ဆွေးနွေးညှိနှိုင်းမှုများပြုလုပ်သွားမည်ဟု ဆိုသည်။

**(ဆင်ဟွာ)**

# မော်လ်ဒိုက်တွင် စစ်အခြေစိုက်စခန်းများဆောက်လုပ်ရန် အစီအစဉ်မရှိဟု တရုတ်အစိုးရထုတ်ဖော်ပြောကြား

**ပေကျင်း ဇူလိုင် ၂၈**

မော်လ်ဒိုက်နိုင်ငံက နိုင်ငံခြားသားများကို မြေဝယ်ယူခွင့်ပြုလိုက်ပြီးနောက် တရုတ်နိုင်ငံအနေဖြင့် မော်လ်ဒိုက်နိုင်ငံတွင် စစ်အခြေစိုက်စခန်းများ ဆောက်လုပ်ရန်အစီအစဉ်မရှိကြောင်း အင်္ဂါနေ့တွင် တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာနက ပြောကြားလိုက်သည်။

တရုတ်နိုင်ငံက မော်လ်ဒိုက်တွင် စစ်စခန်းများတိုးချဲ့ရန် ဆောင်ရွက်လာမှုအပေါ် အတိုက်အခံများက စိုးရိမ်ပူပန်နေသည့်ကြားမှ မော်လ်ဒိုက်အစိုးရက နိုင်ငံခြားသားများကို မြေဝယ်ယူပိုင်ဆိုင်ခွင့်ပေးလိုက်ခြင်း ဖြစ်သည်။

အိန္ဒိယသမုဒ္ဒရာကျွန်းနိုင်ငံဖြစ်သည့် မော်လ်ဒိုက်နိုင်ငံက လွန်ခဲ့သည့် သီတင်းပတ်အတွင်း ပင်လယ်ပြင်မှ နိုင်ငံ၏ ၇၀ ရာခိုင်နှုန်းရှိ စီမံကိန်းတစ်ခုအတွင်း နိုင်ငံခြားသားများကို မြေယာဝယ်ယူပိုင်ဆိုင်ခွင့်များ ခွင့်ပြုပေးခဲ့သည်။

"ဒီခွင့်ပြုပြဋ္ဌာန်းလိုက်တဲ့ ဥပဒေဟာ မော်လ်ဒိုက်နိုင်ငံအတွင်း နိုင်ငံခြားသားအဖွဲ့အစည်းများ ပိုမိုဝင်ရောက်လာနိုင်ပါတယ်။ အထူးသဖြင့် အိန္ဒိယသမုဒ္ဒရာအတွင်း တရုတ်စစ်အခြေစိုက်စခန်းတွေ ဝင်ရောက်လာနိုင်အောင် အစိုးရကလုပ်ဆောင်လုပ် ခြင်းဖြစ်ပါတယ်"ဟု အတိုက်အခံ မော်လ်ဒိုက်ဒီမိုကရက်တစ်ပါတီက ပြောသည်။

တရုတ်နိုင်ငံအနေဖြင့် ဇိမ်ခံအပန်းဖြေစခန်းများစွာရှိသော မော်လ်ဒိုက်နိုင်ငံနှင့် ဆက်ဆံရေးပိုမိုကောင်းမွန်အောင် လုပ်ဆောင်သွားရန်သာ ဆန္ဒရှိပြီး မော်လ်ဒိုက်ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်မည်မဟုတ်ကြောင်း တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာနက ရိုက်တာသို့ ကြေညာချက်တစ်ရပ်ပေးပို့ခဲ့သည်။

တရုတ်နိုင်ငံအနေဖြင့် မော်လ်ဒိုက်နိုင်ငံ၏ အချုပ်အခြာအာဏာတည်တံ့ရေး၊ လွတ်လပ်ရေးနှင့်နယ်မြေပိုင်ဆိုင်သူကို အမြဲတစေလေးစားထောက်ခံသွား မည်ဖြစ်ကြောင်းလည်း အဆိုပါဝန်ကြီးဌာနက ပြောသည်။ ပြည်သူများက စိုးရိမ်နေသည့်အတွက် မော်လ်ဒိုက်နိုင်ငံတွင် တရုတ်အခြေစိုက်အဆောက်အအုံများ လုံးဝဆောက်လုပ်ရန် အစီအစဉ်မရှိကြောင်းလည်း ၎င်းဝန်ကြီးဌာနက ထပ်လောင်းပြောကြားလိုက်သည်။

**(ရိုက်တာ)**

# တရုတ်နိုင်ငံတွင် ကမ္ဘာ့ဓာတ်ခဲအားသွင်းမှုနှုန်း အမြန်ဆုံးလျှပ်စစ်ဘတ်စ်ကား စတင်အသုံးပြု

**နင်ဘိုး ဇူလိုင် ၂၈**

စက္ကန့် ၁၀ ကြာ ဓာတ်ခဲအားသွင်းရုံလေးဖြင့် ဓာတ်ခဲအားအပြည့် ဖြည့်စွက်နိုင်စွမ်းရှိသည့် ကမ္ဘာ့ဓာတ်ခဲအားသွင်းမှုနှုန်း အမြန်ဆုံးလျှပ်စစ်ဘတ်စ်ကားများကို တရုတ်နိုင်ငံအရှေ့ဘက် နင်ဘိုးမြို့တွင် ဇူလိုင် ၂၈ ရက်က ပထမအကြိမ်မြောက်အဖြစ် အသုံးပြုနိုင်ပြီဖြစ်ကြောင်း ဆင်ဟွာသတင်းတစ်ရပ်တွင် ရေးသားဖော်ပြသည်။

အဆိုပါ ဘတ်စ်ကားသည် နိုင်ငံ၏အရှေ့ဘက် Zhejiang ပြည်နယ်၊ နင်ဘိုးမြို့ရှိ မှတ်တိုင် ၂၄ မှတ်တိုင်ပါရှိပြီး လမ်းအရှည် ၁၁ ကီလိုမီတာခန့်ရှိကားလမ်းပေါ်တွင် ပြေးဆွဲမည်ဖြစ်ကြောင်း လျှပ်စစ်ဘတ်စ်ကားထုတ်လုပ်သည့်စက်ရုံတည်ရှိရာ နင်ဘိုးမြို့တွင် လာမည့်သုံးနှစ်အတွင်း အဆိုပါ ဘတ်စ်ကားအမျိုးအစား အစီးပေါင်း ၁၂၀၀ ကို အများပြည်သူသယ်ယူပို့ဆောင်ရေးအတွက် အသုံးပြုနိုင်တော့မည်ဖြစ်ကြောင်း ဒေသဆိုင်ရာပို့ဆောင်ရေး အာဏာပိုင်များက ပြောကြားသည်။

ကားမှတ်တိုင်၌ရပ်နားစဉ် သို့မဟုတ် ခရီးသည်အတက်၊ အဆင်းပြုလုပ်စဉ်တွင် ဓာတ်ခဲအားပြန်ဖြည့်မည်ဖြစ်ရာ ယင်းတစ်နေရာချင်းစီ ဓာတ်ခဲအားဖြည့်ခြင်းအားဖြင့် ယင်းဘတ်စ်ကားမှာ ခရီးအကွာအဝေး အနည်းဆုံး ငါးကီလိုမီတာအထိ ပြေးဆွဲနိုင်စွမ်းရှိမည်ဖြစ်ကြောင်းဖြင့် တရုတ်မြန်နှုန်းမြင့်ရထားကုမ္ပဏီ၏လက်အောက်ခံဖြစ်သည့် လျှပ်စစ်မော်တော်ကားကုမ္ပဏီဥက္ကဋ္ဌ ဇောင်ကင်ဟဲက ပြောသည်။

ထို့ပြင် ပြီးခဲ့သည့်ဧပြီလကထုတ်လုပ်သည့် အဆိုပါဘတ်စ်ကားမှာ အခြားလျှပ်စစ်မော်တော်ယာဉ်များထက် စွမ်းအင်သုံးစွဲမှု ၃၀ နှင့် ၅၀ ရာခိုင်နှုန်းအကြား ပို၍သက်သာမည်ဖြစ်သည်ဟုဆိုသည်။

**(ဆင်ဟွာ)**

# မားစ်ရောဂါကင်းရှင်းသွားပြီဖြစ်ကြောင်း တောင်ကိုရီးယားကြေညာ

**ဆိုးလ် ဇူလိုင် ၂၈**

တောင်ကိုရီးယားနိုင်ငံ၌ မားစ်ရောဂါ လုံးဝ ကင်းရှင်းသွားပြီဖြစ်ကြောင်း အင်္ဂါနေ့က ကြေညာခဲ့သည်။ တောင်ကိုရီးယားတွင် အဆိုပါရောဂါတွေ့ရှိဖြစ်ပွားခဲ့ပြီး နှစ်လကျော်ကြာ ဆေးရုံများမှတစ်ဆင့် ကူးစက်ပျံ့နှံ့ခဲ့ပြီးနောက် လူပေါင်း၃၆ ဦး သေဆုံးခဲ့သည်။

ရောဂါဖြစ်ပွားမှုနှုန်းမှာ ဆော်ဒီအာရေဗျပြီးလျှင် အများဆုံးနိုင်ငံဖြစ်သည်။ အဆိုပါရောဂါသည် မေလအတွင်းက အရှေ့အလယ်ပိုင်းသို့အလုပ်ကိစ္စဖြင့် သွားရောက်သူတစ်ဦးထံက ပါလာခဲ့ခြင်းဖြစ်သည်။



အစိုးရနှင့် ဆေးဘက်ဆိုင်ရာအဖွဲ့အစည်းများမှ စစ်ဆေးအကဲဖြတ်ပြီး၍ ပြည်သူများစိတ်သက်သာရာရနိုင်ပြီဖြစ်ကြောင်း ဝန်ကြီးချုပ် ဟွမ်ကျိုအန်က လူထုကျန်းမာရေးဆွေးနွေးပွဲတစ်ခု၌ ပြောကြားသည်။

တောင်ကိုရီးယား၌ ဆေးရုံတက်ရောက်ကုသနေသူ ၁၂ ဦး ကျန်ရှိနေသေးကြောင်း၊ မားစ်ရောဂါပိုး ရှိသူတစ်ဦးသာ စမ်းသပ်တွေ့ရှိရကြောင်း၊ ကုသမှုခံယူနေကြောင်း ကျန်းမာရေးဝန်ကြီးက ပြောသည်။

ဇူလိုင် ၄ ရက်မှစ၍ ရောဂါထပ်မံဖြစ်ပွားသူမရှိတော့ကြောင်း ၎င်းက ပြောသည်။

အင်္ဂလန် မြောက်ပိုင်း၌လည်း မားစ်ရောဂါဟု သံသယဖြစ်ဖွယ်ရာ ရောဂါနှစ်ခုကို ဗြိတိန်ကျန်းမာရေး စောင့်ရှောက်မှုအဖွဲ့များက စုံစမ်းစစ်ဆေးလျက်ရှိသည်။

**(ရိုက်တာ)**

# ဆီးရီးယားမြောက်ပိုင်းကို အိုင်အက်စ်ကင်းမဲ့ဇုန်အဖြစ် တူရကီနှင့်အမေရိကန်တို့ရည်ရွယ်



**အစ္စတန်ဘူ ဇူလိုင် ၂၈**

တူရကီနှင့်အမေရိကန်တို့သည် ဆီးရီးယားရှိသူပုန်များကို ထောက်ပံ့ပေးပြီး တူရကီနယ်စပ်တစ်လျှောက်ရှိ အိုင်အက်စ်များကို ဖယ်ရှားရန် ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။

အမေရိကန်ဦးဆောင်သည့် ညွန့်ပေါင်းအဖွဲ့များသည် အိုင်အက်စ်များကို ကာလကြာရှည်တိုက်ခိုက်ခဲ့ပြီး ပြီးခဲ့သော သီတင်းပတ်က တူရကီတို့ကလည်း ဂျီဟတ်လှုပ်ရှားမှုနှင့်ဆက်စပ်မှုရှိသော ဆီးရီးယားများကို ပစ်မှတ်ထားကာ ဗုံးခွဲတိုက်ခိုက်မှုများနှင့် လေကြောင်းတိုက်ခိုက်မှုများပြုလုပ်ခဲ့သည်။

ဆီးရီးယားတွင်ဒုက္ခသည်ပေါင်း ၁ ဒသမ ၈ သန်းကျော်ရှိလာပြီးနောက် တူရကီသည် ဆီးရီးယားမြောက်ပိုင်းကို အိုင်အက်စ်များနှင့် ကာ့ဒ်စစ်သွေးကြွများ မဖြတ်သန်းရဇုန်အဖြစ်သတ်မှတ်ခဲ့ပြီး ဒေသခံပြည်သူများကိုသာ ဖြတ်သန်းခွင့်ပြုခဲ့သည်။ အိုင်အက်စ်များကိုဆန့်ကျင်တိုက်ခိုက်နေသည့် ဆီးရီးယားသူပုန်များကို လေကြောင်းထောက်ပံ့မှုများပေးနိုင်ရန် စောင့်ကြည့်နေရမည်ဟု တူရကီဝန်ကြီးချုပ် အာမက်ဒါဗူတိုဂလူက ပြောသည်။

"ဒီနယ်မြေကနေ အိုင်အက်စ်တွေကို ဖယ်ရှားပစ်ရမယ်။ ဖယ်ရှားပစ်ဖို့သူတို့ကို ကူညီထောက်ပံ့ပေးရမယ်။ ဒါမှ သူတို့ဒီနယ်မြေကို ပြန်လည်ထိန်းချုပ်နိုင်မယ်"ဟု ၎င်းက တူရကီ ATV အသံလွှင့်ရုံနှင့်အင်တာဗျူးစဉ်ပြောကြားခဲ့သည်။ တူရကီနယ်စပ်တွင် အိုင်အက်စ်များကို မမြင်တွေ့လိုကြောင်း ၎င်းကပြောသည်။

**(ရိုက်တာ)**

နိုင်ငံတကာသတင်း

# ဒုံးကျည်လူသားအဖြစ် ထင်ရှားသည့် အိန္ဒိယသမ္မတဟောင်းကာလမ်၏ ဈာပနအခမ်းအနားကို ဇာတိမြေ တမီးလ်နာဒူးပြည်နယ်တွင် ပြုလုပ်မည်

**အိန္ဒိယနိုင်ငံဒုံးကျည်လက်နက်တည်ဆောက်ရေးအစီအစဉ်၏ ဖခင်ကြီးဟု ယူဆရသည့် အိန္ဒိယသမ္မတဟောင်း အေပီဂျေ အဗ္ဗုလာကာလမ်သည် အသက် ၈၃ နှစ်အရွယ်တွင် ဇူလိုင် ၂၇ ရက်က ဆေးရုံ၌ကွယ်လွန်ခဲ့ကြောင်း ဆရာဝန်တစ်ဦးကပြောကြားသည်။**

ဂျေတီ



ဒုံးကျည်လူသားဟုလူသိများသော ကာလမ်သည် အိန္ဒိယနိုင်ငံ၏နျူကလီးယား ထိပ်ဖူးတင်ဆောင်နိုင်စွမ်းရှိသည့် ဒုံးကျည်တည်ဆောက်သူသိပ္ပံပညာရှင်အဖွဲ့ကို ဦးဆောင်ခဲ့သည်ဟု သိရသည်။ ကာလမ်သည် နျူကလီးယားလက်နက်ပိုင်ဆိုင်သည့် နိုင်ငံအဖြစ် အိန္ဒိယနိုင်ငံ၏ အဆင့်အတန်းကို ခိုင်မြဲစေခဲ့သည်။ ၁၉၉၈ ခုနှစ်ကအိန္ဒိယနိုင်ငံ၏ ပေါ့ခ်ရန်-၂ နျူကလီးယား စွမ်းအင်သုံးဒုံးကျည်စမ်းသပ်မှုတွင် ဦးဆောင်ကြီးကြပ်ခဲ့ပြီးနောက် နိုင်ငံ့အမျိုးသားသမိုင်းတွင် သူရဲကောင်းတစ်ဦးဖြစ်လာခဲ့သည်။ အိန္ဒိယနိုင်ငံသည် ၎င်း၏ ပထမအကြိမ်မြောက် အဏုမြူလက်နက်စမ်းသပ်မှုကို ၁၉၇၄ ခုနှစ်က ပြုလုပ်ခဲ့ကြောင်း သတင်းများအရ သိရသည်။

အိန္ဒိယသမ္မတဟောင်းကာလမ်သည် ရုတ်တရက်ဖြစ်ပေါ်လာသည့် နှလုံးသွေးကြောဆိုင်ရာ ရောဂါကြောင့် နိုင်ငံ၏အရှေ့မြောက်ပိုင်း မီဂါလာယာ ပြည်နယ်မြို့တော် ရှီးလုန်းမြို့ရှိ ဘက်သနီးပြည်သူ့ ဆေးရုံတွင် ကွယ်လွန်ခဲ့ခြင်းဖြစ်သည်ဟု ဆေးရုံအရာရှိချုပ် ဂျွန်အယ်လ်ဆိုင်လို၏ ပြောကြားချက်အရ သိရသည်။ ၂၀၀၂ မှ ၂၀၀၇ ခုနှစ်အထိ အိန္ဒိယနိုင်ငံ၏ ၁၁ ဦးမြောက်သမ္မတရာထူးတာဝန်ကို ထမ်းဆောင်ပေးခဲ့သည့် ကာလမ်သည် ဇူလိုင် ၂၇ ရက် အစောပိုင်းက ရှီးလုန်း စီမံခန့်ခွဲရေးဆိုင်ရာတက္ကသိုလ်တစ်ခု၌ သင်ခန်းစာပို့ချနေစဉ် ရုတ်တရက်လဲကျသွားခဲ့ပြီးနောက် ဆေးရုံတွင် သေဆုံးခြင်းဖြစ်ကြောင်း အိန္ဒိယမီဒီယာများ၏ ဖော်ပြချက်အရ သိရသည်။

၁၉၃၁ခုနှစ် အောက်တိုဘာ ၁၅ ရက်က နိုင်ငံ၏တောင်ဘက် တမီးလ်နာဒူးပြည်နယ်တွင် မွေးဖွားခဲ့သည့် ကာလမ်သည် လေယာဉ်ပညာရပ်ဆိုင်ရာ အင်ဂျင်နီယာဘာသာရပ်ဖြင့် မာဒရပ်စ်စက်မှုတက္ကသိုလ်မှ ဘွဲ့ရရှိခဲ့သူတစ်ဦးဖြစ်ကြောင်း သတင်းများအရသိရသည်။

ကာလမ်၏အလောင်းကို ရှီးလုန်းမြို့မှမြို့တော်နယူးဒေလီသို့ လေယာဉ်ဖြင့် သယ်ဆောင်ခဲ့ရာ ဇူလိုင်၂၈ ရက် အစောပိုင်းတွင် လက်ရှိသမ္မတ ပါရာနပ်မူခါဂျီနှင့် ဝန်ကြီးချုပ် မိုဒီတို့က ပါလမ်လေဆိပ်၌ လက်ခံကြိုဆိုခဲ့သည်။ ကာလမ်အတွက်ဝမ်းနည်းခြင်းအခမ်းအနားကို နယူးဒေလီရှိ ကာလမ်၏နေအိမ်၌ ပြုလုပ်ခဲ့ရာ အိန္ဒိယနိုင်ငံ၏နိုင်ငံရေးထိပ်တန်းခေါင်းဆောင်များဖြစ်သည့် နာရိန္ဒြာမိုဒီ၊ အတိုက်အခံပါတီခေါင်းဆောင် ဆိုနီယာဂန္ဓီနှင့် ရာဟူးဂန္ဓီတို့လည်း ပါဝင်တက်ရောက်ခဲ့ကြသည်ဟု သိရသည်။

ကာလမ်၏ ဈာပနအခမ်းအနားကို ၎င်းမွေးဇာတိမြို့ဖြစ်သည့် တမီးလ်နာဒူးပြည်နယ် ရာမီဆွာရမ်၌ ဇူလိုင် ၃၀ ရက်တွင် ပြုလုပ်မည်ဖြစ်သည်။ အိန္ဒိယ အစိုးရသည် ကာလမ်ကိုလေးစားသည့်အနေဖြင့် တစ်နိုင်ငံလုံး ဝမ်းနည်းခြင်း အထိမ်းအမှတ်ကို ခုနစ်ရက် ပြုလုပ်ရန်ကြေညာခဲ့ကြောင်း သိရသည်။

**(ရိုက်တာ၊ ဆင်ဟွာ)**

# မော်လမြိုင်ကျွန်းမြို့နယ် လှိုင်းဘုန်းကျေးရွာတွင် မိုးသက်လေပြင်းတိုက်ခတ်၊ နေအိမ်အချို့ ပြိုလဲပျက်စီး

**မော်လမြိုင်ကျွန်း ဇူလိုင် ၂၈**

မော်လမြိုင်ကျွန်းမြို့နယ် လှိုင်းဘုန်းကျေးရွာအုပ်စု လှိုင်းဘုန်းကျေးရွာတွင် ဇူလိုင် ၂၈ ရက် နံနက် ၁၀ နာရီခွဲခန့်က ရုတ်တရက် မိုးသက်လေပြင်း တိုက်ခတ်ခဲ့ရာ နေအိမ်နှစ်လုံးပြိုကျပျက်စီးသွားသည်။

ယင်းမိုးသက်လေပြင်း တိုက်ခတ်ပြီးလျှင် ပြီးချင်း ကျေးရွာအုပ်စုစီမံခန့်ခွဲမှုကော်မတီဝင်များ၊ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအထောက် အကူပြုကော်မတီဝင်များနှင့် အဖွဲ့အစည်းပေါင်းစုံမှ တာဝန်ရှိသူများသွားရောက်ကြပြီး ပြိုလဲပျက်စီးနေအိမ် နှစ်လုံးမှ မိသားစုဝင် ၁၀ ဦးတို့အား အနီးရှိ ဆွေမျိုးသားချင်းနေအိမ်များတွင် ခေတ္တနေရာချထားပေးပြီး လိုအပ်သည်များကို ကူညီစီစဉ်ဆောင်ရွက်ပေးကြသည်။

အဆိုပါ မိုးသက်လေပြင်းတိုက်ခတ်မှုကြောင့် လှိုင်းဘုန်းကျေးရွာ အခြေခံပညာအထက်တန်းကျောင်း အနည်းငယ် ပျက်စီးမှုများရှိကြောင်း သိရသည်။

**မော်ကျွန်း(မြင့်အောင်)**

# တစ်ဖက်နိုင်ငံသို့ သယ်ဆောင်မည့် မြွေမျိုးစုံဖမ်းဆီးရမိ

**နောင်ချို ဇူလိုင် ၂၈**

မူဆယ်-မန္တလေးကားလမ်းတစ်လျှောက်ရှိ စားသုံးသူ အကာအကွယ်ပေးရေးနှင့် တရားမဝင်ကုန်သွယ်မှု တားဆီးထိန်းချုပ်ရေး ရွေ့လျားလုပ်ရှားမှုအဖွဲ့ လရ(၁) ဌာနစုံ ပူးပေါင်းစစ်ဆေးရေးအဖွဲ့တို့သည် နောင်ချိုမြို့အဝင် အေးရှား ဝေါလ်တိုးဂိတ်အနီးတွင် အခြေပြုလျက် မူဆယ်ဘက်မှ မန္တလေးသို့ ဆင်းလာသည့်ယာဉ်ကြီး၊ ယာဉ်ငယ်များ၊ မန္တလေးမှ မူဆယ်သို့ မောင်းနှင်လာသော ယာဉ်များအား စစ်ဆေးမှုများပြုလုပ်လျက်ရှိသည်။

ထိုသို့ စစ်ဆေးရာတွင် စစ်ဆေးရေးဂိတ်အနီး မြောက်ဘက်ရှောင်ကွင်းလမ်းတွင် တရားမဝင်အကောက်ခွန်မဲ့ ပစ္စည်းများ တင်ဆောင်ထားသော ယာဉ်များ ညဉ့်နက်ပိုင်းနှင့် နံနက်ပိုင်းတို့တွင် သွားလာနေကြောင်း သတင်းရရှိထားသဖြင့် စစ်ဆေးရေးအဖွဲ့တို့က သွားရောက်စစ်ဆေးကြရာ ရှောင်ကွင်းလမ်းတွင်မောင်းနှင်လာသည့် 5H/ ---- (ပါဂျဲရိုး) ဖြူ/စိမ်းရောင်ကိုတွေ့ရှိသဖြင့် ရပ်တန့်စစ်ဆေးစဉ် ယာဉ်မောင်းမှာ ထွက်ပြေး တိမ်းရှောင်သွားခဲ့သည်။ ယာဉ်ပေါ်ရှိ ပလတ်စတစ်ရောင်စုံခြင်း ၄၅ လုံးထဲမှ မြွေဟောက်၊ မြွေပွေး၊ လင်းမြွေအရွယ်အစားမျိုးစုံ အရှင် ၇၈ကောင်နှင့်မြွေများကိုသိမ်းဆည်းရမိသည်။ သိမ်းဆည်းရမိသောမြွေများကို မြို့နယ်သစ်တော ဦးစီးဌာနသို့ ဇူလိုင် ၂၇ ရက် မွန်းလွဲ ၁ နာရီက လွှဲပြောင်းပေးကြသည်။ နောင်ချိုစစ်ဆေးရေးဂိတ်မှ တရားမဝင်တမလန်းသစ်များ၊ ကျောက်စိမ်းတုံးများကို မကြာခဏ ဖမ်းဆီးရမိကြောင်း သိရသည်။

**(ဗဓာ)**

# ဆေးရုံအပေါ်ထပ်မှ အမျိုးသမီးတစ်ဦးပြုတ်ကျသေဆုံး

**ရေဦး ဇူလိုင် ၂၈**

စစ်ကိုင်းတိုင်းဒေသကြီး ရေဦးမြို့နယ် ခုတင် ၁၀၀ ဆံ့ ဆေးရုံကြီးဖျားနာဆောင်၌ တက်ရောက်ဆေးကုသမှုခံယူနေသော အမျိုးသမီးတစ်ဦး အောက်သို့ပြုတ်ကျသေဆုံးခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဇူလိုင် ၂၇ ရက် ည ၈ နာရီ ၄၅ မိနစ်က ပင်စိမ်းကင်းကျေးရွာ ဒေါ်ကြည်သန်း (၅၅ နှစ်)သည် လူနာစောင့်မရှိခိုက် ခုတင်ပေါ်တက်ခြင်ထောင်ကြိုးတပ်ရာမှ အမြင့် ၂၄ ပေရှိ ပြတင်းပေါက်မှ အောက်သို့ ပြုတ်ကျပြီး ဦးခေါင်းခွံအက်ကွဲ ဒဏ်ရာဖြင့် သေဆုံးခြင်းဖြစ်ကြောင်း သိရသည်။

အဆိုပါ ဖြစ်စဉ်နှင့် ပတ်သက်၍ ရေဦးမြို့မရဲစခန်းက သေမှုသေခင်းအရ အမှုဖွင့်ထားကြောင်း သိရသည်။

**သန်းထိုက် (ရေဦး)**

# ထီးလင်းမြို့နယ် ကျေးရွာနှစ်ရွာ ဆက်သွယ်သည့်သန္ဓေချောင်းကူးတံတား ရေမျှောပါသွား

**ထီးလင်း ဇူလိုင် ၂၈**

ယခုရက်ပိုင်းများ၌ ဂန့်ဂေါခရိုင် ထီးလင်းမြို့နယ်တွင် မိုးအဆက်မပြတ်ရွာသွန်းသည့်အတွက် ချောင်းရေများ မြင့်တက်လာရာ ယုံဆင်းကျေးရွာနှင့် မင်းလယ်ကျေးရွာကို ဆက်သွယ်သည့် ကျေးရွာချင်းဆက်လမ်းသန္ဓေချောင်းကူးတံတားမှာ ဇူလိုင် ၂၇ ရက်က မျှောပါသွားခဲ့သည်။

အဆိုပါ တံတားမှာ အရှည် ၂၅ပေ၊ အကျယ် ၁၄ပေ၊ အမြင့် ၁၂ပေရှိ သစ်သားတံတားဖြစ်ကြောင်းနှင့် ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင် တိုင်းဒေသကြီး ရန်ပုံငွေကျပ် သိန်း ၅၀ ဖြင့် ဆောက်လုပ်ခဲ့သည့်တံတားဖြစ်ကြောင်း သိရသည်။

**(၁၀၁)**



ချောင်းကူးတံတားမျှောပါသွားသဖြင့် စက်လှေဖြင့်သွားလာနေကြစဉ်။

# ဆိုင်ကယ်ဆီဖြည့်မည့် ဓာတ်ဆီဘူးပေါ်သို့ ဆေးလိပ်မီးပွားကျရာမှ ခန္ဓာကိုယ်မီးလောင်သေဆုံး

**မကွေး ဇူလိုင် ၂၈**

မကွေးတိုင်းဒေသကြီး မကွေးခရိုင် မကွေးမြို့နယ် ယင်းဆိပ်ရဲကင်းစခန်းမှ ရဲတပ်ဖွဲ့ဝင်များသည် ဇူလိုင် ၂၇ ရက် မွန်းလွဲ ၂ နာရီခွဲခန့်က တိုင်းဒေသကြီး ပြည်သူ့ဆေးရုံကြီးတွင် မီးလောင်ဒဏ်ရာဖြင့် လူတစ်ဦး သေဆုံးသွားကြောင်း သတင်းအရ သက်သေများနှင့်အတူ သွားရောက်စစ်ဆေးခဲ့ရာ သေဆုံးသူမှာ မကွေးမြို့နယ် ဆူးကောက်စမ်းကျေးရွာနေသူ စန်းလွင်ဦး (၂၅ နှစ်) ဖြစ်ကြောင်း သိရသည်။

စန်းလွင်ဦးသည် ၎င်း၏ ဇနီး မချောစုလှိုင်နှင့်အတူ ပုထိုးကျေးရွာရှိ ယောက္ခမဖြစ်သူ ဒေါ်စန်းနွဲ့၏ နေအိမ်သို့ အလည်အပတ် ရောက်ရှိနေစဉ် ဇူလိုင် ၂၃ ရက် ညနေ ၅ နာရီခန့်တွင် ဆေးလိပ်သောက်ပြီး ဆိုင်ကယ်ကို ဓာတ်ဆီ ဖြည့်ရန်အတွက် ဓာတ်ဆီဘူးကို ယူလာစဉ် ဓာတ်ဆီဘူးပေါ်သို့ ဆေးလိပ်မီးပွားကျရာမှ မီးလောင်မှုဖြစ်ပွားပြီး ခန္ဓာကိုယ်တစ်ခုလုံး မီးလောင်ကျွမ်းခဲ့သဖြင့် တိုင်းဒေသကြီး ပြည်သူ့ဆေးရုံသို့ ပို့ဆောင်ကုသမှုခံယူနေစဉ် ဇူလိုင် ၂၆ ရက် ညနေ ၅ နာရီတွင် သေဆုံးသွားခဲ့ကြောင်း သိရသည်။

မီးပေါ့ဆစွာ သုံးစွဲသူ စန်းလွင်ဦးကို မကွေးနယ်မြေရဲစခန်းက ပြစ်မှုဆိုင်ရာဥပဒေပုဒ်မအရ အမှုဖွင့်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**မောင်ညီညာ(မြေလတ်)**

# ကမ်းရိုးတန်းဒေသများတွင် မိုးဆက်လက်ပိုနေမည်

**နေပြည်တော် ဇူလိုင် ၂၈**

**နေပြည်တော်နှင့် မန္တလေးမြို့တို့အနီးတစ်ဝိုက်တွင်** ယနေ့ မိုးအသင့်အတင့် ထစ်ချုန်းရွာမည်။

**ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင်** ယနေ့ မိုးအသင့်အတင့်ထစ်ချုန်းရွာပြီး တစ်ခါတရံ မိုးသည်းထန်နိုင်သည်။

**မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ** ကမ်းရိုးတန်းဒေသများတွင် မိုးဆက်လက်ပိုနေမည်။

**(မိုး/ဇလ)**

# မြစ်သားမြို့အထွက်တွင် မြစ်သား-မန္တလေး ခရီးသည်တင်ကားတိမ်းမှောက်

**မြစ်သား ဇူလိုင် ၂၈**

မြစ်သားမြို့မှ မန္တလေးမြို့သို့မောင်းနှင်လာသည့် မြစ်သား-မန္တလေး ခရီးသည်တင်ယာဉ် 8A/---သည်ဇူလိုင် ၂၈ရက် မွန်းလွဲ ၁ နာရီက မြစ်သားမြို့ အထွက် ဘိုးဘွားရိပ်သာအနီးတွင်ကားရှောင်ရင်း အရှိန်လွန်ပြီး လမ်းဘေးသို့ တိမ်းမှောက်ရာ ယာဉ်ပေါ်ပါလာသူများအနက်မှ ၁၁ ဦး ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

ဒဏ်ရာရသူများကို မြစ်သားမြို့ပေါ်ရှိ လူမှုကူညီရေးအသင်းက ကားဖြင့် မြို့နယ်ဆေးရုံသို့ ပို့ဆောင်ကုသပေးခဲ့ကြောင်း သိရသည်။

**ထွန်းထွန်းနိုင်(ကျောက်ဆည်)**



# ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ဆန်းစစ်မှုအရ မြန်မာနိုင်ငံသည် ကုလသမဂ္ဂထောင်စုနှစ် ဖွံ့ဖြိုးတိုးတက်ရေး ရည်မှန်းချက်များပြည့်မီရေး လမ်းကြောင်းမှန်ပေါ်တွင်ရောက်ရှိနေသော်လည်း စိန်ခေါ်မှုများစွာကျန်ရှိနေ




နေပြည်တော်   ဇူလိုင်   ၂၈

**အမျိုးသားအဆင့် ကျန်းမာရေးညီလာခံကို ယနေ့ နံနက် ၉ နာရီတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန (MICC-2) ၌ ကျင်းပရာ ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းနှင့် ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ သံအမတ်ကြီးများ၊ ကုလသမဂ္ဂနှင့် နိုင်ငံတကာအစိုးရမဟုတ်သော အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ အလှူရှင်များ၊ လူမှုရေးအဖွဲ့အစည်းများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။**

ညီလာခံတွင် ဒုတိယသမ္မတက မြန်မာနိုင်ငံ၏ လက်ရှိအုပ်ချုပ်ရေး ပြုပြင်ပြောင်းလဲမှု၊ လူမှုရေး၊ စီးပွားရေးပြုပြင်ပြောင်းလဲမှု စသည့် အသွင်ကူးပြောင်းရေး အခြေအနေကို ထင်ဟပ်၍ "လူထုဗဟိုပြုဖွံ့ဖြိုးတိုးတက်ဖို့ ကျန်းမာရေးကဏ္ဍတွင် မြှုပ်နှံစို့" ဟူသော ဆောင်ပုဒ်နှင့်အညီ ယခုဖိုရမ်တွင် ဆွေးနွေးသွားမည်ဖြစ်ပါကြောင်း၊ ရေရှည်ဖွံ့ဖြိုးတိုးတက်မှုရရှိရန် ပြည်သူလူထု ကျန်းမာကြံ့ခိုင်မှုကို ဗဟိုပြုရန် လိုအပ်သည့်အတွက် ကျန်းမာရေးကဏ္ဍတွင်လည်း အဓိကရင်းနှီးမြှုပ်နှံရန် လိုအပ်ပါကြောင်း။

ယခု ညီလာခံကြီးမှတစ်ဆင့် ၂၀၃၀ ပြည့်နှစ် မြန်မာ့ကျန်းမာရေး ရည်မှန်းချက်နှင့်အညီ လူတိုင်း အရည်အသွေးပြည့် စောင့်ရှောက်မှုလုပ်ငန်းများ လက်လှမ်းမီရရှိနိုင်မည့် နည်းဗျူဟာများနှင့် လိုအပ်သော ရင်းနှီးမြှုပ်နှံမှုများကို ရရှိနိုင်မည်ဟု မျှော်လင့်ပါကြောင်း။

ယခုကျင်းပသည့် ညီလာခံကို ကျန်းမာရေးကဏ္ဍ တိုးတက်ပြောင်းလဲမှုများနှင့် လူတိုင်းလက်လှမ်းမီသော ကျန်းမာရေး လွှမ်းခြုံစောင့်ရှောက်မှု ရရှိရေးနှင့် အနာဂတ်တွင် ဆောင်ရွက်မည့် အစီအမံများကို အသိပေး တင်ပြနိုင်ရန်၊ ကျန်းမာရေးကဏ္ဍ အောင်မြင်မှုများနှင့် ရင်းနှီးမြှုပ်နှံလိုမှု၊ စိန်ခေါ်မှုများနှင့်စပ်လျဉ်းသော အချက်အလက်များ မီဒီယာများအား အသိပေးဖြန့်ဝေနိုင်ရန်၊ ပြည်တွင်းနှင့် နိုင်ငံတကာအဖွဲ့အစည်းများကိုလည်း ကျန်းမာရေးကဏ္ဍတွင် ရင်းနှီးမြှုပ်နှံမှု၏ အရေးပါပုံကို မီးမောင်းထိုးပြရန် စသည့် ရည်ရွယ်ချက်(၄)ရပ်ဖြင့် ကျင်းပမည်ဖြစ်ပါကြောင်း။

ကမ္ဘာ့ကျန်းမာရေး အဖွဲ့၏ ဆန်းစစ်မှုအရ မြန်မာနိုင်ငံသည် ကုလသမဂ္ဂထောင်စုနှစ် ဖွံ့ဖြိုးတိုးတက်ရေး ရည်မှန်းချက်များ ပြည့်မီရေး လမ်းကြောင်းမှန်ပေါ်တွင် ရောက်ရှိနေသော်လည်း စိန်ခေါ်မှုများစွာ ကျန်ရှိနေပါကြောင်း။

မြန်မာနိုင်ငံအနေဖြင့် ယခုနှစ် စက်တင်ဘာလတွင် ကျင်းပပြုလုပ်မည့် ကမ္ဘာ့ကုလသမဂ္ဂအထွေထွေ ညီလာခံသို့ အဆိုပြုတင်ပြသွားမည့် ရေရှည်တည်တံ့နိုင်သော ဖွံ့ဖြိုးတိုးတက်ရေး ရည်မှန်းချက်များကို ထောက်ခံကြိုဆိုပါကြောင်း၊ မကူးစက်နိုင်သောရောဂါများ၊ ဦးစားပေးခြင်းမခံရသော အပူပိုင်းဒေသဆိုင်ရာ ရောဂါများနှင့် လူတိုင်းလက်လှမ်းမီသော ကျန်းမာရေးစောင့်ရှောက်မှု ရရှိရေး စသည့်အကြောင်းအရာများ ပါဝင်သည့်အတွက် ဖြစ်ပါကြောင်း။

နိုင်ငံတော်အစိုးရ အနေဖြင့် လူတိုင်းလက်လှမ်းမီသော ကျန်းမာရေးစောင့်ရှောက်မှုရရှိရေးအတွက် ပထမအဆင့်အနေဖြင့် ကမ္ဘာ့ဘဏ်၏ နည်းပညာနှင့်ငွေကြေးအကူအညီဖြင့် ဆောင်ရွက်လျက်ရှိပါကြောင်း။

ကြုံတွေ့နေရသည့် ကျန်းမာရေးဆိုင်ရာ အခက်အခဲအနေဖြင့် ပထမအချက်မှာ ပြည်သူလူထုအနေဖြင့် ရောဂါကာကွယ်ရေးနှင့် ကျန်းမာရေး အဆင့်မြှင့်တင် ဆောင်ရွက်ရေး လုပ်ငန်းများကို နားလည်သဘောပေါက်ရန် လိုအပ်ခြင်းဖြစ်ကြောင်း၊ သတင်းမီဒီယာများသည်လည်း ပြည်သူ့ကျန်းမာရေး အဆင့်မြှင့်တင်ရေး လုပ်ငန်းများတွင် အရေးကြီးသည့် အခန်းကဏ္ဍက ပါဝင်နေပါကြောင်း။

ဒုတိယအချက်မှာ ကူးစက်ရောဂါများကာကွယ်နှိမ်နင်းရေးသည် ကြီးမားသည့် စိန်ခေါ်မှုတစ်ရပ်ဖြစ်နေကြောင်း၊ တတိယအချက်မှာ မကူးစက်တတ်သောရောဂါ ဖြစ်ပွားမှုများသည် ကြီးမားသောခြိမ်းခြောက်မှုတစ်ရပ်ဖြစ်လာကြောင်း၊ စတုတ္ထအချက်မှာ ကျန်းမာရေးကဏ္ဍအတွက် ဘဏ္ဍာငွေသုံးစွဲမှု တိုးမြှင့်ခွင့်ပြုလျက်ရှိသကဲ့သို့ ဆက်လက်ပြီး တိုးမြှင့်အသုံးပြုနိုင်ရေးဖြစ်ကြောင်း။

၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် ကျန်းမာရေးကဏ္ဍအတွက် ဘဏ္ဍာငွေကျပ် ၇၅၃ ဘီလီယံ (အမေရိကန်ဒေါ်လာ ၆၀၂ သန်း ) ခွဲဝေပေးခဲ့ရာ ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ် ခွဲဝေမှုထက် ၈ ဒသမ ၇ ဆခန့် ပိုမိုတိုးမြှင့်ပေးခဲ့ခြင်းဖြစ်ပါကြောင်း၊ ထို့ကြောင့် အဓိကလိုအပ်သည့် ဆေးနှင့် ဆေးပစ္စည်းများကို ၂၀၁၁ ခုနှစ်က ထက် ၃၅ ဆ တိုးမြှင့်ဝယ်ယူနိုင်ခဲ့ပြီး တန်ဖိုးအားဖြင့် အမေရိကန်ဒေါ်လာ ၁၁၂ သန်းခန့်ဖြစ်ကြောင်း၊ ပြည်သူ့ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများတွင် ရန်ပုံငွေ တိုးမြှင့်ပေးခဲ့သည့်အတွက် ရလဒ်အနေဖြင့် လူနာများမှ စိုက်ထုတ်ကုန်ကျရငွေသည် ၂၀၁၁ ခုနှစ်တွင် ၈၀ ရာခိုင်နှုန်းရှိခဲ့ရာမှ ၂၀၁၄ ခုနှစ်တွင် ၆၀ ရာခိုင်နှုန်းအထိ လျှော့ချနိုင်ခဲ့ကြောင်း။

ဆက်လက်၍ ကျန်းမာရေး စောင့်ရှောက်မှုပေးရန် အခြေခံအဆောက်အအုံများ၊ လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးရေးကို တိုးမြှင့်ဆောင်ရွက်ခဲ့ပါကြောင်း၊ ၂၀၁၁ ခုနှစ်မှ ၂၀၁၅ ခုနှစ် ဇွန်လအထိ ဆေးရုံများ တိုးချဲ့ဖွင့်လှစ်မှုတွင် ၁၅ ရာခိုင်နှုန်း တိုးတက်လာပြီး ဆရာဝန်များ၊ သူနာပြုဆရာမများလည်း ၂၅ ရာခိုင်နှုန်းတိုးမြှင့် မွေးထုတ်နိုင်ခဲ့ပါကြောင်း။

ကျန်းမာရေး ကဏ္ဍအတွက် ဆရာဝန်များခန့်ထားမှု သုံးဆခန့်နှင့် သူနာပြုခန့်ထားအရေအတွက် ၃၇ ရာခိုင်နှုန်း မြှင့်တင်နိုင်ခဲ့ပါကြောင်း၊ ဘဏ္ဍာငွေ တိုးမြှင့်နိုင်မှုနှင့်အတူ တောင်ကြီးမြို့တွင် ၄၆ ဧက ကျယ်ဝန်းသော မြေဧရိယာပေါ်၌ ဆေးတက္ကသိုလ်အသစ်တစ်ခု ဖွင့်လှစ်သွားရန်ဖြစ်ပါကြောင်း။

ကျန်းမာရေး ဝန်ထမ်းများ၏ အရည်အသွေးနှင့် အရည်အချင်း တိုးတက်လာစေရန် ရန်ကုန်မြို့ရှိ ဆေးတက္ကသိုလ် (၁)တွင် သားဖွားမီးယပ်ပညာ၊ ကလေးဆေးပညာ၊ ရောဂါဗေဒ၊ မေ့ဆေးပညာ၊ ခွဲစိတ်မှုပညာ၊ အရေးပေါ်ဆေးပညာများကို ဘွဲ့လွန် ဒီပလိုမာသင်တန်းများ ဖွင့်လှစ်ပေးခဲ့ပြီး ဝန်ထမ်း ဆရာဝန်များနှင့် ဝန်ထမ်းမဟုတ်သော ပုဂ္ဂလိက ဆရာဝန်များကိုလည်း သင်တန်းတက်ရောက်ခွင့်ရရန် စီစဉ်ပေးခဲ့ပါကြောင်း။

ပြည်တွင်းပြည်ပ နိုင်ငံတကာနှင့် ပူးပေါင်းဆောင်ရွက်မှုများ၏ အဓိကလိုအပ်ချက်သည် လူတိုင်း လက်လှမ်းမီသော ကျန်းမာရေးစောင့်ရှောက်မှု လွှမ်းခြုံမှုရရှိရန်ဖြစ်ပြီး လူထုအခြေပြု အဖွဲ့အစည်းများနှင့် အစိုးရမဟုတ်သော အဖွဲ့အစည်းများသည်လည်း အရေးပါသော အခန်းကဏ္ဍတွင် ပါဝင်ဆောင်ရွက်ရန် လိုအပ်ပါကြောင်း။

ထို့အပြင် အပြည်ပြည်ဆိုင်ရာ အထောက်အပံ့များလည်း ဆက်လက်လိုအပ်နေဦးမည် ဖြစ်ပါကြောင်း၊ လူတိုင်းလက်လှမ်းမီသော ကျန်းမာရေးစောင့်ရှောက်မှု လွှမ်းခြုံရရှိရေးအတွက် ထောက်ပံ့နေသော ကမ္ဘာ့ဘဏ်ကို လည်းကောင်း၊ အိတ်ချ်အိုင်ဗွီ/အေအိုင်ဒီအက်စ်ရောဂါ၊ တီဘီရောဂါနှင့် ငှက်ဖျားရောဂါကာကွယ် တိုက်ဖျက်ရေးလုပ်ငန်းများအတွက် ၂၀၁၃-၂၀၁၆ ခုနှစ်အထိ အမေရိကန်ဒေါ်လာ ၃၅၄ သန်းထောက်ပံ့နေသော ကမ္ဘာ့ရန်ပုံငွေအဖွဲ့ကိုလည်းကောင်း၊ မိခင်/ကလေး ကျန်းမာရေးနှင့်ကျန်းမာရေးစနစ် တိုးတက်ရေးအတွက် အမေရိကန်ဒေါ်လာ သန်း ၃၀၀ ထောက်ပံ့ပေးနေသော **"ထောင်စုနှစ်သုံးမျိုး ရန်ပုံငွေ"** အားလည်းကောင်း ကျေးဇူးတင်ပါကြောင်း၊ ယခုကဲ့သို့ ထောက်ပံ့ပေးနေသော အဖွဲ့အစည်းများနှင့် ပူးပေါင်း ဆောင်ရွက်လျက်ရှိသော မိတ်ဖက်အဖွဲ့အစည်းများ၏ အကူအညီဖြင့် ရည်မှန်းချက်ဖြစ်သည့် လူထုဗဟိုပြု ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်မည်ဟု ယုံကြည်ပါကြောင်း၊ ယခုညီလာခံမှ ရှေ့လုပ်ငန်းစဉ်များအတွက် အထောက်အကူပြုမည့် ရလဒ်ကောင်းများ ထွက်ပေါ်လာစေရန် ဆုတောင်းပါကြောင်း ဖြင့် ပြောကြားသည်။ **(အပေါ်ပုံ)**

ယင်းနောက် ကမ္ဘာလုံးဆိုင်ရာ ကျန်းမာရေးအဖွဲ့မှ ပရော်ဖက်ဆာ ဒင်းန် ဂျမီဆွန်က **ထွန်းသစ်စ မြန်မာနိုင်ငံ၏ ဖွံ့ဖြိုးမှုအတွက် ကျန်းမာရေး၏ အရေးပါမှု** ခေါင်းစဉ်ဖြင့် ဆွေးနွေးသည်။

ထို့နောက် ဒုတိယသမ္မတနှင့် အဖွဲ့ဝင်များသည် ညီလာခံသို့ တက်ရောက်လာကြသည့် ကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင်များနှင့် အတူ မှတ်တမ်းတင်ဓာတ်ပုံရိုက်သည်။

ယင်းနောက် ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းအောင်က **မြန်မာနိုင်ငံအတွက် ကျန်းမာရေးကဏ္ဍ ဦးစားပေးများ** ခေါင်းစဉ်ဖြင့် လည်းကောင်း၊ မြန်မာနိုင်ငံဆိုင်ရာ အမေရိကန်သံအမတ်ကြီး မစ္စတာ ဒဲရက်မစ်ချယ်လ်က **မြန်မာနိုင်ငံ၏ လူမှုစီးပွားဖွံ့ဖြိုးမှုနှင့် ကြွယ်ဝချမ်းသာမှုအတွက် ကျန်းမာရေးသည် အခြေခံအုတ်မြစ်** ခေါင်းစဉ်ဖြင့်လည်းကောင်း၊ တူရကီနိုင်ငံ ကျန်းမာရေးဝန်ကြီးဟောင်း ပရော်ဖက်ဆာ ဒေါက်တာ ရီကတ်ပ်အက်ဒဂ်က **ကျန်းမာရေးအတွက် ဦးဆောင်မှု** ခေါင်းစဉ်ဖြင့်လည်းကောင်း အသီးသီးဆွေးနွေးကြသည်။

ထို့နောက် ကျန်းမာရေးဆိုင်ရာ လှုပ်ရှားဆောင်ရွက်မှုဗီဒီယိုမှတ်တမ်းကို ပြသသည်။

ယင်းနောက် မျက်နှာစုံညီ ဆွေးနွေးခြင်းကဏ္ဍတွင် **မြန်မာနိုင်ငံ ကျန်းမာရေးကဏ္ဍ ပြုပြင်ပြောင်းလဲရေးနှင့် ဖွံ့ဖြိုးမှုလိုအပ်ချက်များ** ခေါင်းစဉ်ဖြင့် ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဒေါ်သိန်းသိန်းဌေး၊ ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမောင်မောင်သိမ်းနှင့် ပြည်ကြီးခင်အဖွဲ့အစည်းမှ အမှုဆောင်ဒါရိုက်တာ ဒေါ်နွယ်ဇင်ဝင်းတို့က ဆွေးနွေးကြသည်။

ဖွင့်ပွဲအခမ်းအနား အပြီးတွင် ဒုတိယသမ္မတနှင့် အဖွဲ့ဝင်များသည် မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန မြေညီထပ်၌ ခင်းကျင်းပြသထားရှိသည့် ရုပ်ရှာပြည်သူများ၏ ပြခန်းများကို ကြည့်ရှုလေ့လာသည်။ **(အောက်ပုံ)**



ထို့နောက် ညီလာခံကို အစီအစဉ်များအတိုင်း ကျင်းပခဲ့ရာ ဇူလိုင် ၂၉ ရက်တွင် ဆက်လက်ကျင်းပမည်ဖြစ်သည်။

ကမ္ဘာ့ကျန်းမာရေးအဖွဲ့မှ ထုတ်ပြန်ထားသော အစီရင်ခံစာများအရ မြန်မာပြည်သူများတွင် သွေးတိုးရောဂါဖြစ်ပွားခြင်း၊ အဝလွန်ခြင်းနှင့် ဆေးလိပ်/ဆေးရွက်ကြီး သုံးစွဲခြင်းသည် အရှေ့တောင်အာရှဒေသတွင်း နိုင်ငံများထက် ပိုမိုမြင့်မားလျက်ရှိသည်။

ထို့ပြင် မြန်မာနိုင်ငံတွင် သေဆုံးမှု၏ ၅၉ ရာခိုင်နှုန်းမှာ မကူးစက်တတ်သော ရောဂါများကြောင့်ဖြစ်ကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့က ခန့်မှန်းထားပြီး အသက်အရွယ် ၃၀ နှင့် ၇၀ နှစ်အကြားရှိသူများ၏ လေးပုံတစ်ပုံမှာ မကူးစက်တတ်သော ရောဂါများကြောင့် သေဆုံးနိုင်ကြောင်း သိရသည်။

**(သတင်းစဉ်)**

# လေဆိပ်များ ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် လေကြောင်းဝန်ဆောင်မှုလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်ရေး ဆွေးနွေး

**နေပြည်တော် ဇူလိုင် ၂၈**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဦးညဏ်ထွန်းသည် ဂျပန်နိုင်ငံ ဂျေဂျီစီအုပ်စု၏ ဝါရင့်ဥက္ကဋ္ဌ မစ္စတာ ယိုရှိဟီရို ရှိဂဲဟိစ ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား ယနေ့မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော်သံတမန်ဆောင် ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

ထိုသို့တွေ့ဆုံစဉ် ဟံသာဝတီအပြည်ပြည်ဆိုင်ရာလေဆိပ် စီမံကိန်းအပါအဝင် အခြားသောအခြေခံအဆောက်အအုံများ ဖွံ့ဖြိုးတိုးတက်ရေး၊ မြန်မာနိုင်ငံတစ်ဝန်းရှိ လေဆိပ်များ ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် လေကြောင်းဝန်ဆောင်မှုလုပ်ငန်းများ အကူအညီပေးရေး၊ လမ်းပန်းဆက်သွယ်ရေးဆိုင်ရာ ကိစ္စရပ်များပူးပေါင်းဆောင်ရွက်ရေးတို့နှင့်စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲသို့ ဒုတိယဝန်ကြီး ဦးတင်ဦးလွင်၊ ဦးဇင်ယော်၊ ဒေါက်တာဇော်မင်းအောင်၊ ဦးစိုးတင့်နှင့်တာဝန်ရှိသူများတက်ရောက်ကြသည်။

**(သတင်းစဉ်)**



**ဒုတိယသမ္မတ ဦးညဏ်ထွန်းနှင့် ဒုတိယဝန်ကြီးများ၊ ဂျပန်နိုင်ငံ ဂျေဂျီစီအုပ်စု၏ ဝါရင့်ဥက္ကဋ္ဌ မစ္စတာ ယိုရှိဟီရို ရှိဂဲဟိစ ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့တို့ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။**

# စီအယ်လ်အမ်ဗွီခရီးသွားလုပ်ငန်းဝန်ကြီးများ အစည်းအဝေးနှင့်အဆင့်မြင့်အရာရှိကြီးများ အစည်းအဝေးကျင်းပ ဒေသတွင်းခရီးသွားလုပ်ငန်း ပူးပေါင်းဆောင်ရွက်ရေးအတွက် သဘောတူကြေညာချက်တစ်စောင် ထုတ်ပြန်

**နေပြည်တော် ဇူလိုင် ၂၈**

တတိယအကြိမ်မြောက် ကမ္ဘောဒီးယား၊ လာအို၊ မြန်မာ၊ ဗီယက်နမ် (3rd CLMV) ခရီးသွားလုပ်ငန်းဝန်ကြီးများ အစည်းအဝေးနှင့် ခရီးသွားလုပ်ငန်းအဆင့်မြင့်အရာရှိကြီးများ အစည်းအဝေးကို ယနေ့နံနက်ပိုင်းမှစတင်၍ နေပြည်တော်ရှိ The Royal ACE Hotel ၌ ကျင်းပသည်။ **(ယာပုံ)**




3rd CLMV ခရီးသွားလုပ်ငန်းဝန်ကြီးများ အစည်းအဝေးကို မွန်းလွဲပိုင်းတွင် ကျင်းပရာ ကမ္ဘောဒီးယား၊ လာအို၊ မြန်မာ၊ ဗီယက်နမ် နိုင်ငံများမှ ခရီးသွားလုပ်ငန်းဝန်ကြီးများ တက်ရောက်ခဲ့ကြပြီး မြန်မာနိုင်ငံ၊ ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဌေးအောင်က သဘာပတိအဖြစ်ဆောင်ရွက်သည်။

ပြည်ထောင်စုဝန်ကြီးက အဖွင့်အမှာစကားပြောကြားရာတွင် ခရီးသွားလုပ်ငန်းသည် ကမ္ဘာပေါ်တွင် အလျင်မြန်ဆုံးနှင့် အကြီးမားဆုံး ဖွံ့ဖြိုးတိုးတက်လာသော လုပ်ငန်းတစ်ခုဖြစ်ပါကြောင်း၊ ဖွံ့ဖြိုးဆဲနိုင်ငံများနှင့် ဖွံ့ဖြိုးပြီးနိုင်ငံများအတွက် အလုပ်အကိုင်အခွင့်အလမ်းများနှင့် ဝင်ငွေရရှိမှုကို အထောက်အပံ့ပေးနေသော အရင်းအမြစ်တစ်ခုဖြစ်ပါကြောင်း၊ ထို့ကြောင့် ခရီးသွားလုပ်ငန်းသည် လူမှုဘဝမြှင့်တင်ရေးနှင့် ဆင်းရဲမှု လျှော့ချရေးလုပ်ငန်းစဉ်အတွက် ထိရောက်သောလုပ်ငန်းတစ်ခုဖြစ်ပြီး လူတန်းစားအားလုံးအတွက် အဓိကကျသော စီးပွားရေးမောင်းနှင်အားတစ်ရပ် ဖြစ်ပါကြောင်း။

နေပြည်တော်တွင် ကျင်းပခဲ့သော 7th CLMV Summit နှင့် 6th ACEMECS Summit တို့မှ ထုတ်ပြန်ထားသော ကြေညာချက်တွင် ဦးစားပေး ပူးပေါင်းဆောင်ရွက်ရမည့်ကဏ္ဍများအဖြစ် ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှု၊ သယ်ယူပို့ဆောင်ရေး၊ စိုက်ပျိုးရေး၊ စက်မှုလုပ်ငန်း၊ စွမ်းအင်၊ ဆက်သွယ်ရေး၊ ခရီးသွားလုပ်ငန်းနှင့် လူ့စွမ်းအားအရင်းအမြစ် စသည့် ကဏ္ဍ(၈)ရပ်ကို ကမ္ဘောဒီးယား၊ လာအို၊ မြန်မာ၊ ဗီယက်နမ်နိုင်ငံတို့မှ နိုင်ငံအကြီးအကဲများက အတည်ပြုခဲ့ပြီးဖြစ်ပါကြောင်း။

မိမိတို့အနေဖြင့် CLMV ခရီးစဉ်ဒေသသည် ကမ္ဘာပေါ်ရှိ စိတ်ဝင်စားဖွယ်အကောင်းဆုံးသော ခရီးစဉ်ဒေသများအနက် တစ်ခုအပါအဝင်ဖြစ်လာစေရန်အတွက် အဖွဲ့ဝင်နိုင်ငံအသီးသီးရှိ ထူးခြားသော ယဉ်ကျေးမှုနှင့် ရိုးရာဓလေ့အစဉ်အလာများ၊ ရှေးဟောင်းအမွေအနှစ်များ တည်တံ့ခိုင်မြဲအောင် ဆောင်ရွက်ထားရှိမှု၊ သဘာဝရှုမျှော်ခင်းများစသည့် ခရီးသွားလုပ်ငန်းအရင်းအမြစ်များကို ပိုမိုကျယ်ပြန့်စွာ မြှင့်တင်ကြေညာသွားရန် လိုအပ်ပါကြောင်း၊ ယနေ့အစည်းအဝေးတွင် CLMV နိုင်ငံများအကြား ရေရှည်တည်တံ့ပြီး တာဝန်ယူမှုရှိသော ခရီးသွားလုပ်ငန်းဆိုင်ရာ အတွေ့အကြုံကောင်းများ ဖလှယ်ရေးနှင့် CLMV ခရီးစဉ်ဒေသသည် နိုင်ငံတကာခရီးစဉ်ဒေသတစ်ခုအဖြစ် ရောက်ရှိလာစေရေးအတွက် ဆွေးနွေးသွားကြရန်ဖြစ်ပါကြောင်း ပြောကြားသည်။

ဆက်လက်၍ အစည်းအဝေးတွင် ၂၀၁၅ ခုနှစ် ဇွန် ၂၂ ရက်က နေပြည်တော်၌ ကျင်းပခဲ့သော 7th CLMV Summit နှင့် ၂၀၁၃ ခုနှစ် ဒီဇင်ဘာ ၆ ရက်က ကမ္ဘောဒီးယားနိုင်ငံတွင် ကျင်းပခဲ့သော 2nd CLMV ခရီးသွားလုပ်ငန်းဝန်ကြီးများ အစည်းအဝေးမှ ခရီးသွားလုပ်ငန်းနှင့် ဆက်စပ်သော ဆွေးနွေးချက်ရလဒ်များနှင့် စပ်လျဉ်း၍ မြန်မာနိုင်ငံနှင့် ကမ္ဘောဒီးယားနိုင်ငံတို့မှ အသီးသီးဆွေးနွေးခဲ့ကြသည်။

ထို့နောက် CLMV နိုင်ငံများမှ ခရီးသွားလုပ်ငန်းဝန်ကြီးများက ဒေသတွင်းခရီးသွားလုပ်ငန်း ပူးပေါင်းဆောင်ရွက်ရေးအတွက် သဘောတူကြေညာချက်တစ်စောင် ထုတ်ပြန်ခဲ့သည်။

အလားတူ CLMV ခရီးသွားလုပ်ငန်းအဆင့်မြင့်အရာရှိကြီးများ အစည်းအဝေးအား ယနေ့နံနက်ပိုင်းတွင် ကျင်းပရာ ကမ္ဘောဒီးယား၊ လာအို၊ မြန်မာ၊ ဗီယက်နမ်နိုင်ငံတို့မှ ခရီးသွားလုပ်ငန်း အဆင့်မြင့်အရာရှိကြီးများ တက်ရောက်ခဲ့ကြပြီး မြန်မာနိုင်ငံမှ ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှု ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးတင့်သွင်က သဘာပတိအဖြစ် ဆောင်ရွက်သည်။

အစည်းအဝေးတွင် မြန်မာနိုင်ငံမှ ၂၀၁၅ ခုနှစ် ဇွန် ၂၂ ရက်က နေပြည်တော်၌ ကျင်းပခဲ့သော 7th CLMV Summit တွင် ခရီးသွားလုပ်ငန်းနှင့်ဆက်စပ်သော ဆွေးနွေးချက်ရလဒ်များနှင့် ကမ္ဘောဒီးယားနိုင်ငံမှ ကိုယ်စားလှယ်က ကမ္ဘောဒီးယားနိုင်ငံတွင် ၂၀၁၃ ခုနှစ် ဒီဇင်ဘာ ၆ ရက်က ကျင်းပခဲ့သော 2nd CLMV ခရီးသွားလုပ်ငန်းဝန်ကြီးများအစည်းအဝေး၏ ဆွေးနွေးချက်ရလဒ်များကို ဆွေးနွေးခဲ့ကြသည်။

ဆက်လက်၍ CLMV နိုင်ငံများ၏ ၂၀၁၃-၂၀၁၅ ခုနှစ် ခရီးသွားလုပ်ငန်း ပူးပေါင်းဆောင်ရွက်ရေး စီမံချက်တွင်ပါရှိသော သတင်းအချက်အလက်နှင့် အတွေ့အကြုံများဖလှယ်ရေး၊ ခရီးသွားလုပ်ငန်း ထုတ်ကုန်များ ဖွံ့ဖြိုးတိုးတက်ရေး၊ ခရီးသွားလုပ်ငန်းဝန်ဆောင်မှုအရည်အသွေးမြှင့်တင်ရေးနှင့် အဆင့်သတ်မှတ်ရေး၊ ခရီးသွားလုပ်ငန်းနှင့် ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေး စသည့်အချက်များကို အသေးစိတ်ဆွေးနွေးခဲ့ကြသည်။

ထို့နောက် ၂၀၁၆-၂၀၁၈ ခုနှစ်အတွက် CLMV နိုင်ငံများ၏ ခရီးသွားလုပ်ငန်း ပူးပေါင်းဆောင်ရွက်ရေး အနာဂတ်စီမံချက်များအဖြစ် ခရီးသွားလာမှုလွယ်ကူချောမွေ့စေရေး၊ လူ့စွမ်းအားအရင်းအမြစ်မြှင့်တင်ရေး၊ ဒေသတွင်းအဖွဲ့အစည်းများနှင့် ပုဂ္ဂလိကအခန်းကဏ္ဍ ပါဝင်စေရေး၊ နိုင်ငံတကာ အဖွဲ့အစည်းများ၊ ဘဏ္ဍာငွေကြေးဆိုင်ရာ အဖွဲ့အစည်းများ၊ ဖွံ့ဖြိုးမှုမိတ်ဖက်အဖွဲ့အစည်းများ စသည့် တတိယအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ရေး၊ ရေရှည်တည်တံ့ခိုင်မြဲသော ခရီးသွားလုပ်ငန်းနှင့် တာဝန်သိခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်လာစေရေး စသည်ဖြင့် အသေးစိတ်ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

## အဝါရောင်မုန်တိုင်းငယ်ဆက်လက်တည်ရှိ

ယနေ့မြန်မာစံတော်ချိန် မွန်းလွဲ ၁ နာရီခွဲ တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော် အရှေ့မြောက်ပိုင်းတွင်ဖြစ်ပေါ်နေသော မုန်တိုင်းငယ်သည် သိသိသာသာရွေ့လျားခြင်းမရှိဘဲ ဘင်္ဂလားဒေ့ရှ်နိုင်ငံစစ်တကောင်းမြို့၏ အနောက်-အနောက်တောင်ဘက် မိုင် ၉၀ ခန့်၊ မြန်မာနိုင်ငံ မောင်တောမြို့၏ အနောက်-အနောက်မြောက်ဘက် မိုင် ၁၄၀ ခန့်နှင့် စစ်တွေမြို့၏ အနောက်မြောက်ဘက်မိုင် ၁၉၀ ခန့်အကွာ ပင်လယ်ပြင်ကို ဗဟိုပြုနေသည်။

မုန်တိုင်းငယ်၏လက်ရှိအခြေအနေမှာ အဝါရောင်အဆင့်ရှိပြီး မြန်မာနိုင်ငံဘက်သို့ ဦးတည်ရွေ့လျားမည့်အခြေအနေမရှိဟု သတ်မှတ်သည်။

အဆိုပါမုန်တိုင်းငယ်သည် မြန်မာစံတော်ချိန် မွန်းလွဲ ၁ နာရီခွဲတွင် မြောက်လတ္တီကျူ ၂၂ ဒသမ ၀ ဒီဂရီနှင့် အရှေ့လောင်ဂျီကျု ၉၀ ဒသမ ၂ ဒီဂရီတွင်ရှိပြီး ဗဟိုချက်လေဖိအား ၉၉၄ ဟက်တိုပါစကယ်နှင့် အမြင့်ဆုံးလေတိုက်နှုန်းမှာ တစ်နာရီလျှင် မိုင် ၄၀ နှုန်းဖြစ်သည်။

အဆိုပါမုန်တိုင်းငယ်၏အရှိန်ကြောင့် စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး ၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ် နှင့်မွန်ပြည်နယ်တို့တွင် နေရာအနှံ့အပြားမိုးထစ်ချုန်းရွာပြီး ဒေသအလိုက်နှင့် နေရာကွက်၍ မိုးကြီးခြင်း၊လေပြင်းတိုက်ခတ်ခြင်းနှင့် ရုတ်တရက်ရေကြီးခြင်းများ ဖြစ်ပေါ်နိုင်သည်။

မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရံဖန်ရံခါ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းကြီးမည်။ မိုးသက် လေပြင်းကျစဉ် ရေပြင်/ မြေပြင်လေသည်တစ်နာရီလျှင် မိုင် ၄၀ မှ ၄၅ မိုင်အထိ တိုက်ခတ်နိုင်သည်။

မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့်ကမ်းလွန်ပင်လယ်ပြင်တို့ရှိ ကမ်းနီး၊ ကမ်းဝေးငါးဖမ်းရေယာဉ်များ၊ သင်္ဘောများအနေဖြင့် ကြိုတင်သတိပြုရန် အကြံပြုအပ်ပါသည်။

**(မိုး/ဇလ)**

# မြန်မာနိုင်ငံ၏ စားနပ်ရိက္ခာဖူလုံမှု ရေရှည်တည်တံ့စေရေးနှင့် အာဟာရပြည့်ဝစေရေးအတွက် ဝိုင်းဝန်းကြိုးပမ်း

နေပြည်တော် ဇူလိုင် ၂၈

**စားနပ်ရိက္ခာနှင့် အာဟာရဖူလုံရေးဆိုင်ရာ လုပ်ငန်းကော်မတီအစည်းအဝေး (၂/၂၀၁၅)ကို ယနေ့နံနက် ၉ နာရီခွဲက အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ကျင်းပရာ ကော်မတီဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးညဏ်ထွန်း တက်ရောက်အမှာစကား ပြောကြားသည်။** (ယာပုံ)



အစည်းအဝေးသို့ လုပ်ငန်းကော်မတီဝင် ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ တိုင်းဒေသကြီး/ပြည်နယ်များမှ စိုက်ပျိုးရေးနှင့်မွေးမြူရေးဝန်ကြီးများ၊ ဗန်ကောက် FAO ရုံး၏ အာရှနှင့် ပစိဖိတ်ဒေသဆိုင်ရာရုံးမှ လက်ထောက်ညွှန်ကြားရေးမှူးချုပ်၊ ဌာနေကိုယ်စားလှယ်နှင့် ဌာနဆိုင်ရာအကြီးအကဲများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် စားနပ်ရိက္ခာနှင့် အာဟာရဖူလုံရေးဆိုင်ရာလုပ်ငန်းကော်မတီ ဥက္ကဋ္ဌ ဒုတိယသမ္မတက စားနပ်ရိက္ခာနှင့် အာဟာရဖူလုံရေးလုပ်ငန်းသည် ရေရှည်ဆောင်ရွက်ရမည့်လုပ်ငန်းဖြစ်ပါကြောင်း၊ ဆောင်ရွက်ပြီးစီးမှုများကို ပြန်လည်သုံးသပ်ပြီး ပြည်ထောင်စုဝန်ကြီးဌာနများ၊ တိုင်းဒေသကြီး/ ပြည်နယ်အစိုးရများနှင့် ကုလသမဂ္ဂအဖွဲ့အစည်းများအကြား ပူးပေါင်းဆောင်ရွက်သွားရန် လိုအပ်ပါကြောင်း။

မဟာဗျူဟာကျသည့် မူဘောင်ကို ချမှတ်ရာတွင် ပြည်သူဗဟိုပြုပုံစံ၊ ပေါင်းစည်းမှုပုံစံဖြင့် ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ ယနေ့ မြန်မာနိုင်ငံအပါအဝင် ကမ္ဘာ့နိုင်ငံများတွင် စားနပ်ရိက္ခာဖူလုံရေးအတွက် ကမ္ဘာလုံးဆိုင်ရာ အစီအစဉ်များတွင် ပါဝင်ဆောင်ရွက်နေကြပါကြောင်း၊ စက်တင်ဘာလတွင် ကျင်းပမည့် ကုလသမဂ္ဂညီလာခံတွင် ထောင်စုနှစ်လွန် ရည်မှန်းချက်များ (Sustainable Development Goals-SDGs ကို အတည်ပြုမည်ဖြစ်သည့်အတွက် SDGs ရည်မှန်းချက်ပန်းတိုင် အမှတ်(၂)ဖြစ်သည့် ငတ်မွတ်ခေါင်းပါးမှုအဆုံးသတ်ရေး၊ အစားအစာဖူလုံရေး၊ အာဟာရပြည့်ဝရေးအတွက် စားနပ်ရိက္ခာနှင့် အာဟာရဖူလုံရေးဆိုင်ရာမူဝါဒတွင် ထည့်သွင်း၍ အကောင်အထည်ဖော်နိုင်ရန်အတွက် မြန်မာနိုင်ငံ၏ မဟာဗျူဟာရေးဆွဲချမှတ်ရာတွင် ထည့်သွင်းစဉ်းစားသွားရန် လိုအပ်ပါကြောင်း၊ အမျိုးသားအဆင့်လုပ်ငန်းစဉ်များကိုသက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများအကြား စနစ်တကျ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ရန် အရေးကြီးသကဲ့သို့ လက်တွေ့အကောင်အထည်ဖော်နိုင်မည့်လုပ်ငန်းစဉ်များကိုလည်း ဦးစားပေးအလိုက် ဆောင်ရွက်ရန် လိုအပ်ပါကြောင်း။

သို့မှသာ Zero Hunger Challenge တွင် ပါဝင်သည့် အသက် နှစ်နှစ်အောက်ကလေးငယ်များ ကြီးထွားမှုနှောင့်နှေးစေခြင်းအား ရာနှုန်းပြည့် လျှော့ချပေးရန်၊ တစ်နှစ်ပတ်လုံး လုံလောက်သော အစာရေစာရာနှုန်းပြည့်ရရှိစေရန်၊ စားနပ်ရိက္ခာထုတ်လုပ်မှုစနစ်အားလုံး ရေရှည်တည်တံ့စေရန်၊ လုပ်ကွက်ငယ်တောင်သူများ၏ ထုတ်လုပ်မှုနှင့် ဝင်ငွေရာနှုန်းပြည့် တိုးမြှင့်စေရန်နှင့် အစားအစာလေလွင့်မှုပပျောက်စေရန် စသည့် မဏ္ဍိုင်(၅)ခုကို အကောင်အထည်ဖော်နိုင်မည်ဖြစ်ပါကြောင်း။

မဏ္ဍိုင်(၅)ခု အောင်မြင်ရန်အတွက် အလေးထားစဉ်းစားရမည့် အရေးကြီးသည့်အချက်မှာ စိုက်ပျိုးရေး၊ မွေးမြူရေးဆိုင်ရာ ကုန်ထုတ်လုပ်မှု ရေရှည်တည်တံ့ရေး ဖြစ်ပါကြောင်း၊ စားနပ်ရိက္ခာဖူလုံရန်အတွက် ပင်မကြီး ၄ ခု ဖြစ်သည့် အစားအသောက်ရရှိနိုင်မှု၊ အစားအစာရရှိရန် လက်လှမ်းမီရန်အတွက် စီးပွားရေးနှင့် အခြေခံအဆောက်အအုံဆိုင်ရာ အခြေအနေ၊ အစားအစာကို ကျန်းမာရေးနှင့်ညီညွတ်စွာစားသုံးနိုင်မှုနှင့် အချိန်နှင့်အမျှဖြစ်ပေါ်နိုင်သည့် ဘေးကျရောက်ချိန်တွင် အစားအစာရရှိရန် စသည့်အချက်များကိုလည်း ထည့်သွင်းစဉ်းစားရမည် ဖြစ်ပါကြောင်း။

FAO နှင့် ပူးပေါင်းဆောင်ရွက်မည့် National Zero Hunger Challenge ဆိုင်ရာ အစီအမံများအတွက် ၂၀၂၅ ခုနှစ်အတွင်း ဆောင်ရွက်ရန် ရည်မှန်းထားရှိပြီး ရည်မှန်းချက်ပြည့်မီရေးအတွက် ကာလအပိုင်းအခြားအလိုက် လုပ်ငန်းစဉ်များကို ထည့်သွင်းရမည် ဖြစ်ပါကြောင်း၊ စားနပ်ရိက္ခာဖူလုံမှုကို အထောက်အကူပြုနေသည့် စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများ ရေရှည်တည်တံ့ရေးအတွက် သယံဇာတအရင်းအမြစ်များ စနစ်တကျ အသုံးပြုနိုင်ရေး၊ သဘာဝအရင်းအမြစ်များ ရေရှည်ထိန်းသိမ်းကာကွယ်နိုင်ရန် လိုအပ်သည့် ဆောင်ရွက်မှုများနှင့် ဖြည့်ဆည်းရမည် ဖြစ်ပါကြောင်း။

လယ်ယာစိုက်ပျိုးရေးသည် ကျေးလက်နေပြည်သူများအတွက် အသက်မွေးဝမ်းကျောင်းဖြစ်သည့်အတွက် ကျေးလက်နေပြည်သူများ သာယာဝပြောရေးကို ထည့်သွင်းစဉ်းစားရမည် ဖြစ်ပါကြောင်း၊ ဂေဟစနစ်ဖွံ့ဖြိုးပြီး လူမှုအဖွဲ့အစည်းနှင့် ပြည်သူများအားကောင်းလာမှသာ လယ်ယာကဏ္ဍ ရေရှည်ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ပါကြောင်း၊ လယ်ယာနှင့် မွေးမြူရေးလုပ်ငန်းများသည် ရေရရှိရေးပေါ်တွင် မူတည်နေသဖြင့် စားနပ်ရိက္ခာနှင့်အတူ ရေဖူလုံရေးအတွက်ကိုလည်း ထည့်သွင်းစဉ်းစားရမည် ဖြစ်ပါကြောင်း၊ လုပ်ငန်းများစနစ်တကျ အကောင်အထည်ဖော်နိုင်ရန်အတွက် ထိရောက်ထက်မြက်သည့် စီမံခန့်ခွဲမှုစနစ်အားကောင်းရေးကို ဝိုင်းဝန်းဆောင်ရွက်ရမည်ဖြစ်ပါကြောင်း။

အနာဂတ်မျှော်မှန်းချက်များအရ စားနပ်ရိက္ခာမဖူလုံမှုနှင့် အာဟာရချို့တဲ့မှုများသည် နိုင်ငံများအကြား ဆက်၍ရှိနေဦးမည်ဟု ခန့်မှန်းထားပါကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် ရေရှည်အကျိုးကိုမျှော်လင့်၍ မဟာဗျူဟာများကို ချမှတ်သွားရမည်ဖြစ်ပါကြောင်း၊ တစ်ဦးကျဝင်ငွေများ တိုးတက်လာသော်လည်း တစ်ဦးကျစားသုံးမှုတွင် မလုံလောက်မှုများ ရှိနေဦးမည်ဖြစ်ပါကြောင်း၊ စားနပ်ရိက္ခာဖူလုံရေးနှင့် အာဟာရပြည့်ဝရေးအတွက် လက်လှမ်းမီရေး ထည့်သွင်းစဉ်းစားထားရန် လိုပါကြောင်း၊ စားသုံးမှုပိုင်းတွင်လည်း ကျန်းမာသန့်စွမ်းပြီး အာဟာရဖြစ်စေသည့် အစားအသောက်များကို လူတိုင်းစားသောက်စေရေးနှင့် အစားအစာလေလွင့်မှု မရှိစေရေးအတွက် အသိပညာပေးလုပ်ငန်းများကို ဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း၊ စားနပ်ရိက္ခာဖူလုံရေးတွင် အဓိကကျသည့် လယ်ယာကဏ္ဍ၏ တီထွင်ဆန်းစစ်မှုများကို စဉ်ဆက်မပြတ် ထည့်သွင်းစဉ်းစားသွားရမည်ဖြစ်ပြီး ပြည်တွင်းစားသုံးမှုအတွက်လိုအပ်သည့် အဓိကကုန်စည်များနှင့် အခြားကုန်စည်များအတွက် ထုတ်လုပ်မှုတိုးတက်ရေးသာမက ပို့ကုန်တိုးမြှင့်ရေးအတွက်လည်း စဉ်းစားရမည်ဖြစ်ပါကြောင်း။

လယ်ယာစိုက်ပျိုးရေးကိုသာ အားထားရမည့် အိမ်ထောင်စုများလည်း ဆက်လက်ရှိနေမည်ဖြစ်၍ မြို့ပြဖြစ်ထွန်းမှုနှင့်အတူ ကျေးလက်ဒေသဖွံ့ဖြိုးရေးကိုလည်း ဟန်ချက်ညီဆောင်ရွက်ပေးရမည် ဖြစ်ပါကြောင်း၊ မြို့ပြဖြစ်ထွန်းမှုနှင့်အတူ မြို့ပြစိုက်ပျိုးရေး တိုးတက်ဖြစ်ပေါ်ရေးကို နိုင်ငံတော်အစိုးရအပြင် ပုဂ္ဂလိကအပိုင်းကလည်း ပါဝင်လာရန် စည်းရုံးဆောင်ရွက်ရန် လိုအပ်ကြောင်း၊ ရှေ့လုပ်ငန်းစဉ်များ အမြန်ဆုံးအကောင်အထည် ဖော်နိုင်ရန်နှင့် ကုလသမဂ္ဂအဖွဲ့အစည်းများအကြား ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ပြီး အမြင်ချင်းဖလှယ်၍ မြန်မာနိုင်ငံ၏ စားနပ်ရိက္ခာဖူလုံမှု ရေရှည်တည်တံ့စေရေးနှင့် အာဟာရပြည့်ဝစေရေးအတွက် ဝိုင်းဝန်းကြိုးပမ်း အဖြေရှာကြရန် တိုက်တွန်းပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် FAO ၏ အာရှနှင့် ပစိဖိတ်ဒေသဆိုင်ရာရုံးမှ လက်ထောက်ညွှန်ကြားရေးမှူးချုပ်က ကမ္ဘာနှင့် ဒေသတွင်း စားနပ်ရိက္ခာဖူလုံမှုအခြေအနေ၊ အနာဂတ်မျှော်မှန်းချက်နှင့်မြန်မာနိုင်ငံ၌ အကောင်အထည်ဖော်ရေးအတွက် Status of global and regional food security and future outlook and their implication to Myanmar နှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် တင်ပြချက်အပေါ် ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်၊ ဒေါက်တာ ကံဇော်နှင့် တက်ရောက်လာကြသူများက ရာသီဥတုနှင့် မြို့ပြပြောင်းလဲမှု၊ စိုက်ပျိုးရေးကဏ္ဍနှင့် လယ်ယာကဏ္ဍ ခေတ်မီဖွံ့ဖြိုးတိုးတက်ရေး၊ တောင်သူလယ်သမားများနှင့် ကျေးလက်နေပြည်သူများ ဆင်းရဲမှုလျှော့ချရေး၊ အနာဂတ်တွင် စားနပ်ရိက္ခာဖူလုံရေး၊ ငတ်မွတ်မှုပပျောက်ရေး၊ ထုတ်ကုန်များနှင့် တန်ဖိုးမြှင့်ထုတ်ကုန်ပစ္စည်းများ တိုးတက်ထုတ်လုပ်နိုင်ရေးနှင့် ဈေးကွက်ရရှိရေး၊ အစားအစာလုံခြုံရေး၊ ကျေးလက်နေပြည်သူများ ဝင်ငွေရပေါက်ရလမ်းများ တိုးတက်ရရှိရေး၊ ရေလုံလောက်စွာရရှိရေးတို့နှင့်စပ်လျဉ်း၍ အပြန်အလှန် မေးမြန်းဆွေးနွေးကြသည်။

ယင်းနောက် ဒုတိယသမ္မတက FAO ၏ အာရှနှင့် ပစိဖိတ်ဒေသဆိုင်ရာရုံးမှ လက်ထောက်ညွှန်ကြားရေးမှူးချုပ် Dr. Hiroyuki Konuma နှင့် မြန်မာနိုင်ငံဆိုင်ရာ FAO ဌာနေကိုယ်စားလှယ် Ms. Bui Thi Lan တို့အား ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ခဲ့သည်။

**(သတင်းစဉ်)**



**ဒုတိယသမ္မတ ဦးညဏ်ထွန်း FAO ၏ အာရှနှင့် ပစိဖိတ်ဒေသဆိုင်ရာရုံးမှ လက်ထောက်ညွှန်ကြားရေးမှူးချုပ် Dr. Hiroyuki Konuma အား ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်စဉ်။**

## ❍ ကျောဖုံးမှ

ယမန်နေ့က ကျင်းပခဲ့သည့် အုပ်စု(က)ပွဲစဉ်များတွင် လာအိုအသင်းက ထိုင်းအသင်းကို တစ်ဂိုး-ဂိုးမရှိ၊ မလေးရှားအသင်းက ဗီယက်နမ်အသင်းကို တစ်ဂိုး- ဂိုးမရှိတို့ဖြင့် အနိုင်၊ ဘရူနိုင်းအသင်းနှင့် တီမောအသင်းတို့က နှစ်ဂိုးစီ သရေကျခဲ့သည်။ မြန်မာအသင်းသည် ဒုတိယပွဲစဉ်အဖြစ် ဩဂုတ် ၁ ရက်တွင် ဖိလစ်ပိုင်အသင်းနှင့် ကစားရမည်ဖြစ်သည်။

**ဖိုးသော်ဇင်**




**အာဆီယံ ယူ-၁၆ ဘောလုံးပြိုင်ပွဲ မြန်မာလူငယ် တိုက်စစ်မှူး စင်ကာပူဘက်သို့ ထိုးဖောက်ကစားစဉ်။** (ဓာတ်ပုံ - MFF)

## စစ်တောင်းနှင့် ငဝန်မြစ်ရေ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်

**နေပြည်တော် ဇူလိုင် ၂၈**

စစ်တောင်းမြစ်ရေသည် မဒေါက်မြို့တွင် ဇူလိုင် ၂၇ ရက် ညနေ ၆ နာရီခွဲမှစ၍ စိုးရိမ်ရေမှတ်သို့ရောက်ရှိခဲ့ပြီး မွန်းလွဲ ၁၂ နာရီခွဲ တိုင်းထွာချက်အရ ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ၅၁ စင်တီမီတာ ၁ ပေခွဲခန့်ကျော်လွန်နေသည်။အဆိုပါမြစ်ရေသည် ယနေ့ မွန်းတည့်မှ နောက်သုံးရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်တွင် ဆက်လက်တည်ရှိနိုင်သည်။

ငဝန်မြစ်ရေသည် ငါးသိုင်းချောင်းမြို့တွင် ဇူလိုင် ၂၇ ရက် ညနေ ၄ နာရီခွဲမှစ၍ စိုးရိမ်ရေမှတ်သို့ ရောက်ရှိခဲ့ပြီး မွန်းလွဲ ၁၂နာရီခွဲ တိုင်းထွာချက်အရ ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ၂၀ စင်တီမီတာ ပေဝက်ခန့်ကျော်လွန်နေသည်။ အဆိုပါမြစ်ရေသည် ယနေ့မွန်းတည့်မှနောက်သုံးရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်တွင် ဆက်လက်တည်ရှိနိုင်ကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ ထုတ်ပြန်သည်။ **(မြန်မာ့အလင်း)**

# တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် အိန္ဒိယတပ်မတော် ရေငုပ်သင်္ဘော ကြည့်ရှုလေ့လာ

**နေပြည်တော် ဇူလိုင် ၂၈**

အိန္ဒိယသမ္မတနိုင်ငံသို့ ချစ်ကြည်ရေးခရီး ရောက်ရှိနေသော တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဦးဆောင်သည့် မြန်မာ့တပ်မတော် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် ဇူလိုင် ၂၇ ရက် ဒေသစံတော်ချိန် နံနက် ၈ နာရီခွဲတွင် အိန္ဒိယသမ္မတနိုင်ငံ ဂိုအာမြို့ရှိ India Naval Aviation Spuadron (INS Hansa) တွင် ကြည့်ရှုလေ့လာကြသည်။

ရှေးဦးစွာ ရှင်းလင်းဆောင်၌ Comodore Shalinder Singh က INS Hanasa နှင့် ပတ်သက်၍ ရှင်းလင်းတင်ပြရာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အဖွဲ့ဝင်များက သိရှိလိုသည်များအား မေးမြန်းဆွေးနွေးပြီး INS Hansa ရှိ လေယာဉ်များ၊ Goa Port ရှိ အိန္ဒိယတပ်မတော် ရေငုပ်သင်္ဘောတို့အား ကြည့်ရှုလေ့လာသည်။ **(ယာပုံ)**

ဆက်လက်၍ နံနက် ၁၁ နာရီ ၁၀ မိနစ်တွင် Goa Shipyard Limited သို့ သွားရောက်၍ Shipyard လုပ်ငန်းခွင်အတွင်း ကြည့်ရှုလေ့လာရာ တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသကြသည်။

ယင်းနောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဦးဆောင်သောအဖွဲ့သည် ဂိုအာမြို့မှ ပူနေးမြို့သို့ အိန္ဒိယတပ်မတော်လေယာဉ်ဖြင့် ဒေသစံတော်ချိန် မွန်းလွဲ ၁ နာရီခွဲတွင် ထွက်ခွာရာ Fleet Officer, Goa Commanding Area မှ Rear Admiral Ravneet Singh နှင့် ဇနီး၊ တာဝန်ရှိသူများက လေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်ကြသည်။

Goa Shipyard Limited သည် အိန္ဒိယနိုင်ငံ၏ သင်္ဘောတည်ဆောက်ရေးလုပ်ငန်းများတွင် ဦးဆောင်လျက်ရှိသော သင်္ဘောကျင်းတစ်ခုဖြစ်ပြီး ၁၉၅၇ ခုနှစ်တွင် အိန္ဒိယနိုင်ငံ ပေါ်တူဂီအစိုးရက သင်္ဘောများ တည်ဆောက်ရန်အတွက် Estaleiros Navais de Goa အမည်ဖြင့် စတင်တည်ဆောက်ခဲ့သည်။ ယခုအခါ သင်္ဘောတည်ဆောက်ရေး လုပ်ငန်းများအား နောက်ဆုံးပေါ်နည်းပညာများဖြင့် ခေတ်မီစွာ ပြင်ဆင်တည်ဆောက်လျက်ရှိကြောင်း သိရသည်။

**(မြဝတီ)**



# တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် TA TA မော်တော်ကားကုမ္ပဏီ လုပ်ငန်းခွင်ကြည့်ရှုလေ့လာ





**နေပြည်တော် ဇူလိုင် ၂၈**

အိန္ဒိယသမ္မတနိုင်ငံသို့ ချစ်ကြည်ရေးခရီး ရောက်ရှိနေသော တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သည့် မြန်မာ့တပ်မတော်ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် ဂိုအာမြို့မှတစ်ဆင့် ပူနေးလေဆိပ်သို့ ဇူလိုင် ၂၇ ရက် ဒေသစံတော်ချိန် မွန်းလွဲ ၂ နာရီခွဲတွင် ရောက်ရှိရာ Airforce Station PUNE မှ Chief Operation Officer, Group Captain Vij နှင့် ဇနီးတို့က ကြိုဆိုကြသည်။

တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် ပူနေးလေဆိပ်မှ မော်တော်ယာဉ်များဖြင့် ဆက်လက်ထွက်ခွာရာ TA TA MOTORS Limited သို့ မွန်းလွဲ ၃ နာရီ မိနစ် ၄၀ တွင် ရောက်ရှိရာ တာဝန်ရှိသူတစ်ဦးက ကုမ္ပဏီနှင့် ပတ်သက်သည့် အချက်အလက်များအား Power Point ဖြင့် ရှင်းလင်းတင်ပြပြီး လုပ်ငန်းခွင်အတွင်း ကြည့်ရှုလေ့လာရာ တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသသည်။

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် ချစ်ကြည်ရေးအဖွဲ့သည် မော်တော်ယာဉ်များဖြင့် TA TA MOTORS မှ ပြန်လည်ထွက်ခွာလာရာ ခေတ္တတည်းခိုသည့် JW Marriott ဟိုတယ်သို့ ညနေ ၆ နာရီတွင် ရောက်ရှိသည်။

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဦးဆောင်သောအဖွဲ့သည် ညပိုင်းတွင် JW Marriott ဟိုတယ်၌ TA TA MOTORS Limited ၊ Executive Director Mr. Ravi Pisharody နှင့်ဇနီးတို့က တည်ခင်းဧည့်ခံသော ညစာစားပွဲသို့ တက်ရောက်သည်။ **(အပေါ်ပုံ)**

TA TA MOTORS သည် အိန္ဒိယနိုင်ငံ၌ နိုင်ငံတကာအခြေစိုက် မော်တော်ကားထုတ်လုပ်ရောင်းချသည့် ကုမ္ပဏီတစ်ခုဖြစ်ပြီး TA TA Group ၏ ကုမ္ပဏီခွဲတစ်ခုလည်း ဖြစ်သည်။ နိုင်ငံတကာမော်တော်ကားထုတ်လုပ်ရေးကုမ္ပဏီများအနက် ကမ္ဘာ့အဆင့် ၁၇ ရှိသော အကြီးဆုံးမော်တော်ကားထုတ်လုပ်ရေး ကုမ္ပဏီတစ်ခုဖြစ်ပြီး ကုန်တင်ကားထုတ်လုပ်ရာတွင် ကမ္ဘာ့အဆင့်(၄)နှင့် ဘတ်စ်ကားထုတ်လုပ်ရာတွင် ကမ္ဘာ့အဆင့် (၂)သတ်မှတ်ခံရသော ကုမ္ပဏီတစ်ခုဖြစ်သည်။

**(မြဝတီ)**



**TA TA MOTORS လုပ်ငန်းခွင်အား တွေ့ရစဉ်။**

**(မြဝတီ)**

# ပြည်ထောင်စုတရားစီရင်ရေးဥပဒေကို တတိယအကြိမ် ပြင်ဆင်သည့်ဥပဒေပြဋ္ဌာန်း

**ပြည်ထောင်စုတရားစီရင်ရေးဥပဒေကို တတိယအကြိမ် ပြင်ဆင်သည့်ဥပဒေ**
**(၂၀၁၅ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် ၄၆ ။ )**
**၁၃၇၇ ခုနှစ်၊ ဒုတိယဝါဆိုလဆန်း ၁၂ ရက်**
**( ၂၀၁၅ ခုနှစ်၊ ဇူလိုင်လ ၂၈ ရက် )**

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို ပြည်ထောင်စုတရားစီရင်ရေးဥပဒေကို တတိယအကြိမ်ပြင်ဆင်သည့် ဥပဒေဟု ခေါ်တွင်စေရမည်။

၂။ ပြည်ထောင်စုတရားစီရင်ရေး ဥပဒေပုဒ်မ ၂၉၊ ပုဒ်မခွဲ(ခ)နှင့် ပုဒ်မ ၄၇၊ ပုဒ်မခွဲ(ခ)တို့တွင်ပါရှိသော“ရွေးကောက်ပွဲဆိုင်ရာပါတီစည်းရုံးရေးလုပ်ငန်း”ဆိုသည့်စကားရပ်ကို “ရွေးကောက်ပွဲဆိုင်ရာစည်းရုံးရေးလုပ်ငန်း”ဆိုသည့်စကားရပ်ဖြင့် အစားထိုးရမည်။

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။**

(ပုံ) သိန်းစိန်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ပြည်ထောင်စုရာထူးဝန်အဖွဲ့ ဥပဒေကို ပြင်ဆင်သည့်ဥပဒေပြဋ္ဌာန်း

**ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥပဒေကို ပြင်ဆင်သည့်ဥပဒေ**
**( ၂၀၁၅ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် ၄၇ ။ )**
**၁၃၇၇ခုနှစ်၊ ဒုတိယဝါဆိုလဆန်း ၁၂ ရက်**
**( ၂၀၁၅ ခုနှစ်၊ ဇူလိုင်လ ၂၈ ရက် )**

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကိုပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥပဒေကို ပြင်ဆင်သည့်ဥပဒေဟု ခေါ်တွင်စေရမည်။

၂။ ပြည်ထောင်စုရာထူးဝန်အဖွဲ့ ဥပဒေပုဒ်မ ၇၊ ပုဒ်မခွဲ(ခ)တွင်ပါရှိသော “ရွေးကောက်ပွဲဆိုင်ရာ ပါတီစည်းရုံးရေးလုပ်ငန်း”ဆိုသည့်စကားရပ်ကို “ရွေးကောက်ပွဲဆိုင်ရာစည်းရုံးရေးလုပ်ငန်း”ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။**

(ပုံ) သိန်းစိန်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းနှင့် ကျန်းမာရေးဝန်ကြီးဌာနတို့ ပူးပေါင်းပြီး လူထုအခြေပြု ရွေ့လျားကျန်းမာရေးဆေးခန်းဖွင့်

**နေပြည်တော် ဇူလိုင် ၂၈**

မြန်မာနိုင်ငံ မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းသည် ဇူလိုင် ၂၅ ရက်က နေပြည်တော် ပုဗ္ဗသီရိမြို့နယ် ကန်ဇွန်းအင်းကျေးရွာ၌ ရွေ့လျားကျန်းမာရေးဆေးခန်း ဖွင့်လှစ်ဆောင်ရွက်ခဲ့သည်။

ထိုသို့ဆောင်ရွက်ရာတွင် အသင်းအတွင်းရေးမှူး ဒေါ်တင်တင်ဝင်းက အမှာစကားပြောကြားပြီး အသင်းမှ ဒေါက်တာသက်နိုင်ဦးက“ရာသီအလိုက်ဖြစ်ပွားတတ်သောရောဂါများ၊ သွေးလွန်တုပ်ကွေးရောဂါအကြောင်းနှင့် ဝမ်းပျက်ဝမ်းလျှောရောဂါအကြောင်း” ရှင်းလင်းဟောပြောသည်။

ထို့နောက် အဘိုးအဘွားများအား အားဆေးနှင့် အာဟာရများကို လည်းကောင်း၊ ကိုယ်ဝန်ဆောင်မိခင်များကို တစ်ခါသုံးမွေးအိတ်၊ အိုင်အိုဒင်းဆားနှင့် ဆပ်ပြာများကို လည်းကောင်း၊ ကျေးရွာ စာကြည့်တိုက်အတွက် မေတ္တာစမ်းရေမဂ္ဂဇင်းများကို လည်းကောင်း လှူဒါန်းခဲ့ကြသည်။

ဆက်လက်၍ အသင်းမှ လက်ထောက်ဆရာဝန်များက“အသက် ၁၈ နှစ် မှ ၂၄ နှစ်အတွင်းရှိ အမျိုးသား ၁၅ ဦးနှင့် အမျိုးသမီး ၁၅ ဦးတို့အား ပျိုရွယ်သူမျိုးဆက်ပွားကျန်းမာရေးဆိုင်ရာအကြောင်း”ကို လည်းကောင်း၊ မေတ္တာစမ်းရေဆေးခန်းတာဝန်ခံ ဆရာဝန်ကြီး ဒေါက်တာ စမ်းစမ်းလှိုင်နှင့် အဖွဲ့က “ရွေ့လျားကျန်းမာရေးဆေးခန်း ဖွင့်လှစ်ရခြင်း”နှင့် “ကိုယ်ဝန်ဆောင်စနစ်တကျ စောင့်ရှောက်မှုခံယူရန် အရေးပါမှု၊ ကျွမ်းကျင်သူများဖြင့် မွေးဖွားရန်အကြောင်း” ကိုလည်းကောင်း အုပ်စုလိုက် ကျန်းမာရေးပညာပေးဆွေးနွေးကြသည်။

ထို့နောက် ကိုယ်ဝန်ဆောင် ၁၀ ဦးကို ကိုယ်ဝန်ဆောင်စောင့်ရှောက်မှုပေးခြင်း၊သက်ကြီးဘိုးဘွား ၄၁ ဦးကို ကျန်းမာရေးစစ်ဆေးခြင်း၊ မျက်စိလူနာ ၃၉ ဦးကို ကြည့်ရှုစစ်ဆေးခြင်း၊ သွားနှင့်ခံတွင်းလူနာ ၁၆ ဦးကို ကုသခြင်းနှင့် အထွေထွေလူနာ ၁၀၁ ဦးကို ကြည့်ရှုစစ်ဆေး ကုသပေးခြင်း၊ လူနာအချို့ကို နီးစပ်ရာကျန်းမာရေးဌာနသို့ ညွှန်းပို့ခြင်းနှင့် ချို့တဲ့လူနာများကို ထောက်ပံ့ခြင်းများလည်း ဆောင်ရွက်ခဲ့သည်။

အဆိုပါ ရွေ့လျားဆေးခန်း ဆောင်ရွက်ရာသို့ မြန်မာနိုင်ငံ မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းမှ အတွင်းရေးမှူး ဒေါ်တင်တင်ဝင်းနှင့် တွဲဖက်အတွင်းရေးမှူးများ၊ ခုတင် ၁၀၀၀ နေပြည်တော် ပြည်သူ့ဆေးရုံကြီးမှ သွားဘက်ဆိုင်ရာ အထူးကုဆရာဝန်ကြီးအဖွဲ့၊ ပျဉ်းမနားခုတင် ၃၀၀ အငြိမ်းစားဆေးရုံမှ မျက်စိအထူးကုဆရာဝန်ကြီးအဖွဲ့၊ နေပြည်တော် မိခင်နှင့် ကလေး စောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့မှ အတွင်းရေးမှူး၊ ပုဗ္ဗသီရိမြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ၊ အတွင်းရေးမှူးအဖွဲ့ဝင်များ၊ ပုဗ္ဗသီရိမြို့နယ်ကျန်းမာရေး ဦးစီးဌာနမှူးနှင့် ဆရာ ဆရာမများ၊ မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း မေတ္တာစမ်းရေဆေးခန်းမှ တာဝန်ခံဆရာဝန်ကြီးနှင့် ဆရာဝန်များ တက်ရောက်ကြသည်။



မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းသည် ၂၀၁၀ ပြည့်နှစ်မှစ၍ နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ ကျေးရွာများသို့ ကွင်းဆင်းကာ ပြည်သူလူထုအခြေပြု ရွေ့လျားကျန်းမာရေး ဆေးခန်းဖွင့်လှစ်၍ ကျန်းမာရေးပညာပေးဟောပြောခြင်း၊ ကိုယ်ဝန်ဆောင်နှင့် သက်ကြီးရွယ်အိုများအား ကျန်းမာရေးစောင့်ရှောက်မှုနှင့် ထောက်ပံ့ပစ္စည်းများ လှူဒါန်းခြင်း၊ မျက်စိနှင့်သွားကျန်းမာရေး စောင့်ရှောက်မှုပေးခြင်းတို့ကို တစ်လတစ်ကြိမ် ပုံမှန်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **(သတင်းစဉ်)**

# ရေလှောင်တမံကြီးများနှင့် ရေလှောင်တမံများ ကျိုးပေါက်မှုမရှိ၊ ရေကင်းများချထားပြီး စောင့်ကြပ်ကြည့်ရှုလျက်ရှိ

**နေပြည်တော် ဇူလိုင် ၂၈**

မြန်မာနိုင်ငံတစ်ဝန်းတွင် ယခုရက်ပိုင်းအတွင်း မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ဆည်တာတမံများ ကျိုးပေါက်မှုမရှိစေရေး လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ တာဝန်ရှိသူများက ရေကင်းများချထားပြီး စောင့်ကြပ်ကြည့်ရှုဆောင်ရွက်လျက်ရှိရာ တည်ဆောက်ပြီးရေလှောင်တမံကြီး ၃၁ ခုတွင် သတ်မှတ်ရေလှောင်ပမာဏ ပြည့်မီသဖြင့် ရေပိုလွှဲများမှ ရေထုတ်လွှတ်လျက်ရှိကြောင်း၊ တာတမံများ ကျိုးပေါက်မှုမရှိကြောင်း၊ ရေလှောင်တမံကြီးများနှင့် ရေလှောင်တမံ ၂၄ ခုတွင် သတ်မှတ်ရေလှောင်ပမာဏ ပြည့်မီခြင်းမရှိသေးကြောင်း လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ သိရသည်။

အဆိုပါ ရေလှောင်တမံကြီး ၃၁ ခုမှာ ရေဘုတ်ရေလှောင်တမံ၊ လိုင်ဗား ရေလှောင်တမံ၊ သဖန်းဆိပ်ရေလှောင်တမံ၊ ကင်းတပ်ရေလှောင်တမံ၊ ပေကြီးရေလှောင်တမံ၊ လင်ပန်းရေလှောင်တမံ၊ ရာဇပြိုဟ်ရေလှောင်တမံ၊ မင်းမြင်ရေလှောင်တမံ၊ သိန်ရင်ရေလှောင်တမံ၊ ကျေးပင်အက်ရေလှောင်တမံ၊ ကိုးပင်ရေလှောင်တမံ၊ မြောက်ယမား ရေလှောင်တမံ၊ မင်းရဲချောင်းရေလှောင်တမံ၊ ပျဉ်ပုံကြီးရေလှောင်တမံ၊ ငမြွေရေလှောင်တမံ၊ မဇင်းရေလှောင်တမံ၊ တောင်နဝင်းရေလှောင်တမံ၊ စဉ့်ကူးချောင်းဂေါင်းရေလှောင်တမံ၊ ညောင်ကိုင်းရေလှောင်တမံ၊ သဲကောရေလှောင်တမံ၊ ခဝါရေလှောင်တမံ၊ မုန်းချောင်းရေလှောင်တမံ၊ မန်းရေလှောင်တမံ၊ ကြီးအုံကြီးဝ ရေလှောင်တမံ၊ တောင်ခင်ရန်းရေလှောင်တမံ၊ ပြိုင်းချောင်းရေလှောင်တမံ၊ ရဟိုင်းကွင်း ရေလှောင်တမံ၊ ဘန့်ဘွေးကုန်းရေလှောင်တမံ၊ ဇာမဏီအင်းရေလှောင်တမံ၊ နန်ကသူ ရေလှောင်တမံနှင့် ကညင်ရေလှောင်တမံတို့ ဖြစ်သည်။

ထို့ပြင် ရေလှောင်တမံကြီးများ၊ ရေလှောင်တမံ ၂၄ ခုတွင် သတ်မှတ်ရေလှောင်ပမာဏပြည့်မီခြင်း မရှိသေးဘဲ အဆိုပါရေလှောင်တမံများရှိ ရေပမာဏမှာ ကင်းသာရေလှောင်တမံတွင် ရေလှောင်ပမာဏမှာ ၆၃ ဧကပေဖြစ်၍ ရေပိုလွှဲမှ ရေကျော်ရန် လိုအပ်မှု ပေ ၁ ဒသမ ၃၀၊ မုံချောင်းရေလှောင်တမံတွင် ရေလှောင်ပမာဏမှာ ဧကပေ ၄၀၆၀ ဖြစ်၍ ရေပိုလွှဲမှ ရေကျော်ရန်လိုအပ်မှု ပေ ဝ ဒသမ ၈၀၊ ဆင်သေရေလှောင်တမံတွင် ရေလှောင်ပမာဏမှာ ၂၇၅၅၄ ဧကပေဖြစ်၍ ရေပိုလွှဲမှ ရေကျော်ရန်လိုအပ်မှု ပေ ၂၈ ဒသမ ၉၀၊ မြို့လှ(တပ်ကုန်း)ရေလှောင်တမံတွင် ရေလှောင်ပမာဏမှာ ဧကပေ ၇၀၂၀ ဖြစ်၍ ရေပိုလွှဲမှ ရေကျော်ရန်လိုအပ်မှု ပေ ၁၂ ဒသမ ၈၀၊ ရေဆင်းဆည်ရေလှောင်တမံတွင် ရေလှောင်ပမာဏမှာ ဧကပေ ၁၆၇၀၀ ဖြစ်၍ ရေပိုလွှဲမှ ရေကျော်ရန်လိုအပ်မှု ပေ ၂၉ ဒသမ ၈၀၊ ပေါင်းလောင်းရေလှောင်တမံတွင် ရေလှောင်ပမာဏမှာ ဧကပေ ၄၈၃၇၇၀ ဖြစ်၍ ရေပိုလွှဲမှ ရေကျော်ရန်လိုအပ်မှု ၁၆ ဒသမ ၇၄ ပေ၊ ငလိုက်ဆည်ရေလှောင်တမံတွင် ရေလှောင်ပမာဏမှာ ၃၉၁၄၁ ဧကပေဖြစ်၍ ရေပိုလွှဲမှ ရေကျော်ရန်လိုအပ်မှု ပေ ၁၁ ဒသမ ၅၀၊ တောက်ပြိုရေလှောင်တမံတွင် ရေလှောင်ပမာဏမှာ ၁၆၂၅ ဧကပေဖြစ်၍ ရေပိုလွှဲမှ ရေကျော်ရန် လိုအပ်မှု ၆ ဒသမ ၆၃ ပေ၊ ချောင်းမငယ်ရေလှောင်တမံတွင် ရေလှောင်ပမာဏမှာ ၆၃၂၁၅ ဧကပေဖြစ်၍ ရေပိုလွှဲမှ ရေကျော်ရန်လိုအပ်မှု ပေ ၁၀ ဒသမ ၆၀၊ သဲဖြူရေလှောင်တမံတွင် ရေလှောင်ပမာဏမှာ ဧကပေ ၅၀၀၀ ဖြစ်၍ ရေပိုလွှဲမှ ရေကျော်ရန်လိုအပ်မှု ၇ ဒသမ ၅၈ ပေ၊ မဒန်းရေလှောင်တမံတွင် ရေလှောင်ပမာဏမှာ ၁၆၃၅၈ ဧကပေဖြစ်၍ ရေပိုလွှဲမှရေကျော်ရန်လိုအပ်မှု ပေ ၂၂ ဒသမ ၆၀၊ ဖောင်းလောင်ရေလှောင်တမံတွင် ရေလှောင်ပမာဏမှာ ၈၇၄၄ ဧကပေဖြစ်၍ ရေပိုလွှဲမှ ရေကျော်ရန်လိုအပ်မှု ပေ ၅ ဒသမ ၈၀၊ လွိုင်နန်းဖရေထိန်းတမံတွင် ရေလှောင်ပမာဏမှာ ၆၅၂ ဧကပေဖြစ်၍ ရေပိုလွှဲမှ ရေကျော်ရန် လိုအပ်မှု ပေ ၁၃ ဒသမ ၅၀၊ ခပေါင်းရေလှောင်တမံတွင် ရေလှောင်ပမာဏမှာ ၄၁၃၇၈၁ ဧကပေဖြစ်၍ ရေပိုလွှဲမှ ရေကျော်ရန်လိုအပ်မှု ပေ ၄၀ ဒသမ ၃၀၊ ကိုဒူကွဲရေလှောင်တမံတွင် ရေလှောင်ပမာဏမှာ ၆၁၅၀၁ ဧကပေဖြစ်၍ ရေပိုလွှဲမှ ရေကျော်ရန်လိုအပ်မှု ပေ ၁၈ ဒသမ ၀၀ နှင့် ရွှေလောင်းရေလှောင်တမံတွင် ရေလှောင်ပမာဏမှာ ၂၃၃၂၅ ဧကပေဖြစ်၍ ရေပိုလွှဲမှ ရေကျော်ရန်လိုအပ်မှု ပေ ၂၈ ဒသမ ၀၀၊ စလူရေလှောင်တမံတွင် ရေလှောင်ပမာဏမှာ ဧကပေ ၄၄၀၈၀ ဖြစ်၍ ရေပိုလွှဲမှ ရေကျော်ရန်လိုအပ်မှု ပေ ၁၃ ဒသမ ၈၀၊ စလင်းရေလှောင်တမံတွင် ရေလှောင်ပမာဏမှာ ၆၆၉၀၅ ဧကပေဖြစ်၍ ရေပိုလွှဲမှ ရေကျော်ရန်လိုအပ်မှု ပေ ၅၀ ဒသမ ၀၀၊ ဆည်တော်ကြီးဆည်ရေလှောင်တမံတွင် ရေလှောင်ပမာဏမှာ ဧကပေ ၃၀၈၉၄၀ ဖြစ်၍ ရေပိုလွှဲမှ ရေကျော်ရန်လိုအပ်မှု ပေ ၇ ဒသမ ၇၀၊ ကင်းတားဆည်ရေလှောင်တမံတွင် ရေလှောင်ပမာဏမှာ ဧကပေ ၁၇၀၂၅၀ ဖြစ်၍ ရေပိုလွှဲမှ ရေကျော်ရန်လိုအပ်မှု ၉၃ ဒသမ ၈၅ ပေ၊ ငမိုးရိပ်ရေလှောင်တမံတွင် ရေလှောင်ပမာဏမှာ ဧကပေ ၁၄၆၁၅၀ ဖြစ်၍ ရေပိုလွှဲမှ ရေကျော်ရန်လိုအပ်မှု ပေ ၃ ဒသမ ၄၀၊ ဇော်ဂျီရေလှောင်တမံတွင် ရေလှောင်ပမာဏမှာ ၇၄၇၆၉ ဧကပေဖြစ်၍ ရေပိုလွှဲမှ ရေကျော်ရန်လိုအပ်မှု ပေ ၆၁ ဒသမ ၇၀၊ ကွန်ချောင်းရေလှောင်တမံတွင် ရေလှောင်ပမာဏမှာ ဧကပေ ၉၄၈၃၀ ဖြစ်၍ ရေပိုလွှဲမှ ရေကျော်ရန်လိုအပ်မှု ပေ ၂ ဒသမ ၁၀ နှင့် မမြရေလှောင်တမံတွင် ရေလှောင်ပမာဏမှာ ၅၈၃၉၉ ဧကပေဖြစ်၍ ရေပိုလွှဲမှ ရေကျော်ရန်လိုအပ်မှု ပေ ၁၀ ဒသမ ၇၀ ဖြစ်သည်။

မြန်မာနိုင်ငံတစ်ဝန်း မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ရေကြီးရေလျှံဖြစ်ပွားသည့် ဒေသများတွင် တာဝန်ရှိသူများက ကယ်ဆယ်ရေးလုပ်ငန်းများနှင့် ပြန်လည်ပြုပြင်တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **(သတင်းစဉ်)**

# မြစ်ရေကြီးခြင်း သတိပေးချက်

**နေပြည်တော် ဇူလိုင် ၂၈**

ယနေ့ မြန်မာစံတော်ချိန် မွန်းလွဲ ၁၂ နာရီခွဲ တိုင်းထွာချက်အရ ဧရာဝတီမြစ်ရေသည် ဟင်္သာတမြို့၌ ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက် ၄၉ စင်တီမီတာ တစ်ပေခွဲခန့်တွင် ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်နှစ်ရက်အတွင်း ယင်းမြို့၏စိုးရိမ်ရေမှတ်သို့ ရောက်ရှိနိုင်သည်။

မြန်မာစံတော်ချိန် မွန်းလွဲ ၁၂ နာရီခွဲ တိုင်းထွာချက်အရ ဧရာဝတီမြစ်ရေသည် ဇလွန်မြို့တွင် ယင်းမြို့၏စိုးရိမ်ရေမှတ်အောက် စင်တီမီတာ ၉၀ သုံးပေခန့်တွင် ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက် သုံးရက်အတွင်းယင်းမြို့၏ စိုးရိမ်ရေမှတ်သို့ ရောက်ရှိနိုင်သည်။

မြန်မာစံတော်ချိန် မွန်းလွဲ ၁၂ နာရီခွဲ တိုင်းထွာချက်အရ ချင်းတွင်းမြစ်ရေသည် ကလေးဝမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက် ၅၃ စင်တီမီတာ တစ်ပေခွဲခန့်တွင် ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက် ၂၄ နာရီအတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်သို့ ရောက်ရှိနိုင်သည်။

မြန်မာစံတော်ချိန် မွန်းလွဲ ၁၂ နာရီခွဲတိုင်းထွာချက်အရ ချင်းတွင်းမြစ်ရေသည် မုံရွာမြို့၌ ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက် ၄၉ စင်တီမီတာ တစ်ပေခွဲခန့်တွင်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်နှစ်ရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်သို့ ရောက်ရှိနိုင်သည်။

မြန်မာစံတော်ချိန် မွန်းလွဲ ၁၂နာရီခွဲ တိုင်းထွာချက်အရ စစ်တောင်းမြစ်ရေသည် တောင်ငူမြို့၌ ယင်းမြို့၏စိုးရိမ်ရေမှတ်အောက် ၇၂ စင်တီမီတာ နှစ်ပေခွဲခန့်တွင်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည်နောက်နှစ်ရက်အတွင်း ယင်းမြို့၏စိုးရိမ်ရေမှတ်သို့ရောက်ရှိနိုင်ကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ ထုတ်ပြန်သည်။ **(မြန်မာ့အလင်း)**

# ပဲခူးနှင့် ရွှေကျင်မြစ်ရေများ စိုးရိမ်ရေမှတ် ရောက်ရှိနိုင်

**နေပြည်တော် ဇူလိုင် ၂၈**

သံလွင်မြစ်ရေသည် ဘားအံမြို့၌ ဇူလိုင် ၂၈ ရက် မွန်းလွဲ ၂ နာရီခွဲမှစ၍ စိုးရိမ်ရေမှတ်သို့ရောက်ရှိခဲ့ပြီး ညနေ ၃ နာရီခွဲ တိုင်းထွာချက်အရ ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ၇ စင်တီမီတာ ၃ လက်မခန့် ကျော်လွန်နေသည်။ အဆိုပါမြစ်ရေသည် နောက် ၃ ရက် အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်တွင် ဆက်လက်တည်ရှိနိုင်သည်။

ယနေ့မြန်မာစံတော်ချိန် နံနက် ၉ နာရီအချိန် တိုင်းထွာချက်အရ ပဲခူးမြစ်ရေသည် ပဲခူးမြို့တွင် ယင်းမြို့၏စိုးရိမ်ရေမှတ်အောက် ၃၇ စင်တီမီတာ တစ်ပေခန့်တွင် ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက် ၂၄ နာရီအတွင်း ယင်းမြို့၏စိုးရိမ်ရေမှတ်သို့ ရောက်ရှိနိုင်သည်။

အလားတူ ရွှေကျင်မြစ်ရေသည် ရွှေကျင်မြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက် ၅၀ စင်တီမီတာ တစ်ပေခွဲခန့်တွင် ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည်နောက် ၂၄ နာရီအတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်သို့ ရောက်ရှိနိုင်ကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ ထုတ်ပြန်ထားသည်။

**(မြန်မာ့အလင်း)**

# မစဲဘဲရွာသောမိုးကြောင့် ညောင်လေးပင်နှင့် ကျောက်တံခါးမြို့နယ်၌ ချောင်းရေလျှံ ကျေးရွာအချို့ရေလွှမ်း

**သတင်းနှင့် ဓာတ်ပုံ ပိန်းဇလုပ် – သိန်းညွန့်**

**ပိန်းဇလုပ် ဇူလိုင် ၂၈**

မိုးတွင်းကာလ မြစ်ရေချောင်းရေကြီးခြင်းနှင့်အတူ မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့နယ်ရှိ ပိန်းဇလုပ်မြို့ မြို့မ(၁)ရပ်ကွက်၏ အနိမ့်ပိုင်းနှင့် မြို့အတွင်း ဖြတ်သန်းစီးဆင်းလျက်ရှိသော အုန်းနှဲသာချောင်းရေလျှံ၍ ချောင်းအနီး မြို့မ(၂) ရပ်ကွက်အချို့တွင် ရေဝင်ရောက်မှုများ ဇူလိုင် ၂၆ရက် မွန်းလွဲပိုင်းက စတင်ဖြစ်ပေါ်လျက်ရှိသည်။

အဆိုပါ ရေကြီးရေလျှံဖြစ်ပေါ်နေသော ပိန်းဇလုပ်မြို့ မြို့မ(၁)၊ မြို့မ(၂) ရပ်ကွက်အတွင်း လယ်ယာမြေ ဧက ၁၅၀ နှင့် လူနေအိမ်ခြေ ၁၀၈၅ အိမ်ခန့် ရေဝင်ရောက်ခဲ့ကာ ဒေသခံပြည်သူများ သိုလှောင်ထားသည့်ဆန်စပါးအိတ်များကို ရေလွတ်ရာသို့ပြောင်းရွှေ့ခဲ့ပြီး မြို့မ(၂) ရပ်ကွက်ရှိ အခြေခံပညာအလယ်တန်းကျောင်း(ခွဲ)အား ခေတ္တပိတ်ထားခဲ့သည်။ ရေဝင်ရောက်မှုကြောင့်



လူ၊ တိရစ္ဆာန်နှင့် အဆောက်အအုံများ ပျက်စီးဆုံးရှုံးမှုမရှိကြောင်း သိရသည်။

ထို့နောက် ဇူလိုင် ၂၇ ရက် နံနက်နှင့် မွန်းလွဲပိုင်းအထိ တဖွဲဖွဲရွာသွန်းခဲ့သောမိုးသည် ညနေ ၄ နာရီမှ ညဥ့်နက်ပိုင်းအထိ သဲသဲမဲမဲ မစဲဘဲ ရွာသွန်းခဲ့သဖြင့် ညောင်လေးပင်မြို့နယ်နှင့် ကျောက်တံခါးမြို့နယ် နှစ်မြို့နယ်ကျေးရွာချင်းဆက် ဂဝံလမ်း (ပိန်းဇလုပ်- ရွာမ-ကညင်ကျိုး) လမ်းအရှည် တစ်မိုင်ကျော်ပေါ်ရေတစ်ပေကျော်ခန့်အထိမြင့်တက်ခဲ့၍ ကျေးရွာနေဒေသခံပြည်သူများ ခက်ခဲစွာ သွားလာနေရသည်။ အဆိုပါလမ်းအနီး ဆက်စပ်လျက်ရှိသော ခင်ကန့်လန့်ကျေးရွာ၊ ပိန်းဇလုပ်-ရွာမကျေးရွာရှိ လူနေအိမ်ခြေအချို့ထံသို့ ရေဝင်ရောက်မှု ဖြစ်ပေါ်လျက်ရှိကြောင်း သိရသည်။ ထို့အပြင် အဆိုပါမြို့နယ်နှစ်မြို့နယ်အတွင်း ဖြတ်သန်းစီးဆင်းလျက်ရှိသော မုက္ခမူ(ချိန်းချောင်း) ရေလျှံမှုကြောင့်လည်း ညောင်လေးပင်မြို့နယ်၊ ပိန်းဇလုပ်-ရွာမ၊ ခင်ကန့်လန့်ကျေးရွာအနီးနှင့် ကျောက်တံခါးမြို့နယ် ကညင်ကျိုးကျေးရွာအနီးဝန်းကျင် လယ်ယာမြေအချို့ ရေလွှမ်းမိုးမှု ဖြစ်ပေါ်လျက်ရှိကြောင်း ထပ်မံသိရှိရသည်။



# ထန်တလန်၌ ဘွေနူးမြစ်ရေကြီး၊ တံတားနှစ်စင်းရေစီးနှင့်မျော

**ထန်တလန် ဇူလိုင် ၂၈**

ထန်တလန်မြို့နယ် နှာရိန်းကျေးရွာနှင့် ရေဇွာမြို့ ဆာသဲကျေးရွာအကြား ခန့်မှန်းမြေပုံညွှန်း (PH-580975) ရှိ ဘွေနူးမြစ် လူကူးကြိုးတံတားအရှည်ပေ ၁၆၀၊ အကျယ်လေးပေသည် ဇူလိုင် ၂၇ ရက် နံနက် ၈ နာရီခန့်ကလည်းကောင်း၊ ထန်တလန်မြို့နယ် လိုင်လင်းကျေးရွာနှင့် ရေဇွာမြို့ လောင်ထန်တလန်ကျေးရွာအကြား ခန့်မှန်းမြေပုံညွှန်း (PH-495910) ရှိ အရှည်ပေ ၂၀၀၊ အကျယ်ငါးပေ ဘွေနူးမြစ် လူကူးကြိုးတံတားသည် ဇူလိုင် ၂၇ ရက် နံနက် ၁၀ နာရီခန့်၌လည်းကောင်း မြစ်ရေကြီးမှုကြောင့် ရေစီးထဲမျောပါပျက်စီးသွားကြကြောင်း၊ နှာရိန်းကျေးရွာနှင့် ဆာသဲကျေးရွာကို ဆက်သွယ်ပေးသည့် ကြိုးတံတားပျက်စီးမှု ခန့်မှန်းတန်ဖိုးငွေကျပ် ၅၅ သိန်း၊ လိုင်လင်းကျေးရွာနှင့် လောင်ထန်တလန်ကျေးရွာအကြား ကြိုးတံတားပျက်စီးမှု ခန့်မှန်းတန်ဖိုးငွေကျပ် ၇၅ သိန်း စုစုပေါင်းခန့်မှန်းတန်ဖိုး ငွေကျပ် သိန်း ၁၃၀ ခန့်ရှိကြောင်း သိရသည်။ နှာရိန်းကျေးရွာနှင့် ဆာသဲကျေးရွာကြား ဆောက်လုပ်ထားသော ကြိုးတံတားကို CAD က တာဝန်ယူတည်ဆောက်ထားခြင်းဖြစ်ပြီး ရေလယ်တိုင်နှင့် သံပေါင်ကို ရေလွှမ်းမိုးပြီး ဘိလပ်မြေအိတ် ၈၀ နှင့် သစ်မာများလည်း ရေထဲမျောပါသွားကြောင်း နှာရိန်းကျေးရွာသားတစ်ဦးက ပြောကြားသည်။

ထို့အပြင် ကုမ္ပဏီက အသုံးပြုသည့် ကားသုံးစီး ရေလွှမ်းခံရပြီး တစ်စီးကို ဆယ်ယူနိုင်ခဲ့ကြောင်း၊ ထို့ပြင် တံတားနံဘေးတွင် ဖွင့်လှစ်ထားသော စားသောက်ဆိုင်တစ်ဆိုင်လည်း မျောပါသွားကြောင်း၊ ဘွေနူးမြစ်နံဘေးတစ်လျှောက် လယ် ၁၅ ဧကခန့်လည်း ပျက်စီးသွားကြောင်း ထပ်လောင်း ပြောကြားသည်။

ထို့အပြင် ထန်တလန်-ဟားခါးလမ်းနှင့် ကျေးရွာချင်းဆက်လမ်းများလည်း မိုးရွာသွန်းမှုကြောင့် မြေပြိုမှုများဖြစ်ပွားသဖြင့် သက်ဆိုင်ရာလမ်းဦးစီးဌာနက စက်အား၊ လူအားနှင့် အားသွန်ခွန်စိုက် ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**(မြို့နယ် ပြန်/ဆက်)**

# ဟားခါးမြို့၌ မြေပြိုမှု ဆက်လက်ဖြစ်ပွား

**ဟားခါး ဇူလိုင် ၂၈**

မိုးအဆက်မပြတ်ရွာသွန်းမှုကြောင့် ချင်းပြည်နယ် ဟားခါးမြို့၌ မြေပြိုကျမှု ဆက်လက်ဖြစ်ပွားလျက်ရှိရာ ယနေ့နံနက် ၈ နာရီက ဟားခါးမြို့ ပြည်တော်သာရပ်ကွက် ဗိုလ်ချုပ်လမ်းရှိ ဦးချွမ်လိန်းနေအိမ် သွပ်မိုး၊ အုတ်ညှပ်သုံးထပ်သည် အပေါ်ဘက် ကိုက် ၃၀၀ ကျော်မှ မြေသားအက်ကွဲ ပြိုကျမှုဖြစ်ပွားလာခဲ့သည်။ အဆိုပါနေရာရှိ လူနေအိမ် ၁၁ လုံးကို သက်ဆိုင်ရာက အန္တရာယ်ရှိသည့်နေရာအဖြစ် သတ်မှတ်ကာ ခရိုင်အုပ်ချုပ်ရေးမှူး ဦးစိုးနိုင်ဦးဆောင်၍ ဒေသအုပ်ချုပ်ရေးအဖွဲ့များ၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များနှင့် ပြည်သူများက ဘေးလွတ်ရာနေရာသို့ ရွှေ့ပြောင်းရေးဝိုင်းဝန်းကူညီဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**(ခရိုင် ပြန်/ဆက်)**

# မြစ်သာမြစ်ရေကြီးပြီး ရေကြီးရေလျှံမှုဖြစ် မြစ်ကမ်းနံဘေး နေအိမ်များပြောင်းရွှေ့နေရာချထား

**ဂန့်ဂေါ ဇူလိုင် ၂၈**

မကွေးတိုင်းဒေသကြီး ဂန့်ဂေါမြို့နယ်အတွင်း၌ မိုးသည်းထန်စွာ အဆက်မပြတ်ရွာသွန်းပြီး မြစ်သာမြစ် ရေကြီးရေလျှံမှုဖြစ်ပွားခဲ့ရာ ဇူလိုင် ၂၇ ရက်က မြစ်သာမြစ်ကမ်းနံဘေးရှိ နေအိမ်များမှ မိသားစုများနှင့် ပစ္စည်းများကို ရေဘေးကင်းလွတ်ရာ ကျေးရွာမြေမှာရုံသို့ ပြောင်းရွှေ့နေရာချထားခဲ့ကြောင်းနှင့် တာဝန်ရှိသူများက လိုအပ်သည်များကို ကူညီဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**(ခရိုင် ပြန်/ဆက်)**

# ရေကြီးမှုကို သွားရောက်ကြည့်သည့် ကလေးတစ်ဦး ကမ်းပါးပြို၍ မြစ်အတွင်းပြုတ်ကျ

**ဂန့်ဂေါ ဇူလိုင် ၂၈**

မကွေးတိုင်းဒေသကြီး ဂန့်ဂေါခရိုင် ဂန့်ဂေါမြို့နယ်၌ ဇူလိုင် ၂၇ ရက် မွန်းလွဲ ၂ နာရီက ကန်နယ်မြေရဲစခန်း၏မြောက်ဘက် ခုနစ်မိုင်ခန့်အကွာရှိ မိုးစို(ရွာမ) ကျေးရွာအနီး မြစ်သာမြစ်အတွင်းသို့ ကလေးတစ်ဦးပြုတ်ကျသေဆုံးကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဂန့်ဂေါမြို့နယ် မိုးစို(ရွာမ) ရွာနေသူ မမေသက်ခိုင် ( ခုနစ်နှစ်) သည် ညီအစ်မဝမ်းကွဲတော်စပ်သူ မမိကဲကဲ (ခုနစ်နှစ်) နှင့်အတူ မိဘအုပ်ထိန်းသူများမပါဘဲ ရွာ၏အနောက်ဘက်မြစ်ကမ်းပါးသို့ မြစ်သာမြစ်ရေကြီးနေသည်ကို သွားရောက်ကြည့်ရှုရာ ရေတိုက်စား၍ မြစ်ကမ်းပါးပြိုကျစဉ် မမေသက်ခိုင်မှာ မြစ်အတွင်းသို့ပြုတ်ကျပြီး ရေနစ်သေဆုံးခဲ့ကြောင်း သိရသည်။

**မောင်ညီညာ(မြေလတ်)**

# ကျော်သက်နှင့် စောဆန်းအောင်အဖွဲ့မှ အဖွဲ့ဝင် ၅၈ ဦး ဥပဒေဘောင်အတွင်း ထပ်မံဝင်ရောက်



**နေပြည်တော် ဇူလိုင် ၂၈**

နိုင်ငံတော်အစိုးရနှင့် တပ်မတော်တို့၏ သဘောထားမှန်များကို သိရှိနားလည်လာခြင်းကြောင့် ကျော်သက်နှင့် စောဆန်းအောင်အဖွဲ့မှ အဖွဲ့ဝင်များ ဥပဒေဘောင်အတွင်းသို့ ဝင်ရောက်လျက်ရှိရာ ယနေ့ မွန်လွဲပိုင်းတွင် ကရင်ပြည်နယ် ကြာအင်းဆိပ်ကြီးမြို့နယ် ထီးဟူသံကျေးရွာရှိ နယ်ခြားစောင့်တပ် (BGF)သို့ စောဘိကြည်ခေါင်းဆောင်သောအဖွဲ့ဝင် ၅၈ ဦးသည် လက်နက်မျိုးစုံ ၄၅ လက်၊ ဗုံးသီးမျိုးစုံ ၆၇ လုံး၊ ကျည်မျိုးစုံ ၂၃၀၀ တောင့်၊ ကျည်အိမ်မျိုးစုံ ၇၉ ခု၊ ရှေ့ထွက်မိုင်း သုံးလုံး၊ လက်ပစ်ဗုံး တစ်လုံးတို့နှင့်အတူ ဥပဒေဘောင်အတွင်း ထပ်မံဝင်ရောက်ခဲ့သည်။

အဆိုပါ ဥပဒေဘောင်အတွင်းသို့ ဝင်ရောက်လာသူများကို နွေးထွေးစွာကြိုဆိုပြီး လိုအပ်သည်များ ကူညီထောက်ပံ့ပေးလျက်ရှိကြောင်း သတင်းရရှိသည်။

**(မြဝတီ)**

# ရေကြီးနစ်မြုပ်မှုများကြောင့် သီးနှံစိုက်ကေများ ထိခိုက်ပျက်စီး

**နေပြည်တော် ဇူလိုင် ၂၈**

မြန်မာနိုင်ငံတစ်ဝန်းတွင် ယခုနှစ် ဇွန်လနှင့် ဇူလိုင်လများ အတွင်း မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် တိုင်းဒေသကြီးနှင့် ပြည်နယ်အချို့တွင် ရေကြီးရေလျှံမှုနှင့် လယ်ယာမြေများ ရေကြီးနစ်မြုပ်မှု ဖြစ်ပွားခဲ့သည်။

အဆိုပါ ရေကြီးနစ်မြုပ်မှုနှင့် သီးနှံများ ထိခိုက်ပျက်စီးမှုအခြေအနေမှာ နေပြည်တော်တွင် ရေကြီးနစ်မြုပ်မှု ၂၃ ဧကအနက် ၂၃ ဧက ပြန်ပေါ်ခဲ့ကြောင်း၊ ကချင်ပြည်နယ်တွင် ရေကြီးနစ်မြုပ်မှု ၂၃၆၁၅ ဧကအနက် ၂၃၆၀၇ ဧက ပြန်ပေါ်ခဲ့သော်လည်း ၈၂၅၉ ဧကထိခိုက်ပြီး ၃၅၂၉ ဧက ပျက်စီးခဲ့ကြောင်း၊ စစ်ကိုင်းတိုင်းဒေသကြီးတွင် ရေကြီးနစ်မြုပ်မှု ၈၉၅၇၈ ဧကအနက် ၇၄၂၃၁ ဧက ပြန်ပေါ်ခဲ့သော်လည်း ၄၅၀၈၉ ဧက ထိခိုက်ပြီး ၁၄၁၄၃ ဧက ပျက်စီးခဲ့ကြောင်း၊ ပဲခူးတိုင်းဒေသကြီးတွင် ရေကြီးနစ်မြုပ်မှု ၁၅၇၇၄ ဧကအနက် ၁၃၂၇ ဧက ပြန်ပေါ်ခဲ့သော်လည်း ၁၃၂၇ ဧက ထိခိုက်ပြီး ၇၄၆ ဧက ပျက်စီးခဲ့ကြောင်း၊ မန္တလေးတိုင်းဒေသကြီးတွင် ရေကြီးနစ်မြုပ်မှု ၅၅၃ ဧက အနက် ၄၆၇ ဧက ပြန်ပေါ်ခဲ့သော်လည်း ဧက ၆၀ ထိခိုက်ပြီး သုံးဧက ပျက်စီးခဲ့ကြောင်း၊ မွန်ပြည်နယ်တွင် ရေကြီးနစ်မြုပ်မှု ဧက ၁၀၀ ရှိခဲ့ကြောင်း၊ ရခိုင်ပြည်နယ်တွင် ရေကြီးနစ်မြုပ်မှု ၂၄၂၃၅ ဧက အနက် ၂၉၁၅ ဧက ပြန်ပေါ်ခဲ့သော်လည်း ၂၁၇၁ ဧကထိခိုက်ပြီး ဧက ၁၄၄၀ ပျက်စီးခဲ့ကြောင်း၊ ရန်ကုန်တိုင်းဒေသကြီးတွင် ရေကြီးနစ်မြုပ်မှု ၉၄၉၁ ဧကအနက် ၈၄၉ ဧက ပြန်ပေါ်ခဲ့ကြောင်း၊ ရှမ်းပြည်နယ်တွင် ရေကြီးနစ်မြုပ်မှု ၈၉၈၉ ဧကအနက် ၅၄၇ ဧက ပြန်ပေါ်ခဲ့သော်လည်း ၃၄ ဧက ထိခိုက်ပြီး ခုနစ်ဧကပျက်စီးခဲ့ကြောင်းနှင့် ဧရာဝတီတိုင်းဒေသကြီးတွင် ရေကြီးနစ်မြုပ်မှု ၄၁၃၀၅ ဧက ရှိခဲ့ကြောင်း လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ သတင်းရရှိသည်။

**(သတင်းစဉ်)**

# အရာတော်မြို့နယ် မူးမြစ်ရေဝင်ရောက်သည့်ကျေးရွာများ၌ ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်

**မုံရွာ ဇူလိုင် ၂၈**

အရာတော်မြို့နယ်အတွင်း မိုးသည်းထန်စွာ အဆက်မပြတ်ရွာသွန်းမှုကြောင့် မူးမြစ်ရေများတိုးလာပြီး ယမန်နေ့က မုံရွာ-အရာတော်-ရွှေဘိုမော်တော်ကားလမ်းပေါ်ရှိ ဇရစ်ကျေးရွာနှင့် ကူးတို့ကိုင်းကျေးရွာအကြား ကားလမ်းပိုင်းနေရာအချို့တွင် ရေကျော်ပြီး လမ်းပခုံးသားများ ပြိုကျပျက်စီးခဲ့သည်။

အဆိုပါ ရေတိုက်စားခဲ့သည့် လမ်းပခုံးသားနေရာများတွင် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ နယ်မြေခံ တပ်ရင်းတပ်ဖွဲ့များမှ တပ်မတော်သားများ၊ ရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့များ ပါဝင်သော ပူးပေါင်းအဖွဲ့များက သဲအိတ်များချ၍ ထိန်းသိမ်းခြင်းနှင့် ရေဝင်ရောက်ခဲ့သည့် ကျေးရွာများတွင် ကျန်းမာရေးစောင့်ရှောက်ပေးခြင်း၊ ထမင်းထုပ်များဝေငှခြင်း၊ ဇရစ်ကျေးရွာတွင် ကယ်ဆယ်ရေးစခန်းဖွင့်လှစ်ခြင်းများဖြင့် တာဝန်ရှိသူများက ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည်။

ရေဘေးသင့်ပြည်သူများအတွက် မန္တလေးမြို့ နိဗ္ဗာန်သုခ အလှူရှင်အသင်းက ငွေကျပ် ၂၃ သိန်းကျော် တန်ဖိုးရှိ ငါးသေတ္တာ၊ ဘီစကွတ်၊ ခေါက်ဆွဲခြောက်အပါအဝင် အစားအသောက်များ၊ အဝတ်အထည်နှင့် အခြားအသုံးအဆောင်ပစ္စည်းများကို လည်းကောင်း၊ မုံရွာမြို့ သာသနာ့ရောင်ခြည်သီလရှင် စာသင်တိုက်မှ ဦးစီးသည့် အလှူရှင်များက ဆန်ခုနစ်ပိုင်း၊ ဓာတ်ဆားတစ်အိတ်၊ ရေသန့်ဘူး ၁၀ ကတ်၊ ငါးပိဘူး ၃၀၀၀၊ ထမင်းထုပ် ၁၅၀၀၊ အဝတ်အစား ၁၃ အိတ်တို့ကိုလည်းကောင်း အသီးသီး လာရောက်လှူဒါန်းခဲ့ကြောင်း သိရသည်။

**(ခရိုင် ပြန်/ဆက်)**

❊ ကျောဖုံးမှ

အသင်းကြီးမှာကစားဖို့ ဆန္ဒရှိနေတယ်။ အရင်တစ်ခါကတော့ သူကဟိုနိုင်ငံသားခံယူထားတော့ အဆင်မပြေမှုလေးတွေရှိတာကြောင့် မခေါ်ဖြစ်ခဲ့ဘူး။ ခုတစ်ခါ အဖွဲ့ချုပ်အနေနဲ့ ထပ်ပြီးကြိုးစားတာပါ။ သူတကယ်လို့ လာရောက်ကစားဖြစ်မယ်ဆို အဖွဲ့ချုပ်အနေနဲ့ အားလုံးတာဝန်ယူ ဆောင်ရွက်ပေးသွားမှာပါ။ သူကလည်း အမှန်တကယ် နိုင်ငံကိုယ်စားပြု ကစားချင်တာ။ အခုကမ်းလှမ်းထားတော့ သူ့အုပ်ထိန်းသူတွေ၊ အေးဂျင့်နဲ့တိုင်ပင်ပြီး မကြာမီရက်အတွင်းမှာ အကြောင်းပြန်မယ်လို့ပြောတယ်။ အဲဒီအခါ ကစားဖြစ်၊ မကစားဖြစ် အဖြေပေါ်မှာပါ”ဟု မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် ပြန်ကြားရေးတာဝန်ခံ ကိုဇော်မင်းထိုက်က ပြောသည်။

ကလယ်ဟဲသည် မြန်မာ-ထိုင်းနယ်စပ်တွင် မွေးဖွားသည့် ကရင်တိုင်းရင်းသားတစ်ဦးဖြစ်ပြီး ယခုအခါ (၁၉ နှစ်)ရှိပြီဖြစ်သည်။ ငယ်စဉ်ကတည်းက ကျောင်းအသင်းနှင့် Sunday League အသင်းများတွင် ကစားခဲ့ပြီး၂၀၁၃ ခုနှစ်မှ အင်္ဂလန်နိုင်ငံ ရှက်ဖီးယူနိုက်တက် ယူ -၂၁ အသင်းက နှစ်နှစ်စာချုပ်ဖြင့် ခေါ်ယူခဲ့ခြင်းဖြစ်သည်။ ယခုအခါ ရှက်ဖီးယူနိုက်တက်က သက်တမ်းတစ်နှစ်ထပ်မံ တိုးမြှင့်ချုပ်ဆိုထားသည်။

“ကလယ်ဟဲလို ကစားသမားတစ်ဦး မြန်မာ့လက်ရွေးစင်ရောက်လာရင် အဆင်ပြေတာပေါ့ဗျာ။ ကလယ်ဟဲကို ထိုင်းလက်ရွေးစင်အသင်းကတောင် ခေါ်ယူဖို့ စိတ်ဝင်စားနေတယ်လို့ ကျွန်တော် ကြားတယ်။ သူတို့လက်ဦးမှုမရခင် ကျွန်တော်တို့ အမြန်ခေါ်နိုင်ရင်တော့ ကောင်းတာပေါ့”ဟု အားကစားကလောင်ရှင် ဦးကြည်ဇင်က ဆိုသည်။

ကလယ်ဟဲသည် လက်ရှိတွင် နောက်ချန်တိုက်စစ်မှူးအဖြစ် ရှက်ဖီးယူနိုက်တက် ယူ-၂၁ တွင် ကစားလျက်ရှိပြီး ရှေ့တန်း ဘယ်/ညာ အစွန်းနှစ်ဖက်တွင်လည်း တောင်ပံတိုက်စစ်မှူးအဖြစ် ကစားနိုင်သူတစ်ဦး ဖြစ်သည်။

မြန်မာပြည်ဖွား ကရင်တိုင်းရင်းသား ကလယ်ဟဲကလည်း မြန်မာနိုင်ငံကိုကြီးမှမရောက်ဖူးသေး၍ သွားရောက်ကစားလိုကြောင်း၊ မြန်မာ့လက်ရွေးစင်အသင်းမှာ ပါဝင်ကစားချင်သည့်ဆန္ဒက အမှန်တကယ်ဖြစ်ကြောင်း၊ ထိုင်းလက်ရွေးစင်အသင်းက ၎င်းအား စိတ်ဝင်စားသည်ဆိုသော်လည်း ယခုချိန်ထိကမ်းလှမ်းခြင်းမျိုးမလုပ်သေးကြောင်း၊ အကယ်၍ ကမ်းလှမ်းလာလျှင်လည်း မြန်မာ့လက်ရွေးစင်အသင်းကိုသာ သွားရောက်ကစားရန် ရွေးဖြစ်မှာဖြစ်ကြောင်း၊ ဤသည်မှာ သူ၏ပြင်းပြသည့် ဆန္ဒတစ်ခုဖြစ်ကြောင်း အွန်လိုင်းတွင် ရင်ဖွင့်ထားသည်။

ကလယ်ဟဲသည် မြန်မာနိုင်ငံကိုယ်စားပြုအဖြစ် လက်ရွေးစင်အသင်းတွင် ပါဝင်ကစားရန် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်က ဆက်သွယ်ထားခြင်းကို အုပ်ထိန်းသူ၊ အေးဂျင့်တို့နှင့် တိုင်ပင်ဆွေးနွေးပြီး မကြာမီ အကြောင်းပြန်ကြားမည်ဖြစ်ကြောင်း သိရသည်။ လောလောဆယ်တွင် ရှက်ဖီးယူနိုက်တက် ယူ-၂၁ အသင်းနှင့်အတူ ရာသီအစအတွက် လေ့ကျင့်ပြင်ဆင်လျက်ရှိသည်။ ရှက်ဖီးယူနိုက်တက် ယူ-၂၁ အသင်းသည် QPR U-21 အသင်းနှင့် U-21 Professional League 2 တွင် ပွဲဦးထွက်အဖြစ် ယခုလာမည့် ဩဂုတ် ၁၀ ရက်တွင် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

**သတင်း-မောင်စိန်လွင်(မြန်မာ့အလင်း)**

# မူးမြစ်ရေတက်၍ အရာတော်တွင် လမ်းပခုံးသားများ ပျက်စီး

**အရာတော် ဇူလိုင် ၂၈**

အရာတော်မြို့နယ်အတွင်း မိုးအဆက်မပြတ်ရွာသွန်းမှုနှင့် မူးမြစ်ရေဝင်ရောက်မှုကြောင့် ယနေ့နံနက် ၇ နာရီခန့်က ဇရစ်ကျေးရွာအုပ်စု ကူးတို့ကိုင်းကျေးရွာအနီး မူးမြစ်ကူးတံတား၏ စိုးရိမ်ရေအမှတ်မှာ ၉၅ ပေဖြစ်ပြီး ယခုလက်ရှိရေအမှတ်မှာ ၉၂ ဒသမ ၆ ပေသို့ ရောက်ရှိသဖြင့် တံတားရက်မနှင့်ထိရန် ၂ ဒသမ ၄ ပေကွာသို့ ရောက်ရှိနေသည်။

ထို့ပြင် မုံရွာ-အရာတော်- ရွှေဘိုလမ်းပိုင်း ဇရစ်ကျေးရွာအုပ်စု ကူးတို့ကိုင်းကျေးရွာကြားရှိ မိုင်တိုင်အမှတ် (၃၅/၀-၃၆/၀) လမ်းပိုင်းတွင် ရေကျော်မှုကြောင့် လမ်းပခုံးသားများ ပျက်စီးခဲ့သည်။ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးကံထွန်းနှင့် ဦးစောဦးထွန်း၊ မြို့နယ်ကော်မတီ(၃)ရပ်နှင့် တာဝန်ရှိသူများ၊ နယ်မြေခံ တပ်ရင်းတပ်ဖွဲ့များမှ တပ်မတော်သားများနှင့် ရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များနှင့် လူမှုရေးအသင်းအဖွဲ့များသည် သဲအိတ်များဖြင့် ကာရံထိန်းသိမ်းလျက်ရှိသည်။

**(ခရိုင် ပြန်/ဆက်)**









မကွေးတိုင်းဒေသကြီး ပခုက္ကူမြို့နယ် ကွန်းရွာကျေးရွာအုပ်စု ခြောက်ဦးသား ကျေးရွာကလေးသည် ဧရာဝတီမြစ်ရေကြီးမှုတွင် ရေလယ်ကျွန်းရွာလေးတစ်ရွာဖြစ်၍ ယင်းကျေးရွာကလေးရှိ အခြေခံပညာအလယ်တန်းကျောင်းတွင် ပညာသင်ကြားလျက်ရှိကြသော ရေစကြိုမြို့နယ် ငါးလံကျေးရွာနှင့် အောင်သာကျေးရွာမှ အလယ်တန်းကျောင်းသားကျောင်းသူများကို မိဘများက ကျောင်းတက်မပျက်ရန် ဇူလိုင် ၂၇ ရက်က အလက ကျောင်းသို့ စက်လှေဖြင့် ဂရုတစိုက်လိုက်လံပို့ဆောင်ကြသည်ကို တွေ့ရစဉ်။ အောင်ကျော်မြင့်

# သပိတ်ကျင်းမြို့ တောင်လယ်ကျေးရွာ၌ တောင်ကျရေစီးဝင်မှုကြောင့် လူနှင့် တိရစ္ဆာန်များ ရေစီးဖြင့်မျောပါပျောက်ဆုံး

**သပိတ်ကျင်း ဇူလိုင် ၂၈**

မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်ခရိုင် သပိတ်ကျင်းမြို့နယ်တွင် ဇူလိုင် ၂၅ ရက်က မိုးအဆက်မပြတ်ရွာသွန်းမှုကြောင့် ကျောက်ဖြူကျေးရွာအုပ်စု တောင်လယ်ကျေးရွာ၌ မောင်ဝွေးချောင်းမှ တောင်ကျရေများစီးဝင်လာပြီး နံနက် ၁ နာရီခွဲခန့်တွင် ချောင်းနံဘေးရှိ နေအိမ်များမှ အမျိုးသား လေးဦးနှင့် အမျိုးသမီးလေးဦးတို့ ရေထဲမျောပါခဲ့ရာ ငါးဦးကို သေဆုံးလျက် ပြန်လည်ရှာဖွေတွေ့ရှိခဲ့ပြီး သုံးဦးမှာ ပျောက်ဆုံးလျက်ရှိသည်။

အဆိုပါ တောင်ကျရေနှင့်အတူ တောင်လယ်ကျေးရွာမှ နွား ၂၃ ကောင်နှင့် ကျွဲတစ်ကောင် မျောပါပျောက်ဆုံးပြီး စပါးခင်းများလည်း ပျက်စီးဆုံးရှုံးမှုများ ဖြစ်ပေါ်ခဲ့သည်။

တောင်လယ်ကျေးရွာသည် မန္တလေး-မိုးမိတ်ကားလမ်းနံဘေး၌ တည်ရှိပြီး အိမ်ထောင်စု ၅၀၁ စုနှင့် လူဦးရေ ၂၀၃၈ ဦးနေထိုင်ကြောင်း၊ တောင်လယ်ကျေးရွာနှင့် တွင်းငယ်ကျေးရွာအတွင်းရှိ ရေညှာဦးတံတားနှင့် တောင်လယ်ကျေးရွာချောင်းကူးတံတားများ ပျက်စီးခဲ့သဖြင့် လမ်းပန်းဆက်သွယ်ရေးအခက်အခဲများဖြစ်ပေါ်လျက်ရှိရာ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ဒေသခံပြည်သူများ ပူးပေါင်းအဖွဲ့သည် ကယ်ဆယ်ရေးပစ္စည်းများ ပို့ဆောင်ခြင်း၊ လမ်းတံတားများ ပြန်လည်ပြုပြင်ခြင်းနှင့် ယာယီတံတားများ ဆောက်လုပ်ခြင်းတို့ကို ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**(ခရိုင် ပြန်/ဆက်)**

# အင်းတော်မြို့နယ် မော်လူးဒေသ ရေကြီးမှုဒဏ်ခံခဲ့ရသော လမ်း၊ တံတားများပြန်လည်ထူထောင်ရေးလုပ်ငန်းများပြုလုပ်

**ကသာ ဇူလိုင် ၂၈**

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် အင်းတော်မြို့နယ်အတွင်း မိုးများစွာ ရွာသွန်းခဲ့ခြင်းကြောင့် မော်လူးကျေးရွာတွင် ရေကြီး၊ ရေလျှံမှု ဇွန် ၂၄ ရက်က မကြုံစဖူးကြုံတွေ့ခဲ့ရာ လမ်း၊ တံတားနှင့် ရထားလမ်းများ၊ စပါးခင်းများ ရေမြုပ်ပျက်စီးမှု ကြုံတွေ့ခဲ့ရကြောင်း သိရသည်။

ယခုအခါ မိုးရွာသွန်းမှုလျော့နည်းသဖြင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို ဒေသခံပြည်သူများနှင့် ဌာနဆိုင်ရာများ ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

မြန်မာနိုင်ငံ အထက်ပိုင်းသို့ ကုန်စည်နှင့်ခရီးသည်များ သွားလာနိုင်စေရန် အရေးပါသည့် မီးရထားလမ်းကို မြန်မာ့မီးရထားမှတာဝန်ရှိသူများနှင့် ဒေသခံပြည်သူများ ပါဝင်ကူညီလျက် လျင်မြန်စွာပြီးနိုင်ရေး နေ့/ည စက်ယန္တရားအားနှင့် သက်ဆိုင်ရာဌာနများဖြင့် ကြိုးစားဆောင်ရွက်လျက်ရှိရာ မကြာမီရထားလမ်းပွင့်လာမည်ဖြစ်ကြောင်း ဒေသခံများထံမှ သိရသည်။

မဟာဗျူဟာ မန္တလေး-မြစ်ကြီးနားလမ်းပေါ်ရှိ မော်လူးနှင့် ဟဲနုနယ်ကြားရှိ မဟာဗျူဟာလမ်းတံတားပြုပြင်ရန် အချိန်ယူရဦးမည်ဖြစ်သည့်အတွက် ခရီးသည်တင်နှင့် ကုန်တင်ယာဉ်များ သတိထားမောင်းနှင်ကြရန် တာဝန်ရှိသူများက အသိပေးလျက်ရှိသည်။

လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်စေရေးနှင့် ကုန်သွယ်စီးဆင်းမြန်ဆန်စေရေး ဆောင်ရွက်ပေးရန် လိုအပ်နေကြောင်း၊ အချိန်တိုအတွင်း ရေများ လျော့နည်းသွားစေရေးအတွက် ရေလမ်းကြောင်းရှိ အမှိုက်သရိုက်များကို ရှင်းလင်းရာတွင် မည်သူမဆို ပူးပေါင်းပါဝင် လုပ်အားဒါန အကူအညီပေးနိုင်ကြောင်းမော်လူးဒေသခံများက ပြောကြားသည်။

စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့က အစိုးရဌာနများ၏ လမ်းညွှန်ချက်ဖြင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ၊ ရပ်ရွာတည်ငြိမ်အေးချမ်းရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိကြောင်း၊ ရေကျသွားသည့် နေရာများတွင် ပုံမှန်အနေအထားရှိလာ၍ ထူထောင်ရေးလုပ်ငန်းများကို ဇူလိုင် ၂၆ ရက်တွင် ပြုလုပ်လျက်ရှိကြောင်း ဒေသခံတစ်ဦးထံမှ သိရသည်။

**ငွေအိုး(ကသာ)**

## ဒေသအလိုက် မိုးကြီးနိုင်

**နေပြည်တော် ဇူလိုင် ၂၈**

ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ (မြောက်ပိုင်း)နှင့် (အရှေ့ပိုင်း)တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာမည်။ ချင်းပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မွန်ပြည်နယ်၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ရခိုင်ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး ဒေသအလိုက် မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။

**မိုး/ဇလ**

# နတ်တလင်းမြို့နယ်၌ မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် လယ်များရေနစ်မြုပ်

**နတ်တလင်း ဇူလိုင် ၂၈**

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် နတ်တလင်းမြို့နယ်အနောက်ခြမ်းရှိ စပါးစိုက်ပျိုးပြီး လယ်မြေများ မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် ရေကြီးနစ်မြုပ်လျက်ရှိကြောင်း ဇူလိုင် ၂၈ ရက်က မြင်တွေ့ရသည်။

မကျီးစုကွင်း၊ ကျန်တောကွင်း၊ လိပ်လွတ်ကွင်း၊ ကျခတ်တန်းကွင်း၊ တာပွန်ကွင်း အမှတ်(၂၂၁) ကွင်းစသည့် ကျေးရွာများ၌ ဇူလိုင် ၂၅ ရက်မှစပြီး မိုးအဆက်မပြတ် ရွာသွန်းသောကြောင့် ရေများနစ်မြုပ်သည့်အပြင် တာပွန်-တက်နေမင်းလမ်း အရှေ့ပိုင်း၌ လူနေအိမ်များ စိန်တန်းရပ်ကွက်နှင့် လေးထောင့်ကွင်းရပ်ကွက်အချို့တွင်လည်း အိမ်အတွင်း ရေများဝင်ရောက်လျက်ရှိသည်။

“တာပွန် အုပ်ချုပ်ရေးမှူး ဦးအောင်မြင့်ဦးက တာပွန်ရှိ လယ်မြေထဲက ကွင်းအမှတ်(၂၂၁) က ဧက ၂၀၀ ကျော် ရေနစ်မြုပ်မှုရှိပါတယ်။ မိုးဆက်လက်ရွာနေပြီး အရေးပေါ်ဖြစ်လာရင် အုပ်ချုပ်ရေးမှူး အဖွဲ့အပါအဝင် အထောက်အကူပြုအဖွဲ့၊ ကျန်းမာရေးအဖွဲ့၊ အရန်မီးသတ်တပ်ဖွဲ့နှင့် လူငယ်ကူညီကယ်ဆယ်ရေးအဖွဲ့တွေကိုအဖွဲ့ခွဲပြီး အလှည့်ကျစောင့်ကြည့်ထားပါတယ်၊ ကျန်းမာရေး၊ ကယ်ဆယ်ရေး၊ လုံခြုံရေးများကို တာပွန်တိုက်နယ်ဆရာဝန်၊ စခန်းမှူး၊ မီးသတ်စခန်းခွဲ တာဝန်ခံများဖြင့် ပူးပေါင်းပြီး အရေးပေါ်ဖြစ်ပေါ်လာခဲ့ရင် အချိန်နဲ့တစ်ပြေးညီ ဆောင်ရွက်နိုင်ပါတယ်” ဟု ပြောပြသည်။

တာပွန်အပါအဝင် နတ်တလင်းမြို့နယ်အနောက်ခြမ်း ၂၅ အုပ်စုရှိ လယ်မြေများ ရေကြီးနစ်မြုပ်လျက်ရှိကြောင်း သိရသည်။

**တင်မြင့်(နတ်တလင်း)**




# စက်သုံးဆီ ဆိပ်ကမ်းအရောက်အရင်းဈေးနှင့် ပြည်တွင်းရောင်းဈေး ကွာဟမှုမြင့်မားလျက်ရှိ ကုန်ဈေးနှုန်းကြီးမြင့်မှုမရှိစေရေး စက်သုံးဆီဈေးလျှော့အောင် ဆောင်ရွက်ပေးရန်လိုအပ်

**ရန်ကုန် ဇူလိုင် ၂၈**

ဇူလိုင် လကုန်ပိုင်းတွင် ဗဟိုဘဏ်၏ ရည်ညွှန်းနိုင်ငံခြားငွေလဲလှယ်နှုန်းနှင့် ပြင်ပဈေးကွက်မှ လဲလှယ်နှုန်းများ ကွာဟမှု လျော့နည်းလာသလို ပြည်တွင်းသို့ တင်သွင်းသည့် စားအုန်းဆီဈေးနှုန်းများမှာ ယခင်က ဆိပ်ကမ်းအရောက်ဈေးနှုန်းနှင့် ပြည်တွင်းရောင်းဈေးကွာဟမှုများခဲ့သော်လည်း ယခုရက်ပိုင်းတွင် ကွာဟမှုလျော့နည်းလာလျက်ရှိသည်။ သို့သော် စက်သုံးဆီဈေးနှုန်းများမှာမူ ယခုရက်အတွင်း ဆိပ်ကမ်းအရောက်အရင်းဈေးထက် ပြည်တွင်းရောင်းဈေးက များစွာမြင့်တက်နေသဖြင့် စက်သုံးဆီ ပြည်တွင်းဈေးနှုန်းများ လျော့လာအောင် ဆောင်ရွက်ပေးသင့်ကြောင်း သိရသည်။

**ငွေလဲနှုန်း တည်ငြိမ်လာ**

ဗဟိုဘဏ်က ရည်ညွှန်းနိုင်ငံခြားငွေလဲနှုန်းကို ဇူလိုင် ၁၃ ရက်မှစ၍ အမေရိကန်တစ်ဒေါ်လာလျှင် ကျပ် ၁၂၀၀ အထိ ပြောင်းလဲသတ်မှတ်ခဲ့ပြီး နောက်ပိုင်းတွင် နှုန်းရှင်သတ်မှတ်ခဲ့ရာ ဇူလိုင် ၂၁ရက်မှ ဇူလိုင် ၂၇ ရက်အထိအချိန်အတွင်း ဗဟိုဘဏ်၏ ရည်ညွှန်းငွေလဲနှုန်းမှာ ၁၂၄၀ ကျပ်နှုန်းအထိ ရှိနေကြောင်း သိရသည်။

ပြင်ပဈေးကွက် ငွေလဲနှုန်းများအရ ဇူလိုင် ၂၁ ရက်တွင် အမေရိကန်ဒေါ်လာ တစ်ဒေါ်လာလျှင် ငွေလဲနှုန်းမှာ ၁၂၇၀ ကျပ်ရှိပြီး ပြည်ပပို့ကုန်ရငွေ လဲနှုန်းမှာ ၁၂၆၀ ကျပ်နှုန်း ရှိခဲ့သည်။ ဇူလိုင် ၂၃ ရက်တွင် ဒေါ်လာငွေလဲနှုန်းမှာ ၁၂၅၂ ကျပ်နှုန်း၊ ပြည်ပပို့ကုန်ရငွေမှာ ၁၂၄၉ ကျပ်နှုန်းသို့ ကျဆင်းလာခဲ့ပြီး ဇူလိုင် ၂၇ ရက်တွင် တစ်ဒေါ်လာလျှင် ၁၂၄၉ ကျပ်နှုန်းနှင့် ပြည်ပပို့ကုန်ရငွေလဲနှုန်းမှာ ၁၂၄၆ ကျပ်နှုန်းအထိ ဆက်လက်ကျဆင်းခဲ့ကြောင်း စားသုံးဆီအသင်း၏ နေ့စဉ်စားအုန်းဆီဈေးနှုန်း စာရင်းထုတ်ပြန်မှုမှ သိရသည်။

ဗဟိုဘဏ်၏ ရည်ညွှန်းငွေလဲနှုန်းနှင့် ပြင်ပငွေလဲနှုန်း ကွာဟမှုများခဲ့သော ဇွန်လဒုတိယပတ်အတွင်းမှစ၍ ပြည်ပမှတင်သွင်းလာသော စက်သုံးဆီ၊ စားသုံးဆီနှင့် ဘိလပ်မြေများအတွက် လိုအပ်သောနိုင်ငံခြားငွေကို ဗဟိုဘဏ်ငွေလဲနှုန်းအတိုင်း ဘဏ်များမှတစ်ဆင့် ဝယ်ယူခွင့်ပြုခဲ့သည်။

**ဈေးလျော့လာသော စားအုန်းဆီ**

ဗဟိုဘဏ်ငွေလဲနှုန်းအတိုင်း တွက်ချက်မှုအရ စားအုန်းဆီ တစ်ပိဿာအရင်းဈေးနှုန်းသည် ဇူလိုင် ၈ ရက်တွင် ၁၃၄၀ ကျပ် ရှိခဲ့ပြီး ပြည်တွင်းဈေးကွက်အတွင်းရောင်းဈေးမှာမူ မြင့်တက်ခဲ့ကြောင်း သိရသည်။ စားအုန်းဆီသိုလှောင်ကန်မှ ဆီထုတ်ယူခွင့်စာရွက် တစ်ပိဿာရောင်းဈေးသည် ဇူလိုင် ၈ ရက်တွင် ၁၄၃၅ ကျပ်ရှိခဲ့ပြီး ဘုရင့်နောင်ပွဲရုံဝင်းအတွင်း လက်ကားရောင်းဈေးမှာ တစ်ပိဿာ ၁၄၄၅ ကျပ်အထိ ရှိခဲ့သည်။

ဆိပ်ကမ်းရောက်စားအုန်းဆီဈေးနှုန်းကို သက်ဆိုင်ရာက နေ့စဉ်ထုတ်ပြန်ပေးရာတွင် ကုန်သွယ်လုပ်ငန်းခွန်၊ ဆိကန်သိုလှောင်ထိန်းသိမ်းခ၊ အလျော့တွက်၊ ဆိပ်ကမ်းခွန်နှင့် FDA အပါအဝင် စစ်ဆေးခများ စသည့် ခေါင်းစဉ် ၁၁ မျိုးအတွက် ကုန်ကျငွေများ ထည့်သွင်းတွက်ချက်ပြီးဖြစ်ကြောင်း သိရသည်။

ဘုရင့်နောင်ပွဲရုံဝင်းဈေးကွက်တွင် မွန်းတည့် ၁၂ နာရီခန့် ဈေးနှုန်းမှာ ဆီထုတ်စာရွက်တစ်ပိဿာရောင်းဈေး ၁၄၈၀ ကျပ်နှုန်းခန့်ရှိခဲ့ကာ နောက်ပိုင်းတွင် ၁၄၇၀ ကျပ်နှုန်းအထိ ထပ်မံလျော့ကျခဲ့ကြောင်း စားအုန်းဆီဈေးနှုန်း နေ့စဉ်မှတ်တမ်းယူနေသည့် ဦးဌေးအောင်က ပြောသည်။

ဇူလိုင် ၂၇ ရက်က ဘုရင့်နောင်ပွဲရုံဝင်းအတွင်းရှိ ဆီသိုလှောင်ကန်တွင် တိုက်ရိုက်ထုတ်ယူရသော ကုမ္ပဏီရောင်းဈေးမှာ ၁၄၈၀ ကျပ်နှုန်းဖြစ်ပြီး ဆီပွဲရုံများတွင် လက်ကားရောင်းဈေးမှာ ၁၄၈၅ ကျပ်နှုန်းဖြစ်ကြောင်း မြစ်ဝကျွန်းပေါ်ဒေသသို့ စားအုန်းဆီတင်ပို့သော ကုန်သည်များထံမှ သိရသည်။ ညောင်ပင်လေးဈေးတွင်မူ

> **ဆိပ်ကမ်းအရောက် ပျမ်းမျှအရင်းဈေးနှုန်းမှာလည်း အောက်တိန်း ၉၂ က ၆၈၇ ကျပ်နှုန်းနှင့် ဒီဇယ်က ၅၉၇ ကျပ်နှုန်းအထိ ကျဆင်းနေသော်လည်း ရန်ကုန်မြို့တွင်း လက်လီဈေးနှုန်းများအရမူ အောက်တိန်း ၉၂ က ၇၃၀ ကျပ်နှုန်းရှိပြီး ဒီဇယ်က ၆၉၀ မှ ၇၀၀ ခန့်အထိ ရှိနေသဖြင့် ဈေးနှုန်းကွာဟမှုအနေဖြင့် အောက်တိန်း ၉၂ က ၄၃ ကျပ်ခန့်ရှိကာ ဒီဇယ်က ၉၃ ကျပ်ခန့်ရှိနေ. . .**

ပုံးဆွဲလက်လီဈေးနှုန်းမှာ တစ်ပိဿာ ၁၅၀၀ ကျပ်နှုန်း ရှိကြောင်း သိရသည်။

ပြည်တွင်း၌ စားအုန်းဆီဈေးနှုန်း ကြီးမြင့်မှုမရှိစေရန်အတွက် နိုင်ငံခြားငွေကို ဗဟိုဘဏ်ငွေလဲနှုန်းအတိုင်း ဘဏ်များမှ ဝယ်ယူနိုင်ရန် ဗဟိုဘဏ်က လုပ်ဆောင်ပေးခဲ့သော်လည်း ပြည်တွင်းစားအုန်းဆီဈေးမှာမူ မြင့်တက်ခဲ့ခြင်းဖြစ်သည်။ ဆိပ်ကမ်းအရောက် စားအုန်းဆီဈေးနှင့် ပြည်တွင်းရောင်းချသော စားအုန်းဆီဈေး တစ်ပိဿာလျှင် ကျပ် ၁၀၀ ခန့်ကွာဟခဲ့ခြင်းဖြစ်သည်။

နောက်ပိုင်းတွင် ပြည်ပစားအုန်းဆီဈေးကွက်၌ ဈေးနှုန်းကျလာခြင်း၊ နိုင်ငံခြားငွေလဲနှုန်း တည်ငြိမ်လာခြင်းတို့ကြောင့် ဈေးနှုန်းကွာဟချက်နည်းလာခဲ့ရာ ဇူလိုင် ၂၇ ရက် ဆိပ်ကမ်းအရောက်ဈေးနှုန်း ၁၄၈၂ ကျပ်ရှိခဲ့ပြီး ပုံးဆွဲလက်လီဈေးနှုန်းမှာ ...

စားအုန်းဆီဈေးကွက်တွင် ပြည်ပမှတင်သွင်းသည့် ဆိပ်ကမ်းအရောက်ဈေးနှုန်းနှင့် ပြည်တွင်းရောင်းချသည့် ဈေးနှုန်း ကွာဟချက်နည်းလာသော်လည်း စက်သုံးဆီ ဈေးနှုန်းများမှာမူ ကွာဟမှုများနေဆဲဖြစ်ကြောင်း သိရသည်။

**ဈေးကွာဟမှုအလွန်များလာသည့် စက်သုံးဆီ**

စက်သုံးဆီအရင်းဈေးနှုန်းကို သက်ဆိုင်ရာက ပထမဆုံးထုတ်ပြန်သည့် မေ ၂၅ ရက်မှ ၂၉ ရက်အတွင်း ဈေးနှုန်းများအရ အောက်တိန်း၉၂ တစ်လီတာလျှင် အရင်းဈေး ၇၀၂ ကျပ်၊ ဒီဇယ် တစ်လီတာလျှင် ၆၅၈ ကျပ် ရှိခဲ့သည်။ ထိုသို့ထုတ်ပြန်အပြီး ဇွန်လဆန်းရက်များတွင် ရန်ကုန်မြို့တွင်းရောင်းချသည့် အောက်တိန်း၉၂ ဈေးမှာ တစ်လီတာလျှင် ၇၃၀ နှင့် ဒီဇယ်တစ်လီတာလျှင် ၆၉၀ ဖြစ်ရာ ဈေးနှုန်းကွာဟမှုအနေဖြင့် အောက်တိန်း ၉၂ က ၂၈ ကျပ်နှင့် ဒီဇယ်က ၃၂ ကျပ်သာ ရှိခဲ့ခြင်း ဖြစ်သည်။

စက်သုံးဆီအရင်းဈေး (၇)ကြိမ်မြောက်ထုတ်ပြန်သည့် ဇူလိုင် ၆ ရက်မှ ၁၀ ရက်အတွင်း ဈေးနှုန်းများအရ အောက်တိန်း၉၂ ဈေးနှုန်းမှာ တစ်လီတာ ၆၅၀ ကျပ်ရှိကာ ဒီဇယ်ဈေးနှုန်းမှာ ၅၇၂ ကျပ်ဖြစ်သည်။ ထိုအချိန်တွင် ရန်ကုန်မြို့တွင်း ရောင်းဈေးမှာ အောက်တိန်း၉၂ ဈေးနှုန်းမှာ ၇၂၀ ကျပ်ဖြစ်ကာ ဒီဇယ်ဈေးနှုန်းမှာ ၆၉၀ ကျပ်ဖြစ်သည်။ ဈေးနှုန်းကွာဟချက်အနေဖြင့် အောက်တိန်း ၉၂ က တစ်လီတာ ၇၀ ကျပ်အထိရှိပြီး ဒီဇယ်က တစ်လီတာလျှင် ၁၁၈ ကျပ်အထိရှိရာ ဈေးနှုန်းကွာဟချက် အလွန်များနေသည်။

ဇူလိုင် ၂၀ ရက်မှ ၂၄ ရက်အတွင်း ဆိပ်ကမ်းအရောက် ပျမ်းမျှအရင်းဈေးနှုန်းမှာလည်း အောက်တိန်း၉၂ က ၆၈၇ ကျပ်နှုန်းနှင့် ဒီဇယ်က ၅၉၇ ကျပ်နှုန်းအထိ ကျဆင်းနေသော်လည်း ရန်ကုန်မြို့တွင်း လက်လီဈေးနှုန်းများအရမူ အောက်တိန်း၉၂ က ၇၃၀ ကျပ်နှုန်းရှိပြီး ဒီဇယ်က ၆၉၀ မှ ၇၀၀ ခန့်အထိ ရှိနေသဖြင့် ဈေးနှုန်းကွာဟမှုအနေဖြင့် အောက်တိန်း၉၂ က ၄၃ ကျပ်ခန့်ရှိကာ ဒီဇယ်က ၉၃ ကျပ်ခန့် ရှိနေသည်။

စက်သုံးဆီဈေးနှုန်း သက်သာမှသာ စက်သုံးဆီဈေးနှုန်းကိုအကြောင်းပြု၍ သယ်ယူပို့ဆောင်ခနှုန်းများ မြင့်တက်ခြင်း၊ ကုန်ဈေးနှုန်းမြင့်တက်ခြင်းများကို လျော့ချနိုင်မည်ဖြစ်သည်။ ထို့ကြောင့် ပြည်တွင်းဈေးကွက်မှ စားသုံးဆီဈေးနှုန်းများသည် ဆိပ်ကမ်းအရောက်ဈေးနှုန်းနှင့် ကွာဟမှုများရာမှ ပြန်လည်ကျဆင်းလာချိန်တွင် စက်သုံးဆီဈေးနှုန်းများကိုလည်း ဆိပ်ကမ်းအရောက်ဈေးနှုန်းနှင့် ပြည်တွင်းဈေးနှုန်း ကွာဟမှုနည်းကာ သက်သာသောဈေးနှုန်းဖြင့် ဝယ်ယူနိုင်အောင် ဆောင်ရွက်ပေးသင့်ကြောင်း အဝေးပြေးကုန်စည်ပို့ဆောင်ရေး ကုန်တင်ယာဉ်ပိုင်ရှင်တစ်ဦးက ဆိုသည်။ ။

**သတင်းဆောင်းပါး-ခင်ဆိုင်**

ရေခဲမုန့်၊ Snack၊ ပေါ်ဖျော်ရည်၊ သစ်သီးယို၊ မုန့်ဖုတ်သင်တန်း
ဂျယ်လီ၊ ငါးမုန့်၊ ဆော့၊ ဆပ်ပြာသင်တန်းနှင့် အအေးကုန်ကြမ်းဆိုင်
EAC
75, ... 0973071901
... 02-31505, 09 421745522, 01-218072

**ပြန်ကြားရေးဝန်ကြီးဌာန**
**သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း**
**မီးစက်၊ မော်တော်ယာဉ်၊ မော်တော်ဆိုင်ကယ်များဝယ်ယူရန်**
**တင်ဒါခေါ်ယူခြင်း**

၁။ ပြန်ကြားရေးဝန်ကြီးဌာန၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းတွင် အသုံးပြုရန် လိုအပ်လျက်ရှိသည့် အောက်ပါပစ္စည်းများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်-

(က) 300 KVA Generator - ၁ လုံး
(ခ) 200 KVA Generator - ၁ လုံး
(ဂ) Mail Box မော်တော်ယာဉ် - ၂ စီး
(ဃ) Single Cub မော်တော်ယာဉ် - ၂ စီး
(င) Motorcycle - ၁၈ စီး

၂။ တင်ဒါပုံစံများကို ၂၉-၇-၂၀၁၅ရက်မှ ၂၁-၈-၂၀၁၅ရက်အထိ နေ့စဉ် ၉း၃၀နာရီမှ ၁၆း၃၀ နာရီအတွင်း အောက်ပါလိပ်စာများတွင် လာရောက်ထုတ်ယူနိုင်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါများကို ၂၁-၈-၂၀၁၅ရက် ၉း၃၀နာရီမှ ၁၆း၃၀နာရီအတွင်း ပြန်ကြားရေးဝန်ကြီးဌာန၊ ရုံးအမှတ် (၇)၊ နေပြည်တော်ရှိ တင်ဒါအဖွဲ့ဝင်များရှေ့မှောက်၌ လာရောက်ပေးသွင်းရန် ဖြစ်ပါသည်။ သတ်မှတ်ကာလထက်ကျော်လွန်သော တင်ဒါများကို ထည့်သွင်းစဉ်းစားမည် မဟုတ်ပါ။

၄။ အိတ်ဖွင့်တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ဖုန်း -၀၆၇-၄၁၂၁၂၃၊ ၀၆၇-၄၁၂၁၂၈ တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

| | |
|---|---|
| **တင်ဒါပုံစံများထုတ်ယူရန်လိပ်စာ** | **တင်ဒါတင်သွင်းရန်လိပ်စာ** |
| **သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း** | **ပြည်တွင်း/ပြည်ပပစ္စည်းများဝယ်ယူရေး** |
| **ပြန်ကြားရေးဝန်ကြီးဌာန** | **နှင့် ထုခွဲရောင်းချရေးကော်မတီ** |
| **ရုံးအမှတ်(၇)၊ နေပြည်တော်** | **ပြန်ကြားရေးဝန်ကြီးဌာန** |
| **ဖုန်း-၀၆၇-၄၁၂၁၂၃၊ ၀၆၇-၄၁၂၁၂၈** | **ဖုန်း-၀၆၇-၄၁၂၃၉၀** |

**ဘဏ်ပိတ်ရက်ကြော်ငြာ**

လွှဲပြောင်းနိုင်သော စာချုပ်စာတမ်းများ အက်ဥပဒေအရ ၂၀၁၅ ခုနှစ် ဇူလိုင် ၃၁ ရက်(သောကြာနေ့) "ဝါဆိုလပြည့်နေ့"သည် အများပြည်သူ အလုပ်ပိတ်ရက်ဖြစ်ပါသဖြင့် ၎င်းရက်တွင် ဘဏ်အားလုံး ပိတ်ထားလိမ့်မည်ဖြစ်ပါကြောင်း။

**မြန်မာနိုင်ငံတော်ဗဟိုဘဏ်**

**ဦးရဲမင်းပိုင်**(သချ်ာ)
တည့်သူများအတွက်နှစ်ဆတိုးသင်ပေးနေသည်
၁၀တန်းဘာသာစုံ လဆန်းစပြီ။ ၀၉၇၃၁၆၁၃၄၀
၁၆၅(ပထပ်)ဆိပ်ကမ်းသာလမ်း(လယ်)ကျောက်တံတားမြို့နယ်

**ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း**

ယာဉ်အမှတ် ၂ဖယ/၄၈၉၀၂ Xonbo 110, M/C ယာဉ်လက်ဝယ်ရှိသူ ဦးအောင်ဇော်ဝင်း ၉/မခန(နိုင်)၁၅၅၃၀၉က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (မြင်းခြံမြို့)**

**အောင်ပြည့်စုံ**
ဒဂုံမြို့သစ်မြောက်ပိုင်း၊
အရှေ့ပိုင်း၊ တောင်ပိုင်း
ဆိပ်ကမ်းမြို့နယ်များ
ဈေးကောင်းပေးဝယ်သည်။
09-5232770
09-5134770

**ခင်ပွန်းအဖြစ်မှမသက်ဆိုင်တော့ပါကြောင်း**

ကျိုင်းတုံမြို့၊ ယန်းလောအုပ်စု၊ စွန်နော်ခမ်းရွာနေ ကျွန်မ ဒေါ်ဒေါ်လော်ဘို ၁၃/ကတန(နိုင်)၀၈၉၅၉၂ (ဘ)ဦးလင်းဘို နှင့် တာချီလိတ်မြို့နေ ဦးစိုင်းရီ ၁၃/ကတန(နိုင်)၀၈၆၇၉၇ (ဘ)ဦးနန်ရှဲန်တို့သည် ၂၀-၁၂-၂၀၁၄ ရက်မှ လက်ထပ်ပေါင်းသင်းခဲ့ပါသည်။ ယခုအခါ ကျွန်မအား စိတ်ဆင်းရဲအောင် အကြိမ်ကြိမ်ပြုလုပ်၍ ၂၄-၄-၂၀၁၅ ရက်တွင်နေအိမ်မှ ဆင်းသွားပါသဖြင့်၎င်းနှင့်ပတ်သက်သောကိစ္စ အဝဝကိုတာဝန်မယူပါကြောင်းနှင့် ခင်ပွန်းအဖြစ်မသက်ဆိုင်တော့ပါကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**ပြန်ကြားရေးဝန်ကြီးဌာန**
**မြန်မာ့အသံနှင့် ရုပ်မြင်သံကြား**
**ရခိုင်ပြည်နယ်၊ စစ်တွေမြို့**
**(အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)**

၁။ ရခိုင်ပြည်နယ်၊ အမ်းမြို့နယ်၊ မင်းတက်ကျေးရွာတွင် ရုပ်မြင်သံကြားထပ်ဆင့်လွှင့်စက်ရုံတစ်ရုံတည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် ဆောက်လုပ်ရေးလုပ်ငန်းလိုင်စင်ရ မြန်မာနိုင်ငံသားပြည်တွင်းတိုင်းရင်းသားလုပ်ငန်းရှင်များအား အိတ်ဖွင့်တင်ဒါဖိတ်ခေါ်အပ်ပါသည်။

| | |
|---|---|
| **တင်ဒါစတင်ရောင်းချမည့်ရက်နှင့် အချိန်** | - ၃၀-၇-၂၀၁၅ရက် နံနက် ၉း၃၀နာရီ |
| **တင်ဒါပိတ်မည့်ရက်နှင့် အချိန်** | - ၉-၈-၂၀၁၅ရက် ညနေ ၄း၃၀နာရီ |

၂။ တင်ဒါပုံစံနှင့်အသေးစိတ်အချက်အလက်များကို သိရှိလိုပါက မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၊ ရုပ်မြင်သံကြားထပ်ဆင့်လွှင့်စက်ရုံ (စစ်တွေမြို့) ဖုန်း-၀၉-၈၅၀၀၉၁၈၊ ၀၉-၄၂၁၇၁၈၉၉၉၊ ၀၄၃-၂၁၆၀၇တို့သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**တင်ဒါခေါ်ယူရေးအဖွဲ့**

**တစ်ဦးတည်း ဖြစ်ပါကြောင်း**

မွန်ပြည်နယ်၊ မော်လမြိုင်မြို့၊ ဒိုင်းဝန်ကွင်းရပ်ကွက် သုတလမ်းနေ ဦးသိန်းအောင် ၁၁/ကတန(နိုင်)၀၇၁၅၁၆၏သမီး အထက(၁၀)တက္ကသိုလ်ဝင်တန်း(C)မှ မလဝင်းထက်နှင့်မလဝန်းထက်မှာ တစ်ဦးတည်းဖြစ်ပါသည်။

**ကန့်ကွက်နိုင်ပါကြောင်း**

သင်္ဃန်းကျွန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၂၉၊ သုဝဏ္ဏ(ရွှေဝါဆန်မြေ)၊ မြေကွက်အမှတ် ၇၇၊ မြေကွက်တည်နေရာအမှတ် ၇၇၊ ကမ်းနားလမ်း၊ ၂၉ ရပ်ကွက်၊ သုဝဏ္ဏ ဦးအောင်သန်း(CI-၀၄၂၇၃၀)အမည်ပေါက် ပါမစ်မြေအား အမည်ပေါက် ဦးအောင်သန်းထံမှ အရောင်းအဝယ်အဆက်အစပ်စာချုပ်ဖြင့် ဝယ်ယူထားသူ အောင်ကင်တီး(ခ)အင်ကင်တီး(ခ)ဒေါ်အေးခိုင် ၁၂/ပဘတ(နိုင်)၀၂၃၂၈၃က ဂရန်သစ်လျှောက်ထားမှုအပေါ် ခိုင်လုံသောအထောက်အထားဖြင့် ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက် ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

**ကန့်ကွက်နိုင်ပါကြောင်း**

သင်္ဃန်းကျွန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၂၉၊ သုဝဏ္ဏ(ရွှေဝါဆန်မြေ)၊ မြေကွက်အမှတ် ၇၉၊ မြေကွက်တည်နေရာအမှတ် ၇၉၊ ကမ်းနားလမ်း၊ ၂၉ ရပ်ကွက်၊ သုဝဏ္ဏ ဦးလှအောင်(N/RGN-၀၄၃၉၁၆)အမည်ပေါက် ပါမစ်မြေအား အမည်ပေါက် ဦးလှအောင်ထံမှ အရောင်းအဝယ်အဆက်အစပ်စာချုပ်ဖြင့် ဝယ်ယူထားသူ အောင်ကင်တီး(ခ)အင်ကင်တီး(ခ)ဒေါ်အေးခိုင် ၁၂/ပဘတ(နိုင်)၀၂၃၂၈၃က ဂရန်သစ်လျှောက်ထားရာ တင်ပြပါမစ်မစုံသဖြင့် ဂရန်သစ်လျှောက်ထားမှုအပေါ် ခိုင်လုံသော အထောက်အထားဖြင့် ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက် ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

# ရှေးဟောင်းအမွေအနှစ်ထိန်းသိမ်းမှုများ ပြည်သူဆန္ဒနှင့် တစ်ထပ်တည်းသွား

သောင်းလွင်ဦး

ရထားပို့ဆောင်ရေးဝန်ကြီးဌာနသည် ခရီးသွားပြည်သူများ၏ သယ်ယူပို့ဆောင်မှုကဏ္ဍကို ဖြည့်ဆည်းဆောင်ရွက်ရာ၌ ဈေးနှုန်းချိုသာစွာ ထုထည်အင်အားကြီးမားစွာဖြင့် သယ်ယူပို့ဆောင်ပေးနေသော လုပ်ငန်းဌာနကြီးထဲမှတစ်ခုအပါအဝင်ဖြစ်ပါသည်။ အထူးသဖြင့် မြန်မာ့မီးရထားသည် မြန်မာပြည်သူတို့၏ ခရီးသွားလာမှု၊ ပစ္စည်းပို့ဆောင်မှုများကို ၁၈၇၇ ခုနှစ် မေလ ၁ ရက်မှ စတင်ဖွင့်လှစ်ခဲ့သော ရန်ကုန်- ပြည် ရထားလမ်းမှ အခြေပြုခဲ့သည်ဟု မှတ်တမ်းများအရ သိရှိခဲ့ရပါသည်။

ကြည့်မြင်တိုင်ဘူတာသည် ၁၈၇၆ ခုနှစ်တွင် စတင်ခဲ့သော ရန်ကုန်-ပြည် ရထားလမ်းပေါ်တွင် အချက်အချာကျသည့် ဘူတာတစ်ခုဖြစ်ပြီး လက်ရှိဘူတာအဆောက်အအုံမှာ ၁၉၂၈ ခုနှစ်က တည်ဆောက်ခဲ့ကြောင်း မှတ်တမ်းများအရ သိရှိရပြီး သက်တမ်းအားဖြင့် ၈၇နှစ်ခန့် ကြာမြင့်ခဲ့ပြီဖြစ်ပါသည်။ မြန်မာနိုင်ငံ၏ ရှေးဟောင်းအမွေအနှစ်များ အဆောက်အအုံများထဲတွင် မြန်မာ့မီးရထား၏ အဆောက်အအုံများသည် သမိုင်းဝင်အဆောက်အအုံများအဖြစ် ကျန်ရှိစေရန် ရထားပို့ဆောင်ရေးဝန်ကြီးဌာနအနေဖြင့် အလေးအနက်ထားရှိပါသည်။

အလားတူပင် မြန်မာ့မီးရထား၏ ရှေးကျလှသော သမိုင်းဝင်ဂုတ်ထိပ်တံတားကဲ့သို့ ထိန်းသိမ်းထားသင့်သည်များကို ရှေးမူမပျက် ကြံ့ခိုင်ကောင်းမွန်စေရန်နှင့် ခေတ်မီတိုးတက်အောင် ဆောင်ရွက်ရာတွင်လည်း ရှေးဟောင်းအမွေအနှစ် ထိန်းသိမ်းမှုများကို စနစ်တကျဆောင်ရွက်သွားရန်ကိုလည်း ရထားပို့ဆောင်ရေးဝန်ကြီးဌာနက မူဝါဒချမှတ်ထားကြောင်း သိရှိရပါသည်။

ယခုအခါ မြန်မာ့မီးရထား၏ သယ်ယူပို့ဆောင်မှုလုပ်ငန်းများကို ခေတ်မီဖွံ့ဖြိုးတိုးတက်သော သယ်ယူပို့ဆောင်မှု လမ်းကြောင်းပေါ်သို့ ဆွဲယူအကောင်အထည်ဖော်ရာတွင် ပြည်သူတို့၏ အမှန်တကယ် ဖြစ်ပေါ်နေသော အခက်အခဲ၊ ဆန္ဒ၊ သဘောထားတို့ကိုလည်း အလေးအနက်ထားရမည်ဖြစ်သလို နောင်ရေရှည်တွင် ပြည်သူတို့၏ လေ့လာသိရှိနိုင်ဖွယ်ရာ သမိုင်းကြောင်းမှတ်တိုင်များဖြစ်သော ရှေးဟောင်းအမွေအနှစ် အဆောက်အအုံများ၊ လမ်းတံတားများကို ရှေးမူမပျက် ထိန်းသိမ်းကာကွယ်စောင့်ရှောက်လျက် ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်သွားရမည်မှာလည်း ရထားပို့ဆောင်ရေးဝန်ကြီးဌာန၏ အဓိကသတိပြု ဆောင်ရွက်ရမည့် လုပ်ငန်းမူဝါဒတစ်ခုအဖြစ် သတ်မှတ်ဆောင်ရွက်သွားသင့်သော အချက်တစ်ခုပင်ဖြစ်ပါသည်။

ရန်ကုန်မြို့၏ မြို့ပြဖွံ့ဖြိုးမှုကို ယခုအစိုးရလက်ထက်တွင် အကောင်အထည်ဖော်ဆောင်ရွက်ရာ၌ ပြည်ပမှ ရင်းနှီးမြှုပ်နှံမှုများ ပြည်တွင်းမှ ရင်းနှီးမြှုပ်နှံမှုများဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် တိုးတက်မှု တစ်ခုတည်းကိုသာ ရှေးရှုဆောင်ရွက်မှုမပြုဘဲ ထိန်းသိမ်းသင့်သည့် သဘာဝအရင်းအမြစ်များ၊ ရှေးဟောင်းအမွေအနှစ်များကို ထိန်းသိမ်းဆောင်ရွက်နိုင်ရန် ရထားပို့ဆောင်ရေးဝန်ကြီးဌာနသည် ပြည်သူတို့၏ ဆန္ဒနှင့် တစ်သားတည်းဖြစ်စေရန် ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရှိရပါသည်။ ဥပမာအားဖြင့် **“ကြည့်မြင်တိုင်ဘူတာ ဖွံ့ဖြိုးတိုးတက်ရေးမှ ရှေးဟောင်းအမွေအနှစ် ထိန်းသိမ်းမှုများ စနစ်ကျပြီလား ”** ဟူသော ခေါင်းစဉ်ဖြင့် ၁၇-၆-၂၀၁၅ ရက်နေ့ မြန်မာ့အလင်း သတင်းစာပါ ခင်ရတနာ၏ သတင်းဆောင်းပါးအား ရထားပို့ဆောင်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက ဖတ်ရှုမိသည့်အချိန်တွင် ထိုသတင်းဆောင်းပါးရေးသူ၏အပေါ် ရထားပို့ဆောင်ရေးဝန်ကြီးဌာနအနေဖြင့် မိမိတို့ဝန်ကြီးဌာန၏လုပ်ငန်းများကို စိတ်ဝင်တစားရှိခြင်းကိုလည်းကောင်း၊ အများပြည်သူအကျိုးအတွက် ကောင်းမွန်သော အကြံဉာဏ်များကို ဝန်ကြီးဌာနအပေါ် ထောက်ပြရေးသားပေးခြင်းအတွက်လည်းကောင်း ပြည်ထောင်စုဝန်ကြီးက ကျေးဇူးတင်ရှိကြောင်း ပြန်ကြားပေးရန် ရထားပို့ဆောင်ရေးဝန်ကြီးဌာန၊ သတင်းထုတ်ပြန်ရေးဌာနသို့ ချက်ချင်းညွှန်ကြားခဲ့ပါသည်။ တစ်ဆက်တည်းပင် ကြည့်မြင်တိုင်ဘူတာဘက်စုံဖွံ့ဖြိုးတိုးတက်ရေးကို ဆောင်ရွက်ရာတွင် စာရေးသူ၏ အကြံပြုချက်၊ ပြည်သူတို့၏ သဘောထားဆန္ဒများသည် ဝန်ကြီးဌာနက ချမှတ်ပေးထားသော မူဝါဒ၊ စီမံကိန်းဆောင်ရွက်မည့် အစီအစဉ်များနှင့် ကွဲလွဲမှုရှိမည်မဟုတ်ပါကြောင်း၊ ပြည်သူများသိစေလိုကြောင်း၊ သတင်းမီဒီယာများမှတစ်ဆင့်ဖော်ပြရန် ပြည်ထောင်စုဝန်ကြီးက လမ်းညွှန်မှာကြားခဲ့ပါသည်။ ဆောင်းပါး၏ အဓိက အကြံပြုချက်ဖြစ်သော ရှေးဟောင်းအဆောက်အအုံတစ်ခုဖြစ်သည့် ကြည့်မြင်တိုင်ဘူတာအဆောက်အအုံနှင့် ရှေးမူမပျက် ကျန်ရှိသင့်သော အဆောက်အအုံများကို မူလအတိုင်း ထိန်းသိမ်းထားရှိပြီး ဘူတာယာဒ်ဝင်းအတွင်း ပြည်သူကိုအကျိုးပြုစေနိုင်သည့် ခြောက်လမ်းသွား လမ်းမကျယ် ရထားလမ်းခုံးကျော်တံတား၊ ကားရပ်နားပါကင်များ၊ ဝန်ထမ်းအိမ်ရာများ၊ ဘူတာဖွံ့ဖြိုးတိုးတက် မှုအတွက်လိုအပ်သောရုံးခန်းများ၊ အချို့နေရာများတွင် ကုန်တိုက်များ၊ စားသောက်ဆိုင်များ၊ ကလေးကစားကွင်းနှင့် အားကစားခန်းမ၊ မူကြိုကျောင်းစသည်တို့ပါဝင်စေပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော ထိန်းချုပ်မှုစနစ်များ အပြင် အဆောက်အအုံအနီးရှိ ဘုရားကျောင်းကန်များနှင့် ဆက်စပ်သော နေရာများတွင် အင်္ဂါရပ်မဖြစ်စေရေး၊ လူမှုရေးအရ ထိခိုက်နစ်နာမှု အနည်းဆုံးဖြစ်စေရေး (Social Impact) ကို လေ့လာဆန်းစစ်၍ ရေရှည်ဖွံ့ဖြိုးမှုစီမံကိန်း ပုံစံရေးဆွဲကာ ဝန်ကြီးဌာနသို့ ပြုစုတင်ပြစေပြီး နိုင်ငံတော်အဆင့်အထိ အတည်ပြုချက်ရယူ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရပါသည်။



နှစ်ပေါင်း ၉၀ နီးပါး သက်တမ်းရှိပြီဖြစ်သည့် ကြည့်မြင်တိုင်ဘူတာအဆောက်အအုံ။ ဓာတ်ပုံ-တင်စိုး

ရန်ကုန်မြို့၏ မြို့ပြဖွံ့ဖြိုးတိုးတက်မှုကို ဆောင်ရွက်နေကြရာတွင် လမ်းများပေါ်၌ ယာဉ်ကြောပိတ်ဆို့မှုသည် ယနေ့အချိန်အခါတွင် အဓိကရင်ဆိုင်နေရသော ပြည်သူလူထုခံစားနေရသည့် ဒုက္ခတစ်ခုအသွင် ဖြစ်ပါသည်။ ကြည့်မြင်တိုင်ဘူတာကို ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရန် စီမံရာတွင် ခြောက်လမ်းသွားလမ်းမကျယ် ရထားလမ်းခုံးကျော်တံတားနှင့် ယာဉ်စီးရေ (၁၀၀၀၀)ခန့် ရပ်နားနိုင်သည့် ယာဉ်ရပ်နားစခန်း ပါဝင်အောင် ထည့်သွင်းဆောင်ရွက်မည်ဖြစ်သဖြင့် ရန်ကုန်မြို့၏ ယာဉ်ကြောပိတ်ဆို့ကျပ်တည်းမှုကိုလည်း အတိုင်းအတာတစ်ခုအထိ ကူညီပါဝင် ဖြေရှင်းသကဲ့သို့ ဖြစ်ပါလိမ့်မည်။

နိဂုံးချုပ်အနေဖြင့်ဆိုရပါလျှင် ရထားပို့ဆောင်ရေးဝန်ကြီးဌာနနှင့် ပတ်သက်၍ အကြံပြုဆောင်းပါးများ ရေးသားပေးသည်ကို ကျေးဇူးတင်ရှိပါကြောင်းနှင့် ရထားပို့ဆောင်ရေးဝန်ကြီးဌာနအနေဖြင့် ဌာန၏ စီမံကိန်းလုပ်ငန်းများကို ဆောင်ရွက်ရာတွင် နိုင်ငံတော်အတွက် အကျိုးဖြစ်ထွန်းစေမည့် အချက်အလက်များကို အသိပညာရှင်၊ အတတ်ပညာရှင်များ၏ အကြံဉာဏ်ကိုရယူ၍ ဘက်ပေါင်းစုံမှစဉ်းစားပြီး သတင်းမီဒီယာများမှတစ်ဆင့်ဖော်ပြသော ပြည်သူတို့၏ သဘောထား၊ ဆန္ဒများကို အမြဲအလေးထား ဆောင်ရွက်လျက်ရှိပါကြောင်း ရေးသားဖော်ပြအပ်ပါသည်။

# ကုန်သွယ်မှုဖွံ့ဖြိုးတိုးတက်ရေးအစီအစဉ်အနေဖြင့် အီးယူနှင့် ဂျာမနီသမ္မတနိုင်ငံ (GIZ)တို့မှ ယူရိုငွေ ၁၀ ဒသမ ၅ သန်း ကူညီမည်

**နေပြည်တော် ဇူလိုင် ၂၈**

မြန်မာနိုင်ငံကုန်သွယ်မှု ဖွံ့ဖြိုးတိုးတက်ရေးအစီအစဉ်၏ အစိတ်အပိုင်းတစ်ရပ်အနေဖြင့် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနနှင့် ဥရောပသမဂ္ဂ(EU)နှင့် ဂျာမနီသမ္မတနိုင်ငံ(GIZ) တို့ပူးပေါင်း၍ အစားအသောက်ဘေးကင်းလုံခြုံရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှု အလုပ်ရုံဆွေးနွေးပွဲကို Hilton ဟိုတယ် (နေပြည်တော်)၌ ဇူလိုင် ၂၇ ရက်က ကျင်းပသည်။



ဥရောပသမဂ္ဂနှင့် ဂျာမနီသမ္မတနိုင်ငံ (GIZ) တို့မှ ကုန်သွယ်မှုဖွံ့ဖြိုးတိုးတက်ရေးအစီအစဉ်ကို ၂၀၁၅ ခုနှစ်မှ ၂၀၁၇ ခုနှစ်အထိ စီမံကိန်းကာလသုံးနှစ်ကြာ ပံ့ပိုးဆောင်ရွက်သွားမည်ဖြစ်ပြီး အဆိုပါအစီအစဉ်အတွက် အီးယူမှ ယူရိုငွေ ၁၀ သန်းနှင့် ဂျာမနီသမ္မတနိုင်ငံမှ ၀ ဒသမ ၅ သန်း စုစုပေါင်း စီမံကိန်းတန်ဖိုး ယူရိုငွေ ၁၀ ဒသမ ၅ သန်းလျာထားပြီး မြန်မာနိုင်ငံအစိုးရမှ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနတို့က အဓိကအကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်သည်။

ကုန်သွယ်မှု ဖွံ့ဖြိုးတိုးတက်ရေးအစီအစဉ် (Trade Development Programme-TDP)တွင် ကုန်သွယ်မှု မူဝါဒနှင့် ပုဂ္ဂလိကကဏ္ဍဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာကဏ္ဍ၊ ကုန်သွယ်မှု လွယ်ကူလျင်မြန် ချောမွေ့စေရေးနှင့် အကောက်ခွန်ဆိုင်ရာ ကဏ္ဍ၊ အစားအသောက် ဘေးကင်းလုံခြုံမှုနှင့် အပင်၊ လူ၊ တိရစ္ဆာန်တို့အတွက် ပိုးမွှားကင်းစင် ကျန်းမာသန့်ရှင်းမှုဆိုင်ရာ ကဏ္ဍနှင့် အမျိုးသားအဆင့် အရည်အသွေးဆိုင်ရာ အခြေခံအဆောက်အအုံများ ဖွံ့ဖြိုးတိုးတက်ရေး ကဏ္ဍဟူသည့် အဓိက ကဏ္ဍခွဲလေးရပ် ပါဝင်ပြီး ယခုကျင်းပသည့် အလုပ်ရုံဆွေးနွေးပွဲသည် ယင်းအစီအစဉ်၏ အစိတ်အပိုင်း တစ်ရပ်အနေဖြင့် အကောင်အထည်ဖော် ဆောင်ရွက်မည့် ပထမဆုံးအကြိမ် ကျင်းပသည့် အလုပ်ရုံဆွေးနွေးပွဲဖြစ်ပြီး လုပ်ငန်းစဉ်များအလိုက် ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်သည်။

ယင်း TDP အစီအစဉ်နှင့် ပတ်သက်ပြီး GIZ ၏ နည်းပညာအဖွဲ့ခေါင်းဆောင် Mr. Frits Hendrik က “အစီအစဉ်ကို ၂၀၁၅ ခုနှစ် ဇန်နဝါရီလကတည်းက စပြီး အကောင်အထည်ဖော်ဖို့ လုပ်ခဲ့ပေမယ့် နည်းပညာပိုင်းအရ အချက်အလက်စုဆောင်းတာတွေ ပြင်ဆင်တာတွေလုပ်နေရတော့ မတ်လပိုင်းမှာပဲ စပြီးလုပ်နိုင်ခဲ့တယ်။ ပထမအဆင့်အနေနဲ့ အစိုးရဝန်ကြီးဌာနမှာရှိတဲ့ ဝန်ထမ်းတွေကိုပဲ စွမ်းရည်မြှင့်တင်မှုသင်တန်းတွေ ပို့ချပါမယ်။ နောက်ပြီး ဒီလို အစိုးရဝန်ကြီးဌာနဝန်ထမ်းတွေအပြင် တောင်သူလယ်သမားတွေ၊ ကုန်စည်အဝယ်ဒိုင်တွေ၊ ကုန်စည် တင်ပို့သူတွေပါ ဒီ Food Safety နဲ့ ပတ်သက်ပြီး သိသင့်သိထိုက်တာတွေကို ပို့ချပေးသွားမှာဖြစ်ပါတယ်”ဟု ပြောကြားသည်။

**သတင်း-ဇင်ဦး(မြန်မာ့အလင်း)၊**
**ဓာတ်ပုံ-သီဟစည်သူ**



*မန္တလေးအကြောင်းပြောကြပြီဆိုလျှင် စာရေးဆရာ ဆူးငှက်၏ ''မန္တလေးမျဉ်းဖြောင့်များ''အကြောင်းက အခြားသော မန္တလေးသား စာရေးဆရာ၊ စာရေးဆရာမကြီးများ၏ စာအုပ်များနည်းတူ မပါမဖြစ်ပြောဆိုခဲ့ကြရသည်။ အဘယ့်ကြောင့်ဆိုသော် သမိုင်းအစဉ်အလာကြီးမားသော မန္တလေးမြို့၏ပုံရိပ်များကို အပြောင်းအလဲမြန်သည့် နှစ်ကာလများတွင် မျက်ခြည်မပြတ် ရသဟန်ဖြင့် မှတ်တမ်းတင်ခဲ့သောကြောင့်ဖြစ်သည်။ အတိတ်နှင့်ပစ္စုပ္ပန်ကို ဆက်စပ်သုံးသပ်ပြသည့် ရေးဟန်ဖြစ်သည်။ ''မန္တလေးမျဉ်းဖြောင့်များ''ကို မြန်မာ့နေစီးပွားရေးမဂ္ဂဇင်းတွင် ၁၉၉၆ ခုနှစ် မေလထုတ်မှစတင်၍ လစဉ်မပြတ်ရေးသားခဲ့သည်ဟု မှတ်မိနေသည်။ ၂၀၁၁ ခုနှစ်ဝန်းကျင် မြန်မာ့နေမဂ္ဂဇင်း မရပ်နားမီအထိ ရေးသားခဲ့ပုံရသည်။ အပြောင်းအလဲမြန်လွန်းသည့် ၁၉၉၀ ပြည့်လွန်ကာလများ(ဝါ) ၂၁ ရာစု ကြိုကာလများက မန္တလေးပုံရိပ်များသည်ပင် အခုတော့ သမိုင်းဖြစ်သွားပြန်ပါပြီ။ အဆိုပါ ကဏ္ဍမှ ကနဦးဆောင်းပါးများကို ၂၀၀၀ ပြည့်နှစ်က မန္တလေးစာအုပ်တိုက် အစီအစဉ်ဖြင့် ဆောင်းပါး ၁၄ ပုဒ်ကိုစုစည်းကာ 'မန္တလေးမျဉ်းဖြောင့်များ' အမည်ဖြင့် စာအုပ်ထုတ်ဝေခဲ့ဖူးသည်။ အဆိုပါ စာအုပ်ကိုပင် ၂၀၀၃ ခုနှစ်တွင် 'The Straight Lines of Mandalay' အမည်ဖြင့် ဆရာရေချမ်း(မန္တလေး) က အင်္ဂလိပ်ဘာသာသို့ ပြန်ဆို၍ ဥတ္တရလွင်ပြင် စာအုပ်တိုက်က ထုတ်ဝေဖူးသည်။ ယခုတစ်ဖန် သမိုင်းဖြစ်သွားပြန်လေသော 'မန္တလေးမျဉ်းဖြောင့်များ'ကို မြန်မာ့အလင်းက ပြန်လည်ဖော်ပြအပ်ပါသည်။ လတ်တလော နှစ် ၂၀ အတွင်း မန္တလေးသည် ဘာတွေအမြတ်ရ၍ ဘာတွေဆုံးရှုံးသွားလေပြီနည်း၊ ဘာတွေသင်ခန်းစာယူ၍ ဘာတွေဆင်ခြင်ရမည်နည်း၊ သခ်ါရပုဖြစ်စေ၊ ပြောင်းလဲခြင်းတရားဟုဖြစ်စေ၊ သုံးသပ်ရုံဖြင့် လုံလောက်မှုမရှိတော့တာက သေချာပါပြီ။ ထို့ကြောင့် ရှားပါးစာအုပ်ဖြစ်နေသော မူလ'မန္တလေးမျဉ်းဖြောင့်များ'ကို သမိုင်းအဖြစ် ပြန်လည်ဆင်ခြင်နိုင်ရန် မပြုမပြင် မတည်းမဖြတ် ပြန်လည်ဖော်ပြအပ်ပါကြောင်း။*

# ပန်းတော်ဆက် သိပ်ပွံလမ်း

ဆူးငှက်



**''ရှေ့ယံငယ်ပတ်ဝန်း၊ မြရောင်ရွှန်း၊ သီလာမြိုင်ဖြူး၊ တောင်မှူးရေတံခွန် သာဖွယ်လွန်သည့် စိမ်းလဲ့မောင်း နန္ဒာကြည်ရှင်း ကန်မင်းအောင်ပင်လယ်မှာ ကြာမျိုး ငါးသွယ် လှိုင်ကြွယ်မွှေးပျံ့ လှောင်းပါလို့လေး''**

မန္တလေးမြို့ဘွဲ့ တျာချင်းတစ်ပုဒ်က ရင်ထဲစူးဝင်လာသည်။ အုပ်ဆိုင်းနေသည့် ကုက္ကိုပင်အရိပ်ကြီးများက လမ်းမပေါ်လှဲအိပ်နေကြ၏။ စံပယ်ပန်းအနံ့လေးတွေ သင်းခနဲမွှေးမြနေသည်။ လယ်ကွင်းတွေဆီက တိုက်ခတ်လာသော လေထဲမှာပင် စံပယ်ရနံ့တို့ စွန်းထင်းသွားသေးသည်။ ဟိုတောင်ဘက်အနား 'တဘကျ' စေတီသည် သူ၏ဆည်းလည်းလေးတွေကို လေးတွဲ့တွဲ့အသံပေးနေ၏။ ပြဒါးသုတ်၊ မှန်အလုံ ပိတ်ကားရောင်စုံလေးတွေ ဘယ်လိုပဲ အရှိန်ပြင်းပြင်း မောင်းလာပါစေ၊ ဟောသည်နေရာရောက်ရင်ဖြင့် ကားကလေးတွေကို ငြိမ့်ခနဲ့ ထိုးဆိုက်ကာတံခါးဖွင့် ဆင်းကြသည်။ ဘီယာမူးနေသော လူငယ်လေးတွေ ဘယ်လိုပင်ရီဝေရီဝေဖြစ်နေပါစေ၊ သည်နေရာရောက်လျှင် တစ်ယောက်ယောက်က သတိဝင်ကာ ကားပေါ်က ဆင်းသည်။ ကားမှန်တံခါးအဖွင့်၊ သို့တည်းမဟုတ် ကားတံခါးအပွင့်မှာတော့ စံပယ်ပန်းသည်လေးတွေက စံပယ်ကုံးဖြူလွလွလေးတွေကို ကားခေါင်းထဲက နောက်ကြည့်မှန်မှာ အလုအယက်ချိတ်ဆွဲကြ၏။ တစ်ကားလုံး အဲကွန်း ရေမွှေးနံ့ချိုအီအီပျောက်ကာ စံပယ်ရနံ့လေးတွေ သင်းထုံသွားတော့သည်။ ဟောသည် အခြေအနေလေးကတော့ဖြင့် ပန်းသည်မလေးတွေ အလုအယက်မရောင်းကြ၊ မငြင်းခုံကြလျှင် အကောင်းဆုံး၊ အလှဆုံးအနေအထားလေး ဖြစ်ပါသည်။

အခုတော့ သူတို့ငြင်းခုံ အော်ဟစ်နေကြတာက စိတ်အနှောင့်အယှက်ဖြစ်ရကာ အလှလေးတွေ ပျက်သွားတော့၏။ သူ့စည်း၊ ကိုယ့်စည်း ပျက်ကုန်သည့်ကာလမှာ ဒီကိစ္စတွေက အသေးအမွှားပဲဖြစ်မှာပေ့ါ။

ပန်းသည်မလေးတစ်ဦးဆီက ပန်းသုံးကုံးကိုပဲ မျက်စိမှိတ်ရွေးချယ်ကာ ဤပန်းကုံးတွေကို ဖြုတ်ခိုင်းရတော့၏။ စံပယ်သုံးကုံး ငွေ ၁၀ ကျပ်တဲ့။ ထို့နောက် အောင်ပင်လယ်နတ်နန်းထဲ ပန်းဆက်ကန်တော့ခြင်းအလုပ်ကို ဤနေရာရောက်လျှင်ဖြင့် မမှိတ်မသုန်ပြုလုပ်ရပေ၏။ အန္တရာယ်ကင်းဘေးရှင်းပါစေ၊ သွားလမ်းလာလမ်း ဖြောင့်ဖြူးသာယာပါစေ။

အောင်ပင်လယ်နတ်စင်အနား ကုက္ကိုပင်ကြီးတစ်ပင်အောက် ဓာတ်ဆီဆိုင်လေးမှာထိုင်ရင်း သည်မြင်ကွင်းတွေကို နေ့စဉ်ရှုမြင်တွေ့နေရတာကြာပါပြီ၊ အရင်တုန်းကတော့ အခုလို ဓာတ်ဆီဆိုင်လေးတွေ မရှိဘူးပေ့ါ။ အရင်တုန်းကတော့ အခုလို ကားအသွားအလာမများဘူးပေ့ါ။ မေမန်းဘတ်စ်ကားကြီးတွေ. . .၊ အမ်၊အမ်၊တီ၊အေ ဂျစ်ကားတွေ၊ ပေါင်မုန့်ဘောက်စ်ဝက်ဂွန်း ကျောက်မဲကားတွေလောက်ပဲရှိမှာပေ့ါ။ အခုတော့ အခါကြီးရက်ကြီးတွေဆိုလျှင် ဟိုတောင်ပေါ်မြို့ကလေးက ရေတံခွန်ဆီ၊ ရုက္ခဗေဒဥယျာဉ်ဆီ အပျော်ခရီးသွားကြသည့် ကားတန်း၊ ဆိုင်ကယ်တန်းကြီးက ဟောသည် နတ်နန်းရှေ့မှာ အတောင့်လိုက် ပိတ်ဆို့နေတတ်သည်။

အောင်ပင်လယ်ကန်ပေါင်ရိုးမှာ အရင်ကနဲ့မတူ. . .၊ ထူးခြားစွာ ပြောင်းလဲနေတာတစ်ခုကတော့ သိပ်ပွံလမ်းဟုခေါ်တွင်သည့် လမ်းမကြီးတစ်ခုအသစ် ဦးတိုက်လာခြင်းဖြစ်ပါသည်။ ၁၉၉၀ ပြည့်နှစ်လောက်ကစ၍ မန္တလေးသားတွေ သိပ်ပွံလမ်းကိုမသိမဖြစ် သိလာကြရတော့၏။

“ဘုရားကြီးစာတိုက်ကွေ့နားက ကိုလှကိုတို့ အောင်ပင်လယ်ပြောင်းသွားကြပြီလေ. . .”

“ဟုတ်လား. . .၊ အောင်ပင်လယ်က ဘယ်နားတုံး”

“ဟို. . . ရှင်၊ သိပ်ပွံလမ်းအတိုင်း အရှေ့တည့်တည့်တက်ပါရောလား. . .၊ ထန်းကိုးပင်ကျောင်းကျော်ရင် ၅၈ လမ်းအတိုင်း တောင်ဘက်သွား”ဟူ၍ လည်းကောင်း. . .။

“အမယ်လေး. . . သူတို့အဖေက မြေကွက်တစ်ကွက်ရော တယ်လီဖုန်းရောရသတဲ့. . .”

“ဟုတ်လား၊ မြေကွက်က ဘယ်မှာရတာလဲ”

“သိပ်ပွံလမ်းမကြီးဘေးလေ. . . ဗွီအိုင်ပီအကွက်”

ဟူ၍ လည်းကောင်း။

ပြောင်းခြင်း၊ ရွှေ့ခြင်း၊ ရခြင်း၊ မရခြင်း၊ တိုးတက်ခြင်း၊ ဆုတ်ခွာခြင်း စသည့်စသည့် 'မန္တလေးသားစကား' တွေတိုင်းမှာ သိပ်ပွံလမ်းမပါလျှင်မဖြစ်. . .။ သိပ်ပွံလမ်းထန်းကိုးပင်နားမှာ. . . သိပ်ပွံလမ်းမြို့ပတ်ရထားလမ်းဘေးမှာ. . .။ သိပ်ပွံလမ်းအဝိုင်းကြီးက တောင်ဘက်. . .။ သိပ်ပွံလမ်းကုန်တိုက်ကြီး အနောက်ဘက် စသည်ဖြင့်. . . . . စသည်ဖြင့်။

တကယ်တော့ သိပ်ပွံလမ်းဟုဆိုသော လမ်းကျယ်ကြီးသည် အရင်က. . .။

သစ္စာဆောင်နောက်ကျော၊ သချ်ာဆောင် ဝါးကပ်တဲများမှာ ခက်ခဲနောက်ကျိဖွယ် ကဲကုလသချ်ာပုစ္ဆာများကို အဖြေထုတ်ပြီးနောက် စာသင်ချိန်ပြီးဆုံးသော အခါ မွန်းတည့် ၁၂ နာရီ ထိုးချေပြီ။ ပူပြင်းလှသော မန္တလေးနွေကြောင့် အိမ်သို့ချက်ချင်းမပြန်နိုင်သေး. .။ ရူပဗေဒဆောင်ရှေ့ တည်ပင်ရိပ်အောက်က မန်ကျည်းဖျော်ရည်တစ်ခွက် သောက်ချင်သောက်။ သို့တည်းမဟုတ် ရွှေပြည်အေးရှေ့ ကဲန်တင်းက မြီးရှည်စားချင်စား၊ ထမင်းသုတ်တစ်ပွဲ ဗိုက်ဖြည့်ချင်ဖြည့်၊ ပြီးနောက် ဦးပုညလမ်းကိုဖြတ်ကာ ကျောင်းဝင်းတောင်ဘက်ဆီ ထွက်ခဲ့ရသည် ချည်းဖြစ်သည်။ တစ်ခါတစ်ရံ မတ္တရာမြင့်မြင့်သန်း၊ မိုးကုတ်မာမာအေး၊ မုံရွာတင့်တင့်၊ ပျော်ဘွယ်မဖြူတို့နှင့်အတူ ဗောဓိကုန်း မြတ်မွန်ဆောင်ဘက်လိုက်ပြီး သူတို့ထမင်းဘူးတွေ မွှေနှောက်စားချင်စားမည်။ သို့တည်းမဟုတ် ပျဉ်းမနား ကိုမြင့်သိန်းကြီး၊ မိတ္ထီလာ ကိုခင်မောင်စောတို့ရှိရာ အောင်မင်္ဂလာအဆောင် သွားချင်သွားမည်။

သို့ပေမယ့် များသောအားဖြင့်တော့ ကျောင်းတောင်ဘက်ကိုပဲ ထွက်ဖြစ်ပါသည်။ များသောအားဖြင့် ကျောင်းတောင်ဘက်ထွက်ဖြစ်တိုင်း မိမိတစ်ကိုယ်တည်းဖြစ်၏။ တစ်ခါတစ်ရံ မြင်းစာရေးကြီး ကိုမြင့်အောင်ပါချင်ပါမည်။ ရသာတန်း ကိုအုန်းမြင့် ပါချင်ပါမည်။ အိမ်တော်ရာ ကိုဝင်းအောင်ပါချင်ပါမည်။ ပိုက်ကျိုးကျော်ရွှေ ပါချင်ပါမည်။ ဒေါင်းရိုးဟီးရားလား ပါချင်ပါမည်။ တစ်ခါတစ်ရံ 'သူ' ပါချင်ပါမည်။ 'သူ' ပါလျှင်တော့ ထီးကလေးတစ်ချောင်း ဆောင်းဖြစ်မှာပါ။ “နင်နဲ့ငါနဲ့ အခုလိုသွားတာ ဘေးကမြင်ရင် သမီးရည်းစားလို့ ထင်ကြမှာနော်”ဟု ပြောကာ သူသည် သူ့ရည်းစားအကြောင်း ပြောချင်ပြောမည်။ ယခု သူ ဝန်းသိုမှာနေသည်။

မည်သို့ဆိုစေ မိမိသွားဖြစ်သော ကျောင်းတောင်ဘက်ဆိုသည်မှာ ကျောင်းဝင်းနယ်နိမိတ်အစွန် ရေနီမြောင်းပေါင်လေးပဲ ဖြစ်ပါသည်။ မြောင်းကလေးကို ခနော်ခနဲ့သစ်သားတံတားလေးက ကျော်လိုက်တော့၊ လယ်ကွင်းတွေ တစ်မျှော်တစ်ခေါ်ကြီးရှိ၏။ ခပ်လှမ်းလှမ်းတောင်ဘက်နားမှာ တံခွန်လုံး အဖြူတစ်ခုတိုင်မြင့်မြင့်ထိပ်က တလူလူလွင့်နေတာ လှမ်းမြင်ရသည်။ ချမ်းမြသာစည်လေယာဉ်ကွင်းဖြစ်၏။ အသံဩဩ ဒါကိုတာလေယာဉ်ကြီးတွေ ဆင်းသက်သံနားဆူအောင်လည်း ကြားရတတ်ပါသည်။ မိမိကား ရေနီမြောင်း မြောင်းပေါင်ပေါ်က တမာပင်ရိပ်ကလေးမှာ ထိုင်သည်။ ပါလာသည့် နေကြာစေ့လှော်ထုပ်ကလေး ဝါးသည်။ ဟို. . . အဝေးလယ်ကွင်းတွေကိုဖြတ်ကာ ခပ်ဝါးဝါးမြင်ရသည့် ဗိုလ်ရရွာကလေးဆီ လှမ်းကြည့်သည်။

***(မန္တလေးမျဉ်းဖြောင့်များ အခန်းဆက်ဆောင်းပါးကို အပတ်စဉ် ဗုဒ္ဓဟူးနေ့တိုင်း ဖော်ပြပါမည်)***

# ရွေးကောက်ပွဲကာလအတွက် စဉ့်ကူး၌ အထူးရဲ ၁၀၃ ဦး စိစစ်ရွေးချယ်မည်

**စဉ့်ကူး ဇူလိုင် ၂၈**

၂၀၁၅ ခုနှစ် အထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေးအတွက် မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ လုံခြုံရေးအင်အား အပြည့်အဝရယူဆောင်ရွက်နိုင်ရန် မဲရုံများတွင် အထူးရဲ (Special Police) တပ်ဖွဲ့ဝင်များ ခန့်အပ်တာဝန်ပေးသွားမည် ဖြစ်ကြောင်း သိရသည်။

မန္တလေးတိုင်းဒေသကြီး စဉ့်ကူးမြို့နယ်တွင် မဲရုံပေါင်း ၁၀၃ ရုံရှိရာ မဲရုံတစ်ရုံလျှင် အထူးရဲတပ်ဖွဲ့ဝင် တစ်ဦးစီကို လုံခြုံရေးတာဝန်များ ပေးအပ်သွားမည်ဖြစ်သည်။ စဉ့်ကူးရဲစခန်းနယ်မြေတွင် အထူးရဲ ၃၁ ဦး၊ ထုံးကြီးရဲစခန်းနယ်မြေတွင် အထူးရဲ ၃၁ ဦးနှင့် လက်ပန်လှရဲစခန်းနယ်မြေတွင် အထူးရဲ ၄၁ ဦး စုစုပေါင်း အထူးရဲ ၁၀၃ ဦးတို့ကို စိစစ်ရွေးချယ်သွားမည်ဖြစ်သည်။ ကနဦး လျှောက်ထားသူ ၁၀၃ ဦးတို့အား ဇူလိုင် ၂၄ ရက်က မြို့နယ်ရဲတပ်ဖွဲ့မှူးရုံးတွင် အထူးရဲတပ်ဖွဲ့များခန့်ထားနိုင်ရေးအတွက် တစ်ဦးချင်းစာရင်းရေးသွင်း ပုံစံဖြည့်စွက်မှုလုပ်ငန်းများဆောင်ရွက်ခြင်း၊ အရပ်ပေတိုင်းခြင်း၊ ပေါင်ချိန်ခြင်းနှင့် ဆေးစစ်ခြင်း စသည့်လုပ်ငန်းများ ဆောင်ရွက်ကြသည်။

“အထူးရဲတပ်ဖွဲ့ဝင်တွေကို စက်တင်ဘာ ၁ ရက်မှ ၁၅ ရက်အထိ သင်တန်းပေးသွားမှာ ဖြစ်ပါတယ်။ သင်တန်းဆင်းပြီးတဲ့ အချိန်ကစပြီး သက်ဆိုင်ရာမဲရုံတွေအလိုက် အထူးရဲအဖြစ် တာဝန်ပေးအပ်သွားမှာ ဖြစ်ပါတယ်။ အထူးရဲအဖြစ် စက်တင်ဘာလမှ နိုဝင်ဘာလအထိ ခန့်အပ်တာဝန်ပေးသွားမှာ ဖြစ်ပါတယ်။ လိုအပ်ရင်တော့ တိုးမြှင့်သွားဖို့ရှိပါတယ်။ အထူးရဲတွေအတွက် သတ်မှတ်ထားတဲ့ ဝတ်စုံတွေကို မြန်မာနိုင်ငံရဲတပ်ဖွဲ့က ထုတ်ပေးသွားမှာ ဖြစ်ပါတယ်။ လစာငွေကတော့ ၁၂၀၀၀၀ နှုန်းနဲ့ တစ်ရက် ရိက္ခာငွေကျပ် ၁၀၀၀ နှုန်းခံစားခွင့်ပြုသွားမှာ ဖြစ်ပါတယ်”ဟု မြို့နယ်စိစစ်ရွေးချယ်ရေးအဖွဲ့ဥက္ကဋ္ဌ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးဘချစ်က ပြောပြသည်။

**ဝင်းမောင်**

# မြန်မာ-တရုတ်နယ်စပ် ရွှေလီကမ်းခြေ၌ ရေလွှဲရေကာတည်ဆောက်မှုကြောင့် ပြည်သူများဝမ်းမြောက်

သတင်းဆောင်းပါး-ဉာဏ်မင်း(နမ့်ခမ်း)
ဓာတ်ပုံ-မြိုး



ရှမ်းပြည်နယ် (မြောက်ပိုင်း) မူဆယ်ခရိုင် နမ့်ခမ်းမြို့နယ် ရွှေလီမြစ် တစ်ဖက်ကမ်း မြန်မာ-တရုတ်နယ်စပ် အမှတ်(၅၈) နယ်ကြားမှတ်တိုင် အနီး၌ရှိသော နောင်ခမ်းကျေးရွာသည် လွန်ခဲ့သော နှစ်ပေါင်း(၂၅)နှစ်ကျော်ကတည်းက မိုးရာသီကာလများတွင် နှစ်စဉ်ရေတိုက်စားမှုကြောင့် ပေ ၃၀၀ ခန့် ကမ်းပြိုကျဆုံးရှုံးခဲ့ရသည်။ ကျေးရွာရှိ ပြည်သူများက နေအိမ်များဖျက်၍ ကုန်းတွင်းပိုင်းသို့ ရွှေ့ပြောင်းနေထိုင်ခဲ့ကြသည်။ ပညာရေးဝန်ကြီးဌာန ခွင့်ပြုငွေနှင့် ကျေးရွာပြည်သူ ထည့်ဝင်ငွေဖြင့် တည်ဆောက်ထားသော ကျောင်းသား ကျောင်းသူများ ပညာသင်ကြားရာ အခြေခံပညာမူလတန်းကျောင်းကိုလည်း ရွာ၏အရှေ့ဘက်ယာမြေအတွင်း ပြောင်းရွှေ့ကာ အသစ်ပြန်လည်ဆောက်လုပ်ဖွင့်လှစ်ခဲ့သည်။ လယ်ယာမြေများလည်း ကမ်းပြိုကျမှုကြောင့် ဆုံးရှုံးမှုများရှိခဲ့သည်။

ယခုကဲ့သို့ နှစ်စဉ် ကမ်းပြိုကျမှုကြောင့် ရွာသူရွာသားများ၏ နေထိုင်ရေးနှင့် ဘဝရပ်တည်ရေးကို ထိခိုက်လာကာ စိတ်မချမ်းမြေ့ဖြစ်ခဲ့ကြရသည်။ ဤသို့ဖြစ်ရာ ဒေသအုပ်ချုပ်ရေးမှ တာဝန်ရှိသူများ၊ ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ တာဝန်ရှိသူများ ကွင်းဆင်းကြည့်ရှုစစ်ဆေး၍ ရှမ်းပြည်နယ် အစိုးရထံ အဆင့်ဆင့် တင်ပြခဲ့ပြီး ပြည်နယ်အစိုးရက ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်တွင် ခွင့်ပြုငွေကျပ် သိန်းပေါင်း ၃၆၁၂ သိန်းဖြင့် ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၁၅ ခုနှစ် ဖေဖော်ဝါရီ ၁၈ရက်မှစတင်၍ နောင်ခမ်းကျေးရွာ ရွှေလီမြစ်ကမ်းခြေ ကမ်းပြိုသော နေရာများတွင် အရှည်ပေ ၁၅၀ ရှိ ကျောက်ဖြည့်သံဆန်ခါ အခြေပြုရေလွှဲရေကာကို စတင်အကောင်အထည်ဖော်တည်ဆောက်ခဲ့သည်။ ယခုအခါ ရေလွှဲရေကာ ခြောက်ခုကို တည်ဆောက်ပြီးစီးသဖြင့် ကမ်းခြေတွင် မိုးရာသီရေစီးအားသန်သော်လည်း ရေတိုက်စားမှု မရှိတော့ဘဲ ကမ်းပြိုမှုဒဏ်ကို မခံကြရတော့ပေ။ ထို့အပြင် ကမ်းခြေအချို့တွင် မြေနုကျွန်းများပင် ပေါ်ထွန်း လာခဲ့သည်။ ဒေသပြည်သူများကလည်း ကမ်းနံဘေး၊ လယ်ယာမြေ တစ်လျှောက်တွင် စိုက်ပျိုးလုပ်ငန်းအတွက် စပါး၊ ပြောင်း၊ ကြံများကို စိတ်ချမ်းမြေ့စွာ စိုက်ပျိုးနိုင်ကြပြီဖြစ်သည်။ နမ့်ခမ်းမြို့နယ်အတွင်းရှိ ကုန်းဆာဟတ်ဟင် နောင်ချိန်ကျေးရွာများနှင့် မူဆယ်မြို့နယ် ရွှေလီမြစ်ကမ်းတစ်လျှောက် ကမ်းပြိုကျသော နေရာများကို ရေလွှဲရေကာတည်ဆောက်ရန် သက်ဆိုင်ရာကို တင်ပြထားပြီး ခွင့်ပြုချက်ရရှိပါက လုပ်ဆောင်သွားမည်ဖြစ်ကြောင်း ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနတာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

"လယ်ယာ လုပ်ကိုင်နေတဲ့ တောင်သူတွေက လယ်ကွက်ထဲက စွန့်ပစ်ရေတို့ လယ်ရေတို့ ဖောက်ထုတ်တဲ့အခါ ဒီရေလွှဲရေကာနားမှာ ဖောက်ထုတ်ရင် ထိခိုက်ပျက်စီးမှုတွေဖြစ်လာနိုင်တယ်။ ရေလွှဲရေကာရှိတဲ့အနားမှာ ငါးတွေ ခိုအောင်းတတ်တော ငါးရှာတဲ့သူတွေအနေနဲ့ ငါးမိုင်းခွဲပြီး ဖမ်းမယ်ဆိုရင် တုန်ခါမှုဖြစ်ပြီး ထိခိုက်ပျက်စီးမှုရှိလာနိုင်တယ်။ ပြည်သူတွေအနေနဲ့ ဒါတွေမလုပ်ကြဖို့ လိုတယ်ဗျ"ဟု မူဆယ်မြို့နယ် ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုး တိုးတက်ရေး ဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးအောင်ကျော်တင့်က ပြောကြားသည်။

ရှမ်းပြည်နယ်အစိုးရနှင့် ခရိုင်မြို့နယ်အဆင့်တာ ဝန်ရှိသူများ၏ ရေလွှဲရေကာ တည်ဆောက်ပေးမှုကြောင့် နမ့်ခမ်းမြို့နယ် ရွှေလီမြစ်တစ်ဖက်ကမ်း မြန်မာ-တရုတ်နယ်စပ်ရှိ နောင်ခမ်းကျေးရွာ ရွှေလီမြစ်ကမ်းခြေသည် ကမ်းပြို ကမ်း ပျက်မှုဒဏ်မှ လွတ်ကင်း၍ အေးချမ်းတည်ငြိမ်သောကျေးရွာအဖြစ် ပြည်သူအများ နေထိုင်နိုင်ကြကာ ဝမ်းမြောက်ဝမ်းသာရှိ နေကြပြီဖြစ်သည်။

ယခု တည်ဆောက်ပြီးစီးသော ရေလွှဲရေကာ အရှည်တည်တံ့စေရန် အားလုံးက ဝိုင်းဝန်းထိန်းသိမ်းစောင့်ရှောက်ရန် လိုအပ်ကြောင်း ရေးသားတင်ပြလိုက်သည်။

# မြဝတီ-သင်္ကန်းညီနောင်-ကော့ကရိတ် အာရှလမ်းမသစ်ကြီး ရာနှုန်းပြည့်ပြီးစီးပြီဖြစ်၍ မော်တော်ယာဉ်များ မောင်းနှင်ရန် ခွင့်ပြုလိုက်ပြီ

သတင်း-ခရမ်းစိုးမြင့်၊ ဓာတ်ပုံ-ရေချမ်းမြင့်



မြဝတီနှင့် ကော့ကရိတ်အကြား အာရှလမ်းမကြီးတစ်နေရာကို တွေ့ရစဉ်။

မြန်မာနိုင်ငံမှ အာရှနိုင်ငံများနှင့် ဆက်သွယ်သွားလာနိုင်သည့် လမ်းမကြီးများ ရှိသည့်အနက် အမှတ်- ၁ (AH.1) အာရှလမ်းမကြီးသည် ထိုင်း-မြန်မာနယ်စပ် မြဝတီမြို့မှစ၍ မြန်မာအိန္ဒိယနယ်စပ် တမူးမြို့အထိ ကီလိုမီတာ ၁၆၆၅ ရှိသည်။

ထိုအာရှလမ်းမကြီး၏ အစပိုင်းဖြစ်သော မြဝတီ-သင်္ကန်းညီနောင်-ကော့ကရိတ်အပိုင်းမှာ ယခုအခါ ရာနှုန်းပြည့် ပြီးစီးနေပြီ ဖြစ်သောကြောင့် ဖွင့်ပွဲမပြုလုပ်ရသေးသော်လည်း မော်တော်ယာဉ်များ မြဝတီအထိ ဖြတ်သန်းမောင်းနှင်ခွင့်ပြုလိုက်ပြီဖြစ်သည်ဟု ကြားသိရသဖြင့် ကျွန်တော်တို့အဖွဲ့နှင့်အတူ ကရင်ပြည်နယ် လမ်းဦးစီးဌာနမှ လက်ထောက်အင်ဂျင်နီယာတစ်ဦးတို့ ပါဝင်သောအဖွဲ့သည် ဇူလိုင် ၂၄ ရက်က ဘားအံမြို့မှ ကားတစ်စီးဖြင့် ကော့ကရိတ်မြို့ကို ဖြတ်သန်းပြီး အာရှလမ်းမကြီးအတိုင်း မြဝတီသို့ ဦးတည်မောင်းနှင် သွားရောက်ခဲ့သည်။

ယခင်က မြဝတီသို့သွားလိုလျှင် ကော့ကရိတ်က ထွက်ကတည်းက ဒေါနတောင်ကြီးကို ခက်ခဲစွာ ဖြတ်သန်းပြီးသွားရသဖြင့် တောင်ပြိုမှု၊ ရွှံ့မှကားပျက်မှုနှင့် ကြုံတွေ့လျှင် ကားလမ်းများပိတ်ပြီး ရွှေ့သွားမရတော့သဖြင့် တောင်ပေါ်တွင် ညအိပ်ရသည်သာများသည်။ ယခုအခါ ဒေါနတောင်ကြီးကို ရှောင်ကွင်းဖောက်လုပ်ထားသော အာရှလမ်းမကြီးသည် ကော့ကရိတ်မှ သင်္ကန်းညီနောင်အထိ ၁၇ မိုင် ၄ ဖာလုံသာရှိ၍ မူလတောင်ပေါ်လမ်းဟောင်း ၂၉ မိုင် ၃ ဖာလုံ ထက်စာလျှင် ၁၁ မိုင် ၇ ဖာလုံ သွားရသက်သာသွားသည့်အပြင် တောင်ပေါ်လမ်းမဟုတ်၍ အန္တရာယ်ကင်း ဘေးရှင်းစွာဖြင့် မောင်းနှင်သွားလာနိုင်နေပြီဖြစ်သည်။

အာရှလမ်းမကြီးဖြစ်ပေါ်လာပုံ အကျဉ်းချုပ်မှာ ထိုင်းနိုင်ငံဝန်ကြီးချုပ် ၂၀၀၀ ပြည့်နှစ် နိုဝင်ဘာလတွင် အိန္ဒိယသို့ သွားရောက်လည်ပတ်သော ခရီးစဉ်တွင် အိန္ဒိယဝန်ကြီးချုပ်နှင့် ဆွေးနွေးရာမှ ထိုင်း-မြန်မာ-အိန္ဒိယ လျင်မြန်စွာ ချိတ်ဆက်သွားလာနိုင်ရန် အဓိကဖြစ်သည့် မြဝတီ-သင်္ကန်းညီနောင်-ကော့ကရိတ် ကားလမ်းဖောက်လုပ်ရန် ဖြစ်ပေါ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

အဆိုပါ လမ်းမကြီး အမှတ်(၁) (AH.1) ၏ အစိတ်အပိုင်းတစ်ခုဖြစ်သော မြဝတီ-သင်္ကန်းညီနောင်-ကော့ကရိတ် လမ်းပိုင်းမှာ နိုင်လွန်ကတ္တရာ (AC)လမ်းမကြီးအဖြစ် ဖောက်လုပ်ပြီးစီးခဲ့ပြီး ဆက်လက်၍ ကော့ကရိတ်-ဂျိုင်း-အိန္ဒူကို (အာရှဘဏ်) ချေးငွေဖြင့် ဖောက်လုပ်သွားရန်အတွက် တာဝန်ရှိသူများက စီစဉ်လျက်ရှိရာ ယခုအခါ လမ်းမကြီးတစ်လျှောက်ရှိ မလွတ်ကင်းသည့် လယ်ယာနှင့် ဥယျာဉ်ခြံမြေအိမ်ရာများအတွက် လျော်ကြေးငွေပေးရန် ဆွေးနွေးနေကြောင်း ကြားသိခဲ့ရသည်။

ကျွန်တော်တို့အဖွဲ့သည် ယင်းနေ့က ကော့ကရိတ်မှ ချောင်းတောင်၊ ကော့နွဲ့၊ ရွာသစ်ကုန်း၊ တတန်ကူးရွာနားအထိသွားခဲ့ပြီး မြဝတီမှ ပြန်လာသော ကားလေးများနှင့် ကုန်တင်ယာဉ်မောင်းများကို မေတ္တာရပ်ခံရပ်တန့်မေးမြန်းကြည့်ရာ ကော့ကရိတ်နှင့် မြဝတီဆက်သွယ်ဖောက်လုပ်ထားသော အာရှလမ်းမကြီးတစ်လျှောက် သွားလမ်းသာလျက် ပြန်လမ်းဖြောင့်လျက်ရှိကြောင်း ကြားသိခဲ့ရသည်။

# အခြေခံကွန်ပျူတာ သင်တန်းဖွင့်

**လေရှီး ဇူလိုင် ၂၈**

စစ်ကိုင်းတိုင်းဒေသကြီး နာဂကိုယ်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ လေရှီးမြို့နယ် မိုပိုင်းလွတ်မြို့နယ်ခွဲတွင် ပထမအကြိမ် ကွန်ပျူတာသင်တန်းဖွင့်ပွဲကို ဇူလိုင် ၂၀ ရက်နံနက်က မိုပိုင်းလွတ်အထွေထွေအုပ်ချုပ်ရေးခန်းမ၌ ကျင်းပခဲ့ကြောင်း သိရသည်။

အခမ်းအနားတွင် မိုပိုင်းလွတ်မြို့နယ်ခွဲအုပ်ချုပ်ရေးမှူး ဦးဝင်းနိုင်မြင့်က အမှာစကားပြောကြားပြီး သင်တန်းမှူးက သင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်များ ရှင်းလင်းပြောကြားကာ ဒေသခံတစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့သည်။ သင်တန်းမှာပညာဒါန အခမဲ့ဖြစ်ပြီး မြောက်ပိုင်းကူကီးနှစ်ခြင်းနယ်အဖွဲ့ကကြီးမှူး၍ ဖွင့်လှစ်ပေးခြင်းဖြစ်သည်။ သင်တန်းကာလမှာ ဇူလိုင် ၂၀ ရက်မှ ဩဂုတ် ၁၀ ရက်အထိ သင်ကြားမည်ဖြစ်ပြီး သင်တန်းသား သင်တန်းသူ ၃၂ ဦး တက်ရောက်ကြကြောင်း သိရသည်။

**လင်းလင်း(ပြန်/ဆက်)**

# ကျောင်းပြင်ပမူလတန်းပညာရေးလုပ်ငန်းဖွင့်

**သံတွဲ ဇူလိုင် ၂၈**

၂၀၁၅-၂၀၁၆ ပညာသင်နှစ် သံတွဲမြို့နယ် ကျောင်းပြင်ပမူလတန်းပညာရေးလုပ်ငန်း (Nonformal Primary Education) ဖွင့်ပွဲအခမ်းအနားကို ဇူလိုင် ၂၅ ရက် နံနက် ၁၁ နာရီက သံတွဲမြို့ အထက(၁)ဒွါရာရွှေပြည်ခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ သံတွဲခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ခရိုင်အုပ်ချုပ်ရေးမှူး ဦးမျိုးဦးက အမှာစကားပြောကြားပြီး ခရိုင်ပညာရေးမှူးဦးအောင်သန်းမြင့်က ကျောင်းပြင်ပမူလတန်းပညာရေးနှင့်ပတ်သက်၍ ပြောကြားကာ သံတွဲမြို့နယ်ပညာရေးမှူး ဦးစန်းမြင့်က သင်တန်းကိစ္စဆောင်ရွက်ထားရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ မြို့နယ်အုပ်ချုပ်ရေးမှူးကိုယ်စား ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးဟန်ဇော်မြင့်က အခြေစိုက်စခန်းကြီးကြပ်မှုကော်တတီဥက္ကဋ္ဌများအား တာဝန်ပေးအပ်လွှာများပေးအပ်ပြီး မြန်မာနိုင်ငံစာတတ်မြောက်ရေးအထောက်အကူပြုပြင်မဌာန ကျောင်းပြင်ပမူလတန်းပညာရေးဗဟိုညှိနှိုင်းရေးမှူး ဦးအေးကြိုင်က ၂၀၁၄-၂၀၁၅ ပညာသင်နှစ် စွမ်းဆောင်ရည်အကောင်းဆုံးဆုရရှိသည့် အလကလင်းသာအခြေစိုက်စခန်းမှ ဆရာမ ဒေါ်ခင်အေးအား စွမ်းဆောင်ရည်အကောင်းဆုံးဆု ချီးမြှင့်ပေးသည်။

ဆက်လက်၍ ခရိုင်အုပ်ချုပ်ရေးမှူး ဦးမျိုးဦးက ၂၀၁၄-၂၀၁၅ ပညာသင်နှစ် စံထားစစ်ဆေးလွှာစာမေးပွဲတွင် ပြည်နယ်အဆင့် တတိယဆုရရှိသည့် ဒွါရာဝတီ စခန်းမှ မယုယုဝေအောင်အား ဂုဏ်ပြုဆုများချီးမြှင့်ပေးပြီး ဒုတိယအဆင့် စံထားစစ်ဆေးလွှာစာမေးပွဲတွင် မြို့နယ်အဆင့် ပထမ၊ ဒုတိယ၊ တတိယဆုရရှိသူများကို ကျောင်းပြင်ပပညာရေး ပြည်နယ်အဆင့်ကြီးကြပ်ရေးမှူး ဒေါ်ခင်ရီနှင့်တာဝန်ရှိသူများက ဆုများချီးမြှင့်ပေးကြသည်။

**သန့်ဇင်(ပြန်/ဆက်)**

# စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ရေကြီးမှုဖြစ်ပွားသည့်ဒေသများ၏ အစွန်အဖျားနေရာများအထိ သွားရောက်လှူဒါန်းမည်

**မုံရွာ ဇူလိုင် ၂၈**

မိုးသည်းထန်၍ ရေကြီးရေလျှံမှု ကြုံတွေ့နေရသည့် စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ ကောလင်းနှင့် ကန့်ဘလူဒေသများမှ ပြည်သူများအတွက် မုံရွာမြို့ သလ္လာရပ်အခြေစိုက် ငြိမ်းချမ်းရေးလူမှုကူညီရေးနှင့် သွေးလှူရှင်အသင်းက အလှူငွေများနှင့် ထောက်ပံ့ရေးပစ္စည်းများကို သွားရောက်လှူဒါန်းရန် ဇူလိုင် ၂၅ ရက်က ထွက်ခွာခဲ့ကြောင်းနှင့် ရေကြီးမှုဖြစ်ပွားသည့်ဒေသများ၏ နယ်စွန်နယ်ဖျားနေရာများအထိရောက်အောင် သွား၍လှူဒါန်းကြမည်ဖြစ်ကြောင်း သိရသည်။

"နယ်အစွန်အဖျားက ထောက်ပံ့မှုမရောက်သေးတဲ့ ဒေသတွေအထိ သွားပြီးလက်ရောက်လှူကြဖို့ စီစဉ်ထားတာပါ။ ရေကထပ်တိုးပြီး မိုးကအဆက်မပြတ် ရွာနေတာဆိုတော့ ရေကြီးလို့ အိမ်ပါသွားတဲ့ မိသားစုတွေ ဘယ်လောက်ဒုက္ခရောက်နေမလဲဆိုတာ တွေးမိလေလေ အရောက်သွားလှူဖို့ စိတ်ကထက်သန်လေဖြစ်မိပါတယ်"ဟု အဆိုပါ လူမှုကူညီရေးအသင်းမှ အဖွဲ့ဝင် ကိုစိုးတင့်က ပြောသည်။

ကားကြီးနှစ်စီးနှင့်အတူ ဆန်၊ ခေါက်ဆွဲခြောက်၊ အဝတ်အထည်၊ ဆေးဝါးပစ္စည်းများ၊ အလှူငွေများကို ငြိမ်းချမ်းရေးလူမှုကူညီရေးအသင်းအဖွဲ့ဝင် ၅၀ ကျော်လိုက်ပါပြီး ရေကြီးရေလျှံမှုဖြစ်ပွားသောဒေသများ၏ အစွန်အဖျားနေရာများသို့ ရောက်နိုင်သလောက်သွားကာ ကိုယ်ထိလက်ရောက် လှူဒါန်းကြမည်ဖြစ်ကြောင်း ကိုစိုးတင့်ထံမှ သိရသည်။ အဖွဲ့ဝင် ၅၀ ကျော်အနေဖြင့် လိုအပ်လျှင် သွေးလှူဒါန်းသွားမည်ဖြစ်သလို တတ်နိုင်ပါက ကျန်းမာရေးစောင့်ရှောက်မှုများကိုပါ ဆောင်ရွက်ပေးရန် ရည်ရွယ်ထားကြောင်း သိရသည်။

ငြိမ်းချမ်းရေးလူမှုကူညီရေးအသင်းအပြင် မုံရွာမြို့မှ အခြားလူမှုကူညီရေးအသင်းအဖွဲ့များကလည်း ရေဘေးသင့်ဒေသများသို့ အကူအညီပေးရန် ပြင်ဆင်လျက်ရှိသည်။ ထို့အပြင် မုံရွာမြို့နယ် သဘင်အစည်းအရုံးဝင် ဇာတ်သဘင်၊ ဂီတ၊ အငြိမ့်၊ ဆိုင်း၊ လူရွှင်တော်နှင့် မင်းသားမင်းသမီးသုံးဆယ်ကျော် ပါဝင်သောအဖွဲ့ကလည်း ရေဘေးသင့်ဒေသများသို့ ကူညီရန်အတွက် မုံရွာမြို့ရှိ လူစည်ကားရာနေရာများ၌ ဇူလိုင် ၂၃ ရက်မှစ၍ အလှူခံလှည့်လည်လျက်ရှိသည်ကို တွေ့ရသည်။

**မျိုးဝင်းထွန်း(မုံရွာ)**

# ၂၀၁၅ ခုနှစ် မြန်မာပြည်တွင်း ပတ်လည်ဂေါက်သီးရိုက်ပြိုင်ပွဲ စတုတ္ထပွဲစဉ်(မန္တလေး)၏ စတုတ္ထနေ့ ၁၈ ကျင်းပြိုင်ပွဲနှင့် ဆုချီးမြှင့်ပွဲကျင်းပ

**မန္တလေး ဇူလိုင် ၂၈**

၂၀၁၅ ခုနှစ် စတုတ္ထပွဲစဉ် (မန္တလေး)၏ စတုတ္ထနေ့ ၁၈ ကျင်းပြိုင်ပွဲကို ဇူလိုင် ၂၆ ရက် နံနက်ပိုင်းက မန္တလေးမြို့ရှိ ရေတံခွန်တောင် ဂေါက်ကွင်း၌ ဆက်လက်ကျင်းပသည်။

စတုတ္ထနေ့ ၁၈ ကျင်းအပြီး၌ ဆုချီးမြှင့်ပွဲကျင်းပရာ မြန်မာနိုင်ငံဂေါက်သီးအဖွဲ့ချုပ် ဗဟိုအလုပ်မှုဆောင်နှင့် မြင့်မိသားစု ဒါရိုက်တာ ဦးကျော်ကျော်မြင့်က ကမ္ဘောဇဘဏ်လီမိတက်သို့ ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်ချီးမြှင့်ရာ ကမ္ဘောဇဘဏ်လီမိတက် အထွေထွေမန်နေဂျာ ဦးသက်ကိုကိုမျိုးက လက်ခံယူသည်။

ထို့နောက် အပျော်တမ်း အမျိုးသမီးနေ့အလိုက် အကောင်းဆုံး ရိုက်ချက်ဆုများကို မြန်မာနိုင်ငံဂေါက်သီးအဖွဲ့ချုပ် ဗဟိုအလုပ်မှုဆောင်နှင့် မင်္ဂလာမန္တလေးကိုယ်စား ဦးခင်ဇော်ကလည်းကောင်း၊ အပျော်တမ်းအဆင့် အမျိုးသားနေ့အလိုက် အကောင်းဆုံး ရိုက်ချက်ဆုများကို မြန်မာနိုင်ငံ ဂေါက်သီးအဖွဲ့ချုပ် ဗဟိုအလုပ်မှုဆောင် အထက်မြန်မာပြည် ဆပ်ကော်မတီဥက္ကဌနှင့် Shinening Star Co.,Ltd. ဥက္ကဌ ဦးတင်ကို၊ ပညာရှင်အဆင့်တို့၏ နေ့အလိုက် အကောင်းဆုံးရိုက်ချက်ဆုများကို မြန်မာနိုင်ငံဂေါက်သီးအဖွဲ့ချုပ် ဗဟိုအလုပ်မှုဆောင်နှင့် Themis Co.,Ltd. ဒါရိုက်တာ ဦးထွန်းထွန်းလင်းတို့က ချီးမြှင့်သည်။




ဆက်လက်ပြီး Lucky သောက်ရေသန့်ဥက္ကဌ ဦးမာလီက အပျော်တမ်းအဆင့် အမျိုးသမီးပြိုင်ပွဲ၌ တတိယဆုရ ခင်မာနွယ်၊ ဒုတိယဆုရ ယဉ်မေမျိုးတို့အား ဆုများချီးမြှင့်သည်။

ထို့နောက် မြန်မာနိုင်ငံဂေါက်သီးအဖွဲ့ချုပ် ဗဟိုအလုပ်မှုဆောင်နှင့် အထက်မြန်မာပြည် ဆပ်ကော်မတီဥက္ကဌ ဦးတင်ကိုက အပျော်တမ်းအဆင့် အမျိုးသားပြိုင်ပွဲ၌ တတိယဆုရ လှိုင်မင်းထက်၊ ဒုတိယဆုရ သီဟအေးတို့အား ဆုများချီးမြှင့်သည်။

ယင်းနောက် ဦးအောင်ဝင်းခိုင် မြန်မာဆင် ဘီလပ်မြေကိုယ်စား ဦးခင်ဇော်က Professional အဆင့်ပြိုင်ပွဲတွင် တတိယဆုရ ဇော်ဇင်ဝင်း (HAN Golf Academy)၊ ဒုတိယဆုရ ဇော်ဇော်လတ်တို့အား ဆုများချီးမြှင့်သည်။ မြန်မာနိုင်ငံ ဂေါက်သီးအဖွဲ့ချုပ်ဥက္ကဌ ဦးကိုကိုအေးက အပျော်တမ်းအဆင့် အမျိုးသမီးပြိုင်ပွဲတွင် ပထမဆုရ မေဦးခိုင်ကို ဆုချီးမြှင့်သည်။

ဆက်လက်၍ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဗိုလ်ချုပ်ဇာနည်ဝင်းက အပျော်တမ်းအဆင့် အမျိုးသားပြိုင်ပွဲတွင် ပထမဆုရ မောင်မဲ၊ Professional အဆင့်ပြိုင်ပွဲတွင် ပထမဆုရ သိန်းဇော်မြင့်(Mizuno)တို့ကို ဆုများပေးအပ်ချီးမြှင့်၍ ကမ္ဘောဇ Gorup of Companies မှ မန်နေဂျင်းဒါရိုက်တာ ဦးထွန်းလင်းက ပထမဆုရ သိန်းဇော်မြင့်(Mizuno)အား ဆုကြေးငွေ ချက်လက်မှတ်ပေးအပ်ချီးမြှင့်သည်။

**(အပေါ်ဝဲပုံ) ဖိုးသော်ဇင်**




# ရိုးမဒေသထွက် ကြိမ်များရှားပါးလာခြင်းကြောင့် စီးပွားဖြစ်လုပ်ကိုင်သူများ အခက်တွေ့နေ

**ရေတာရှည် ဇူလိုင် ၂၈**

ပဲခူးရိုးမ၏ သစ်တောထွက်ကုန်တစ်ခုဖြစ်သည့် ကြိမ်ထည်များ ရှားပါးလာမှုကြောင့် စီးပွားဖြစ်ကြိမ်ထည်လုပ်ငန်း လုပ်ကိုင်နေသူများအနေဖြင့် အခက်တွေ့လာကြောင်း သိရသည်။

ပဲခူးရိုးမမှထွက်သော ကြိမ်များသည် ပရိဘောဂပစ္စည်းများအတွက် တန်ဖိုးရှိကုန်ကြမ်းတစ်ခုဖြစ်ပြီး ပြည်ပဈေးကွက်အထိ ထိုးဖောက်နိုင်ခဲ့သော်လည်း ယခုနောက်ပိုင်းတွင် မမြင်ရလောက်အောင်ပင် ရှားပါးသွားကာ အဆိုပါကြိမ်နှင့် ပက်သက်ပြီး စီးပွားရှာကြသူများမှာလည်း လုပ်ငန်းပြောင်း၍လုပ်ကိုင်နေကြသည်ကို တွေ့ရသည်။

"ကြိမ်ကတအားရှားသွားပြီ။ ကျွန်မတို့တောင် လုံးရမ်းအနောက် ကန္တဲ့ဘက် ထိတက်ပြီး ဒီကြိမ်ကိုသွားခုတ်ရတာ။ တစ်ခေါက်တက်ရင် ဆယ့်ငါးရက်လောက်ကြာတယ်"ဟု ရေတာရှည်မြို့အနောက်ဘက် ပေါက်ချောင်းကျေးရွာနေ ဒေသခံအမျိုးသမီးတစ်ဦးက ပြောပြသည်။ ခုတ်ယူရရှိသော ကြိမ်များကို နွှားနှင်တံအဖြစ်သာ ပြန်လည်ရောင်းချခြင်းဖြစ်ပြီး လယ်ဝေး၊ သာဝတ္ထိ၊ တပ်ကုန်း နွားပွဲဈေးများသို့ ဈေးပတ်လိုက်ကာ ကျပ်တစ်ထောင်ဖိုးလျှင် လေးချောင်းနှုန်းဖြင့် ရောင်းချရကြောင်း၊ အကယ်၍ ခုတ်ယူရရှိသော ကြိမ်များကို လက်မှုပညာမြောက်စွာ ထုတ်လုပ်ရောင်းချနိုင်ပါက ထို့ထက်မက ဝင်ငွေကောင်းမွန်နိုင်မည်ဖြစ်ကြောင်း သိရသည်။

ပဲခူးရိုးမသစ်တောကြီးသည် လူတို့အတွက် အဖိုးမဖြတ်နိုင်သော သဘာဝအရင်းအမြစ်များစွာ ထုတ်လုပ်ပေးနေသော်လည်း သစ်တောများကို အလွန်အကျွံခုတ်ယူမှုကြောင့် ပဲခူးရိုးမတောကြီးအနေဖြင့် ပျက်စီးခြင်းဆီသို့ ဦးတည်လျက်ရှိကာ ကာလရှည်ကြာလာသည်နှင့်အမျှ သစ်တောများပြုန်းတီးခြင်း၊ ဝါးတောများပြုန်းတီးခြင်းအပြင် တောတောင်များကို အမှီပြုနေသည့် တောရိုင်းတိရစ္ဆာန်များသည်လည်း ဂေဟစနစ်ပြောင်းလဲမှုကြောင့် မျိုးသုဉ်းခြင်းဆီသို့ ဦးတည်နေကြရပြီဖြစ်သည်။

**ကိုလွင်(ဆွာ)**

# လုပ်ငန်းခွင်အန္တရာယ်ကင်းရှင်းရေး ဟောပြောပွဲကျင်းပ

**မန္တလေး ဇူလိုင် ၂၈**

အလုပ်ရုံနှင့် အလုပ်သမားဥပဒေစစ်ဆေးရေးဦးစီးဌာနနှင့် Global Enchanting Safety & management training Center တို့ပူးပေါင်း၍ လုပ်ငန်းခွင်အန္တရာယ်ကင်းရှင်းရေးဟောပြောပွဲကို Know Safety Save Lives ခေါင်းစဉ်ဖြင့် မန္တလေးမြို့ ရတနာပုံဈေးရှိ MRCCI ခန်းမ၌ ဇူလိုင်၂၆ ရက်က ကျင်းပသည်။

ဟောပြောပွဲတွင် မန္တလေးတိုင်းဒေသကြီး မြန်မာနိုင်ငံအင်ဂျင်နီယာအသင်း ဥက္ကဌ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီဝင် ဦးထွန်းကြည်က အမှာစကားပြောကြားပြီး GESMTC မှ မန်နေးဂျင်းဒါရိုက်တာ ဒေါ်ခင်ဆွေဝင်းက ဟောပြောပွဲပြုလုပ်ရခြင်း ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။ ထို့နောက် အလုပ်ရုံနှင့်အလုပ်သမားဥပဒေ စစ်ဆေးရေးဦးစီးဌာန ရုံးချုပ်မှ ညွှန်ကြားရေးမှူး ဦးစိုးဝင်းစိန်က လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးအခြေခံသဘောတရားများအကြောင်း၊ Senior Trainner ဦးကျော်မိုးနိုင်က ဆောက်လုပ်ရေးလုပ်ငန်းခွင်များတွင် ဘေးအန္တရာယ်ကင်းရှင်းရေးအကြောင်း၊ အလုပ်ရုံနှင့်အလုပ်သမားဥပဒေစစ်ဆေးရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးမျိုးမြင့်နိုင်က မတော်တဆထိခိုက်မှု ဆန်းစစ်ချက်များအကြောင်းတို့ကို အသိပညာပေး ဟောပြောခဲ့ကြသည်။

ဟောပြောပွဲသို့ အလုပ်ရုံနှင့်အလုပ်သမားဥပဒေစစ်ဆေးရေးဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူး ဦးထိန်ဝင်းဦးနှင့် တာဝန်ရှိသူများ၊ ဝန်ထမ်းများ၊ မန္တလေးမြို့ပေါ်ရှိ ဆောက်လုပ်ရေးလုပ်ငန်းများ၊ စက်ရုံအလုပ်ရုံများမှ တာဝန်ခံများနှင့် အလုပ်သမားများ တက်ရောက်ခဲ့ကြသည်။ **တင်မောင်(မန်းကိုယ်ပွား)**

# လက်ကိုင်ဖုန်းခိုးယူမှု ၂၄ နာရီအတွင်းဖော်ထုတ်

**မန္တလေး ဇူလိုင် ၂၈**

မန္တလေးမြို့ မဟာအောင်မြေမြို့နယ် ၃၅ လမ်းနှင့် ၃၆ လမ်းကြား ၇၇ လမ်းပေါ်ရှိ Mr. Print ကြော်ငြာဆိုင်းဘုတ်ဝန်ဆောင်မှုလုပ်ငန်းမှ ဇူလိုင် ၂၅ ရက် နံနက် ၂ နာရီခန့်က ဝန်ထမ်းများအိပ်ပျော်နေစဉ် ၎င်းတို့၏လက်ကိုင်ဖုန်း စုစုပေါင်း ခုနစ်လုံးခိုးယူခြင်းခံခဲ့ရသည်။

မန္တလေးတိုင်းဒေသကြီး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များသည် ချမ်းအေးသာစံမြို့နယ် ၃၄ လမ်း၊ ၇၁ လမ်းနှင့် ၇၂ လမ်းကြား၌ ဟန်းဆက်များလိုက်လံရောင်းချနေသည့် ဟန်ထွန်း(ခ) ဖိုးသားငယ်နှင့် ပူတူးပိုင်တို့နှစ်ဦးအား တွေ့ရှိသဖြင့် စစ်ဆေးမေးမြန်းခဲ့ရာ Mr. Print ကြော်ငြာဆိုင်းဘုတ်ဝန်ဆောင်မှုလုပ်ငန်းမှ ဇူလိုင် ၂၅ ရက် နံနက် ၂ နာရီခန့်က ဟန်ထွန်း(ခ) ဖိုးသားငယ် ဝင်ရောက်ခိုးယူလာသည့် ဖုန်းများဖြစ်နေကြောင်း စစ်ဆေးပေါ်ပေါက်ခဲ့ရာ မသင်္ကာသူ ဟန်ထွန်း(ခ) ဖိုးသားငယ်(၁၈ နှစ်)နှင့် ဟိန်းထက်(ခ) ပူတူးပိုင်(၂၅ နှစ်) တို့နှစ်ဦးအား အမှုဖွင့်အရေးယူထားသည်။ **(ဝဲပုံ)**

ဟန်ထွန်း(ခ) ဖိုးသားငယ်ကို ထပ်မံစစ်ဆေးချက်အရ လွန်ခဲ့သော တစ်လကျော်ခန့်က မဟာအောင်မြေမြို့နယ် (၇၈×၇၉) လမ်းကြား၊ ၃၇ လမ်းပေါ်ရှိ လက်ဖက်ရည်ဆိုင် တစ်ဆိုင်အတွင်းမှ ဟန်းဆက်တစ်လုံးကို ခိုးယူခဲ့ပြီး ချမ်းအေးသာစံမြို့နယ် ဝေယံ(ခ) အောင်မျိုးလွင်ထံ၌ ငွေကျပ် ၂၀၀၀၀ ဖြင့် ပေါင်နှံခဲ့ကြောင်း၊ ၎င်းသည် ငြိမ်းချမ်းအောင်၊ အာကာထွန်းတို့နှင့်အတူ မဟာအောင်မြေမြို့နယ် (၇၇×၇၈) လမ်းကြား၊ (၃၆×၃၇ )လမ်းကြား ဇီးပင်ဘုန်းကြီးကျောင်းအတွင်း နှစ်ထပ်သားဆောင်အောက်မှ လွန်ခဲ့သောတစ်လကျော်ခန့်က ဟန်းဆက်တစ်လုံးကိုခိုးယူကာ ဝေယံ(ခ) အောင်မျိုးလွင်ထံ ငွေကျပ် ၇၅၀၀၀ ဖြင့် ထပ်မံရောင်းချကြောင်း စစ်ဆေးပေါ်ပေါက်ခဲ့သည်။

ထို့အပြင် လွန်ခဲ့သောနှစ်ပတ်ကျော်ခန့်က အဆိုပါ ဇီးပင်ဘုန်းကြီးကျောင်းအတွင်းရှိ နှစ်ထပ်သစ်သားဆောင် အောက်ထပ်မှ ဟန်းဆက်တစ်လုံးကို ငြိမ်းချမ်းအောင်(ခ) ကုလားနှင့် အာကာထွန်းတို့နှစ်ဦးသည် သန်းကြီးနှင့်အတူ ခိုးယူခဲ့ကြောင်း စစ်ဆေးပေါ်ပေါက်သဖြင့် ငြိမ်းချမ်းအောင် (ခ)ကုလား (၁၈ နှစ်)၊ အာကာထွန်း(၁၈ နှစ်)နှင့် သန်းကြီး တို့သုံးဦးအား မဟာအောင်မြေမြို့မရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။



**(ဝ၄ဝ)**



# ဂွန်စတုန်းကို ပေါင် ၂၆ သန်းအထိ ပေးခေါ်ဖို့ ချယ်လ်ဆီးကမ်းလှမ်း

နောက်တန်းကစားသမား လိုအပ်ချက်ဖြစ်လာမယ့် ချယ်လ်ဆီးအသင်းအတွက် နည်းပြမော်ရင်ဟိုအနေနဲ့ အဲဗာတန်နောက်တန်းလူ ဂွန်စတုန်းကို အရခေါ်ဖို့ ကြိုးစားနေပါတယ်။ နည်းပြမော်ရင်ဟိုက ဂွန်စတုန်းကိုရဖို့ ပေါင် ၂၆ သန်းအထိပေးပြီး ကမ်းလှမ်းလိုက်ပြီဖြစ်ပါတယ်။ ဒီပြောင်းရွှေ့ကြေးဟာ ချယ်လ်ဆီးအသင်းရဲ့ နောက်တန်းကစားသမားတွေထဲမှာတော့ ကြေးအမြင့်ဆုံးဖြစ်ပါတယ်။ ချယ်လ်ဆီးအသင်းအနေနဲ့ ကွန်မြူနတီဒိုင်းလုပွဲမတိုင်မီ ဂွန်စတုန်းကို အရခေါ်ယူသွားဖို့ မျှော်လင့်ထားတယ်လို့ ဆိုပါတယ်။ ချယ်လ်ဆီးအသင်းရဲ့ ဈေးပိုပေးလိုမှုကို စောင့်နေတဲ့ အဲဗာတန်ကတော့ ဂွန်စတုန်းကို မရောင်းဘူးလို့တော့ ပြောဆိုနေဆဲပါ။ ကစားဖော် ဂယ်ရီကာဟေးလ်ကတော့ အသက် ၂၁ နှစ်အရွယ် ဂွန်စတုန်းကို ပရီမီယာလိဂ်ချန်ပီယံကလပ်သို့ ပြောင်းရွှေ့သင့်တယ်လို့ တိုက်တွန်းထားပါတယ်။ ချယ်လ်ဆီးကလည်း ပေါင် ၂၆ သန်းနဲ့ စာချုပ်နိုင်ဖို့မျှော်လင့်ထားတယ်လို့ ဆိုပါတယ်။ ဂွန်စတုန်းအနေနဲ့ စာချုပ်နိုင်ခဲ့မယ်ဆိုရင် ချယ်လ်ဆီးအသင်းနဲ့အတူ နှစ်ပေါင်း များစွာကစားခဲ့တဲ့ ဂွန်တယ်ရီနေရာမှာ ကစားရမှာဖြစ်ပါတယ်။



# ဗန်ဟားလ်နဲ့ ပြန်ပေါင်းထုပ်တဲ့ ရိုမီယို

မန်ယူရဲ့ အရန်ဂိုးသမား ဗစ်တာဗယ်ဒက်စ်နေရာမှာ အစားထိုးဖို့အတွက် နည်းပြဗန်ဟားလ်က ဆမ့်ဒိုးရီးယားဂိုးသမား ဆာဂျီယိုရိုမီယိုကို သုံးနှစ်စာချုပ်နဲ့ ခေါ်ယူလိုက်ပါပြီ။ နည်းပြဗန်ဟားလ်အနေနဲ့ နံပါတ်တစ်ဂိုးသမား ဒီဂီယာ ထွက်ခွာနိုင်တဲ့ အနေအထားကြောင့်တစ်ကြောင်း၊ ဗစ်တာဗယ်ဒက်စ်နေရာမှာ အစားထိုးလိုတာကြောင့်တစ်ကြောင်း အေးဂျင့်မရှိတဲ့ ဆမ့်ဒိုးရီးယားဂိုးသမားကို သုံးနှစ်စာချုပ်နဲ့ ခေါ်ယူလိုက်တာပါ။ ဗန်ဟားလ်နဲ့ ရိုမီယိုတို့ဟာ အခုမှ လက်တွဲဖြစ်တာမဟုတ်ပါဘူး။ အယ်လ်ခမာကို ဗန်ဟားလ်ကိုင်တွယ်တုန်းကလည်း လက်တွဲခဲ့ကြတာပါ။

၂၀၀၉ ခုနှစ်က အယ်လ်ခမာအသင်းနဲ့အတူ ချန်ပီယံဆုဖလား ဆွတ်ခူးနိုင်အောင် ဗန်ဟားလ်နဲ့အတူ အလုပ်လုပ်ခဲ့ကြတယ်လို့ ဆိုပါတယ်။ အသက် ၂၈ နှစ်အရွယ်ရှိပြီဖြစ်တဲ့ အာဂျင်တီးနားဂိုးသမား ရိုမီယိုကို နံပါတ်နှစ်ဂိုးသမား ဗစ်တာဗယ်ဒက်စ်နဲ့ အစားထိုးမယ်လို့ ဆိုပါတယ်။ အာဂျင်တီးနားဂိုးသမား ရိုမီယိုဟာ မန်ယူရဲ့ ရာသီအကြိုလက်ကျန်ပြိုင်ပွဲတွေမှာ ကစားဖို့ရောက်ရှိသွားပြီဖြစ်ပါတယ်။ ရိုမီယိုဟာ လာမယ့်ရာသီမှာတော့ အဓိကဂိုးသမားဖြစ်လာမယ့် အနေအထားရှိပါတယ်။

ရိုမီယိုကတော့ မိမိဟာ မန်ယူမှာ အမြဲတမ်းပုံမှန် ပွဲထွက်ကစားခွင့်ရဖို့ ကြိုးစားရမှာဖြစ်ပေမယ့် ယုံကြည်မှုအပြည့်ရှိနေကြောင်း၊ မန်ယူနဲ့အတူ ဆုဖလားတွေ ဆွတ်ခူးလိုစိတ်၊ အောင်ပွဲခံလိုစိတ် ပြင်းထန်နေကြောင်း ထုတ်ဖော်ပြောကြားနေပါတယ်။

ကောင်းမြတ်သူ ➤➤ စုစည်းသည်။

# ဘီလ်ဘာအို၊ ဆောက်သမ်တန်တို့ ခြေကုန်ထုတ်ရမယ့် ယူရိုပါလိဂ်တတိယအဆင့်ခြေစစ်ပွဲတွေ

❒ မိုးမြင့်လင်းလက်



ယူရိုပါလိဂ်တတိယအဆင့် ပထမအကျော့ခြေစစ်ပွဲတွေ ကို ဇူလိုင် ၃၀ ရက်မှာ ဆက်လက်ယှဉ်ပြိုင်ကြပါလိမ့်မယ်။ ခြေစွာနေတဲ့ ဘီလ်ဘာအို၊ ခြေစွမ်းတက်နေတဲ့ ဆောက်သမ်တန်၊ တိုက်ပွဲဝင်စိတ်ဓာတ်ပြင်းထန်နေတဲ့ ဒေ့ါမွန်တို့ရဲ့ ပွဲတွေပါဝင်နေတာမို့ ဒီတစ်ပတ်ကြားရက်မှာ ပွဲကောင်းတွေနဲ့ စည်ဝေနေဦးမှာဖြစ်ပါတယ်။ ယူရိုပါလိဂ်မှာ အစဉ်အလာရှိတဲ့အသင်းတွေပဲ ရလဒ်ကောင်းဆောင်ကြဉ်းနိုင်မလားဆိုတာ ဝေခွဲလို့မရတဲ့ အနေအထားမို့ ပွဲစဉ်တွေကို စောင့်ကြည့်ရဦးမှာဖြစ်ပါတယ်။

**ဘီလ်ဘာအိုနှင့် အင်တာဘာကူ**

လောလောဆယ်မှာ တီဂျူယာနာ၊ ဘက်တစ်စတဲ့အသင်းတွေကို နိုင်ပွဲရအောင်ကစားထားတဲ့ ဘီလ်ဘာအိုတို့က အခုပွဲ အိမ်ကွင်းဖြစ်တာမို့ အင်တာဘာကူကို အခွင့်အရေးပေးမှာ မဟုတ်ပါဘူး။ အင်တာဘာကူတို့ကလည်း နောက်ဆုံးကစားခဲ့တဲ့ သုံးပွဲမှာ ရှုံးပွဲမရှိအောင် ကစားနိုင်တဲ့အပြင် တိုက်စစ်မှူးတွေကလည်း ဂိုးရအောင် သွင်းယူနိုင်တာမို့ ဘီလ်ဘာအိုတို့လည်း လွယ်ကူမယ့်ပွဲတော့ မဟုတ်ပါဘူး။ ဒါပေမယ့် ပြင်ဆင်မှုတွေနဲ့ ကစားသမားသစ်တွေခေါ်ယူမှုအားကောင်းနေတဲ့ ဘီလ်ဘာအိုတို့ပဲ ကပ်ပြီးနိုင်သွားမယ့် အနေအထားရှိပါတယ်။

**ဆောက်သမ်တန်နှင့် ဗီတက်စီ**

နောက်ဆုံးကစားခဲ့တဲ့သုံးပွဲဖြစ်တဲ့ ဂရိုနင်ဂျန်၊ ကွစ်-၂၀၊ ဖီယင်နူ စတဲ့အသင်းတွေကို ဂိုးပြတ်သွင်းအောင်ပွဲခံနေတဲ့ ဆောက်သမ်တန်အသင်းဟာ ဒတ်ချ်ကလပ် ဗီတက်စီကိုလည်း ပြတ်သားတဲ့ရလဒ်ဖော်ဆောင်ပြီး ကျော်ဖြတ်ပါလိမ့်မယ်။ ရာသီအကြိုခြေစမ်းပွဲတွေမှာ ခြေစွမ်းပြနေတဲ့ ဆောက်သမ်တန်ဟာ လာမယ့်ရာသီအစကတည်းက ရလဒ်ကောင်းဖို့ ပြင်ဆင်နေတာမို့ အခုလိုအချိန်မှာ ဗီတက်စီကိုရင်ဆိုင်ရတာ အကောင်းဆုံး ပြိုင်ဘက်အဖြစ် ဆင်နွှဲပါလိမ့်မယ်။ တစ်ဦးချင်းရော၊ ကစားသမားစုဖွဲ့မှုအပိုင်းမှာပါ ပိုမိုကောင်းမွန်တဲ့ ဆောက်သမ်တန်တို့ပဲ အနိုင်ရလဒ်ကို သိမ်းပိုက်သွားပါလိမ့်မယ်။

**အယ်လ်ကမာနှင့် အစ္စတန်ဘူလ်**

ပြီးခဲ့တဲ့ရာသီမှာ ယူရိုပါလိဂ်ခြေစစ်ပွဲ မအောင်ခဲ့ပေမယ့် ဒီနှစ်မှာ အသင်းလိုက် ကစားအားကောင်းမွန်နေတဲ့ အယ်လ်ကမာအသင်းဟာ အခုပွဲဟာအိမ်ကွင်းလည်းဖြစ်တာမို့ အစ္စတန်ဘူလ်ကို အကျပ်အတည်းဖြစ်အောင် ကစားပါလိမ့်မယ်။ ပြီးခဲ့တဲ့ ၂၀၁၂ ခုနှစ်က နောက်ဆုံးတွေ့ဆုံခဲ့မှုမှတ်တမ်းကိုကြည့်ရင် အယ်လ်ကမာတို့က လေးဂိုး-တစ်ဂိုးနဲ့ နိုင်ပွဲရရှိထားပါတယ်။ အစ္စတန်ဘူလ်တို့ကတော့ ပွဲတိုင်းအားထည့်ကစားပေမယ့် အခုပွဲမှာ အယ်လ်ကမာရဲ့ တိုက်စစ်ကို ဟန့်တားဖို့ မလွယ်ပါဘူး။

**ဝုဖ်ဘာဂါနှင့် ဒေ့ါမွန်**

ပြီးခဲ့တဲ့ ဘောလုံးရာသီမှာ အကောင်းဆုံးအရှုံးသမားဖြစ်ခဲ့ရတဲ့ ဒေ့ါမွန်တို့ဟာ အခုပွဲမှာတော့ ဩစတြီးယားကလပ် ဝုဖ်ဘာဂါကို ကောင်းကောင်းဖြတ်ကျော်နိုင်ပါလိမ့်မယ်။ ဒါပေမယ့် ဒေ့ါမွန်တို့က ဘိုချမ်ကို နှစ်ဂိုး-တစ်ဂိုးနဲ့ ရှုံးပွဲကြုံထားပြီး လူဇီရန်အသင်းကိုတော့ လေးဂိုး-တစ်ဂိုးနဲ့ နိုင်ပွဲရထားတာမို့ ခြေအတက်အကျ ရှိနေတာတော့ အမှန်ပါပဲ။ ဝုဖ်ဘာဂါတို့ရဲ့ ကစားအားကလည်း အကောင်းဆုံးပုံစံရှိမနေတာမို့ ဒီပွဲမှာ ဒေ့ါမွန်တို့ အဝေးကွင်းဆိုပေမယ့် အသက်ရှူချောင်မယ့် အခြေအနေရှိပါတယ်။

**ဝက်စ်ဟမ်းနှင့် အက်စ်ထရာ**

ယူရိုပါလိဂ်ဒုတိယအဆင့်မှာ အင်ဗာနက်ခ်ကို အနိုင်ကစားပြီး အခုလို တတိယအဆင့် တက်ရောက်လာတဲ့ အက်စ်ထရာအသင်းဟာ ခြေစွမ်းက ပုံမှန်သာရှိနေပေမယ့် ပြိုင်ဘက်တွေ အလေးထားရတဲ့အသင်းဖြစ်နေပါတယ်။ ဒါပေမယ့် အက်စ်ထရာရဲ့ နောက်ဆုံးနှစ်ပွဲ ကစားခဲ့တဲ့ မှတ်တမ်းကိုကြည့်ရင် ရှုံးပွဲမရှိပေမယ့် အကြိတ်အနယ်နွှဲခဲ့ရတဲ့ ပွဲတွေဖြစ်နေပါတယ်။ ဝက်စ်ဟမ်းတို့ကတော့ ဒီအဆင့်ရောက်အောင် ဘာကာကာရာအသင်းကို ပယ်နယ်တီ အဆုံးအဖြတ်နဲ့နိုင်ပြီး တက်ရောက်လာတာဖြစ်ပေမယ့် ခြေစွမ်းပိုင်းမှာ အားရစရာတော့ မရှိသေးပါဘူး။ ဒါပေမယ့် အခုပွဲစဉ်မှာ အိမ်ကွင်းဖြစ်တာမို့ နိုင်ပွဲရအောင် ကစားပြီး နောက်တစ်ဆင့်တက်ရေးကြိုးစားပါလိမ့်မယ်။

**ဆမ့်ဒိုးရီးယားနှင့် ဗိုဗိုဒီနာ**

အခုတစ်လောသရေပွဲရလဒ်တွေများနေတဲ့ စီးရီးအေကလပ် ဆမ့်ဒိုးရီးယားတို့ကတော့ အခုပွဲအိမ်ကွင်းဆိုပေမယ့် ဆားဘီးယားကလပ် ဗိုဗိုဒီနာကို ပွဲကျပ်အဖြစ် ရင်ဆိုင်ရပါလိမ့်မယ်။ ဗိုဗိုဒီနာရဲ့ အားသာချက်က ခံစစ်ပိုင်းခိုင်မာတောင့်တင်းပြီး ပြိုင်ဘက်အသင်း တိုက်စစ်မှူးတွေ ထိုးဖောက်ဖြတ်ကျော်ရခက်ခဲမှုပဲဖြစ်ပါတယ်။ ဆမ့်ဒိုးရီးယားတို့ကတော့ ခက်ခက်ခဲခဲရရှိထားတဲ့ ယူရိုပါလိဂ်ခြေစစ်ပွဲကို ဒီအဆင့်က လှည့်ပြန်မသွားရအောင် အစွမ်းကုန်အားထုတ်မှာဖြစ်တာမို့ ဒီပွဲဟာ ပွဲကောင်းဖြစ်ပြီး အရေးသာမယ်ဆိုရင်လည်း အိမ်ရှင်တို့ပဲ ဖြစ်ပါလိမ့်မယ်။ ။

# ချယ်လ်ဆီးနဲ့ အနည်းဆုံး နှစ်နှစ်ကစားမယ်ဆိုတဲ့ ဂွန်တယ်ရီ

နည်းပြမော်ရင်ဟိုက ချယ်လ်ဆီးအသင်းကို တောင့်တင်းတဲ့အသင်းအဖြစ် ဆက်လက်ရပ်တည်သွားနိုင်ဖို့ ပြုပြင်ပြောင်းလဲမှုတွေပြုလုပ်နေချိန်မှာ ဝါရင့်တိုက်စစ်မှူးကြီး ဂွန်တယ်ရီကတော့ ချယ်လ်ဆီးမှာ အနည်းဆုံးနှစ်နှစ်ဆက်လက်ကစားသွားမယ်လို့ ဆိုပါတယ်။ အသက် ၃၄ နှစ်အရွယ်ရှိပြီဖြစ်တဲ့ တိုက်စစ်မှူး ဂွန်တယ်ရီအနေနဲ့ ချယ်လ်ဆီးမှာပဲ ဘောလုံးသမားဘဝကို အဆုံးသတ်ဖို့ မျှော်လင့်ထားတယ်လို့ ဆိုပါတယ်။ ကျွန်တော်အနေနဲ့ လမ်းပတ်နဲ့ ပီတာဆက်ချ်တို့လို အခြားကလပ်ကိုပြောင်းဖို့ ဆန္ဒမရှိပါဘူး။ ချယ်လ်ဆီးမှာပဲ ဘောလုံးသမားဘဝကို အဆုံးသတ်သွားစေချင်ပါတယ်လို့ ဂွန်တယ်ရီက ဆိုပါတယ်။ ဂွန်တယ်ရီဟာ ချယ်လ်ဆီးအသင်းမှာ ကျောင်းသားဘဝကတည်းကရှိနေတဲ့ သူဖြစ်ပါတယ်။ ဘောလုံးလောကမှ အနားမယူမီ ချယ်လ်ဆီးမှာ အနည်းဆုံး နှစ်နှစ်လောက် ကစားချင်သေးတယ်လို့ ဆိုပါတယ်။ သို့ပေမယ့် နည်းပြမော်ရင်ဟိုကတော့ အသက်အရွယ်ရလာပြီဖြစ်တဲ့ ဂွန်တယ်ရီနေရာမှာ အသစ်ခေါ်ယူမယ့် အသက် ၂၁ နှစ်အရွယ် ဂွန်စတုန်းကို အစားထိုးမယ့်အနေအထား ရှိပါတယ်။

# ဟံလင်းမြို့ဟောင်းသို့ လေ့လာရေးခရီးသွားရောက်



**ရွှေဘို ဇူလိုင် ၂၈**

ရွှေဘိုတက္ကသိုလ်၌ ပြုပြင်ပြောင်းလဲမှု အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်ရေးအတွက် ကျောင်းပြင်ပ လှုပ်ရှားမှုများကို တိုးမြှင့်ဆောင်ရွက်လျက်ရှိရာဘူမိဗေဒဌာနမှ အုပ်ချုပ်သူဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများက ဝက်လက်မြို့နယ်ရှိ ကမ္ဘာ့ယဉ်ကျေးမှု ရှေးဟောင်းအမွေအနှစ် ဒေသစာရင်းဝင်ပျူရှေးဟောင်းမြို့တော်သို့ ဇူလိုင် ၂၅ ရက်တွင် လေ့လာရေးခရီး သွားရောက်ခဲ့ကြောင်း သိရသည်။

ဆရာ ဆရာမများနှင့် ကျောင်းသားကျောင်းသူ ၈၆ ဦးတို့ ပါဝင်သောအဖွဲ့က နေ့ချင်းပြန်လေ့လာရေး ခရီးစဉ်အဖြစ် ဟံလင်းဒေသသို့ သွားရောက်လေ့လာခဲ့ကြခြင်းဖြစ်ပြီး ဟံလင်းမြို့ဟောင်းမှ တာဝန်ရှိသူများက ကျောင်းသားကျောင်းသူများ သိရှိလိုသည်များကို ရှင်းလင်းပြသခဲ့ကြောင်း သိရသည်။ **မျိုးမင်း**

# မိုးစပါးစိုက်ပျိုးနိုင်ရန်အတွက် ရွာထင်မြစ်ရေတင်မှ ရေပေးဝေလျက်ရှိ

**ချောင်းဦး ဇူလိုင် ၂၈**

စစ်ကိုင်းတိုင်းဒေသကြီး ချောင်းဦးမြို့နယ် တောကျောင်းကြီးကျေးရွာနှင့် ရွာထင်ကျေးရွာများတွင် မိုးစပါး စိုက်ပျိုးနိုင်ရန်အတွက် ချင်းတွင်းမြစ်ရေများကို ရွာထင်မြစ်ရေတင်မှ ဇူလိုင် ၂၃ ရက်ညနေပိုင်းမှစ၍ ပေးဝေလျက်ရှိကြောင်း သိရသည်။

ချောင်းဦးမြို့နယ်အတွင်းကျေးရွာများသို့ စိုက်ပျိုးရေပေးဝေသည့် ရွာထင်မြစ်ရေတင် စီမံကိန်းကို ၂၀၀၈ ခုနှစ်မှစ၍ Bio-Gas ဖြင့် ဆောင်ရွက်ခဲ့သော်လည်း အောင်မြင်မှုမရှိခဲ့သည့်အတွက် ဒေသခံတောင်သူများ၏ တောင်းဆိုချက်အရ ချောင်းဦးမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ၊ မြို့နယ်စီမံခန့်ခွဲမှုကော်မတီနှင့် မြို့နယ်ဖွံ့ဖြိုးတိုးတက်မှုကော်မတီတို့ ညှိနှိုင်းတိုင်ပင်ပြီး ပြည်ထောင်စုဖွံ့ဖြိုးရေးလုပ်ငန်း ဗဟိုကော်မတီသို့ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်ကတင်ပြခဲ့ရာ ချောင်းဦးမြို့နယ် ဖွံ့ဖြိုးရေးလုပ်ငန်းအတွက် ရွာထင်မြစ်ရေတင်စီမံကိန်းလုပ်ငန်းဆောင်ရွက်ရန် ပြည်သူ့လွှတ်တော်မှ ငွေကျပ်သိန်း ၂၀ ခွဲဝေချမှတ်ပေးခဲ့ကြောင်း သိရသည်။

အဆိုပါရန်ပုံငွေ ကျပ်သိန်း ၂၀နှင့် ဒေသခံပြည်သူများ ထည့်ဝင်ငွေ ကျပ်သိန်း ၃၀ ဖြင့် မြစ်ရေတင်မှ ရေပေးဝေနိုင်ရေးအတွက် ပင်မမြောင်းဟောင်း အရှည်ပေ ၁၁၀၀ ကို ပြုပြင်ခြင်း၊ ပင်မမြောင်းအသစ် အရှည် ၁၂၄၀ ပေ တူးဖော်ခြင်း၊ အရှည်ပေ ၁၁၇၀ ရှိ လက်တံမြောင်း တစ်မြောင်းတူးဖော်ခြင်း၊ အရှည်ပေ ၁၃၀၀ ရှိ လက်တံမြောင်း နှစ်မြောင်း တူးဖော်ခြင်း၊ အရှည်ပေ ၈၀၀ ရှိ လက်တံမြောင်းသုံးမြောင်းတူးဖော်ခြင်းနှင့် အလျား ၁၈ ပေ၊ အနံ ၁၆ ပေ၊ အမြင့်ခြောက်ပေရှိ ရေငြိမ်ကန်တစ်ခု တည်ဆောက်ခြင်းများကို ဆောင်ရွက်ခဲ့ကြောင်း၊ ယခုနှစ်တွင် မြို့နယ်အစီအမံဖြင့် သုံးပန်လှကျေးရွာ လျှပ်စစ်မြစ်ရေတင်လုပ်ငန်းမှ အရှည် ၇၀၀ ပေရှိ လျှပ်စစ်ဓာတ်အား ၄၀၀ ဗို့အားလိုင်း လေးလိုင်းသွယ်တန်းပြီး မုံရွာခရိုင်ရေအရင်းအမြစ် ဦးစီးဌာန၏ ပိုက်လုံးနှစ်လုံးဖြင့် ရေပေးဝေနိုင်ရေး စီမံဆောင်ရွက်ခဲ့သည့်အတွက် ဇူလိုင် ၂၃ ရက်မှစ၍ ရေပေးဝေနိုင်ခြင်းဖြစ်ကြောင်းနှင့် ရေရရှိသဖြင့် တောကျောင်းကြီးကျေးရွာနှင့် ရွာထင်ကျေးရွာများ၌ မိုးစပါး စိုက်ဧက ၇၇ ဧကကို တိုးချဲ့စိုက်ပျိုးနိုင်မည်ဖြစ်ကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

# စီးပွားရေးလုပ်ငန်းဆိုင်ရာ တီထွင်မှုပြိုင်ပွဲလျှောက်ထားနိုင်

**ရန်ကုန် ဇူလိုင် ၂၈**

(၅)ကြိမ်မြောက် ကျင်းပမည့် Business Model Contest 2015 အတွက် ပြိုင်ပွဲဝင်လျှောက်လွှာများကို ဇူလိုင် ၂၉ ရက်မှ ဩဂုတ် ၂၀ ရက် အတွင်း ရန်ကုန်မြို့ မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များ အသင်းချုပ် UMFCCI ရှိ Human Resource Development Department ၌ စုံစမ်းလျှောက်ထားနိုင်ကြောင်း ယနေ့ နံနက်က UMFCCI နှင့် ဂျပန်အခြေစိုက် CIESF တို့ ကျင်းပရေးအတွက် MoU ရေးထိုးသည့် အခမ်းအနားမှ သိရသည်။

"စတင် ကျင်းပတာကတော့ ၂၀၁၂ ခုနှစ်ကတည်းက ကျင်းပခဲ့တယ်၊ ဒီကနေ့ အထူးချွန်ဆုံးအဖွဲ့နှစ်ဖွဲ့ကိုရွေးချယ်ပြီး မဲခေါင်ဒေသဆိုင်ရာပြိုင်ပွဲမှာ နိုင်ငံကိုယ်စားပြုအနေနဲ့ ထပ်မံယှဉ်ပြိုင်ခွင့်ရမှာဖြစ်ပါတယ်။ မဲခေါင်ဒေသမှာတော့ မြန်မာ၊ ထိုင်း၊ ဗီယက်နမ်၊ လာအို၊ ကမ္ဘောဒီးယားနဲ့ တရုတ်က ယူနန်ပြည်နယ်တို့ ပါဝင်ပါတယ်၊ အဓိကကတော့ လူငယ်တွေအတွက် မိမိရဲ့ စီးပွားရေးဆိုင်ရာ စိတ်ကူးစိတ်သန်းတွေကို ဖော်ထုတ်ပြသခွင့်ရရှိမယ်။

"မဲခေါင်ပြိုင်ပွဲမှာ ဆုထပ်ရရင် အမေရိကန်မှာ ကျင်းပမယ့် အပြည်ပြည်ဆိုင်ရာ စီးပွားရေး တီထွင်မှုမှာ ထပ်ပြိုင်ခွင့်ရရှိမှာဖြစ်တာကြောင့် လူ့စွမ်းအားအရင်းအမြစ်တွေ စွမ်းရည်တွေကို ဖော်ထုတ်ခွင့်ရမှာပါ" ဟု ကုန်သည်စက်မှုအသင်း ဒုတိယဥက္ကဋ္ဌ ဒေါက်တာမျိုးသက်က ပြောကြားသည်။

ယမန်နှစ်က ဗီယက်နမ်၌ ကျင်းပသည့်ပြိုင်ပွဲတွင် မြန်မာနိုင်ငံမှ တတိယဆုနှင့် အထူးဆုရရှိခဲ့ကြောင်း သိရသည်။ ပြိုင်ပွဲတွင် အသက် ၂၅ နှစ်အောက် အုပ်စုနှင့် အသက် ၃၂ နှစ်အောက်အုပ်စုဟူ၍ ခွဲခြားသတ်မှတ်ထားပြီး ပြိုင်ပွဲဝင်အစုတစ်စုလျှင် သုံးဦးအထိ ပါဝင်နိုင်ကြောင်း သိရသည်။ ယခုနှစ် ပြိုင်ပွဲကျင်းပမည့်နိုင်ငံကို အတည်ပြုသတ်မှတ်ခြင်းမရှိသေးကြောင်း သိရသည်။

အသေးစိတ်အချက်အလက်များကို ဖုန်း ၀၁-၂၁၄၃၄၄မှ ၄၉ အထိ၊ လိုင်းခွဲ ၁၃၃ နှင့် ၁၃၄ တို့ကို ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရသည်။ **မြတ်စန္ဒီသင်းဇော်**

# သိပ္ပံနည်းကျစိုက်နည်းစနစ်ဖြင့် မိုးစပါးစိုက်ပျိုးမှု လက်တွေ့ပြသ

**မြဝတီ ဇူလိုင် ၂၈**

ကရင်ပြည်နယ် မြဝတီခရိုင် မြဝတီမြို့နယ်အတွင်း ၂၀၁၅- ၂၀၁၆ခုနှစ် မိုးစပါးလျာထားဧက ပြည့်မီရေးနှင့် တစ်ဧကအထွက်နှုန်းတိုးတက်စေရေးအတွက် ဖလူးကျေးရွာအုပ်စု အင်ကြင်းမြိုင်ကျေးရွာ၌ ပုလဲသွယ်စပ်မျိုးစပါး သိပ္ပံနည်းကျစိုက်နည်းစနစ်(GAP)ဖြင့် လက်တွေ့စိုက်ပျိုးပြသပွဲကို ဇူလိုင် ၂၆ ရက်က ပြုလုပ်ခဲ့သည်။

သိပ္ပံနည်းကျစိုက်နည်း သရုပ်ပြပွဲတွင် ခရိုင်စိုက်ပျိုးရေးဦးစီးဌာနမှူး ဒေါ်သန်းရီက သိပ္ပံနည်းကျစိုက်နည်းစနစ်(GAP)ဖြင့် စိုက်ပျိုးခြင်း၏ အကျိုးကျေးဇူးများကို ရှင်းလင်းပြောကြားပြီး စိုက်ပျိုးရေးဦးစီးဌာနမှ ဝန်ထမ်းများက လက်တွေ့စိုက်ပျိုးပြသခဲ့သည်။ သိပ္ပံနည်းကျစိုက်ပျိုးနည်း သရုပ်ပြပွဲသို့ ခရိုင်အုပ်ချုပ်ရေးမှူး ဦးလွင်ကိုဦး၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးခင်မောင်ဇော်၊ မြို့နယ်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ ဦးသန်းရွှေနှင့် အဖွဲ့ဝင်များ၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုကော်မတီဥက္ကဋ္ဌ ဦးမြင့်ကျော်နှင့် အဖွဲ့ဝင်များ၊ စိုက်ပျိုးရေးဌာနမှ ဝန်ထမ်းများ၊ မင်းလက်ပံ၊ ဖလူးကြီး၊ ဖလူးလေးနှင့် အင်ကြင်းမြိုင်ကျေးရွာများမှ တောင်သူလယ်သမားများ လာရောက်လေ့လာကြည့်ရှုခဲ့သည်။

**ထိန်လင်းအောင်(ပြန်/ဆက်)**



# ပြည်နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌနှင့် လားရှိုးမြို့ပေါ်ရှိနိုင်ငံရေးပါတီများတွေ့ဆုံ

**လားရှိုး ဇူလိုင် ၂၈**

နိုဝင်ဘာ ၈ ရက်တွင်ကျင်းပမည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကြီး အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် ရှမ်းပြည်နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌ ဦးပွင့်နှင့် လားရှိုးမြို့ပေါ်ရှိ နိုင်ငံရေးပါတီများ တွေ့ဆုံဆွေးနွေးပွဲကို လားရှိုးမြို့ ပြည်နယ်အုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ဇူလိုင် ၂၆ ရက်က ပြုလုပ်ခဲ့ကြောင်း သိရသည်။

တွေ့ဆုံဆွေးနွေးပွဲသို့ ရှမ်းပြည်နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲမှ ရွေးကောက်ပွဲအရာရှိ ဦးနှစ်ဆန်းဦး၊ လားရှိုးခရိုင် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ဥက္ကဋ္ဌ ဦးတင်မောင်ရွှေနှင့် လားရှိုးအခြေစိုက် နိုင်ငံရေးပါတီ ၁၀ ခုမှ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ တက်ရောက်ခဲ့သည်။ တွေ့ဆုံပွဲတွင် ရှမ်းပြည်နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌ ဦးပွင့်က လွတ်လပ်၍ တရားမျှတသောရွေးကောက်ပွဲဖြစ်မြောက်ရေးအတွက် နိုင်ငံရေးပါတီများ၊ လူမှုရေးအဖွဲ့အစည်းများ၊ မဲဆန္ဒရှင်ပြည်သူများအားလုံးအနေဖြင့် ကော်မရှင်အဆင့်ဆင့်နှင့် လက်တွဲလုပ်ဆောင်သွားရန်လိုအပ်ကြောင်း အမှာစကားပြောကြားပြီး နိုင်ငံရေးပါတီများမှ တာဝန်ရှိသူများက ရွေးကောက်ပွဲကျင်းပမည့်အစီအစဉ်များနှင့်ပတ်သက်၍ သိရှိလိုသည်များကို မေးမြန်းဆွေးနွေးခဲ့ကာ ရှမ်းပြည်နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ အတွင်းရေးမှူး ဦးတင်ဦးက ပြန်လည်ရှင်းလင်း ဖြေကြားခဲ့သည်။ **မမ(လားရှိုး)**

# ရွေးကောက်ပွဲဆိုင်ရာ အသိပညာပေးသင်တန်းဖွင့်လှစ်

**ရန်ကုန် ဇူလိုင် ၂၈**

ရန်ကုန်တိုင်းဒေသကြီး အလုံမြို့နယ်အတွင်းရှိ မြို့နယ်နှင့်ရပ်ကွက် ရွေးကောက်ပွဲကော်မရှင်များမှ အဖွဲ့ဝင်များအား ရွေးကောက်ပွဲဆိုင်ရာ အသိပညာပေးသင်တန်းကို အလုံမြို့နယ် ဌာနာရပ်ကွက် နှင်းဆီလမ်းရှိ အလုံမြို့နယ်ခန်းမ၌ ဇူလိုင် ၂၅ရက်က ဖွင့်လှစ်ခဲ့သည်။

သင်တန်းဖွင့်ပွဲသို့ အလုံမြို့နယ်အုပ်ချုပ်ရေးမှူး ဦးသန်းနိုင်၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးမြထွန်းနှင့် အဖွဲ့ဝင်များ၊ အလုံမြို့နယ်အတွင်းရှိ ရပ်ကွက်များမှ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ ရပ်ကွက်ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲများမှ အဖွဲ့ဝင်များ တက်ရောက်သည်။

သင်တန်းဖွင့်ပွဲတွင် ရန်ကုန် အနောက်ပိုင်းခရိုင် ရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ခွဲအဖွဲ့ဝင် ဦးညွှန့်စိန်က အမှာစကားပြောကြားပြီး အလုံမြို့နယ် ရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌက သင်တန်းဖွင့်လှစ်ရသည့်ရည်ရွယ်ချက်ကို ရှင်းလင်းဆွေးနွေးကာ မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနမှူး ဦးခင်မောင်ထွန်း၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲအဖွဲ့ဝင်များဖြစ်သော ဦးဝင်းနိုင်၊ ဦးသန်းဝင်း၊ ဦးလှဝင်းနှင့် မြို့နယ်ဥပဒေအရာရှိ ဦးဝင်းထွဋ်တို့က ရပ်ကွက်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများမှ သင်တန်းသားသင်တန်းသူ ၈၀ အား ရွေးကောက်ပွဲဆိုင်ရာ သိရှိသင့်သည့်အချက်များကို သင်ကြားပို့ချခဲ့ကြောင်း သိရသည်။ **ရွှေတိုင်လွင်**



# ကန့်ဘလူမြို့နယ်တွင် လမ်းတံတားများ ပြုပြင်

**ကန့်ဘလူ ဇူလိုင် ၂၈**

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူခရိုင် ကန့်ဘလူမြို့နယ်တွင် မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ချောင်းရေတိုက်စားခဲ့၍ ပျက်စီးသွားသော လမ်း၊ တံတားများ ဒေသခံပြည်သူများ လွယ်ကူစွာ သွားလာနိုင်စေရန် ပြုပြင်ဆောင်ရွက်လျက်ရှိသည်။ ကန့်ဘလူမြို့နယ်အပိုင် အမှတ်(၃) ခရိုင်ချင်းဆက်လမ်း မိုင်တိုင်အမှတ် ၇၉/၇ နှင့် ၈၀/၀ အကြားရှိ ခိုတောင်ချောင်းတံတား အရှည် ပေ၂၅၀၊ အကျယ် ၁၄ ပေ၊ အမြင့် ၂၄ပေ၏ တိုင်အမှတ် P3 မှာ ချောင်းရေစီးဝင်ခဲ့မှုကြောင့် တံတားအရှေ့ဘက်ခြမ်း နှစ်ပေခန့်၊ အနောက်ဘက်ခြမ်း ၂ ဒသမ ၅ ပေခန့် နိမ့်ကျသွားသည်။

အဆိုပါ ခိုတောင်ချောင်းတံတားတာဝန်ခံ ကန့်ဘလူမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန လက်ထောက် ညွှန်ကြားရေးမှူး ဦးဝင်းမောင်ရွှေနှင့်အဖွဲ့က ဇူလိုင် ၂၆ ရက် နံနက်ပိုင်းက စတင် ပြုပြင်ဆောင်ရွက်လျက်ရှိသည်။ ယင်းတံတားသည် ကျောက်စီမြေသား သံကူကွန်ကရစ်တိုင်၊ သံပေါင်ရက်မ သစ်သားကြမ်းခင်းတံတားဖြစ်ကြောင်း သိရသည်။

ဖီးကုန်း-မလယ် ကားလမ်း မိုင်တိုင်အမှတ် ၁၀/၅ ရှိ တံတားအမှတ် ၁/၁၁ ချောင်းမကြီးတံတားအနောက်ဘက် မြေသားလမ်းအကျယ် ခုနစ်ပေခန့်၊ အရှည် ၁၅ ပေခန့် ရေတိုက်စားခြင်းကြောင့် တံတားတာဝန်ခံ AE ဦးရဲထွဋ်အောင်ဦးဆောင်ကာ ဦးသန့်ဇင်ထက်စိုး (မြို့နယ်တံတားဦးစီးဌာန)နှင့် အဖွဲ့က ပြုပြင်လျက်ရှိပြီး မိုင်တိုင်အမှတ် ၇/၅ရှိ ကြံ့ခိုင်တံတား၏ မြေသားများ ရေတိုက်စားမှုကို ဆက်လက်ပြုပြင်သွားမည်ဖြစ်ကြောင်း သိရသည်။

**အောင်ဝင်းငြိမ်း (ကန့်ဘလူ)**

# မော်လူးတွင်ရေကြီးရေလျှံ၍ သောက်သုံးရေပြတ်လပ် စေတနာရှင်လူငယ်များက သောက်သုံးရေအခမဲ့ဖြန့်ဝေ

**မော်လူး ဇူလိုင် ၂၈**

စစ်ကိုင်းတိုင်းဒေသကြီး အင်းတော်မြို့နယ် မော်လူး၌ ဇူလိုင်၂၅ ရက်က စတင်ခဲ့သော ရေကြီးရေလျှံမှုဖြစ်စဉ်များကြောင့် သဘာဝပတ်ဝန်းကျင် ချစ်မြတ်နိုးသူများအဖွဲ့ စေတနာရှင်လူငယ်များက သောက်သုံးရေပြတ်လပ်နေသော ကျေးရွာများသို့ သန့်ရှင်းသော သောက်သုံးရေများကို မော်တော်ယာဉ်ဖြင့် အိမ်တိုင်ရာရောက် အခမဲ့ဖြန့်ဝေပေးလျက်ရှိကြောင်း သိရသည်။

ဇူလိုင် ၂၄ ရက်က မိုးသည်းထန်စွာရွာသွန်းမှုကြောင့် မော်လူးကျောက်ဆည် သဘာဝရေပေးဝေရေးကန်ပျက်စီးခဲ့သဖြင့် မော်လူးမြို့ပေါ်ရှိ ခြောက်ရပ်ကွက်၊ စီးမော်ကျေးရွာနှင့် အုန်းဒုတ်ကျေးရွာများသည် သောက်သုံးရေအခက်အခဲဖြစ်ခဲ့ရသည်။

"ကျွန်တော်တို့ သဘာဝပတ်ဝန်းကျင်ချစ်မြတ်နိုးတဲ့ လူငယ် အဖွဲ့က မော်လူးမှာ မိုးသည်းထန်စွာရွာပြီးကတည်းက ရေပေးဝေရေးကန်ပျက်စီးခဲ့လို့ မော်လူးနဲ့ နှစ်မိုင်ကျော်ဝေးတဲ့ စီပိန်းကျေးရွာက ကိုကျော်မိုးရေတွင်းကနေ စက်နဲ့စုပ်တင်ပြီးတော့ မော်တော်ယာဉ်နဲ့ အိမ်တိုင်ရာရောက် အခမဲ့ဖြန့်ဝေပြီး ရေကုသိုလ်ပြုလုပ်ပေးနေတာ အိမ်ထောင်စု ၂၀၀၀ ကျော်အထိပါ။ အခုဆိုရင် နှစ်ရက်မြောက်ရှိပါပြီ။ မော်လူးကျောက်ဆည် သဘာဝရေကန် ပြန်လည်တည်ဆောက်ပြီးစီးသည်အထိ ကြိုးစားပြီး ရေကုသိုလ်ပြုတဲ့ လုပ်ငန်းကို လုပ်ဆောင်သွားမှာပါ" ဟု သဘာဝပတ်ဝန်းကျင် ချစ်မြတ်နိုးသူ လူငယ်များအဖွဲ့ခေါင်းဆောင် ဦးသိန်းလွင်က ပြောပြသည်။

**(၁၄၉)**



# မိုးရွာသွန်းမှုကြောင့် ခြေရာတော်ဘုရားပွဲ ဈေးသည်များအရောင်းပါး

**အရာတော် ဇူလိုင် ၂၈**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင် အရာတော်မြို့၌ အစည်ကားဆုံးဖြစ်သော ရဟန္တာ၏ ခြေရာတော်ဘုရားပွဲကို ဝါဆိုလဆန်း ၈ ရက်မှ ဝါဆိုလပြည့်ကျော် ၁ ရက်အထိ ကိုးရက်ကြာ စည်စည်ကားကား ကျင်းပကြောင်း သိရသည်။

ခြေရာတော်ဘုရားပွဲကို ယခုနှစ်တွင် မုံရွာဇာတ်နှစ်ဇာတ်၊ မန္တလေး အငြိမ့်တစ်ငြိမ့် ငှားထားပြီး တစ်ဇာတ်ကို နှစ်ညနှုန်းဖြင့် ဝါဆိုလဆန်း ၁၁ ရက်မှစ၍ ခြောက်ည ကပြမည်ဖြစ်ကြောင်း၊ ပွဲဈေးတွင် ဆိုင်ခန်းပေါင်း ၂၀၀ ခန့်ရှိကြောင်း၊ မိုးရွာနေသော်လည်း မြို့နယ်အတွင်းရှိ ကျေးရွာများ၊ နယ်ပေါင်းစုံမှ ဘုရားဖူးများ၊ အဝေးရောက်နေသည့် ဒေသခံများက ဘုရားပွဲရက်တွင် ပြန်လာကြသည့်အတွက် ယခင်နှစ်အတိုင်း စည်ကားမည်ဖြစ်ကြောင်း ဘုရားဂေါပကအဖွဲ့ဝင် ဦးကျော့အောင်က ပြောသည်။

"ယခင်က ဝါဆိုလဆန်း ၁၀ ရက်ဈေးစရောင်းပြီး အရောင်းရဆုံးကတော့ ၁၃ ရက်မှ ၁၅ ရက်အထိ ရောင်းကောင်းတယ်။ အခုပွဲရက်မှာ ဒေသမှာရှိတဲ့ကျေးရွာတချို့ ရေဘေးသင့်နေတာရယ်၊ ရွှေဘိုဘက်က လာရင် သမရိုးတံတားရေကြီးနေတော့ အခုလိုသာ မိုးဆက်ရွာနေရင် ဘုရားပွဲဈေးသည်တွေ ဒီနှစ်အရောင်းပါးမှာဖြစ်ပါတယ်" ဟု မုံရွာမြို့မှ နှစ်စဉ် ဖျာလာရောင်းချသူ ဦးဝင်းမြင့်က ပြောသည်။

ရွှေဘိုခရိုင် ကျောက်မြောင်းမှ စဉ့်အိုးများရောင်းချသူ ဦးသာပိုကလည်း "ယခင်နှစ်က ဒီလိုရက်ဆိုရင် စဉ့်အိုးတွေ ရောင်းနေရပြီ။ အရောင်းရဆုံးကတော့ ၅၀ ဝင် စဉ့်အိုးတွေရယ်၊ ကလေးကစားစရာ အိုးပုတ်တွေရယ်၊ ကျန်တာတွေကတော့ အနည်းအကျဉ်းရောင်းရတယ်။ ဘုရားပွဲပြီးရင် ၅ ရက်နေ့မှပြန်တယ်။ ဒီနှစ်တော့ ဈေးဝယ်သူအပေါ် မူတည်ပြီး ပြန်မှာပါ" ဟု ပြောသည်။

ဘုရားပွဲမှာ မိုးရွာနေသည့်အတွက် ယခင်နှစ်ကကဲ့သို့ စည်ကားတော့မည်မဟုတ်ကြောင်း၊ ဈေးသည်များလည်း ဘုရားဖူးလာရင်း ဈေးဝယ်သူ နည်းပါးတဲ့အတွက် အရောင်းပါးနိုင်ကြောင်း အရာတော်မြို့မှ ဒေသခံများကပြောသည်။

**ခင်ဦးစိုးဝေ**



လပေါင်းများစွာ မီးမလင်းခဲ့သော ပဲခူးမြစ်ကူးတံတားကြီး ဇူလိုင် ၂၄ ရက်က မီးလင်းသွားခဲ့သည်ကို တွေ့ရစဉ်။

သန့်စင်(ပဲခူး)

**သတင်းအတိုအထွာ**

## မြစ်ရေတိုးပြီး ကျေးရွာအချို့ မြစ်ရေဝင်ရောက်

မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ရွှေလီမြစ်ရေတိုးလာပြီး ကသာမြို့နယ် အင်းကြီးကျေးရွာအုပ်စုရှိ လှေဘိုကျေးရွာ၊ အင်းကြီးကျေးရွာ၊ ဘုရားတောင်ကျေးရွာ၊ မယ်ငိုကျေးရွာများ၌ ဇူလိုင် ၂၆ ရက် နံနက်ပိုင်းက စတင်ကာ မြစ်ရေများဝင်ရောက်ခဲ့ကြောင်း သိရသည်။

မြစ်ရေများဝင်ရောက်ခဲ့သည့် ကျေးရွာများသို့ မြို့နယ်စီမံခန့်ခွဲမှုကော်မတီမှ တာဝန်ရှိသူများက အချိန်မီသွားရောက်၍ လိုအပ်သည်များ၊ ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

အဆိုပါ မြစ်ရေများ ကျေးရွာများအတွင်း ဝင်ရောက်ခဲ့မှုကြောင့် အဆောက်အအုံ၊ လူနှင့်တိရစ္ဆာန် အသေအပျောက်အပျက်အစီးမရှိကြောင်းနှင့် ကသာမြို့၌ မိုးရေချိန် ၀ ဒသမ ၀၄ လက်မ ရွာသွန်းခဲ့ပြီး ဇူလိုင် ၂၆ ရက် ညနေပိုင်းတွင် မိုးရွာသွန်းမှုမရှိတော့ကြောင်း၊ ဧရာဝတီမြစ်ရေသည် ကသာမြို့၌ လက်ရှိအချိန်တွင် ၉၀၇ စင်တီမီတာသို့ရောက်ရှိနေပြီး ယင်းမြို့၏စိုးရိမ်ရေမှတ်မှာ စင်တီမီတာ ၁၀၄၀ ဖြစ်ကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

# စိုက်ပျိုးရေးလေ့လာရေး စခန်းဖွင့်

မကွေးတိုင်းဒေသကြီး ဆိပ်ဖြူမြို့နယ် ကျွန်းမကျီးကျေးရွာတွင် USAID၏ အလှူငွေဖြင့် ရှေ့သို့စီမံကိန်း(ချက်ဗွီ)အဖွဲ့က ဆိပ်ဖြူမြို့နယ် စီမံကိန်းဝင်ကျေးရွာများမှ တောင်သူများကို စိုက်ပျိုးရေးပညာများ ကိုယ်တိုင်သိရှိဆောင်ရွက်နိုင်ရန်၊ စိုက်ပျိုးရေးအထောက်အကူပြု ပံ့ပိုးပစ္စည်းများကိုင်တွယ်အသုံးပြုနိုင်ပြီး စိုက်ပျိုးသီးနှံများ မျိုးရောဂါလေ့လာသိရှိကာကွယ်တတ်စေရန် တောင်သူကိုယ်တိုင်လေ့လာရေးစခန်းဖွင့်ပွဲအခမ်းအနားကို ဇူလိုင် ၂၄ ရက်က အဆိုပါကျေးရွာရှိ စိုက်ပျိုးလေ့လာရေးစခန်း၌ ကျင်းပသည်။

ဆိပ်ဖြူမြို့နယ်၌ (ချက်ဗွီ)စီမံကိန်းတွင် ကျေးရွာ ၅၀ ရှိပြီး ကွင်းသင်တန်းကျောင်း ၃၄ ကျောင်း၊ စိုက်ပျိုးပညာလေ့လာရေးစခန်းခြောက်ခု ဆောင်ရွက်ပေးနိုင်ခဲ့ပြီး စိုက်ပျိုးရေးပညာလေ့လာရေးစခန်းတွင် စိုက်ပျိုးရေးနည်းပညာ စာအုပ်များ၊ မြေဆီလွှာ အချဉ်၊ အငန်၊ အစိုဓာတ်တိုင်းကိရိယာ၊ ပိုးမွှားရောဂါလေ့လာရေးပစ္စည်းများ၊ မိုးရေချိန်နှင့် အပူချိန်တိုင်းကိရိယာ၊ သင်ထောက်ကူပစ္စည်းများ၊ မျိုးစေ့များသိုလှောင်နိုင်ရန် အထူးပြုပစ္စည်းများ ထားရှိပေးထားကြောင်း သိရသည်။

**စိုးလင်းနိုင်(ပြန်/ဆက်)**

# ကျောင်းသား ကျောင်းသူများအား စက်ဘီးများ အခမဲ့ထောက်ပံ့ပေးအပ်

**ကြာအင်းဆိပ်ကြီး ဇူလိုင် ၂၈**

၂၀၁၅-၂၀၁၆ ခုနှစ် ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေး (ဒုတိယအကြိမ်)ရန်ပုံငွေဖြင့် ဆင်းရဲသည့်မိဘများ၏ သားသမီးများဖြစ်သည့် ကျောင်းသား ကျောင်းသူများအား စက်ဘီးများအခမဲ့ထောက်ပံ့ပေးအပ်ပွဲကို ကရင်ပြည်နယ် ကြာအင်းဆိပ်ကြီးမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ဇူလိုင် ၂၆ ရက်က ကျင်းပခဲ့ကြောင်း သိရသည်။

ကျေးရွာအုပ်စု ၁၅ အုပ်စုရှိ ကျေးရွာ ၂၁ ရွာမှ ဆင်းရဲသည့်မိဘများ၏ သားသမီးများဖြစ်သည့် ကျောင်းသား ကျောင်းသူ ၅၀ ကို စက်ဘီးအစင်း ၅၀ အခမဲ့ထောက်ပံ့ပေးအပ်ခဲ့ခြင်းဖြစ်သည်။

**မျိုးမင်းဦး(ပြန်/ဆက်)**

# ရေဘေးသင့်အိမ်ထောင်စုများ မှတ်ပုံတင်များဆောင်ရွက်ပေး

စစ်ကိုင်းတိုင်းဒေသကြီး အင်းတော်မြို့နယ် မော်လူးကျေးရွာအုပ်ချုပ်ရေးမှူးရုံး၌ ဇူလိုင် ၂၆ ရက်က ရေဘေးသင့်အိမ်ထောင်စု ခုနစ်စုအား အိမ်ထောင်စုဇယားနှင့် မှတ်ပုံတင်များ နေ့ချင်းပြီးဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**ခင်မောင်ဆွေ(မော်လူး)**

# စိုက်ခင်းနှင့်လယ်ယာများသို့ ကြွက်များကျ၍ ကြွက်နှိမ်နင်းရေးဆောင်ရွက်လျက်ရှိ

**လှိုင်ကော် ဇူလိုင် ၂၈**

ကယားပြည်နယ် ဖရူဆိုမြို့နယ်အတွင်းရှိ ကျေးရွာအချို့မှ စိုက်ခင်းနှင့် လယ်ယာမြေများတွင် ကြွက်များကျရောက်နေမှုကြောင့် ဖရူဆိုမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနက ပညာပေးဟောပြောခြင်းနှင့် ကြွက်သတ်ဆေးများ ဖြန့်ဝေပေးခြင်းအပါအဝင် ကြွက်နှိမ်နင်းရေးလုပ်ငန်းများကို ကွင်းဆင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ဖရူဆိုမြို့နယ်အတွင်းရှိ ဒိုလာစော ကျေးရွာအုပ်စုမှ ကျေးရွာ ၉ ရွာရှိ စိုက်ဧက ၆၂၀ ခန့်၊ ရာဇပေရားကျေးရွာအုပ်စုမှ ကျေးရွာ ၉ ရွာရှိ စိုက်ဧက ၁၅၉၈ ဧကခန့်နှင့် ဒိုမိုစောကျေးရွာအုပ်စုရှိ ကျေးရွာ ၇ ရွာမှ စိုက်ဧက ၁၄၂၃ ဧကခန့်ရှိ စိုက်ခင်းနှင့်လယ်မြေများသို့ ကြွက်များကျရောက်နေခြင်းဖြစ်သည်။ ကြွက်ကျရောက်မှုကြောင့် ထိခိုက်မှုအနေဖြင့် ဒိုလာစော ကျေးရွာအုပ်စုတွင် ၁၅ ဧကခန့် ရာခိုင်နှုန်းအားဖြင့် ၂ ဒသမ ၄ ရာခိုင်နှုန်း၊ ရာဇပေရားကျေးရွာအုပ်စုတွင် ၈ ဧကခန့် ရာခိုင်နှုန်းအားဖြင့် ၀ ဒသမ ၅ ရာခိုင်နှုန်းနှင့် ဒိုမိုစော ကျေးရွာအုပ်စုတွင် ၄၆ ဧကခန့် ရာခိုင်နှုန်းအားဖြင့် ၁ ဒသမ ၆ ရာခိုင်နှုန်းခန့်ဖြစ်ကြောင်း သိရသည်။

ဖရူဆိုမြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက ကြီးမှူး၍ ကြွက်ကာကွယ်နှိမ်နင်းနည်း ပညာပေးဟောပြောပွဲကို ရာဇပေရားကျေးရွာအုပ်ချုပ်ရေးမှူးရုံး၌ ဇူလိုင် ၂၄ ရက်က ပြုလုပ်ခဲ့ပြီး ဟောပြောပွဲသို့ ကျေးရွာအုပ်ချုပ်ရေးမှူးနှင့် တောင်သူလယ်သမားများ တက်ရောက်ခဲ့ကြသည်။ ဟောပြောပွဲတွင် ကြွက်ထောင်ချောက်များပြုလုပ်နည်း၊ ကြွက်သတ်ဆေးများကို စနစ်တကျ သုံးစွဲနည်းတို့ကို ပညာပေးဟောပြောခဲ့ပြီး ဟောပြောပွဲအပြီးတွင် ကြွက်ကာကွယ်နှိမ်နင်းနည်း လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့သည်။

ထို့နောက် ကျေးရွာရှိစိုက်ခင်းများသို့ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ တာဝန်ရှိသူများက ကွင်းဆင်းကြည့်ရှုခဲ့ရာ စိုက်ခင်းများသည် တောင်ယာစိုက်ခင်းဖြစ်၍ တောင်ကုန်းတောင်စောင်းများ၌ စပါးသီးနှံအဓိကထားစိုက်ပြီး အစေ့ထုတ်ပြောင်းများ၊ စားပြောင်းဖူးများနှင့် အခြားသီးနှံများဖြစ်သော ဖရုံ၊ သခွား၊ ငရုတ် စသည့်တို့ကို ရောနှောစိုက်ထားခြင်းကြောင့် ကြွက်ကျရောက်မှုမှာ တစ်ခင်းလျှင် သုံးပေပတ်လည်၊ ငါးပေပတ်လည်စသည့် အကွက်ငယ်များ ကွက်ကျားကိုက်ဖြတ်ခံရခြင်းဖြစ်ကြောင်း တွေ့ရှိရပြီး ပျက်စီးမှုမရှိဘဲ ထိခိုက်မှုအနည်းငယ်သာရှိကြောင်း သိရသည်။

ကြွက်ကျရောက်ဖျက်ဆီးမှုမရှိသော မော်သီဒိုကျေးရွာနှင့် ဒိုလာစောကျေးရွာများတွင်လည်း ကြွက်ကာကွယ်နှိမ်နင်းနည်း ပညာပေးဟောပြောပွဲများ ပြုလုပ်ပြီး လက်ကမ်းစာစောင်များ ဖြန့်ဝေခဲ့ကြောင်းသိရသည်။ အဆိုပါ ကြွက်ကာကွယ်နှိမ်နင်းနည်း ပညာပေးဟောပြောပွဲသို့ ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးနှင့် ကျေးရွာ ၉ ရွာမှ အုပ်ချုပ်ရေးမှူးများ၊ ဒေသခံတောင်သူများ တက်ရောက်ခဲ့သည်။



**ကိုစိုင်း(လှိုင်ကော်)**

## သတင်းတိုများ

### တိမ်းစောင်းသွားသောတံတားတိုင်ကို ယာယီပြန်လည်ပြုပြင်ထား

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင်အတွင်း ရေကြီးရေလျှံမှုကြောင့် ရေဦးနှင့် ချမ်းသာဘူတာကြား တံတားအမှတ် ၂၅၉ ၏ ရေလယ်တိုင်သည် ဇူလိုင် ၂၄ ရက်က တိမ်းစောင်းသွားမှုကို စစ်ကိုင်းတိုင်းဒေသကြီး ရထားပို့ဆောင်ရေးဝန်ကြီးဌာန(မြို့ပြ)မှ တာဝန်ရှိသူများက ယာယီပြန်လည်ပြုပြင်ခဲ့ပြီး ရထားလမ်းပိုင်းများ ပြင်ဆင်ရန်လိုအပ်သည်များကိုလည်း ပြုပြင်ခဲ့ရာ ဇူလိုင် ၂၅ ရက်တွင် ရထားများ ပြန်လည်ဖြတ်သန်းသွားလာနိုင်ခဲ့ကြောင်း သိရသည်။

**တင်မောင်(မန်းကိုယ်ပွား)**

### အသက်မွေးပညာသင်တန်းများဖွင့်လှစ်ပို့ချလျက်ရှိ

မူဆယ်မြို့နယ် စယ်လန့်ကျေးရွာအုပ်စု မန်ကန်ကျေးရွာ၌ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက အခြေခံစက်ချုပ်ပညာသင်တန်း ဖွင့်လှစ်သင်ကြားနေမှုကို ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူးက ဇူလိုင် ၂၄ ရက်က ကွင်းဆင်းကြည့်ရှုပြီး သင်တန်းသူများအား အားပေးခဲ့သည်။ မူဆယ်မြို့နယ်အတွင်း ကျေးလက်ဒေသနေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုရရှိစေရေးအတွက် အသက်မွေးဝမ်းကျောင်းပညာသင်တန်းများကို မူဆယ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးရေးဦးစီးဌာနက ဖွင့်လှစ်ပို့ချလျက်ရှိကြောင်း သိရသည်။

**(မြို့နယ် ပြန်ဆက်)**

### ဓာတ်တိုင်များလဲကျသော်လည်း မီးရရှိရန်ပြင်ဆင်ထား

ကချင်ပြည်နယ် မိုးညှင်းမြို့နယ်အတွင်း မိုးသည်းထန်စွာရွာသွန်းသဖြင့် မိုးညှင်းမြို့ ဓာတ်အားခွဲရုံသို့ ဆက်သွယ်ထားသည့် ၆၆ ကေဗွီ ကျောက်ပုထိုးဓာတ်အားလိုင်းမှ ဓာတ်တိုင်အချို့ ချောင်းရေတိုက်စားပြီး လဲကျခဲ့သော်လည်း မိုးညှင်းမြို့အတွင်း လျှပ်စစ်မီးပြန်လည်ရရှိရန်အတွက် တာဝန်ရှိသူများက ချီဗွေ ၆၆ ကေဗွီ ဓာတ်အားလိုင်းမှ ချိတ်ဆက်ဆောင်ရွက်ပေးသဖြင့် ဇူလိုင် ၂၆ ရက်တွင် ဓာတ်အားပြန်လည်ရရှိခဲ့ကြောင်း သိရသည်။

**(ဝမ်ဒ)**

# သောင်ရင်းမြစ်ကမ်းမြေထိန်းနံရံတည်ဆောက်မှုနှင့် ရေလမ်းကြောင်းများ ကွင်းဆင်းကြည့်ရှု

**မြဝတီ ဇူလိုင် ၂၈**

ကရင်ပြည်နယ် မြဝတီခရိုင် မြဝတီမြို့ သောင်ရင်းမြစ်ကမ်းပါး တစ်လျှောက်တွင် မြစ်ရေတိုက်စားမှုကြောင့် ကမ်းပါးပြိုကျမှုများမရှိစေရေးအတွက် မြေထိန်းနံရံများတည်ဆောက်ထားမှုကို ခရိုင်အုပ်ချုပ်ရေးမှူး ဦးလွင်ကိုဦးနှင့် တာဝန်ရှိသူများက ဇူလိုင် ၂၆ ရက်က ကွင်းဆင်းကြည့်ရှုခဲ့ကြောင်း သိရသည်။

ခရိုင်အုပ်ချုပ်ရေးမှူးနှင့်အတူ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးခင်မောင်ဇော်၊ မြို့နယ်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ ဦးသန်းရွှေ၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုကော်မတီဥက္ကဋ္ဌဦးမြင့်ကျော်၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးကျော်ကျော်ဦးတို့ပါဝင်၍ သောင်ရင်းမြစ်ကမ်းပါးတစ်လျှောက်တွင် မြစ်ရေစီးဆင်းသည့် ရေလမ်းကြောင်းအခြေအနေများ၊ မြေထိန်းနံရံဆောင်ရွက်ထားမှု အခြေအနေများ၊ မြေထိန်းနံရံများ ဆက်လက်ဆောင်ရွက်ရမည့်နေရာများအား ရေလမ်းကြောင်းတစ်လျှောက် စက်လှေများဖြင့် ကြည့်ရှုစစ်ဆေးခဲ့ခြင်းဖြစ်သည်။

**ထိန်လင်းအောင်(ပြန်/ဆက်)**

# ဒါန်းဗွန်မြို့နယ်၌ ပျိုးပင်များ အခမဲ့ဖြန့်ဝေ

**ဒါန်းဗွန် ဇူလိုင် ၂၈**

မန္တလေးတိုင်းဒေသကြီး မြင်းခြံခရိုင် ဒါန်းဗွန်မြို့နယ်၌ မြို့နယ်စိမ်းလန်းစိုပြည်ရေးနှင့် ထင်း၊ တိုင်၊ မျောစသည့် သစ်တောထွက်ပစ္စည်းများကို ဒေသခံပြည်သူများ အိမ်ဆောက်လုပ်ရန်နှင့် လယ်ယာလုပ်ငန်းများတွင် သုံးစွဲနိုင်ရေးအတွက် ပျိုးပင်များကို မြို့နယ်သစ်တောဦးစီးဌာနက ဒေသခံပြည်သူများအား အခမဲ့ထုတ်ပေးလျက်ရှိကြောင်း သိရသည်။

မြို့နယ်သစ်တောဦးစီးဌာနသည် ဒေသခံပြည်သူများ အသုံးပြုနိုင်ရန်အတွက်ရည်ရွယ်ပြီး ယူကလစ်၊ ကျွန်း၊ တမာ၊ ကုက္ကိုနှင့် မယ်ဇလီ ပျိုးပင် ၅၀၀၀၀ ကို မြို့နယ်သစ်တောဦးစီးဌာန ပျိုးဥယျာဉ်၌ ပျိုးထောင်ထားကာ အဆိုပါ ပျိုးပင်များအား မြို့နယ်သစ်တောဦးစီးဌာနမှူး ဦးမင်းမင်းသိုက်နှင့် ဝန်ထမ်းများက ကျေးလက်အိမ်ယာထူထောင်ရေးအတွက် တစ်ရွာလျှင် တစ်ဧက၊ တစ်အိမ်ထောင် ကျွန်းသုံးပင်နှင့် သစ်မာအပင် ၂၀ စိုက်ပျိုးခြင်းနှင့် သစ်ပင်စိုက်ပွဲတော်ကျင်းပခြင်းများ ပြုလုပ်၍ ဖြန့်ဝေပေးလျက်ရှိသည်။

ကျန်ရှိသောပျိုးပင်များကို အမှန်တကယ်စိုက်ပျိုးလိုသူများအား အခမဲ့ထုတ်ပေးလျက်ရှိရာ ကျန်ရှိအပင်များမှ ပျိုးပင် ၅၀၀ ကို ဒါန်းဗွန်မြို့မဈေးအနီး၌ ဇူလိုင် ၂၂ ရက်က ထုတ်ပေးခဲ့ပြီး ဇူလိုင် ၂၄ ရက်တွင် မြို့သာကျေးရွာ မြို့သာဈေးအနီး၌ ပျိုးပင် ၁၅၀၀ ကို အခမဲ့ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

**သက်နောင်ဦး(ဒါန်းဗွန်)**

# သူနာပြုတက္ကသိုလ် ရန်ကုန်နှင့် မန္တလေး ပူပေါင်း၍ သင်ရိုးညွှန်းတမ်းများ ပြန်လည်သုံးသပ်ပြင်ဆင်ရေးဆွဲ

**မန္တလေး ဇူလိုင် ၂၈**

သူနာပြုသိပ္ပံဘွဲ့(ပုံမှန်)နှင့် (ပေါင်းကူး) သင်ရိုးညွှန်းတမ်းများအား အရည်အသွေး အာမခံနိုင်ရေးနှင့် နိုင်ငံတကာအဆင့်မီရေးအတွက် သူနာပြုတက္ကသိုလ်ရန်ကုန်၌ ဇူလိုင် ၂၂ ရက်နှင့် ၂၃ ရက်က သူနာပြုတက္ကသိုလ် ရန်ကုန်နှင့် မန္တလေးမှ ပါမောက္ခချုပ်များဦးဆောင်၍ သက်ဆိုင်ရာဘာသာ ရပ်ဌာနမှူးများ၊ ဝါရင့်ဆရာ ဆရာမများ၊ ကျွမ်းကျင်ပညာရှင်များ ပူးပေါင်းပြီး လက်ရှိသင်ရိုးညွှန်းတမ်းများအား ပြန်လည်သုံးသပ်ရေးဆွဲကြသည်။

ဆွေးနွေးပွဲတွင် သူနာပြုတက္ကသိုလ်များမှ ပါမောက္ခချုပ်များဖြစ်သော ဒေါက်တာ မြတ်သန္တာနှင့် ဒေါက်တာသီတာတို့က အမှာစကား ပြောကြားပြီး မြန်မာနိုင်ငံသူနာပြုနှင့် သားဖွားကောင်စီ အကြံပေးပါမောက္ခ ဦးမောင်မောင်က ASEAN MR A and Core Compentency for MNMC Registered Nurses and Midwives နှင့်သတ်သက်၍လည်းကောင်း၊ သူနာပြုတက္ကသိုလ်(ရန်ကုန်)မှ ဒုတိယပါမောက္ခချုပ်(သင်ကြား) ဒေါ်လှလှအေးက Need for QA. AUN-QA and Current Nursing Curricu-lum (Under graduate) နှင့်ပတ်သက်၍လည်းကောင်း၊ သူနာပြုတက္ကသိုလ် ရန်ကုန်နှင့် မန္တလေးမှ သင်ကြားရေးဆရာမများက Under graduate Nursing Curriculum Models from Other Countries နှင့်ပတ်သက် ၍လည်းကောင်း တင်ပြဆွေးနွေးကြသည်။



ထို့နောက် လက်ရှိကျင့်သုံးလျက်ရှိသော Curriculum ကို အဖွဲ့အလိုက် ပြင်ဆင်ရေးဆွဲတင်ပြကြပြီး အရည်အသွေးအာမခံနိုင်သည့် နိုင်ငံတကာအဆင့်မီ Curriculum များ ပေါ်ထွန်းလာရေးအတွက် တက်ရောက်သူများက ဝိုင်းဝန်း သုံးသပ်ညှိနှိုင်းဆွေးနွေးကြကြောင်း သိရသည်။

**တင်မောင်(မန်းကိုယ်ပွား)**

# ရမည်းသင်း၌ မိုးကြိုနေကြာများ စတင်ရိတ်သိမ်း

**ရမည်းသင်း ဇူလိုင် ၂၈**

မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့နယ်အတွင်းရှိ ကျေးလက်ဒေသများတွင် စိုက်ပျိုးထားသော မိုးကြိုနေကြာများကို စတင်ရိတ်သိမ်းနေပြီဖြစ်ပြီး ယခုနှစ်တွင် ရာသီဥတုမကောင်းသဖြင့် နေကြာအထွက်နှုန်း နည်းနိုင်ကြောင်း သိရသည်။



ရမည်းသင်းမြို့နယ်အတွင်း နေကြာစိုက်ပျိုးသော ကျေးရွာများသည် စားသုံးဆီအတွက် အဓိကထားစိုက်ပျိုးကြခြင်းဖြစ်ပြီး ပိုလျှံမှသာရောင်းချကြသည်။ ယခုနှစ်တွင် မိုးဦးနောက်ကျသဖြင့် နေကြာစိုက်ရက် နောက်ကျကာ မိုးရွာသွန်းမှုလည်း နည်းသောကြောင့် စိုက်ပျိုးထားသောနေကြာများ အထွက်နှုန်းမကောင်းဘဲ ရိတ်သိမ်းချိန်လည်း နောက်ကျနိုင်ကြောင်း၊ မိုးလေဝသ ကောင်းမွန်ပါက နေကြာတစ်ဧကလျှင် တင်း ၃၀ မှ တင်း ၄၀ အထိ ထွက်လေ့ရှိသော်လည်း ယခုနှစ်ရာသီဥတုအခြေအနေအရ တင်း ၂၀ ဝန်းကျင်သာ ထွက်နိုင်ကြောင်း နေကြာစိုက်တောင်သူအချို့က ပြောသည်။

ထို့အပြင် နေကြာအထွက်နှုန်း ပုံမှန်ရှိပါက ဆီကြိတ်လျှင် နေကြာတစ်တင်းကို ၃ ပိဿာမှ ၄ ပိဿာအထိ ထွက်နိုင်သော်လည်းယခုနှစ်တွင်သီးနှံအောင်နှုန်းလည်း မကောင်းသဖြင့် ဆီထွက်နှုန်းလည်း နည်းနိုင်ကြောင်း သိရသည်။ ယခုနှစ်တွင် မိုးကြို နေကြာစိုက်ပျိုးမှု မအောင်မြင်သဖြင့် နောက်ပိုင်းသီးနှံအဖြစ် ရာသီဥတုဒဏ်ခံသောဝါကို အဓိကထား စိုက်ပျိုးရန် ပြင်ဆင်နေကြကြောင်း သိရသည်။ **အတ်ကလေး(ရမည်းသင်း)**

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
# ဆက်သွယ်ရေးနှင့်သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာန
# စတုတ္ထမြောက်ဆက်သွယ်ရေးဝန်ဆောင်မှုလုပ်ငန်းလိုင်စင်အား ရယူသုံးစွဲနိုင်မည့် အထူးလုပ်ငန်းကုမ္ပဏီဖွဲ့စည်းရေးအဆိုပြုလွှာများတင်သွင်းရန် ဖိတ်ကြားခြင်း

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာကဏ္ဍဟန်ချက်ညီစွာ တိုးတက်ဖွံ့ဖြိုးရေးအတွက် မူဝါဒနှင့် ဖွဲ့စည်းမှုမူဘောင်များကို ပွင့်လင်းမြင်သာမှုရှိစွာဖြင့် ဈေးကွက်ပြိုင်ဆိုင်မှုကိုဖော်ဆောင်ပေးခဲ့ပြီးဖြစ်ပါသည်။ ဤမူဝါဒ၏အဓိက ရည်မှန်းချက်များမှာ ဆက်သွယ်ရေးဝန်ဆောင်မှုလုပ်ငန်းများ အရည်အသွေးတိုးတက်မြင့်မားစေရန်၊ မြို့ပြနှင့်ကျေးလက်ဒေသနစ်ရပ်လုံးတွင်ချိုသာသော ဈေးနှုန်းများဖြင့် ပြည်သူလူထုသို့ဆက်သွယ်ရေးဝန်ဆောင်မှုများ ဆောင်ရွက်ပေးရန်နှင့် သုံးစွဲသူပြည်သူများနှင့် လုပ်ငန်းရှင်များက စိတ်ကြိုက်ရွေးချယ်နိုင်ခွင့်ရှိသည့် ကောင်းမွန်သောဆက်သွယ်ရေးဈေးကွက်ဆိုင်ရာ ဝန်ဆောင်မှုဖြည့်ဆည်းပေးရန်တို့ဖြစ်ပါသည်။

၂။ ဤရည်မှန်းချက်များပြည့်မီရန်အလို့ငှာ နိုင်ငံတော်အစိုးရသည် တစ်နိုင်ငံလုံးအနှံ့လွှမ်းခြုံမည့် ဆက်သွယ်ရေးဝန်ဆောင်မှုလုပ်ငန်းလိုင်စင်သုံးခုအား အောင်မြင်စွာချမှတ်ပေးခဲ့ပြီးဖြစ်ပါသည်။ ယခုဖိတ်ကြားလွှာသည် စတုတ္ထမြောက်ဆက်သွယ်ရေးဝန်ဆောင်မှုလိုင်စင်အား ရယူသုံးစွဲနိုင်မည့် အထူးလုပ်ငန်းကုမ္ပဏီတစ်ခု (Special Purpose Vehicle) ဖွဲ့စည်းရာတွင် ပါဝင်ရန် စိတ်ဝင်စားသော အမျိုးသားအများပိုင်ကုမ္ပဏီများမှ အဆိုပြုလျှောက်လွှာများကို ခေါ်ယူခြင်းဖြစ်ပါသည်။ ဤလိုင်စင်ခွင့်ပြုပေးရန် ပထမအဆင့်အနေဖြင့် အထူးလုပ်ငန်းကုမ္ပဏီတစ်ခုအောင်မြင်စွာ ဖွဲ့စည်းရန်လိုအပ်ပြီး ယင်းကုမ္ပဏီတွင် ပါဝင်ကြမည့်အစုရှယ်ယာများနှင့် လုပ်ငန်းအဆိုပြုချက်လျှောက်လွှာများကို စည်းကမ်းချက်များနှင့်အညီ စီမံခန့်ခွဲရေးကော်မတီအများပိုင်ကုမ္ပဏီဖွဲ့စည်းရေးနှင့် တင်ဒါစိစစ်ရွေးချယ်ရေးလုပ်ငန်းကော်မတီ၊ ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာန၊ ရုံးအမှတ် (၂)၊ နေပြည်တော်သို့ ၂၀၁၅ ခုနှစ် ဩဂုတ် ၂၄ရက် နောက်ဆုံးထား၍ တင်သွင်းရန် ဖြစ်ပါသည်။ လျှောက်လွှာပုံစံများအား ဤဝန်ကြီးဌာန၏ Website ဖြစ်သည့် http://www.mcit.gov.mm/ တွင် Download ပြုလုပ်၍ ရယူနိုင်ပါကြောင်း ဖော်ပြအပ်ပါသည်။

၃။ အဆိုပါအထူးလုပ်ငန်းကုမ္ပဏီအောင်မြင်စွာ ဖွဲ့စည်းပြီးသည့်အချိန်တွင် စတုတ္ထလိုင်စင်ချမှတ်ရန် သဘောတူစာချွန်လွှာရေးထိုးနိုင်မည်ဖြစ်ပြီး မိတ်ဖက်နိုင်ငံခြားကုမ္ပဏီနှင့် အောင်မြင်စွာဖက်စပ်ကော်ပိုရေးရှင်းတစ်ခုဖွဲ့စည်းပြီးသည့်အခါ လိုင်စင်အားသတ်မှတ်ထားသောအခွန်အခပေးချေစေလျက် လုံးဝလွှဲပြောင်းပေးမည်ဖြစ်ပါသည်။ ဤလိုင်စင်သည် ကနဦး ၁၅နှစ် သက်တမ်းရှိမည်ဖြစ်ပြီး၊ သတ်မှတ်ချက်များနှင့်ကိုက်ညီပါက မူလလိုင်စင်သက်တမ်းအတိုင်း ထပ်မံသက်တမ်းတိုးနိုင်မည်ဖြစ်သည်။

**အထူးလုပ်ငန်းကုမ္ပဏီတွင်ပါဝင်ရန် အဆိုပြု လျှောက်ထားသူများ လိုက်နာရမည့်စည်းမျဉ်းများ**

(က) အဆိုပြုလျှောက်ထားသူသည် မြန်မာနိုင်ငံကုမ္ပဏီများအက်ဥပဒေနှင့်အညီ ဖွဲ့စည်းထားသော သက်တမ်းအနည်းဆုံး (၃)လ ရှိပြီးသား အများပိုင်ကုမ္ပဏီဖြစ်ရပါမည်။

(ခ) ကုမ္ပဏီ၏အရင်းအနှီးမတည်ငွေမှာ အနည်းဆုံး မြန်မာကျပ်ငွေ (၃)ဘီလီယံ ထည့်ဝင်ပြီးဖြစ်၍ ကုမ္ပဏီ၏ငွေရေး၊ ကြေးရေးစွမ်းဆောင်ရည်ကို ဖော်ပြနိုင်မည့် နှစ်ချုပ်စာရင်းစစ်အစီရင်ခံစာ (သို့မဟုတ်) အခြားဘဏ်စာရင်းအထောက်အထားများကို ပြသနိုင်ရပါမည်။

(ဂ) ကုမ္ပဏီသည် ဆက်သွယ်ရေးကဏ္ဍ၏ဥပဒေများ၊ နည်းဥပဒေများနှင့် မူဘောင်များကိုလိုက်နာကျင့်သုံးရန်နှင့် အများပိုင်ကုမ္ပဏီ၏ သဘောသဘာဝကို တိုးတက်ကောင်းမွန်စေရန် စီမံခန့်ခွဲရေးကော်မတီ၏ လမ်းညွှန်မှုဖြင့် ဆောင်ရွက်နိုင်ရမည်။

(ဃ) ကုမ္ပဏီသည် ဖက်စပ်ပူးပေါင်းဆောင်ရွက်မည့် နိုင်ငံခြားကုမ္ပဏီရွေးချယ်ရေးဆိုင်ရာလုပ်ငန်းအဆင့်ဆင့်အပေါ် တင်ဒါစိစစ်ရေးနှင့် ရွေးချယ်ရေးကော်မတီ၏ ဆုံးဖြတ်ဆောင်ရွက်မှုများအတိုင်းလိုက်နာ၍ ဖက်စပ်နိုင်ငံခြားကုမ္ပဏီမှတင်ပြလာသောနည်းပညာဝန်ဆောင်မှုနှင့် ဈေးကွက်ဆိုင်ရာ မဟာဗျူဟာများအပေါ် ပံ့ပိုးဆောင်ရွက်နိုင်ရမည်။

(င) ကုမ္ပဏီသည် ဖက်စပ်ပူးပေါင်းဆောင်ရွက်မည့်နိုင်ငံခြား၊ ကုမ္ပဏီရွေးချယ်ရေးဆိုင်ရာလုပ်ငန်းများနှင့်ဖက်စပ်ကော်ပိုရေးရှင်းတစ်ခု ဖြစ်မြောက်သည်အထိ ပံ့ပိုးကူညီရန် ငှားရမ်းဆောင်ရွက်မည့် ကျွမ်းကျင်အကြံပေးအဖွဲ့အတွက် ပေးရမည့်ကျသင့်ငွေကို အချိုးကျထည့်ဝင်နိုင်ရမည်။

(စ) ကုမ္ပဏီသည် ဖက်စပ်ပူးပေါင်းဆောင်ရွက်မည့် နိုင်ငံခြားကုမ္ပဏီ ရွေးချယ်ပြီးသည့်အခါ အစုရှယ်ယာများအလိုက် အချိုးကျပေးဆောင်ရန်ရှိသော ဆက်သွယ်ရေးဝန်ဆောင်မှုလုပ်ငန်းလိုင်စင်အခွန်အခကို နိုင်ငံတော်အစိုးရက သတ်မှတ်ထားသည့်အတိုင်း လက်ငင်းငွေချေပေးဆောင်နိုင်ရမည်။

(ဆ) ကုမ္ပဏီသည် နိုင်ငံတော်အတွင်း လက်ရှိဆောင်ရွက်လျက်ရှိသော အခြားလိုင်စင်ရရှိသူများ၏ အစုရှယ်ယာများတွင် (၁၀)ရာခိုင်နှုန်းအထိသာ ပါဝင်ခွင့်ရှိမည်ဖြစ်ပြီး၊ လိုင်စင်ထုတ်ပေးခြင်းဆိုင်ရာနည်းဥပဒေများနှင့် လမ်းညွှန်ချက်များကိုလိုက်နာမည်ဖြစ်ကြောင်း သဘောတူခံဝန်ချက်ရေးထိုးရပါမည်။ အဆိုပါအချက်အလက်များနှင့် တစ်စုံတစ်ရာမကိုက်ညီပါက လျှောက်လွှာအား လက်ခံစဉ်းစားမည်မဟုတ်ပါ။

(ဇ) အဆိုပြုလျှောက်ထားမည့်ကုမ္ပဏီနှင့် ကုမ္ပဏီအဖွဲ့ဝင်များသည် တရားရုံးတစ်ခုခုတွင် အငြင်းပွားမှုဖြစ်ပွားနေခြင်း၊ အမည်ပျက်စာရင်းတွင် ပါဝင်နေခြင်းများ ကင်းရှင်းရပါမည်။

**အထူးလုပ်ငန်းကုမ္ပဏီတွင်ပါဝင်ရန် အဆိုပြုလျှောက်လွှာတွင် ပါဝင်ရမည့်အချက်များ**

(က) ကုမ္ပဏီသည် ဖက်စပ်ပူးပေါင်းဆောင်ရွက်မည့် နိုင်ငံခြားကုမ္ပဏီရွေးချယ်ရေးအတွက် အထောက်အကူပြုမည့် ဆက်သွယ်ရေးကဏ္ဍဆိုင်ရာ ရည်မှန်းချက်များကို အကောင်းဆုံးဖြည့်ဆည်းနိုင်မည့်နည်းလမ်းစဉ်များ၊ အတွေ့အကြုံများနှင့်လုပ်ငန်းအဆိုပြုချက်များကို လျှောက်လွှာတွင် ပြည့်စုံစွာ ထည့်သွင်းဖော်ပြ၍ အထောက်အထားများနှင့်အတူ လျှောက်ထားရပါမည်။

(ခ) ကုမ္ပဏီသည် အထူးလုပ်ငန်းကုမ္ပဏီတွင်ထည့်ဝင်မည့် မတည်ငွေပမာဏကို ဖော်ပြရန်လိုအပ်ပြီး ပေါ်ထွက်လာမည့်ဖက်စပ်ကော်ပိုရေးရှင်းမှ ပေးဆောင်ရမည့်လိုင်စင်အခွန်အခတွင် သတ်မှတ်ထားသောကာလအတွင်း အချိုးကျထည့်ဝင်နိုင်ကြောင်း ဝန်ခံကတိကို အပေါင်ခံငွေတိုက်စာချုပ်နှင့်အတူ ယှဉ်တွဲပေးဆောင်ရမည်။

(ဂ) အထက်ပါအချက်အလက်များမှားယွင်းဖော်ပြမှုနှင့် ကတိကဝတ်များ ပျက်ကွက်မှုရှိခဲ့ပါက နိုင်ငံတော်အစိုးရမှနစ်နာမည့်ကိစ္စရပ်များအတွက် အပေါင်ခံငွေတိုက်စာချုပ်ပမာဏကိုလည်း မတည်ငွေ၏သတ်မှတ်ထားသော ရာခိုင်နှုန်းအတိုင်းပေးလျော်နိုင်ရမည်။

**စီမံခန့်ခွဲရေးကော်မတီ**
**အများပိုင်ကုမ္ပဏီဖွဲ့စည်းရေးနှင့် တင်ဒါစိစစ်ရွေးချယ်ရေးလုပ်ငန်းကော်မတီ**
**ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာန၊ ရုံးအမှတ် (၂)၊ နေပြည်တော်၊**
**ဖုန်း-၀၀၉၅၆၇၄၀၇၃၅၀၊ ၀၀၉၅၉၄၅၀၀၀၀၀၂၃၊ e-Mail:so-info1@e-mcit.gov.mm**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ချင်းပြည်နယ် ကုသရေးဦးစီးဌာနလက်အောက်ရှိ ခရိုင်အဆင့်ဆေးရုံများ၊ မြို့နယ်ဆေးရုံများနှင့် တိုက်နယ်ဆေးရုံများအတွက် ဆေးဝါးများဝယ်ယူလိုပါသဖြင့် အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ **တင်ဒါပိတ်မည့်ရက်နှင့်အချိန်** - ၂၈-၈-၂၀၁၅ ရက် (သောကြာနေ့)
- ညနေ ၄း၀၀ နာရီ

၃။ အိတ်ဖွင့်တင်ဒါပုံစံများကို ဟားခါးပြည်သူ့ဆေးရုံအုပ်ကြီးရုံးတွင် ရုံးချိန်အတွင်း လာရောက်ထုတ်ယူနိုင်ပါသည်။

**အိတ်ဖွင့်တင်ဒါခေါ်ယူရေးကော်မတီ**
**ချင်းပြည်နယ်ကုသရေးဦးစီးဌာန**
**ဖုန်း-၀၇၀-၂၁၀၂၁၊ ၀၇၀-၂၁၀၆၉**

---

**ပညာရေးဝန်ကြီးဌာန**
**အမျိုးသားစီမံခန့်ခွဲမှုပညာကောလိပ်**
**Certificate in Advertising သင်တန်းအမှတ်စဉ်(၁)**

## သင်တန်းလျှောက်လွှာခေါ်ယူခြင်း

အမျိုးသားစီမံခန့်ခွဲမှုပညာကောလိပ်နှင့် Sagaing Innovation Group (SIG) Co.,Ltd တို့ပူးပေါင်း၍ Certificate in Advertising သင်တန်းအမှတ်စဉ်(၁)ကို ဖွင့်လှစ်မည်ဖြစ်ပါသည်။

၁။ အဆိုပါသင်တန်းသို့ အနိမ့်ဆုံးပညာအရည်အချင်းအဖြစ် တက္ကသိုလ်ဝင်တန်း အောင်မြင်ပြီးသူများ တက်ရောက်နိုင်ပါသည်။

၂။ သင်တန်းကာလ ခြောက်လကြာမြင့်ပြီး ၂၀၁၅ခုနှစ် ဩဂုတ် ၁၅ရက်တွင် စတင်ဖွင့်လှစ်မည်ဖြစ်ပါသည်။

၃။ ဂျပန်နိုင်ငံ Hakuhodo ကုမ္ပဏီနှင့် နိုင်ငံတကာသင်ရိုးညွှန်းတမ်းများကို အခြေခံ၍ စာတွေ့လက်တွေ့သင်ကြားပို့ချသွားမည်ဖြစ်ပြီး ပြင်ပပညာရှင်များ၊ ဂျပန်နိုင်ငံ Hakuhodo Advertising Company မှ ကျွမ်းကျင်ပညာရှင်များမှလည်း အခါအားလျော်စွာ လာရောက်ပို့ချသွားမည်ဖြစ်ပါသည်။

၄။ Certificate သင်တန်းအောင်မြင်ပြီးသူများသည် Diploma in Advertising သင်တန်းသို့ ဆက်လက်တက်ရောက်ခွင့်ရှိမည်ဖြစ်ပြီး Diploma သင်တန်းကို ထူးချွန်စွာအောင်မြင်သူများသည် ဂျပန်နိုင်ငံသို့ လက်တွေ့လုပ်ငန်းခွင် သွားရောက်လေ့လာခွင့်ရရှိနိုင်မည်ဖြစ်ပါသည်။

၅။ ပညာအရည်အချင်း အထောက်အထားမူရင်းနှင့် မိတ္တူနှစ်စုံ၊ နိုင်ငံသားစိစစ်ရေးကတ်ပြားမူရင်းနှင့် မိတ္တူနှစ်စုံ၊ ခြောက်လအတွင်းရိုက်ကူးထားသော ကာလာလိုင်စင်ဓာတ်ပုံလေးပုံနှင့်အတူ တင်ပြလျှောက်ထားနိုင်ပါသည်။

**(လူဦးရေကန့်သတ်ထားပါသဖြင့် ကြိုတင်စာရင်းပေးသွင်းနိုင်ပါသည်)**

**အသေးစိတ်သိရှိလိုပါက-** SIG သင်တန်းရုံးခန်း၊ အမျိုးသားစီမံခန့်ခွဲမှုပညာကောလိပ်(လေးထပ်စာသင်ဆောင်)၊ ဗိုလ်တထောင်ဘုရားလမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့၊
ဖုန်း-၀၉-၄၃၀၈၄၄၃၃၊ ၀၉-၄၃၀၈၄၄၅၅

---

## ဝန်ထမ်းအလိုရှိသည်

နေပြည်တော် ဇမ္ဗူသီရိအထူးကုဆေးရုံကြီး၊ ချမ်းငြိမ်းမေတ္တာဆေးဆိုင်အတွက်-

(၁) ဆေးဝါးကျွမ်းကျင်(B.Pharm)ဘွဲ့ရ ကျား/မ (၃) ဦး
(၂) ဆေးဝါးကျွမ်းကျင်အကူ(Pharmalist Aid) ကျား/မ (၃) ဦး
(၃) ဆေးရောင်းကျွမ်းကျင်(အတွေ့အကြုံရှိ)ဝန်ထမ်း ကျား/မ (၃) ဦး

- လုပ်ငန်းအတွေ့အကြုံရှိသူ ဦးစားပေးမည်။
- အရည်အချင်းပေါ်မူတည်၍ လစာကောင်းပေးမည်။

**ဆက်သွယ်ရန်-ဖုန်း-၀၉-၂၅၀၃၄၅၁၂၀၊၀၉-၅၁၂၃၆၂၀၊၀၉-၇၈၅၁၂၃၆၂၀**

---

**ဦးစိုးစိုး ၉/မခန(နိုင်)၁၂၉၇၆၈ ၏ ၈-၇-၂၀၁၅ နှင့် ၁၀-၇-၂၀၁၅ရက်စွဲပါ ပိုင်ဆိုင်ကြောင်းကြော်ငြာခြင်းအား ကန့်ကွက်ပါကြောင်း အများသိစေရန်ကြေညာခြင်း**

၈-၇-၂၀၁၅ရက်ထုတ် မြန်မာ့အလင်းသတင်းစာနှင့် ၁၀-၇-၂၀၁၅ရက်ထုတ် ကြေးမုံသတင်းစာတွင် ပိုင်ဆိုင်ကြောင်းကြေညာသည့် ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ် မြေတိုင်းရပ်ကွက်အမှတ် ၁၄(သမိုင်း) မြေကွက်အမှတ်(၆/က)၏ တစ်စိတ်တစ်ဒေသ ဧရိယာ (၂၇×၇၀)ပေ မြေပိုင်မြေအမည်ပေါက် မကြီးကြီး၊ လူနေရပ်ကွက်အမှတ်(၄၆)၊ ဗဟိုလမ်း၊ (၂)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်ရှိမြေကွက်အား အမွေဆက်ခံခွင့်ရှိသူ ဒေါ်ခင်ခင်စီ+၁ ထံမှ ဝယ်ယူခြင်းသည် တရားဝင်အရောင်းအဝယ်မဟုတ်ပါကြောင်းနှင့် ကျန်ရှိသောအခြားအမွေဆိုင်များမသိရှိဘဲ အရောင်းအဝယ်ပြုလုပ်ခြင်းသည် ဥပဒေနှင့်အညီ တရားဝင်အရောင်းအဝယ် မဖြစ်ပါကြောင်း ဦးစိုးစိုးနှင့်တကွ အများသိစေရန်ကြေညာအပ်ပါသည်။

မကြီးကြီးနှင့် ဦးကျော်စိန်၊ ဒေါ်အေးရီ၊ ဒေါ်ထားတင် အမည်ပေါက်ပိုင်ဆိုင်သည့် မြေကွက်များအားလုံးကို မည်သူတစ်ဦးတစ်ယောက်ကိုမျှ အရောင်းအဝယ်ပြုလုပ်ရန် လွှဲအပ်ထားခြင်းမရှိပါကြောင်းနှင့် ကျွန်မ၏ သဘောတူညီချက်မရရှိဘဲ အရောင်းအဝယ်မပြုလုပ်ပါရန် အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်ချိုချို ၁၂/လကန(နိုင်)၀၆၁၁၉၁**
**၃၁၊ ပုသိမ်လမ်း၊ စမ်းချောင်း**

---

## ကန့်ကွက်နိုင်ပါကြောင်း

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်ခရိုင်၊ ပြင်ဦးလွင်မြို့၊ ရေချမ်းအိုးကျေးရွာ၊ ရေချမ်းအိုးမြောက်ရွာအုပ်စု၊ ကွင်းအမှတ် (၆၈၁/၈)၊ ဦးပိုင်အမှတ် (၁၄/၄)၊ သစ္စာမွန်လမ်းပေါ်ရှိ ဦးဂေါ်လိုအောင်ဂမ်း BMO -158433 နှင့် ဒေါ်ရွှေညွန့် MNN -061487 တို့ ဝယ်ယူပိုင်ဆိုင်ထားသည့် မြေနှင့်အိမ်အား ကျွန်ုပ်၏မိတ်ဆွေ ဒေါ်မြမြရီ ၇/ပခန(နိုင်)၃၁၁၀၇၁မှ အပြီးအပိုင် ဝယ်ယူရန်အတွက် စရန်ငွေများပေးချေပြီးဖြစ်ပါသည်။ ပိုင်ဆိုင်မှုနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ခိုင်လုံသောစာရွက်စာတမ်းအပြည့်အစုံဖြင့် ဤသတင်းစာကြော်ငြာသည့်ရက်မှစတင်၍ ၁၄ရက်အတွင်း ကျွန်ုပ်ထံသို့လာရောက်၍ ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ထက်ကျော်လွန်ပါကအရောင်းအဝယ်အား ဥပဒေနှင့်အညီ တရားဝင်ဖြစ်ရေးအတွက် ဆက်လက်ပြုလုပ်သွားမည်ဖြစ်ပါကြောင်းအများသိစေရန် ကြေညာအပ်ပါသည်။

**ညွှန်ကြားချက်အရ-**
**ဒေါ်ပါရာဝတီ(ခ)အာရှ (၄၅၅၂၇) (LL.B, D.B.L) အထက်တန်းရှေ့နေ**
**(၂၉×၈၄)လမ်းထောင့်၊ ဟိန္ဒူဘုရားကျောင်းဝင်း၊**
**ချမ်းအေးသာဇံမြို့နယ်၊ မန္တလေးမြို့၊ ဖုန်း-၀၉-၂၅၆၁၈၃၄၆၈**

---

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ စက်မှုဝန်ကြီးဌာန၊ အမှတ်(၁) အကြီးစားစက်မှုလုပ်ငန်း၊ နည်းပညာဖွံ့ဖြိုးရေးဌာနအောက်ရှိ အမှတ်(၁) သံမဏိစက်ရုံ(မြင်းခြံ)အတွက်လိုအပ်သော အောက်ဖော်ပြပါပစ္စည်းများအား (Lot)အလိုက် ဝယ်ယူရန်(မြန်မာကျပ်ငွေ)ဖြင့် တင်ဒါခေါ်ယူဆောင်ရွက်လိုပါသည်-

| Lot No | ပစ္စည်းအမျိုးအမည် | အရေအတွက် |
|---|---|---|
| 1 | (a) R.O Membrane(Part No-8222 HR-400) | 54 Nos |
| | (b) Main Shaft(Model No.LRA 650 425 SS) | 1 No |
| | (c) Fan Blade(Model No.59/07/H3/6700) | 1 Set |
| | (d) Universal Cup(Membrane Tube end Cup For Model- BEL 8-S-450RO 8 INCH DIAMETER) | 2 Nos |
| 2 | (a) $CO_2$ Analyzer AO 2020 | 1 No |
| | (b) Oil Separator Kit (Part No.2906 0752 00) | 6 Sets |

၂။ **တင်ဒါပုံစံစတင်ထုတ်ယူနိုင်မည့်ရက်** - ၃-၈-၂၀၁၅ ရက်
**တင်ဒါပိတ်မည့်ရက်နှင့် အချိန်** - ၂၁-၈-၂၀၁၅ ရက် ၁၃း၀၀ နာရီ

၃။ အိတ်ဖွင့်တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် ရုံးချိန်အတွင်း လာရောက်ထုတ်ယူနိုင်ပါသည်။

**နည်းပညာဖွံ့ဖြိုးရေးဌာန၊ အမှတ်(၁)အကြီးစားစက်မှုလုပ်ငန်း**
**ရုံးအမှတ်(၃၀)၊ နေပြည်တော်၊ ဖုန်း-၀၆၇-၄၀၅၀၆၀**

---

**စွမ်းအင်ဝန်ကြီးဌာန**
**မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း (၇/၂၀၁၅)

၁။ မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်းမှ အောက်ဖော်ပြပါမြန်မာကျပ်ငွေဖြင့် လုပ်ငန်းဆောင်ရွက်ခြင်းအတွက် တင်ဒါခေါ်ယူလိုပါသည်-

Gas Engine Generator (4 Units) & Accessories (1 Lot) စုစုပေါင်း အလေးအချိန် 140 တန်ခန့်အား ရန်ကုန်ဆိပ်ကမ်းမှ အမှတ် (၂) ရေနံဓာတ်ငွေ့ရည်စက်ရုံ (ညောင်တုန်း)သို့ သယ်ယူပို့ဆောင်ခြင်းလုပ်ငန်းအတွက် Transporter ယာဉ်များ ငှားရမ်းခြင်း

၂။ **တင်ဒါပုံစံရောင်းချမည့်ရက်** - ၂၈-၇-၂၀၁၅ရက်
**တင်ဒါပိတ်မည့်ရက်/အချိန်** - ၁၄-၈-၂၀၁၅ရက်၊ ၁၂း၀၀နာရီ

၃။ တင်ဒါပုံစံနှင့်အသေးစိတ်အချက်အလက်များကိုအောက်ပါလိပ်စာတွင် ရုံးချိန်အတွင်း လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

**စွမ်းအင်ဝန်ကြီးဌာန**
**မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း၊ စီမံရေးဌာန/ဘဏ္ဍာရေးဌာန**
**ရုံးအမှတ် (၄၄)၊ နေပြည်တော်၊**
**ဖုန်း-၀၆၇-၄၁၁၁၂၃၊ ၀၆၇-၄၁၁၁၉၃**

---

**လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန**
**ရေအရင်းအမြစ်အသုံးချရေးဦးစီးဌာန၊ ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်မြို့**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ရေအရင်းအမြစ်အသုံးချရေးဦးစီးဌာနမှ ဧရာဝတီတိုင်းဒေသကြီးအတွင်း အကောင်အထည်ဖော်ဆောင်ရွက်မည့် လုပ်ငန်းများအတွက် အောက်ဖော်ပြပါပစ္စည်းများအား မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်။

**Tender No.1/WRUD/ Material/ 2015-2016**

| စဉ် | ပစ္စည်းအမျိုးအမည် | အရေအတွက် |
|---|---|---|
| 1. | 4" Ø PVC Pipe-5.8m Length (13.5 bar) | (1400) Nos. |
| 2. | 3" Ø PVC Pipe-5.8 m Length (13.5 bar) | (3230) Nos. |
| 3. | Engine Oil | (7) Drums |
| 4. | Gear Oil | (4) Drums |
| 5. | Hydraulic Oil | (6) Drums |
| 6. | Transformer Oil | (4) Drums |
| 7. | Grease | (919) Lbs |

၂။ **တင်ဒါပုံစံထုတ်ပေးမည့်ရက်** - ၂၈-၇-၂၀၁၅ရက်
၃။ **တင်ဒါပိတ်မည့်ရက်** - ၂၁-၈-၂၀၁၅ရက်
၄။ အိတ်ဖွင့်တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို သတင်းစာတွင် ကြော်ငြာပါသည့်ရက်မှစတင်၍ ရုံးချိန်အတွင်း အောက်ပါဌာနတွင် လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

**တိုင်းရေအရင်းအမြစ်အသုံးချရေးဦးစီးဌာန၊ ပုသိမ်မြို့ ဖုန်း-၀၄၂-၂၄၃၀၃၊ ၀၉-၈၅၅၃၃၈၉**
**ခရိုင်ရေအရင်းအမြစ်အသုံးချရေးဦးစီးဌာန၊ ပုသိမ်မြို့ ဖုန်း-၀၄၂-၂၉၀၀၂၊ ၀၉-၈၅၅၃၇၄၉**

**တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ**

---

## ဖခင်အမည်မှန်

မြိတ်မြို့၊ အထက(၂)၊ တက္ကသိုလ်ဝင်တန်း(7)Aမှ မောင်ပိုင်ကိုခန့်၏ဖခင်အမည်မှန်မှာ အိမ်ထောင်စုစာရင်းအရ ဦးသန်းဇော်ဦး ဖြစ်ပါကြောင်း။

**ဦးသန်းဇော်ဦး ၆/မအရ(နိုင်)၁၀၃၀၃၇**

---

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၄၂ယ/၄၇၅၄၇ Honda Scoopy 110, M/C ယာဉ်လက်ဝယ်ရှိသူ ဦးချစ်စန်းမောင် ၉/ပသက(နိုင်)၁၁၀၂၅၈ က(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)၊ မန္တလေး**

---

**ဆရာကြီးဆရာဒဂုန်လုပ်ငန်းနေရာပြောင်းခြင်း**

မသေလိုပြန်တွေ့ရ၊ ဝမ်းသာမဆုံး၊ နှလုံးရောဂါကြပ်မတ်ဆောင်မှာ အသည်းအသန် ရောဂါဝေဒနာခံစားနေရပြီး ပြန်လည်နလန်ထူလာတဲ့အချိန်မှာ ကိုယ့်ရဲ့ဘေးကို သတိရမိလာပါတယ်။ ကျန်းမာရေးအရ အပေါ်ထပ်သို့တက်ရောက်ခြင်းကို ပါရဂူတွေက တားမြစ်ထားပါတယ်။ ထို့ကြောင့်ဒီနေ့ကစပြီး နံနက်(၈)နာရီမှ (၁၁)နာရီအတွင်း ယုဇနပလာဇာအရှေ့၊ လမ်း(၁၄၀)၊ အမှတ်(၂၅)၊ မြေညီထပ်တွင် ယခင်အတိုင်း မသေခင်ဗေဒင်ဟောပြောနေဆဲဖြစ်ပါတယ်။

(အခြားမည်သည့်နေရာတွင်မှမဟောပြောပါ။) မိတ်ဟောင်း မိတ်သစ် ကံဆွေကံမျိုးအားလုံး တွေ့လိုသူတိုင်း ဆရာကြီးနှင့် ဆက်သွယ်လို့ရပါပြီ။

ဖုန်း - ၀၉-၅၁၁၃၀၅၈ ၊ ၀၉-၇၃၁၇၉၁၂၂ ၊ ၀၉-၇၃၀၀၆၅၂၆

---

## ငြင်းချက်ထုတ်ရန်သမ္မန်စာ

**(တရားမကျင့်ထုံး ကိုဒ်ဥပဒေအမိန့်-၅၊ နည်းဥပဒေ-၁ နှင့် ၅)**
**မူဆယ်ခရိုင် နယ်တရားမရုံးတော်၌**
**၂၀၁၅ခုနှစ် တရားမကြီးမှုအမှတ်-၁၅**

ဦးအုမ်းပရာကပ်(ချ်) **နှင့်** ၁။ ဒေါ်တင်တင်မြ
၂။ ဦးမာတူး(ခ)ဆွမ်လွတ်တူး

**တရားလို** **တရားပြိုင်များ**

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ အမှတ် ၅/၂၈၊ မြောက်ဥယျာဉ်၊ တံခွန်တိုင် (သို့မဟုတ်) ရွှေဂွမ်းထုပ်တိုက်နယ်၊ အမရပူရမြို့နယ်(သို့မဟုတ်) မှန်တန်းရပ်ကွက်၊ အမရပူရမြို့နယ်နေ ဒေါ်တင်တင်မြ (ဘ) ဦးဒေးဗစ် သိစေရမည်။

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ အမှတ် ၄/၁၆၊ ဇီးကုန်းရပ်၊ တံခွန်တိုင်နေ ဦးအုမ်းပရာကပ်(ချ်)က အိမ်ဝိုင်းမြေပိုင်ဆိုင်ကြောင်း မြွက်ဟကြေညာပေးစေလိုမှုနှင့် လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့် စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံးအခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၅ခုနှစ် ဩဂုတ် ၅ရက် (၁၃၇၇ခုနှစ် ဒုတိယဝါဆိုလပြည့်ကျော် ၅ရက်) မွန်းမတည့်မီ ၁၀နာရီတွင် အထက်ကအမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကိုထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့်စာရွက်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၅ခုနှစ် ဇူလိုင် ၁၆ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(အောင်ဇေလွင်)**
**ဒုတိယခရိုင်တရားသူကြီး**
**မူဆယ်ခရိုင်တရားရုံး**

---

**ယာဉ်အမှတ် 1F/8127 မာဇဒါ(အနက်ရောင်)ယာဉ်နှင့် ၈၁/၄၁၈၇ လိုက်ထရပ်(အဖြူရောင်)ယာဉ်များနှင့်ပတ်သက်၍**

## အများသိစေရန်ကြေညာခြင်း

ကျွန်ုပ်၏မိတ်ဆွေ ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ ၁၃ရပ်ကွက်၊ ကောလိယလမ်း၊ အမှတ် ၁၃၃/ခ နေ ဒေါ်ခင်မိုးမိုးညွန့် ၁၂/ရကန(နိုင်)၀၄၇၀၃၅၏ လွှဲအပ်ညွှန်ကြားချက်အရ ကြေညာအပ်ပါသည်။ ကျွန်ုပ်မိတ်ဆွေ၏ ယာဉ်မောင်းဖြစ်သူ ကိုရန်နိုင်သည် ၂၄-၇-၂၀၁၅ရက်နံနက်ပိုင်းမှစ၍ ကျွန်ုပ်မိတ်ဆွေပိုင်ဆိုင်သော ယာဉ်အမှတ် 1F/8127 ယာဉ်အား မောင်းနှင်ယူဆောင်သွားရာ ထိုနေ့ညနေပိုင်းအထိ အဆက်အသွယ်မရဘဲ ပြန်လည်ပေးပို့ခြင်းမရှိသဖြင့် ကားအုံနာဘုတ်အားစစ်ဆေးရာ အဆိုပါယာဉ်နှင့်တကွ ယာဉ်အမှတ် ၈၁/၄၁၈၇ ၏ အုံနာဘုတ်တို့ပါ ပျောက်ဆုံးနေကြောင်း သိရှိရပါသည်။ အဆိုပါယာဉ်များနှင့်ပတ်သက်၍ ကိုရန်နိုင်မှ အခြားသူတစ်ဦးဦးအား လွှဲပြောင်းခြင်း၊ ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ယာဉ်နှင့်ပတ်သက်သောအစိတ်အပိုင်းများအား ပြုပြင်ပြောင်းလဲပုံစံပြောင်းခြင်းများ မပြုလုပ်ပါရန်နှင့်ကျူးလွန်ဖောက်ဖျက်ပါက ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

| **လွှဲအပ်ညွှန်ကြားသူ-** | **လွှဲအပ်ညွှန်ကြားချက်အရ-** | |
|---|---|---|
| **ဒေါ်ခင်မိုးမိုးညွန့်** | **ဒေါ်ခိုင်သဇင်** | **ဒေါ်ခင်မိုးမိုးအောင်** |
| **၁၂/ရကန(နိုင်)၀၄၇၀၃၅** | **LL.B** | **LL.B,WIPO-DL 101 (Switzerland)** |
| | **အထက်တန်းရှေ့နေ (စဉ်-၃၃၁၁၃)** | **တရားလွှတ်တော်ရှေ့နေ (စဉ်-၁၀၀၅၅)** |

**အမှတ်(၈၃/၁၅) တတိယထပ်၊ ပန်းဆိုးတန်းလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊**
**ဖုန်း-၀၉-၄၂၁၀၉၇၄၀၃၊ ၀၉-၉၇၂၀၆၆၆၇၀**

---

**၁၅-၆-၂၀၁၅ ရက်ထုတ် မြန်မာ့အလင်းသတင်းစာ၌**
**ဦးထွန်းလင်းနှင့် ဒေါ်စံတင့်တင့်ဇော်တို့အတွက်**
**"(၁၉)နှစ်ပြည့် မင်္ဂလာနှစ်ပတ်လည်အကြိုဆုတောင်းလွှာ"**
**ခေါင်းစဉ်တပ်ကြေညာခြင်းနှင့်ပတ်သက်၍**

## အများသိစေရန် ပြန်လည်ရှင်းလင်းကြေညာခြင်း

ဩစတြေးလျနိုင်ငံ၊ ဆစ်ဒနီမြို့နေ ကျွန်ုပ်၏အမှုသည် ဦးထွန်းလင်းနှင့် ဇနီးဒေါ်စံတင့်တင့်ဇော်တို့သည် တစ်ဦးနှင့်တစ်ဦး စိတ်သဘောထားချင်းမတိုက်ဆိုင်၍ လင်မယားအဖြစ် ပေါင်းသင်းခြင်းမရှိတော့ဘဲ သီးခြားစီ(Separated)ကွဲကွာနေထိုင်ကြပြီးနောက် ၁၅-၆-၂၀၁၅ ရက်တွင် ထိုနိုင်ငံရှိ သက်ဆိုင်ရာတရားရုံး (IN THE FAMILY COURT OF AUSTRALIA) ၏ အမိန့်(Order)ရယူ၍ လင်မယားအဖြစ်မှ ကွာရှင်းပြတ်စဲခဲ့ပြီးသူများဖြစ်ပါသည်။

သို့ဖြစ်၍ အထက်ပါ ၁၅-၆-၂၀၁၅ ရက်ထုတ် မြန်မာ့အလင်းသတင်းစာ၌ ဦးထွန်းလင်း၊ ဒေါ်စံတင့်တင့်ဇော်တို့ နှောင်နှစ်ပေါင်းများစွာတိုင်အောင် ပျော်ရွှင်ချမ်းမြေ့သောမိသားစုဘဝကို အစဉ်ထာဝရ လျှောက်လှမ်းနိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းသည်ဆိုသော ကြေညာချက်သည် ကျွန်ုပ်၏အမှုသည် ဦးထွန်းလင်းသိရှိခြင်းမရှိသည့်အပြင် ၎င်း၏ဆန္ဒမပါရှိဘဲ ထည့်သွင်းခဲ့ခြင်းသာဖြစ်ပါသည်။ ကျွန်ုပ်အမှုသည်နှင့် ဒေါ်စံတင့်တင့်ဇော်တို့ တရားဥပဒေနှင့်အညီ ကွာရှင်းပြတ်စဲပြီးဖြစ်သည်ကိုမသိရှိသူများက ကြေညာခြင်းဖြစ်ကြောင်းနှင့် နောက်နောင်တွင် ဦးထွန်းလင်း၏ သဘောတူညီချက်မပါရှိဘဲ ထိုသို့ဆောင်ရွက်ခြင်း၊ ကြေညာခြင်း၊ အခြားစိတ်အနှောင့်အယှက်တစ်မျိုးမျိုးဖြစ်အောင် ဆောင်ရွက်ခြင်းမျိုး မပြုလုပ်ကြရန် တားမြစ်ပါသည်။လိုက်နာခြင်းမရှိပါက ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။ **ဦးထွန်းလင်း၏ညွှန်ကြားချက်ဖြင့်-**

**ဒေါ်မရန်ဂျာဆိုင်း LL.B, D.B.L, D.I.L**
**အထက်တန်းရှေ့နေ(စဉ်-၂၉၆၀၅)**
**အမှတ် ၅၆၁၊ ပထမထပ်၊ ကုန်သည်လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့**

---

## သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်ခရိုင်၊ ကျောင်းကုန်းမြို့၊ အမှတ်(၁)ရပ်ကွက်၊ ကမ်းနားလမ်းနေ အဖ ဦးခင်ဝင်း-အမိ ဒေါ်ခင်ဆွေတို့၏သား မောင်ဇော်ထက်သူ ၁၄/ကကန(နိုင်)၁၀၉၆၃၉ သည် မိဘတို့၏ဆိုဆုံးမမှုကိုမနာခံဘဲ ခွင့်မလွှတ်နိုင်သောအဆင့်သို့ ရောက်ရှိနေပါသဖြင့် သားအဖြစ်မှအမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ ၎င်းနှင့်ပတ်သက်သော ငွေကြေးကိစ္စရပ်၊ တခြားကိစ္စအဝဝကို တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း ကြေညာအပ်ပါသည်။ **(စုံစမ်းမေးမြန်းခြင်းသည်းခံပါ။)**

**အဖ ဦးခင်ဝင်း-အမိ ဒေါ်ခင်ဆွေ**

# တော်ဝင်မိသားစုကုမ္ပဏီ ဖါဆိုလပြည့်နေ့ စတုဒိသာအလှူတော်

၁။ ငါးထပ်ကြီးဘုရား၊ ဗဟန်းမြို့နယ်

၂။ မင်းဓမ္မဘုရား၊ ဝါးတစ်ရာရွာ၊ ရွှေပြည်သာမြို့နယ်

၃။ ရှမ်းလမ်း စမ္မာရုံ ဂူဈေးရှေ့၊ ခမ်းချောင်းမြို့နယ်

၃၁.၇.၂၀၁၅ ရက်၊ သောကြာနေ့၊ နံနက် (၇:၃၀) မှစတင်၍ အထက်ပါ (၃)နေရာတွင် စတုဒိသာ မုန့်ဟင်းခါး နှင့် အအေးများကို ကျွေးမွေးလှူဒါန်း လိုပါသဖြင့် မည်သူမဆို ကြွရောက်သုံးဆောင် နိုင်ပါကြောင်း ဖိတ်ကြားအပ်ပါသည်။

တော်ဝင်မိသားစုကုမ္ပဏီ

## ကန့်ကွက်နိုင်ပါကြောင်း

မင်္ဂလာတောင်ညွန့်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၁ဂျီ ^၁၊ မြေကွက်အမှတ် ပဋ္ဌမတန်းစား ၁၅၄၊ မြေကွက်တည်နေရာအမှတ် ၄၄၆/၄၄၈၊ သိမ်ဖြူလမ်း၊ ဖို့မြေရပ်ကွက်၊ မင်္ဂလာတောင်ညွန့်မြို့နယ် (ဒေါ်ကြင်အေး) ၁၂/မဂတ(နိုင်)၀၄၅၁၁၆ အမည်ပေါက် နှစ်၉၀ရန်မြေအား အမည်ပေါက် ဒေါ်ကြင်အေး အပိုကြီးဘဝဖြင့် ကွယ်လွန်၍ရန်ကုန်အရှေ့ပိုင်းခရိုင် တရားရုံးတရားမကြီးမှုအမှတ် ၁၃/၁၅၏ ၂-၂-၁၅ ရက်စွဲပါ ပဏာမဒီကရီနှင့် ၂၉-၅-၂၀၁၅ ရက်စွဲပါ အပြီးသတ် ဒီကရီအမိန့် (တရားလိုဒေါ်သီတာမြမှ တရားပြိုင်ဒေါ်တင်တင်ဝင်းအပေါ် အမွေခွဲဝေပေးရန် လျှောက်ထားစွဲဆိုမှု)တို့တင်ပြ၍ တရားနိုင် ဒေါ်သီတာမြ၇/ညလပ(နိုင်)၀၃၆၂၄၄၏ကိုယ်စား ဦးသူရဇော် ၁၂/မဂတ(နိုင်)၀၇၉၆၆၉နှင့် ဒေါ်တင်တင်ဝင်း၁၂/မဂတ(နိုင်)၀၃၂၄၂၄တို့ပူးတွဲ၍ပိုင်ဆိုင်ကြောင်းနှင့်စွန့်လွှတ်ကြောင်းစာချုပ်ရန်မြေပုံကူးလျှောက်ထားလာရာတရားဝင်ခိုင်လုံသောအထောက်အထားများဖြင့် ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ပါကြောင်း

ဒဂုံအရှေ့ပိုင်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၃၉၊ မြေကွက်အမှတ် ၃၃၀၊ မြေကွက်တည်နေရာအမှတ်၃၃၀၊ ၁၃၉ရပ်ကွက်၊ ဒဂုံအရှေ့ပိုင်းမြို့နယ် တပ်ကြပ်ကြီးထွန်းကြည် အမည်ပေါက် ပါမစ်မြေအား အမည်ပေါက် တပ်ကြပ်ကြီးထွန်းကြည်ကွယ်လွန်သဖြင့် ဒေါ်မူမူလှ ၁၂/ဥကမ(နိုင်)၀၆၃၁၃၇မှ တရားဝင်တစ်ဦးတည်းသော ဇနီးတော်စပ်ကြောင်း ကျမ်းကျိန်လွှာ၊ ခင်ပွန်းသေစာရင်း၊ ပါမစ်ပျောက်ဆုံးကြောင်း ကျိမ်းကျိန်လွှာ၊ ရဲစခန်းနှင့် ရပ်ကွက်အုပ်ချုပ်ရေးမှူးထောက်ခံချက်၊ ကတိဝန်ခံချက်များ တင်ပြ၍ ၎င်းထံမှ အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ်(၂၇၈၄၂/၁၄-၁၀-၁၄)ဖြင့်ရရှိသူ ဒေါ်စန်းစိမ့်စိမ့်ဖြိုး ၁၂/ဥကမ(နိုင်)၁၈၀၆၇၅မှ ပါဝါပေးသူသက်ရှိထင်ရှား ရှိကြောင်းနှင့် ပါဝါမရုပ်သိမ်းကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ ပါမစ်ပျောက်ဖြင့် နှစ်(၆၀) မြေငှားစာချုပ်(ဂရန်) လျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ဒေါ်အိရွှေစင်ဖြိုး (၁၂/ဗဟန(နိုင်)၀၀၉၈၇၃) သိစေရန်

ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကင်းမြို့နယ်၊ တိုက်(၂၀၆)၊ အခန်း(၁၉)နေ ဒေါ်လှဝင်း၏ ညွှန်ကြားချက်အရ အောက်ပါအတိုင်းကြေညာအပ်ပါသည်။

လူကြီးမင်းနှင့် ကျွန်မ ဒေါ်လှဝင်းတို့သည် ၂၃-၆-၂၀၁၄ ရက်က ကျွန်မ ဒေါ်လှဝင်း ပိုင် ရန်ကင်းလမ်းမကြီးရှိ ဆိုင်ခန်း၌ ONE Hair & Beauty Spa ဖွင့်ရန် နှစ်ဦးသဘောတူကတိစာချုပ်ဖြင့် ၂၃-၆-၂၀၁၄ မှ ၂၃-၆-၂၀၁၅ ထိ ငှားရမ်းခဲ့ပါသည်။ ယခုအခါ ငှားရမ်းသည့် သက်တမ်းကုန်ဆုံးနေပြီဖြစ်၍ လူကြီးမင်းပိုင်ပစ္စည်းများကို လာရောက်ထုတ်ယူပါရန်နှင့် အကယ်၍ ယနေ့မှစ၍ ခုနစ်ရက်အတွင်း လာရောက်မယူပါက သက်ဆိုင်ရာ လူကြီးများနှင့် ဆိုင်ခန်းကိုဖွင့်၍ ပြန်လည်သိမ်းတော့မည်ဖြစ်ကြောင်း သိစေအပ်ပါသည်။ လူကြီးမင်း၏ ပစ္စည်းများလာရောက်မယူပါက လူကြီးမင်း၏တာဝန်သာဖြစ်ကြောင်း သိစေအပ်ပါသည်။

**ဒေါ်လှဝင်း၏ လွှဲအပ်ချက်အရ-**

**U Myint Aung- B.A, DIP(RUSSIAN)**
**HIGHER GRADE PLEADER(3951)**
**No. 58/60 1st Floor,**
**Mahabandoola Garden Street, Yangon**
**09 73044564, 09 972200711, 09 798187989**

## ကွန်ပျူတာနှင့် ကွန်ပျူတာအစိတ်အပိုင်း ဆက်စပ်ပစ္စည်းအမျိုးမျိုးဖြန့်ချိရေးလုပ်ငန်း တံဆိပ်အမည်အမှတ်အသားကို မိမိတစ်ဦးတည်းမူပိုင်အဖြစ်

# အများသိစေရန် သတိပေးကြေညာခြင်း

ရန်ကုန်မြို့၊ ရန်ကုန်တိုင်းဒေသကြီး၊ လမ်းမတော်မြို့နယ်၊(၂)ရပ်ကွက်၊ ၅ လမ်း၊ အမှတ် ၅၄/ပထမထပ်နေ စွမ်းအားရွှေနည်းပညာကုမ္ပဏီလီမိတက် (Power Golden Technology Company Limited) ကုမ္ပဏီမှတ်ပုံတင်အမှတ် (၃၁၁၄/၂၀၁၃-၂၀၁၄)ကုမ္ပဏီပိုင်ရှင် ဦးသန့်ဇင်ထွေး ၁၂/သကတ(နိုင်)၀၀၀၈၄၇၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း သတိပေးကြေညာအပ်ပါသည်။

Power Golden
TECHNOLOGY

**မှတ်ပုံတင်အမှတ် ၄/၉၀၄၄-၂၀၁၅**

အထက်ဖော်ပြပါ တံဆိပ်အမည်အမှတ်အသားသည် ရန်ကုန်မြို့စာချုပ်စာတမ်းများ မှတ်ပုံတင်ရုံးတွင် စာချုပ်စာတမ်းမှတ်ပုံတင်အမှတ် ၄/၉၀၄၄-၂၀၁၅အရ တစ်ဦးတည်းမူပိုင်အဖြစ် တရားဝင်သုံးစွဲနိုင်ရန်အတွက် တရားဝင်မှတ်ပုံတင်သွင်းခဲ့ပြီး ဖြစ်ပါသည်။

အထက်ပါတံဆိပ် အမည်အမှတ်အသားသည် ကွန်ပျူတာနှင့် ကွန်ပျူတာအစိတ်အပိုင်း ဆက်စပ်ပစ္စည်းအမျိုးမျိုးဖြန့်ချိရေးလုပ်ငန်းတံဆိပ်အမည်အမှတ်အသား ဖြစ်ပါသည်။ အဆိုပါတံဆိပ်အမည်အမှတ်အသားဖြင့် ၂၀၁၃-၂၀၁၄ ခုနှစ်မှစတင် ဆောင်ရွက်ခဲ့ပြီး ဆက်လက်၍ ကွန်ပျူတာနှင့် ကွန်ပျူတာအစိတ်အပိုင်း ဆက်စပ်ပစ္စည်းအမျိုးမျိုးတို့ကို ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတစ်ဝန်းလုံးတွင် ဖြန့်ချိရောင်းချရာ၌ အသုံးပြုသည့် စာရွက်စာတမ်းများ၊ စက္ကူအိတ်အမျိုးမျိုး၊ ပလတ်စတစ်အိတ်အမျိုးမျိုး၊ တံဆိပ်တုံး၊ ငွေရပြေစာဖြတ်ပိုင်း၊ ရောင်ပြန်စတေကာတံဆိပ်အစရှိသည်တို့အပေါ်တွင်လည်းကောင်း ဖော်ပြပါဖြန့်ချိရေးတံဆိပ်အမည်အမှတ်အသားကို အရောင်အမျိုးမျိုး၊ ပုံသဏ္ဌာန်အရွယ်အစားအမျိုးမျိုး ရိုက်နှိပ်ပြုလုပ်ဖြန့်ချိရောင်းချသွားမည်ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ အထက်ပါတံဆိပ်အမည်အမှတ်အသားကို မိမိတစ်ဦးတည်းသုံးစွဲလျက်ရှိပြီး အခြားမည်သူတစ်ဦးတစ်ယောက်ကဖြစ်စေ၊ အများကဖြစ်စေ၊ ဆင်တူယိုးမှား၊ ထင်ယောင်ထင်မှား တစ်စိတ်တစ်ဒေသကိုဖြစ်စေ၊ အားလုံးကိုဖြစ်စေ၊ တိုက်ရိုက်သော်လည်းကောင်း၊ သွယ်ဝိုက်၍သော်လည်းကောင်း တုပပြုလုပ်သုံးစွဲအသုံးပြုခဲ့ပါက တည်ဆဲဥပဒေများနှင့်အညီ ပြစ်မှုကြောင်းအရဖြစ်စေ၊ တရားမကြောင်းများအရဖြစ်စေ ထိရောက်စွာ အရေးယူတရားစွဲဆိုဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတိပေးကြေညာအပ်ပါသည်။

**ဦးသန့်ဇင်ထွေး၏ လွှဲအပ်ညွှန်ကြားချက်အရ-**

**ဒေါ်ကေခိုင်စိုး LL.B, D.B.L** — **ဦးမောင်မောင်ဦး B.A, H.G.P, R.L**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၀၅၁၈)** — **တရားလွှတ်တော်ရှေ့နေ(စဉ်-၄၂၆၀)**

**ဦးဇော်ထူးမြတ် LL.B, D.B.L, D.M.L**
**အထက်တန်းရှေ့နေ(စဉ်-၃၂၈၇၆)**
**တိုက် ၅၅၊ အခန်း ၂၂၊ မဟာဗန္ဓုလပန်းခြံလမ်း၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့**

## ကွန်ပျူတာနှင့် ကွန်ပျူတာအစိတ်အပိုင်း ဆက်စပ်ပစ္စည်းအမျိုးမျိုးဖြန့်ချိရေးလုပ်ငန်း တံဆိပ်အမည်အမှတ်အသားကို မိမိတစ်ဦးတည်းမူပိုင်အဖြစ်

# အများသိစေရန် သတိပေးကြေညာခြင်း

ရန်ကုန်မြို့၊ ရန်ကုန်တိုင်းဒေသကြီး၊ လမ်းမတော်မြို့နယ်၊ (၂)ရပ်ကွက်၊၅လမ်း၊ အမှတ် ၅၄/ပထမထပ်နေ စွမ်းအားရွှေနည်းပညာကုမ္ပဏီလီမိတက် (Power Golden Technology Company Limited) ကုမ္ပဏီမှတ်ပုံတင်အမှတ် (၃၁၁၄/၂၀၁၃-၂၀၁၄) ကုမ္ပဏီပိုင်ရှင် ဦးသန့်ဇင်ထွေး ၁၂/သကတ(နိုင်)၀၀၀၈၄၇ ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း သတိပေးကြေညာအပ်ပါသည်။

ဂ နှစ်အာမခံ
MEMOPLAY
Power Golden Technology
YGN : (01) 2304848-2304852
MDY : 09-910-43-803, 0940-260-20-20

**မှတ်ပုံတင်အမှတ် ၄/၉၀၄၅-၂၀၁၅**

အထက်ဖော်ပြပါ တံဆိပ်အမည်အမှတ်အသားသည် ရန်ကုန်မြို့စာချုပ်စာတမ်းများ မှတ်ပုံတင်ရုံးတွင် စာချုပ်စာတမ်းမှတ်ပုံတင်အမှတ် ၄/၉၀၄၅-၂၀၁၅ အရ တစ်ဦးတည်းမူပိုင်အဖြစ် တရားဝင်သုံးစွဲနိုင်ရန်အတွက် တရားဝင်မှတ်ပုံတင်သွင်းခဲ့ပြီး ဖြစ်ပါသည်။

အထက်ပါတံဆိပ်အမည်အမှတ်အသားသည် ကွန်ပျူတာနှင့် ကွန်ပျူတာအစိတ်အပိုင်း ဆက်စပ်ပစ္စည်းအမျိုးမျိုးဖြန့်ချိရေးလုပ်ငန်းတံဆိပ်အမည်အမှတ်အသား ဖြစ်ပါသည်။ အဆိုပါတံဆိပ် အမည်အမှတ်အသားဖြင့် ၂၀၁၃-၂၀၁၄ ခုနှစ်မှစတင် ဆောင်ရွက်ခဲ့ပြီး ဆက်လက်၍ ကွန်ပျူတာနှင့် ကွန်ပျူတာအစိတ်အပိုင်း ဆက်စပ်ပစ္စည်းအမျိုးမျိုးတို့ကို ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတစ်ဝန်းလုံးတွင် ဖြန့်ချိရောင်းချရာ၌ အသုံးပြုသည့် စာရွက်စာတမ်းများ၊ စက္ကူအိတ်အမျိုးမျိုး၊ ပလတ်စတစ်အိတ်အမျိုးမျိုး၊ တံဆိပ်တုံး၊ ငွေရပြေစာဖြတ်ပိုင်း၊ ရောင်ပြန်စတေကာတံဆိပ်အစရှိသည်တို့အပေါ်တွင်လည်းကောင်း ဖော်ပြပါဖြန့်ချိရေးတံဆိပ်အမည်အမှတ်အသားကို အရောင်အမျိုးမျိုး၊ ပုံသဏ္ဌာန်အရွယ်အစားအမျိုးမျိုး ရိုက်နှိပ်ပြုလုပ်ဖြန့်ချိရောင်းချသွားမည်ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ အထက်ပါတံဆိပ်အမည်အမှတ်အသားကို မိမိတစ်ဦးတည်းသုံးစွဲလျက်ရှိပြီး အခြားမည်သူတစ်ဦးတစ်ယောက်ကဖြစ်စေ၊ အများကဖြစ်စေ၊ ဆင်တူယိုးမှား၊ ထင်ယောင်ထင်မှား တစ်စိတ်တစ်ဒေသကိုဖြစ်စေ၊ အားလုံးကိုဖြစ်စေ၊ တိုက်ရိုက်သော်လည်းကောင်း၊ သွယ်ဝိုက်၍သော်လည်းကောင်း တုပပြုလုပ်သုံးစွဲအသုံးပြုခဲ့ပါက တည်ဆဲဥပဒေများနှင့်အညီ ပြစ်မှုကြောင်းအရဖြစ်စေ၊ တရားမကြောင်းများအရဖြစ်စေ ထိရောက်စွာ အရေးယူတရားစွဲဆိုဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတိပေးကြေညာအပ်ပါသည်။

**ဦးသန့်ဇင်ထွေး၏ လွှဲအပ်ညွှန်ကြားချက်အရ-**

**ဒေါ်ကေခိုင်စိုး LL.B, D.B.L** — **ဦးမောင်မောင်ဦး B.A, H.G.P, R.L**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၀၅၁၈)** — **တရားလွှတ်တော်ရှေ့နေ(စဉ်-၄၂၆၀)**

**ဦးဇော်ထူးမြတ် LL.B, D.B.L, D.M.L**
**အထက်တန်းရှေ့နေ(စဉ်-၃၂၈၇၆)**
**တိုက် ၅၅၊ အခန်း ၂၂၊ မဟာဗန္ဓုလပန်းခြံလမ်း၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့**

## သားသမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်း အများသိစေရန်ကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ နေပြည်တော်ကောင်စီ၊လယ်ဝေးမြို့နယ်၊ပေါက်မြိုင်အုပ်စု၊ ပေါက်မြိုင်ကျေးရွာတွင် နေထိုင်သူ ဦးကျော်ငြိမ်း(ဘ)ဦးစိန်ရှင် ၉/လဝန(နိုင်)၀၉၅၂၂၃ ၏လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်းအများသိစေရန် အသိပေးကြေညာအပ်ပါသည်။

ဦးကျော်ငြိမ်း၏ သားသမီးများဖြစ်သော ဦးမောင်ဝင်းသန်း ၉/လဝန(နိုင်)၁၈၉၉၂၉၊ ဦးမောင်ဝင်းဆန်း ၉/လဝန(နိုင်)၀၉၆၃၆၃ နှင့် ဒေါ်စန်းညွန့် ၉/လဝန(နိုင်)၁၃၉၁၈၁ တို့သည် ဖခင်အပေါ်အမွေပစ္စည်းများတွင် ရယူလိုသောဆန္ဒဖြင့် မဟုတ်မမှန်ပြုမူပြောဆိုခြင်း၊ မွေးရာပါမူလစိတ်ထားမှန်ကန်ခြင်းမရှိတော့သလို အသိစိတ်ပုံမှန်မရှိတော့သည့်အလား စိတ်မနှံ့သူပမာ စွပ်စွဲပြောဆိုခြင်း၊ ဖခင်မှကောင်းမည်ထင်၍ပြုလုပ်သည့်ကိစ္စရပ်များတွင် သြဇာမနာခံခြင်း၊လိုက်လံဟန့်တားခြင်း၊ ခြိမ်းခြောက်ပြောဆိုခြင်း၊ပတ်ဝန်းကျင်တွင် အရှက်သိက္ခာကျစေမည့်လုပ်ရပ်များ၊ သားသမီးတို့၏ ပြုဖွယ်သောဝတ္တရားများကို မေ့လျော့ပျက်ကွက်မှုများ ပြုလုပ်နေသောကြောင့် ၎င်းတို့အပေါ် ယနေ့မှစ၍ သားသမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါကြောင်းနောက်နောင်တွင် ဖခင်နှင့်ပတ်သက်ဆက်နွယ်မှု မရှိတော့ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | | |
|---|---|---|
| **ဦးစိုးသူရလှိုင် LL.B** | **ဒေါ်စန်းစန်းဌေး LL.B** | **ဦးပြည့်ဖြိုးမောင် LL.B** |
| **စဉ်-၂၇၅၆၅** | **စဉ်-၄၂၇၉၇** | **စဉ်-၄၅၃၈၃** |

**(အထက်တန်းရှေ့နေများ)**
**မင်္ဂလာရပ်ကွက်၊ ပျဉ်းမနားမြို့၊ နေပြည်တော်**

# ကန့်ကွက်နိုင်ပါသည်

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ ကျောက်ဆည်မြို့နယ် ငှက်တောင်ကျေးရွာအုပ်စု၊ ကွင်းအမှတ် (၁၃၉-က)၊ ငှက်တောင်အနောက်ကွင်း ဦးပိုင်အမှတ် (ခ-၁၄)ဧရိယာ ၀ဒသမ၀၇၆ဧကရှိ မြေကွက်ကို ကျောက်ဆည်မြို့ မြို့ပြဖွံ့ဖြိုးရေးကော်မတီမှ မြေပေးမိန့်အမှတ်(၄၂/စီ-၁)ဖြင့် ဦးဝင်းထွန်း အမည်ဖြင့် နေရာချထားပေးသောမြေကွက်အား ၅-၅-၂၀၀၄ ရက်တွင် အရပ်ကတိစာချုပ်ဖြင့် ဝယ်ယူပိုင်ဆိုင်ထားသူ ဦးကျော်စိုးသန်း ၉/ကဆန(နိုင်)၁၄၂၉၅၀ထံမှ ကျွန်တော် ဦးစိုးမင်းထွန်းက ဝိုင်းမြေအရောင်းအဝယ်စာချုပ် ပြုလုပ်ဝယ်ယူမည်ဖြစ်ပါသဖြင့် အကျိုးသက်ဆိုင်သူများအနေဖြင့် ခိုင်လုံသောအထောက်အထားများဖြင့် ၁၅ရက်အတွင်း ကျောက်ဆည်မြို့နယ် စာချုပ်စာတမ်းမှတ်ပုံတင်ရုံးသို့ ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်သူမရှိပါက မြေကွက်အရောင်းအဝယ်စာချုပ်စာတမ်း မှတ်ပုံတင်ခြင်းလုပ်ငန်းအား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်းကြော်ငြာအပ်ပါသည်။

**ဦးစိုးမင်းထွန်း**
**၉/မခန(နိုင်)၁၉၅၉၀၄**

# ကန့်ကွက်နိုင်ပါသည်

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ကျောက်ဆည်မြို့နယ်၊ ငှက်တောင်ကျေးရွာအုပ်စု၊ ကွင်းအမှတ် (၁၃၉-က)၊ ငှက်တောင်အနောက်ကွင်း၊ ဦးပိုင်အမှတ် (ခ-၁၃)ဧရိယာ ၀ဒသမ၈၁ ဧကရှိ မြေကွက်ကို ကျောက်ဆည်မြို့ မြို့ပြ ဖွံ့ဖြိုးရေးကော်မတီမှ ၂၇-၁၂-၂၀၀၃ ရက်တွင် မြေပေးမိန့်အမှတ်(၄၁/စီ-၁)ဖြင့် ဦးသိန်းနိုင် အမည်ဖြင့် နေရာချထားပေးသော မြေကွက်အား ၅-၅-၂၀၀၄ ရက်တွင် အရပ်ကတိစာချုပ်ဖြင့် ဝယ်ယူပိုင်ဆိုင်ထားသူ ဦးကျော်စိုးသန်း ၉/ကဆန(နိုင်) ၁၄၂၉၅၀ထံမှ ကျွန်တော် ဦးစိုးမင်းထွန်းက ဝိုင်းမြေအရောင်းအဝယ်စာချုပ် ပြုလုပ်ဝယ်ယူမည်ဖြစ်ပါသဖြင့် အကျိုးသက်ဆိုင်သူများအနေဖြင့် ခိုင်လုံသောအထောက်အထားများဖြင့် ၁၅ရက်အတွင်း ကျောက်ဆည်မြို့နယ် စာချုပ်စာတမ်းမှတ်ပုံတင်ရုံးသို့ ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်သူမရှိပါက မြေကွက်အရောင်းအဝယ် စာချုပ်စာတမ်း မှတ်ပုံတင်ခြင်းလုပ်ငန်းအားဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ကြော်ငြာအပ်ပါသည်။ **ဦးစိုးမင်းထွန်း ၉/မခန(နိုင်)၁၉၅၉၀၄**

# ဝမ်းနည်းကြေကွဲခြင်း

# သီရိပျံချီ ဦးအောင်သောင်း

## ဝန်ကြီး(ငြိမ်း)

## ဥက္ကဋ္ဌ၊ ဘဏ်များနှင့်ငွေကြေးဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေးကော်မတီ

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်

## မန္တလေးတိုင်းဒေသကြီး၊ တောင်သာမဲဆန္ဒနယ်

## အသက်(၇၉)နှစ်

ပြည်သူ့လွှတ်တော်၊ ဘဏ်များနှင့် ငွေကြေးဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေးကော်မတီဥက္ကဋ္ဌ၊ မန္တလေးတိုင်းဒေသကြီး၊ တောင်သာမဲဆန္ဒနယ်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် သီရိပျံချီ ဦးအောင်သောင်း အသက် (၇၉)နှစ်သည် ၂၃-၇-၂၀၁၅ ရက် (ကြာသပတေးနေ့) နံနက် ၈း၁၅ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**ဦးအောင်မိုးကျော် ဥက္ကဋ္ဌနှင့် ဒါရိုက်တာအဖွဲ့ဝင်များ**

**IBTC Group of Companies**

---

### အမြန်ဆက်သွယ်ပါရန်

ဦးကျော်ဝင်း(၁၃/သပန(နိုင်)၀၀၀၉၁၁)လက်ဝယ် ပိုင်ဆိုင်သော ယာဉ်အမှတ် 4H/4008 Toyota Belta ယာဉ်အား ကိုထင်လင်း(၁၂/ဒဂန(နိုင်)၀၂၃၉၉၃)သည် ၅-၄-၂၀၁၅ ရက်နေ့၌ ကားအငှားယူသွားရာတွင် (၁)လအတွင်း ရောက်ရှိလာခြင်းမရှိဘဲ ပျောက်ဆုံးနေပါသဖြင့် (၁၀)ရက်အတွင်းပိုင်ရှင်ဖြစ်သူအား အမြန်ဆုံးဆက်သွယ်ပေးပါရန်။ သတ်မှတ်ရက်အတွင်း ဆက်သွယ်ခြင်းမရှိပါက တည်ဆဲဥပဒေအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

ဦးကျော်ဝင်း ဖုန်း ၀၉-၅၁၀၄၇၇၂
ဦးသန်းထွန်း ၀၉-၂၅၀၇၉၅၂၇၄

### ကန့်ကွက်နိုင်ပါကြောင်း

သဃ်ာန်းကျွန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၂၉၊ သုဝဏ္ဏ(ရွှေဝါဆန်မြေ)၊ မြေကွက်အမှတ် ၆၉၊ မြေကွက်တည်နေရာအမှတ် ၆၉၊ ကမ်းနားလမ်း၊ (၂၉)ရပ်ကွက်၊ သုဝဏ္ဏ ဦးအုန်းဖေ CG-၀၅၁၃၃၂ အမည်ပေါက် ပါမစ်မြေအား အမည်ပေါက် ဦးအုန်းဖေထံမှ အရောင်းအဝယ်အဆက်အစပ်စာချုပ်ဖြင့် ဝယ်ယူထားသူ အောင်ကင်တီး(ခ)အင်ကင်တီး(ခ)ဒေါ်အေးခိုင် ၁၂/ပဘတ(နိုင်)၀၂၃၂၈၃က ဂရန်သစ်လျှောက်ထားရာ တင်ပြပါမစ်မစုံသဖြင့် ဂရန်သစ်လျှောက်ထားမှုအပေါ် ခိုင်လုံသော အထောက်အထားဖြင့် ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

### ကန့်ကွက်နိုင်ပါကြောင်း

သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၇/ရှေ့)၊ မြေကွက်အမှတ် ၁၈၀၊ မြေကွက်တည်နေရာ အမှတ် ၁၉၊ အောင်သပြေအနောက် ၁ လမ်း၊ ၇/အရှေ့ရပ်ကွက်၊ သာကေတမြို့နယ် ဦးကျော်စိန် ၁၂/သကတ(နိုင်)၀၅၈၅၆၅ အမည်ပေါက် နှစ် ၆၀ ဂရန်မြေအား အမည်ပေါက် ဦးကျော်စိန် ၁၂/သကတ(နိုင်)၀၅၈၅၆၅(ခင်ပွန်း) ကွယ်လွန်သဖြင့် တစ်ဦးတည်းသော ဇနီးဖြစ်သူ ဒေါ်တင်မြ ၁၂/သကတ(နိုင်)၀၇၉၈၆၉က သေစာရင်း၊ ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းနှင့် အရောင်းအဝယ်စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသော အထောက်အထားများဖြင့် ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါရန်နှင့် ကန့်ကွက်မှုမရှိပါက ဌာန၏ လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

### ဝမ်းနည်းကြေကွဲခြင်း

## ဒေါ်တင်တင်ကြည်

### အသက်(၇၉)နှစ်

အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ်အောင်စိုး-ဒေါ်ဆွေဆွေမြင့်တို့၏မိခင် ဒေါ်တင်တင်ကြည်သည် ၂၄-၇-၂၀၁၅ ရက် (သောကြာနေ့) နံနက် ၈း၀၀ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဦးမောင်မောင်ဝင်း - ဒေါ်တင်တင်**
**ရွှေမြင်းနှစ်ကောင်စက်မှုကုမ္ပဏီလီမိတက်**
**လားရှိုးမြို့**

### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

## ဒေါ်အေးပိုင် (မင်းဘူး/မကွေး)

### အသက်(၈၆)နှစ်

မကွေးမြို့၊ ရန်ကင်းရပ်၊ ဇီဇဝါလမ်း၊ အမှတ် ၄၅နေ (ဦးမြဟန်)၏ဇနီး၊ ဦးတင်အောင်-ဒေါ်သိန်းသန်း၊ ဦးကျော်အေး-ဒေါ်မိမိအောင်၊ ဦးငွေမြင့်-ဒေါ်ခင်မျိုးအောင်၊ ဦးအောင်ကျော်ငြိမ်း-ဒေါ်ဝင်းဝင်းကြည်၊ ဦးဝင်းမြင့်-ဒေါ်ခင်ဝင်းမေ၊ ဦးခင်မောင်-ဒေါ်ခင်ဝင်းဆွေ၊ ဦးမောင်မောင်တာ-ဒေါ်စုစုကြည်တို့၏ မိခင်ကြီးသည် ၂၅-၇-၂၀၁၅ရက် မွန်းလွဲ ၂း၁၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၆-၇-၂၀၁၅ရက်တွင် မကွေးမြို့၌ သင်္ဂြိုဟ်ပြီးစီးပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟ အပေါင်းတို့အား အသိပေးအကြောင်းကြားပါသည်။

**ကျန်ရစ်သူမိသားစု**

### တစ်ဦးတည်းဖြစ်ပါကြောင်း

သုံးခွမြို့နယ်၊ မင်းရွာကျေးရွာ၊ အထက(ခွဲ) တက္ကသိုလ်ဝင်တန်းမှ မဖြူဖြူစန်း၏ဖခင် ဦးကျော်စွာဝင်း(ခ)ဦးအေးကို ၁၂/သခန(နိုင်)၀၉၁၄၁၄ မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

### တစ်ဦးတည်းဖြစ်ပါကြောင်း

သုံးခွမြို့နယ်၊ မင်းရွာကျေးရွာ၊ အထက(ခွဲ)တက္ကသိုလ်ဝင်တန်းမှ မောင်မြတ်မင်းညီညီ၏ဖခင် ဦးဟန်လွင်(ခ)ဦးသန်းလွင် ၁၂/သခန(နိုင်)၀၄၅၀၈၅မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

### တစ်ဦးတည်းဖြစ်ပါကြောင်း

သုံးခွမြို့နယ်၊ မင်းရွာကျေးရွာအထက(ခွဲ) ဒသမတန်းမှ မသဲပွင့်ဖြူ(ခ) မသန္တာထွန်း၏ ၁၂/သခန(နိုင်)၁၃၀၀၃၈ ၏ အမည်မှာ တစ်ဦးတည်း ဖြစ်ပါကြောင်း။

### ဝမ်းနည်းကြေကွဲခြင်း

### သီရိပျံချီဦးအောင်သောင်း

ဥက္ကဋ္ဌ၊ ဘဏ်များနှင့်ငွေကြေးဆိုင်ရာဖွံ့ဖြိုးတိုးတက်ရေးကော်မတီ
ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်
မန္တလေးတိုင်းဒေသကြီး၊ တောင်သာမဲဆန္ဒနယ်

**အသက်(၇၉)နှစ်**

ပြည်သူ့လွှတ်တော်ဘဏ်များနှင့် ငွေကြေးဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေးကော်မတီဥက္ကဋ္ဌ၊ မန္တလေးတိုင်းဒေသကြီး၊ တောင်သာမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် သီရိပျံချီ ဦးအောင်သောင်း အသက် (၇၉)နှစ်သည် ၂၃-၇-၂၀၁၅ရက် (ကြာသပတေးနေ့) နံနက် ၈း၁၅ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဦးလှသန်း-ဒေါ်မြမြမိသားစု**
**မြင်းခြံမြို့**

### (၆)နှစ်ပြည့် လွမ်းဆွတ်သတိရခြင်း

## ဟာဂျီဦးအီဘရာဟင်(မ်)(ခ)အီဘူးမာရသ်

### EBOO-Dawood-GORA MAYET

ရန်ကုန်မြို့၊ ကျောက်တံတားမြို့နယ်၊ ပန်းဆိုးတန်းလမ်း၊ အမှတ်(၃၈၅-၃၈၉) ခုနစ်လွှာ၊ Globel Tower တွင်နေထိုင်သူ ဟာဂျီမ ဒေါ်ချိုလေးမာ၏ ခင်ပွန်း ဟာဂျီ ဦးအီဘရာဟင်(မ်)သည် ၂၉-၇-၂၀၀၉ ရက်တွင် အလ္လာဟ်သျှင်မြတ်အမိန့်တော်ခံယူသွားပြီး အလ္လာဟ်သျှင်မြတ် ဂျန္နသ်သွလ်ဖိရ်ဒေါက်စ်ကို ချီးမြှင့်ပေးသနားတော်မူပါစေ။ အာမင်န်…

**ကျန်ရစ်သူဇနီး**
**ဟာဂျီမဒေါ်ချိုလေးမာ**

### ဘုရား၊ ရဟန်း၊ ကျောင်း၊ ခြေတုလက်တုများအလှူရှင်

### ဦးသိန်းထွန်း (ဒါရိုက်တာ၊ ၇၇၇ခြေတုလက်တုလုပ်ငန်း)

### အသက် (၄၅)နှစ်

ရန်ကုန်မြို့၊ မင်္ဂလာဒုံမြို့နယ်နေ ရွှေရင်ကျော်ဆရာကြီး ဦးကျော်ထွန်း-ဒေါ်ညွှန့်ညွှန့်တို့၏ သား၊ ဦးအေးထွန်း-ဒေါ်စန်းစန်းဦးတို့၏ သားသမက်၊ ရန်ကုန်မြို့၊ မင်္ဂလာဒုံမြို့နယ်နေ ဦးသန်းထွန်းဦး (အုပ်ချုပ်မှုဒါရိုက်တာ၊ ၇၇၇ခြေတုလက်တုလုပ်ငန်း၊ ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံမူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်း၊ မင်္ဂလာဒုံ)-မထိုက်ထိုက်ဦးတို့၏ ညီမောင်၊ မင်္ဂလာဒုံဈေး၊ ရေတမာလမ်း၊ အမှတ် ၄၇နေ မစုစုခိုင်၊ မောင်ကျော်ဇင်သိန်းတို့၏ ဖခင်၊ မဖြူဖြူခိုင်၏ ချစ်လှစွာသော ခင်ပွန်းသည် ၂၆-၇-၂၀၁၅ရက်(တနင်္ဂနွေနေ့) ည ၇နာရီတွင် ဝိတိုရိယဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂၈-၇-၂၀၁၅ရက် (အင်္ဂါနေ့) နံနက် ၁၀နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။

ကွယ်လွန်သူအား ရည်စူး၍ ၁-၈-၂၀၁၅ရက် (စနေနေ့)တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား ဖိတ်ကြားအပ်ပါသည်။ **ကျန်ရစ်သူမိသားစု**

**ဝမ်းနည်းကြေကွဲခြင်း**

## သီရိပျံချီ ဦးအောင်သောင်း

**ဝန်ကြီး(ငြိမ်း)၊ အမှတ်(၁)စက်မှုဝန်ကြီးဌာန**
**ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်**
**မန္တလေးတိုင်းဒေသကြီး၊ တောင်သာမဲဆန္ဒနယ်**
**အသက်(၇၉)နှစ်**

ပြည်သူ့လွှတ်တော်၊ ဘဏ်များနှင့် ငွေကြေးဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေးကော်မတီဥက္ကဋ္ဌ၊ မန္တလေးတိုင်းဒေသကြီး၊ တောင်သာမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် သီရိပျံချီ ဦးအောင်သောင်းသည် ၂၃-၇-၂၀၁၅ရက် (ကြာသပတေးနေ့) နံနက် ၈း၁၅နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ပြည်ထောင်စုဝန်ကြီး ဦးအေးမြင့်ကြူနှင့် ဇနီး ဒေါက်တာဒေါ်ခင်ဆွေမြင့်**
**နှင့် ဝန်ထမ်းများ၊ ယဉ်ကျေးမှုဝန်ကြီးဌာန**

---

**အထူးဝမ်းနည်းကြေကွဲခြင်း**

## ဒေါက်တာကိုကိုကြီး

**MRCVS (Edin)**
**ပါမောက္ခချုပ်(ငြိမ်း)၊ မွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ်**
**အသက်(၉၀)**

မွေးမြူရေးဆိုင်ရာ ဆေးတက္ကသိုလ်၊ ပါမောက္ခချုပ်(ငြိမ်း) ဒေါက်တာကိုကိုကြီးသည် ၁၄-၇-၂၀၁၅ရက်တွင် အလ္လာဟ်သျှင်မြတ်အမိန့်တော်ခံယူသွားပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ပါမောက္ခချုပ်နှင့် ဆရာ/ဆရာမ၊ ဝန်ထမ်းများ**
**မွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ်၊ ရေဆင်း၊ နေပြည်တော်**

---

**ဝမ်းနည်းကြေကွဲခြင်း**

## ဒေါ်တင်တင်ကြည်

**အသက်(၇၉)နှစ်**

သူငယ်ချင်း ဗိုလ်ချုပ်အောင်စိုး(တိုင်းမှူး၊ ရမခ) ဇနီး ဒေါ်ဆွေဆွေမြင့်တို့၏မိခင် ဘုရား၊ ကျောင်း ဒါယိကာမကြီး ဒေါ်တင်တင်ကြည် အသက်(၇၉)နှစ်သည် ၂၅-၇-၂၀၁၅ရက်တွင် ကွယ်လွန်သွားသည့်အတွက် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

**ရဲမှူးချုပ် မြဝင်း-ဒေါ်ငွေအေးမူ**
**ရေကြောင်းရဲတပ်ဖွဲ့**

---

**ဝမ်းနည်းကြေကွဲခြင်း**

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး**

## ဒေါ်တင်တင်ကြည် အသက်(၇၉)နှစ်

ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ (၃)ရပ်ကွက်၊ မာန်ပြေ ၁၇လမ်း၊ အမှတ် ၄၂နေ (ဦးမြတင်-ဒေါ်ကြည်ကြည်)တို့၏သမီး၊ ဦးသိုက်စိုး-ဒေါ်သိန်းသိန်းငွေ၊ ဗိုလ်ချုပ်အောင်စိုး(တိုင်းမှူး၊ ရမခ)-ဒေါ်ဆွေဆွေမြင့်၊ဦးအောင်မိုး-ဒေါ်မြလေးစံတို့၏ချစ်လှစွာသောမိခင်၊ (ဦးဘသွင်)၏ဇနီး ဒေါ်တင်တင်ကြည်သည် ၂၄-၇-၂၀၁၅ရက်(သောကြာနေ့)နံနက် ၈နာရီတွင်ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

**ဦးသက်နိုင်ဦး-ဒေါ်ဝင်းစံဖြူ**
**ဒုတိယအမြဲတမ်းအတွင်းဝန်၊လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန**

---

**အထူးဝမ်းနည်းကြေကွဲခြင်း**

## သီရိပျံချီ ဦးအောင်သောင်း (ဝန်ကြီး-ငြိမ်း)

**ဥက္ကဋ္ဌ၊ ဘဏ်များနှင့်ငွေကြေးဆိုင်ရာဖွံ့ဖြိုးတိုးတက်ရေးကော်မတီ**
**ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်**
**မန္တလေးတိုင်းဒေသကြီး၊ တောင်သာမဲဆန္ဒနယ်**
**အသက်(၇၉)နှစ်**

ဘဘဦးအောင်သောင်း ကွယ်လွန်သွားသည့်အတွက် အထူးပင်ဝမ်းနည်းကြေကွဲရပါသည်။ ဘဘ ကောင်းမွန်ရာသုဂတိဘုံသို့ ရောက်ရှိပါစေကြောင်း ဆုတောင်းအပ်ပါသည်။

**ဒါရိုက်တာအဖွဲ့**
**WE ARE ABLE ဆောက်လုပ်ရေးကုမ္ပဏီ၊ မန္တလေးမြို့**

---

**ဝမ်းနည်းကြေကွဲခြင်း**

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ လမ်း၊ ပိဋကတ် ဒါယကာကြီး**

## ဦးတင်ကိုလတ် (အလုံ)

**အသက်(၅၉)နှစ်**

ရန်ကုန်မြို့၊ အလုံမြို့နယ်၊ ကြည့်မြင်တိုင် ဗဟိုစံပြငါးဈေးကြီး၊ အမှတ် ဃ၃/၂၊ ကွင်းကျောင်းလမ်း၊ အမှတ် ၃၃နေ ဦးတင်ကိုလတ်သည် ၂၆-၇-၂၀၁၅ရက် ညနေ ၃း၄၀နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ကိုအောင်စိုး(ဟသ်ာတ)**
**ကိုတင်မင်းဇော်(ရန်ကုန်)**
**မွေးမြူရေး ငါးအစာရောင်းဝယ်ရေး**

---

**ဝမ်းနည်းကြေကွဲခြင်း**

## ဦးသာနိုအောင်

**(ဦးစီးအရာရှိ၊ ပြည်နယ် အား/ကာ)**
**အသက်(၅၄)နှစ်**

ရခိုင်ပြည်နယ် အားကစားနှင့် ကာယပညာဦးစီးဌာနမှ ဦးစီးအရာရှိ ဦးသာနိုအောင်သည် ၂၅-၇-၂၀၁၅ရက် (စနေနေ့) နံနက် ၅း၄၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

**ဒုညွှန်မှူး၊ လ/ထညွှန်မှူးနှင့် ဝန်ထမ်းများ**
**ပြည်နယ်/ခရိုင်၊ မြို့နယ်အား/ကာ (စစ်တွေမြို့)**

---

**အထူးဝမ်းနည်းကြေကွဲခြင်း**

## ဦးရဲမင်းသန့်

**ညွှန်ကြားရေးမှူး**
**ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဦးစီးဌာန**
**အသက်(၄၀)**

ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာန၊ မကွေးတိုင်းဒေသကြီး ဦးစီးမှူးရုံးမှ ညွှန်ကြားရေးမှူး ဦးရဲမင်းသန့်သည် ၂၆-၇-၂၀၁၅ရက်(တနင်္ဂနွေနေ့)ည ၁၀း၂၀နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**တိုင်းဒေသကြီးဦးစီးမှူးနှင့်ဝန်ထမ်းများ**
**ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဦးစီးဌာန**
**မန္တလေးတိုင်းဒေသကြီးဦးစီးမှူးရုံး**

---

**ဝမ်းနည်းကြေကွဲခြင်း**

## သီရိပျံချီ ဦးအောင်သောင်း

**ဥက္ကဋ္ဌ၊ ဘဏ်များနှင့်ငွေကြေးဆိုင်ရာဖွံ့ဖြိုးတိုးတက်ရေးကော်မတီ**
**ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်**
**မန္တလေးတိုင်းဒေသကြီး၊ တောင်သာမဲဆန္ဒနယ်**
**အသက်(၇၉)နှစ်**

ပြည်သူ့လွှတ်တော်၊ ဘဏ်များနှင့် ငွေကြေးဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေးကော်မတီဥက္ကဋ္ဌ၊ မန္တလေးတိုင်းဒေသကြီး၊ တောင်သာမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် သီရိပျံချီ ဦးအောင်သောင်း အသက်(၇၉)နှစ်သည် ၂၃-၇-၂၀၁၅ရက်(ကြာသပတေးနေ့) နံနက် ၈း၁၅နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရသည့်အတွက် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့**

---

## ဦးလှအောင်(ခ)ဦးမာသက်

**အသက်(၈၃)နှစ်**

ရန်ကုန်မြို့၊ လသာမြို့နယ်၊ မောင်ခိုင်လမ်းနေ (ဦးဝမ်ဟုတ်-ကောင်ရင်ဖုန်)တို့၏သား၊ (ချင်ခတ်တောင်-လုရင်ငွေး)တို့၏သားသမက်၊ ရန်ကုန်မြို့၊ ပန်းဘဲတန်းမြို့နယ်၊ (၁)ရပ်ကွက်၊ ကုန်သည်လမ်း၊ အမှတ် ၇၃၆/၇၃၈၊ ဒုတိယထပ်နေ ဒေါ်သန်းငွေး၏ချစ်လှစွာသောခင်ပွန်း၊ ဒေါ်နုနုခိုင် (ခ) Maureen Chan-U Eddie Chan၊ ဦးကျင်လင်း-ဒေါ်ခင်ရွှေ၊ ဒေါ်သင်းသင်းခိုင်-ဦးစိုင်းဝင်းနွဲ့၊ (ဦးကျင်ရှိန်)တို့၏ချစ်လှစွာသောဖခင်၊ မြေးကိုးယောက်တို့၏အဘိုးသည် ၂၇-၇-၂၀၁၅ရက်(တနင်္လာနေ့)နံနက် ၄း၁၅နာရီတွင် နေအိမ်၌ကွယ်လွန်သွားပါသဖြင့် ၂၉-၇-၂၀၁၅ရက်(ဗုဒ္ဓဟူးနေ့) မွန်းတည့် ၁၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၉း၃၀နာရီတွင်ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂-၈-၂၀၁၅ရက် (တနင်္ဂနွေနေ့) နံနက်ပိုင်းတွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

**ဝမ်းနည်းကြေကွဲခြင်း**

**ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး**

## ပွဲစားကြူတ် ဦးခင်မောင်မြင့်

**အသက်(၈၁)နှစ်**

ပအိုဝ့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့ ဥက္ကဋ္ဌ ဦးခွန်စံလွင်- ဒေါ်တင်တင်ဝင်းတို့၏ဖခင် ဦးခင်မောင်မြင့် အသက်(၈၁)နှစ်သည် ၂၂-၇-၂၀၁၅ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၁၁း၃၀နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**“ဝ” ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းဦးစီးအဖွဲ့**
**ဟိုပန်မြို့**

---

## ဦးဝေလင်း(ခ)ချောင်ကျင်ပို (ဝါးခယ်မ)

**အသက်(၇၇)နှစ်**

ရန်ကုန်မြို့၊ အလုံမြို့နယ်၊ ဌာနာရပ်ကွက်၊ ဧရာဝတီလမ်း၊ အမှတ် ၁၇နေ စူဆွေလင်(ခ)ဒေါ်ခင်ရီ၏ခင်ပွန်း၊ ဒေါ်ချိုချို၊ ဦးခင်မောင်လတ်-ဒေါ်ချိုရီမေ၊ ဦးသိန်းဇော်-ဒေါ်ပြုံးပြုံး၊ဦးထွန်းထွန်းအောင်-ဒေါက်တာချိုယဉ်ယဉ်တို့၏ဖခင်၊ မောင်ကျော်ဇင်သန့်၊ မသင်းသဥ္ဇာ၊ မခင်နဒီအောင်၊ မောင်ဆက်အောင်တို့၏အဘိုးသည် ၂၈-၇-၂၀၁၅ရက် (အင်္ဂါနေ့) နံနက် ၁၁း၂၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၃၀-၇-၂၀၁၅ရက် (ကြာသပတေးနေ့) နံနက် ၁၁နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၉နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

---

## ဦးခင်မောင်ကြည်

**(B.E Electrical Power)**
**အသက်(၆၃)နှစ်**

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ မေတ္တာညွန့်ရပ်ကွက်၊ စက်မှုလက်မှု ၂ လမ်း၊ အမှတ် ၁၂၅နေ (ဦးသောင်းရွှေ)-ဒေါ်ခင်သန်းတို့၏သားကြီး၊ (ဆရာကြီးဦးသန်းအောင်)၊ ဒေါ်စန်းစန်းရီ(ထက်/အုပ်၊ငြိမ်း)၊ဒေါ်မြမြအေး၊ ဦးမြင့်သိန်း၊ ဦးအောင်ကြည်ဝင်း - ဒေါ်လှလှဝင်း၊ ဦးသောင်းဝင်း(ခ)ဦးမွေးကြီး (ရေနံသယ်ပို့)တို့၏အစ်ကိုကြီး၊ မောင်စိုးထွဋ်ကျော်၊ မောင်အောင်မြင့်မြတ်တို့၏ဦးကြီးသည် ၂၈-၇-၂၀၁၅ရက် (အင်္ဂါနေ့) နံနက် ၁၁း၁၅နာရီတွင် ကွယ်လွန်သွားပါ၍ ၃၀-၇-၂၀၁၅ရက်(တနင်္လာနေ့) နံနက် ၁၁နာရီတွင် ရေဝေးသုသာန်၌မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။(နေအိမ်မှကားများ နံနက် ၉း၃၀နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

---

## ဦးအောင်ကျော်မင်း

**B.A, (History)**
**အထက(၁)ရန်ကင်း**
**ကျောင်းသားဟောင်း**
**လဝက-တိုက်နယ်မှူး(ငြိမ်း)**
**အသက်(၅၄)နှစ်**

ရန်ကုန်မြို့၊ အရှေ့ရန်ကင်း၊ အမှတ် (၁၄၁/က)နေ (ဦးသက်ရှည်-ဒေါ်ခင်ငွေး)တို့၏သား၊ ဒေါ်ခင်သက်သက်၊ ဦးအောင်သက်ရှည်၊ ဒေါ်ခင်သီတာငွေး၊ ဦးနိုင်သက်ရှည်တို့၏ညီ/မောင်၊ ဒေါ်မီမီငွေး၊ဒေါ်တိုးဝေဖြိုး၊ ဒေါ်သန္တာဝင်းတို့၏အစ်ကိုသည် ၂၇-၇-၂၀၁၅ရက် ညနေ ၃း၄၀နာရီတွင် ကွယ်လွန်သွားပါ၍ ၂၉-၇-၂၀၁၅ရက် နံနက် ၁၀နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟ အပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၈း၃၀နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

---

## ဒေါ်ဝင်းဝင်း (ရွှေဘို)

**အသက်(၆၃)နှစ်**

ရွှေဘိုမြို့နေ (ဦးဘိုးလွင်-ဒေါ်စန်းကြည်)တို့၏သမီး၊ ဦးစိန်လှိုင်၊ ဒေါ်ဝင်းဝင်းထွန်း၊ (ဦးအုန်းသွင်)၊ ဒေါ်ခင်စိန်၊ (ဒေါ်တူးတူး)တို့၏ညီမ၊ ရန်ကုန်မြို့၊ သင်္ဃန်းကျွန်းမြို့နယ်၊ ဇဝနရပ်ကွက်၊ သီရိဟေမာလမ်း၊ အမှတ် ၃နေ ကပ္ပတိန်ဦးလေးခိုင်၊ ဒေါ်ခင်သန္တာသိန်းတို့၏မိခင်၊ မကြာမုံလေးခိုင်၊ မောင်ဝံသလေးခိုင်တို့၏အဘွားသည်၂၈-၇-၂၀၁၅ရက် နံနက် ၂း၄၅နာရီတွင် ပင်လုံဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ကွယ်လွန်သူ၏ဆန္ဒအရ ယင်းနေ့နံနက် ၁၁နာရီတွင်ရေဝေးသုသာန်၌မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း အသိပေးအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

## ဦးအေးကျော် (အလုံ)

**အသက်(၅၄)နှစ်**

ရန်ကုန်မြို့၊ အလုံမြို့နယ်၊ သရဖီလမ်း၊ အမှတ် ၁၃ A (ပထမထပ်)နေ [ဦးသန်းမောင်(၄၄၂-ပွဲရုံ) - ဒေါ်အေးကြင် ]တို့၏သား၊ကြည့်မြင်တိုင်မြို့နယ်၊ ပန်းလှိုင်အိမ်ရာနေ (ဦးမောင်မောင်)-ဒေါ်ကျင်တီတို့၏သားသမက်၊ ရွှေပြည်သာမြို့နယ်နေ ကိုဇော်မင်း-မခင်မြတ်သူ၊ ပုဇွန်တောင်မြို့နယ်နေ ဒေါ်ဝါဝါအေးတို့၏ညီ/မောင်၊ (ကိုအောင်သူ)၏အစ်ကို၊ ကိုသီဟ - မသီဂီရွှေ (အမေရိကား)တို့၏အစ်ကို၊ ဒေါ်တင်တင်ငွေး၏ချစ်လှစွာသောခင်ပွန်း၊ မောင်အောင်သက်၊ မောင်ကျော်သန့်ဇင်(အထက-၃၊ ဒဂုံ၊ XIA)တို့၏ဖခင်သည် ၂၇-၇-၂၀၁၅ရက်(တနင်္လာနေ့)ည ၉း၃၀နာရီတွင် ကွယ်လွန်သွားပါ၍ ၂၉-၇-၂၀၁၅ရက် ညနေ ၃နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၁း၃၀နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

---

**ဘုရား၊ ကျောင်း ဒါယကာကြီး**

## ဦးစောလွင် (ပျဉ်းမနား)

**အထွေထွေမန်နေဂျာ(ငြိမ်း)**
**မြန်မာ့စိုက်ပျိုးရေးဘဏ်၊ ရုံးချုပ်**
**အသက်(၈၃)နှစ်**

နေပြည်တော်၊ပျဉ်းမနားမြို့၊ အမှတ် ၃/၉၊ ဗိုလ်ချုပ်လမ်း၊ မင်္ဂလာရပ်နေ (ဦးအုန်းဖေ - ဒေါ်မြစိန်)တို့၏ သား၊ ရန်ကုန်မြို့၊ကမာရွတ်မြို့နယ်၊စိန်ရတနာလမ်း၊ အမှတ်(၇၄-B)နေ ဒေါ်သွင်သွင်လွင်၏ချစ်လှစွာသောခင်ပွန်း၊ ဦးတိုးအောင်(KCK Co.,Ltd)-ဒေါ်မီမီလွင်၊ Mr. Patrick ROBERT-ဒေါ်ဝါဝါလွင်@ Claudia Saw Lwin, Mr. Ross CHALMERS - Dr. ချိုချိုစောလွင် (Australia)၊ Capt.ညီညီလွင်- Dr. ခင်ဆွေဆွေ (CARE MYANMAR)တို့၏ဖခင်၊မြေးလေးယောက်တို့၏အဘိုးသည် ၂၈-၇-၂၀၁၅ရက် (အင်္ဂါနေ့) နံနက် ၁၀း၁၅နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါ၍ ၃၀-၇-၂၀၁၅ရက်(ကြာသပတေးနေ့)နံနက်၁၀ နာရီတွင်ရေဝေးသုသာန်၌မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ နံနက် ၈နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၃-၈-၂၀၁၅ရက်(တနင်္လာနေ့)နံနက် ၇နာရီမှ ၁၀နာရီအထိ နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

**ဘုရား၊ ကျောင်း ဒါယကာကြီး**

## ဦးစောလွင်(အပါ)(ပျဉ်းမနား)

**အထွေထွေမန်နေဂျာ(ငြိမ်း)**
**မြန်မာ့စိုက်ပျိုးရေးဘဏ်၊ ရုံးချုပ်**
**အသက်(၈၃)နှစ်**

နေပြည်တော်၊ပျဉ်းမနားမြို့၊ အမှတ် ၃/၉၊ ဗိုလ်ချုပ်လမ်း၊ မင်္ဂလာရပ်နေ (ဦးအုန်းဖေ - ဒေါ်မြစိန်)တို့၏ သား၊ ရန်ကုန်မြို့၊ကမာရွတ်မြို့နယ်၊စိန်ရတနာလမ်း၊ အမှတ်(၇၄-B)နေ ဒေါ်သွင်သွင်လွင်၏ချစ်လှစွာသောခင်ပွန်း၊ (ဒေါ်တင်တင်နွဲ့)၊ (ဦးမြင့်ဦး)-ဒေါ်မေမေထားတို့၏ညီ/မောင်၊ ဦးချစ်ငွေ-ဒေါ်မြင့်မြင့်ရီ၊ (ဦးကျော်ဟန်)-ဒေါ်မြင့်မြင့်ကြည်၊ ဦးဘနှင်းချစ်-(ဒေါ်ထားထားရီ)၊ ဦးဝင်းမြင့် - ဒေါ်သန်းသန်းဝင်း၊ ဗိုလ်မှူးကြီးခင်မောင်ဝင်း(ငြိမ်း)-ဒေါ်ဝင်းဝင်းအုန်းတို့၏အစ်ကိုသည်၂၈-၇-၂၀၁၅ရက် နံနက် ၁၀း၁၅နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါ၍ ၃၀-၇-၂၀၁၅ရက်(ကြာသပတေးနေ့)နံနက်၁၀ နာရီတွင် ရေဝေးသုသာန်၌မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ နံနက် ၈နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၃-၈-၂၀၁၅ရက်(တနင်္လာနေ့)နံနက် ၇နာရီမှ ၁၀နာရီအထိ နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမောင်နှမများ

---

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ရေတွင်း၊ ရေကန်ဒါယိကာမကြီး**

## ဒေါ်ကြည်အောင်

**ညောင်ကုန်း-ဒလမြို့**
**အသက်(၈၀)**

ရန်ကုန်တိုင်းဒေသကြီး၊ညောင်ကုန်းရပ်ကွက်၊ သံလွင်လမ်းသွယ် (၅)လမ်း၊ အမှတ် ၅/၁၂၄၆နေ (ဦးချစ်တီး-ဒေါ်အေးကြည်)တို့၏သမီး၊ (ဦးမောင်ဖေ-ဒေါ်သင်း)တို့၏သမီးချွေးမ၊ ဒေါ်ခင်မေ၊ဒေါ်မိတို့၏ညီမ၊ ဦးဖိုးဆောင်း-ဒေါ်လှကြည်၊ ဒေါ်သန်းလှ၊ ဒေါ်ကြင်လှတို့၏အစ်မ၊ (ဦးသိန်းဟန်)၏ချစ်လှစွာသောဇနီး၊ ဦးဖိုးနိုင်-ဒေါ်ဝင်းတို့၏အဒေါ်၊ ဦးဖိုးတွတ်(ခ)ဦးအုံးကြိုင်-ဒေါ်ခင်စန်းရီ၊ ဦးသန်းဝင်း-ဒေါ်အုံးမြိုင်၊ ဦးသန်းရွှေ-ဒေါ်တင်တင်ဝင်း၊ ဗိုလ်မှူးတင်လှိုင် - ဒေါ်ခင်မျိုးသန့်၊ ဦးသောင်းထွန်း - ဒေါ်ခင်မြင့်မြင့်၊ ဦးယဉ်ထွန်း-ဒေါ်မြင့်မြင့်သီ၊ ဦးငြိမ်းအောင် - ဒေါ်တင်တင်ယုတို့၏ မိခင်၊ မြေး ၂၀၊ မြစ် လေးယောက်တို့၏ ဘွားဘွားကြီးသည် ၂၈-၇-၂၀၁၅ရက် (အင်္ဂါနေ့) နံနက် ၉း၂၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၃၀-၇-၂၀၁၅ရက် (ကြာသပတေးနေ့) မွန်းလွဲ ၁နာရီတွင် ခနိတောသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ [ကွယ်လွန်သူအားရည်စူး၍ ၃-၈-၂၀၁၅ရက် (တနင်္လာနေ့) နံနက် ၇နာရီမှ ၁၁နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

**ရေကြည်မြို့နယ်အသင်း(ရန်ကုန်)**
**ဘဝနတ်ထံပျံလွန်တော်မူခြင်း**

## ဘဒ္ဒန္တသုဓမ္မိသရ မဟာထေရ်မြတ် (ရေကြည်)

**သက်တော်(၉၃)နှစ်၊ သိက္ခာတော်(၇၃)ဝါ**

ရန်ကုန်မြို့၊ ဗိုလ်တထောင်မြို့နယ်၊ (၂)ရပ်ကွက်၊ ဝတ်ကျောင်းလမ်း၊ ဓမ္မရက္ခိတကျောင်းတိုက်ကြီး၏ ဦးစီးပဓာနနာယက ဆရာတော်ဖြစ်တော်မူသော ဘဒ္ဒန္တသုဓမ္မိသရ မဟာထေရ်မြတ်(ရေကြည်) သာသနဓဇ သိရီပဝရဓမ္မာစရိယ B.A Buddhism မဟာထေရ်မြတ်ကြီးသည် ၂၅-၇-၂၀၁၅ရက် (စနေနေ့) ည ၈း၄၅နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် ကြွင်းကျန်ရစ်သော ဥတုဇရုပ်ကလာပ်တော်ကို ၂၉-၇-၂၀၁၅ရက်(ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁၂း၃၀နာရီတွင် ဓမ္မရက္ခိတကျောင်းတိုက်ကြီးမှ ရေဝေးသုသာန်သို့ပင့်ဆောင်၍ အန္တိမအဂ္ဂိစျာပနသဘင် ဆင်ယင်ကျင်းပမည်ဖြစ်ပါကြောင်း မဟာနုသကိကမ္မဋ္ဌာန်းစီးဖြန်းနိုင်ရန် ရေကြည်မြို့နယ်သူ၊ မြို့နယ်သားများအား သိစေအပ်ပါသည်။

အမှုဆောင်အဖွဲ့

---

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး**

## ဒေါ်ဒေါ်သောင်း အသက်(၉၅)နှစ်

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၃)ရပ်ကွက်၊ ယသဝတီ ၁၄လမ်း၊ အမှတ် ၁၀၁၁နေ (ဦးထွန်းရ-ဒေါ်ကြင်)တို့၏သမီး၊ စမ်းချောင်းမြို့နယ်နေ ဦးတင်လှ-ဒေါ်လှကြည်တို့၏အစ်မ၊ (ဦးလှမောင်)၏ဇနီး၊ (ဦးလှမြင့်)-ဒေါ်စန်းမြ၊ ဦးတင်ဆွေ-ဒေါ်သန်းသန်းငွေးတို့၏မိခင်၊ ဗိုလ်မှူးထွန်းနေလင်း(ငြိမ်း) (ဒု-စက်ရုံမှူး၊သန်လျင်ဖန်ချက်စက်ရုံ၊ MEC)-ဒေါ်နန်းဆွေဆွေဝင်း၊ ဦးအောင်ခန့်-ဒေါ်သင်းသင်းနိုင်၊ ဒေါ်စန္ဒာလင်းတို့၏အဘွား၊မြစ်နှစ်ယောက်တို့၏အဘွားသည် ၂၈-၇-၂၀၁၅ရက် (အင်္ဂါနေ့) နံနက် ၁၀း၁၅နာရီတွင် တောင်ဥက္ကလာပ နေအိမ်၌ကွယ်လွန်သွားပါသဖြင့် ၃၀-၇-၂၀၁၅ရက်(ကြာသပတေးနေ့) ညနေ ၃နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၁း၃၀နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၃-၈-၂၀၁၅ရက် (တနင်္လာနေ့) နံနက် ၇နာရီတွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

**ဝမ်းနည်းကြေကွဲခြင်း**

**ရဟန်း၊ ကျောင်း ဒါယိကာမကြီး**

## ဒေါ်စိန်စိန်

**အသက်(၉၅)နှစ်**

မြန်မာနိုင်ငံ ပညာရေးသုတေသနဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာခိုင်မြနှင့်ဇနီး ဒေါ်ဝါဝါငွေး(ကထိကဌာနမှူး၊ ရက္ခဗေဒဌာန၊ ရန်ကုန်ဆေးတက္ကသိုလ်-၁)တို့၏ မိခင်ဖြစ်သူ ရဟန်း၊ ကျောင်း ဒါယိကာမကြီး ဒေါ်စိန်စိန် အသက်(၉၅)နှစ်သည် ၂၇-၇-၂၀၁၅ရက် ညနေ ၅း၄၅နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**အရာထမ်းများနှင့် အမှုထမ်းများ**
**မြန်မာနိုင်ငံပညာရေးသုတေသနဦးစီးဌာန**

---

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ဇရပ် ဒါယကာကြီး**

## ဆရာကြီး ဦးမောင်မောင်

**ရာသက်ပန်ကန်တော့ခံ၊ သာယာဝတီမြို့နယ်အသင်း**
**အသက်(၈၉)နှစ်**

ပဲခူးတိုင်းဒေသကြီး၊ သာယာဝတီခရိုင်၊ သာယာဝတီမြို့၊ ကွက်သစ်လမ်းမတော်နေ [ဒေါ်မြကြည်(အငြိမ်းစားဆရာမကြီး)]၏ခင်ပွန်း၊ ရန်ကုန်မြို့နေ(ဦးအေးသိုက်)-ဒေါ်စန်းစန်းသွင်(အငြိမ်းစားဆရာမ)၊ ဒေါ်လွင်လွင်စန်း(လ/ထညွှန်မှူး၊ ပဲခူးတိုင်းဒေသကြီး၊ စာရင်းစစ်ချုပ်ရုံး၊ ငြိမ်း)၊ ရန်ကုန်မြို့နေ ဦးမျိုးသန့်ဇင်-ဒေါ်ခင်အေးဇော်၊ သာယာဝတီမြို့၊ ဗိုလ်မြဒင်လမ်းနေ ဦးဝင်းဇော်ဦး-ဒေါ်ယဉ်ယဉ်စန်းတို့၏ဖခင်၊ မြေးငါးယောက်၊ မြစ်သုံးယောက်တို့၏ဘိုးဘိုးကြီးသည် ၂၇-၇-၂၀၁၅ရက် မွန်းလွဲ ၁း၃၀နာရီတွင် ကွယ်လွန်သွားပါ၍ ၂၉-၇-၂၀၁၅ရက် မွန်းလွဲ ၁နာရီတွင် အထက်ပါနေအိမ်မှ ထောင်ကြီးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ မိတ်သင်္ဂဟအပေါင်းတို့အား သိစေအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ဇရပ် ဒါယကာကြီး**

## ဆရာကြီး ဦးမောင်မောင်

**ရာသက်ပန်ကန်တော့ခံ၊ သာယာဝတီမြို့နယ်အသင်း**
**အသက်(၈၉)နှစ်**

ပဲခူးတိုင်းဒေသကြီး၊ သာယာဝတီခရိုင်၊ သာယာဝတီမြို့၊ ကွက်သစ်လမ်းမတော်နေ [ဒေါ်မြကြည်(အငြိမ်းစားဆရာမကြီး)]၏ခင်ပွန်း၊ ရန်ကုန်မြို့နေ(ဦးအေးသိုက်)-ဒေါ်စန်းစန်းသွင်(အငြိမ်းစားဆရာမ)၊ ဒေါ်လွင်လွင်စန်း(လ/ထညွှန်မှူး၊ ပဲခူးတိုင်းဒေသကြီး၊ စာရင်းစစ်ချုပ်ရုံး၊ ငြိမ်း)၊ ရန်ကုန်မြို့နေ ဦးမျိုးသန့်ဇင်-ဒေါ်ခင်အေးဇော်၊ သာယာဝတီမြို့၊ ဗိုလ်မြဒင်လမ်းနေ ဦးဝင်းဇော်ဦး-ဒေါ်ယဉ်ယဉ်စန်းတို့၏ဖခင်၊ မြေးငါးယောက်၊ မြစ်သုံးယောက်တို့၏ဘိုးဘိုးကြီးသည် ၂၇-၇-၂၀၁၅ရက် မွန်းလွဲ ၁း၃၀နာရီတွင် ကွယ်လွန်သွားပါ၍ ၂၉-၇-၂၀၁၅ရက် မွန်းလွဲ ၁နာရီတွင် အထက်ပါနေအိမ်မှ ထောင်ကြီးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ မိတ်သင်္ဂဟအပေါင်းတို့အား သိစေအပ်ပါသည်။

သာယာဝတီမြို့နယ်အသင်း

---

**ခရစ်တော်၌အိပ်ပျော်ခြင်း**

## ဦးချင်းခုတ် U Thian Khup

**ဒုတိယညွှန်ကြားရေးမှူး(ငြိမ်း)၊ ငါးလုပ်ငန်းဦးစီးဌာန**
**National Fishery Consultant FAO, UN**
**အလုပ်အမှုဆောင်၊ ပုဇွန်လုပ်ငန်းရှင်များအသင်း**
**မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ်**
**ရာသက်ပန်သင်းထောက်၊ ရန်ကုန်စီးယင်းနှစ်ခြင်းအသင်းတော်**
**အသက်(၇၂)နှစ်**

ချင်းပြည်နယ်၊ တီးတိန်မြို့နယ်၊ ခေါ်ဆရွာနေ (Rev. Thu-am Hang- Pi Dim Khaw Cing)တို့၏မြေး၊ (Rev. Mang Kho Pau - Pi Ni-ang Kho Mang), Pi Man Dim တို့၏သား၊ (Capt.Mun Kho Pau- Pi Hau Kho Dim)တို့၏သားသမက်၊ ရန်ကုန်မြို့၊ ဦးဝိစာရရပ်ကွက်၊အမှတ် ၆၊ အခန်း ၁၃နေ ဒေါ်ကျင်းခိုပေါင်၏ချစ်လှစွာသောခင်ပွန်း၊ ဒေါ်မန်ဆွန့်ကျိန်-ဦးထွန်းမောင် (ခေတ္တ-မလေးရှား)၊ ဦးပေါင်ခန့်ခိုင် MD. MCI Co., Ltd. Chin & Sons Aquapr-oducts Co.,Ltd.၊ ဒေါ်ဒိမ်တွာလ်(စီမံလက်ထောက်၊ ရတနာ့မေတ္တာအဖွဲ့)၊ ဦးပေါ်ဒိုးထန်(Director MCI Co.,Ltd.)-ဒေါ်မြင့်သက်ထားတို့၏ဖခင်၊ မောင်ခုပ်ခန့်ခိုင်(ခန့်ထက်ထူး)၏အဘိုး၊ဒေါ်ကျိန်ဇအွပ်-(ဦးထွန်းအောင်၊ ရုံးအဖွဲ့မှူး၊ ငြိမ်း၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန)တို့၏ညီ/မောင်၊ ဦးဟန်ဇပုန်း-ဒေါ်ကျန်ခေါ်နဲမ် (Perth Australia)၊ (ဗိုလ်မှူးကြီးဒိုကျင်ပေါ်)-ဒေါ်ညောင်ဇဟောက်၊ ဒေါ်ဟွမ်းဇဟွဲ [(လီလီ)၊အထက်တန်းသူနာပြု၊ငြိမ်း၊မေတ္တာဆေးခန်း)]၊ (ဒု-အရာခံဗိုလ်ကံဇာလျန်း-ဒေါ်ကျန်ချန်ဟွဲ)တို့၏အစ်ကိုကြီး၊ တူ၊ တူမ ၂၂ ယောက်တို့၏ဘကြီးသည် ၂၇-၇-၂၀၁၅ရက်(တနင်္လာနေ့)နံနက် ၁၀း၁၅နာရီတွင် ခရစ်တော်၌အိပ်ပျော်သွားပါသဖြင့် ၂၉-၇-၂၀၁၅ရက်(ဗုဒ္ဓဟူးနေ့) နံနက် ၁၀နာရီတွင် ရန်ကုန်စီးယင်းနှစ်ခြင်းအသင်းတော် (St. Philips Church)၌ ဝတ်ပြုဆုတောင်းပြီး ရေဝေးခရစ်ယာန်ဂိုဏ်းပေါင်းစုံဥယျာဉ်တော်၌ ဂူသွင်းသင်္ဂြိုဟ်ပါမည်။

ကျန်ရစ်သူမိသားစု

# ဖလမ်း၌ မိုးအဆက်မပြတ်ရွာသွန်းမှုကြောင့်မြေပြိုပြီး ယာဉ်ပိတ်ဆို့



ဖလမ်း ဇူလိုင် ၂၈

ချင်းပြည်နယ် ဖလမ်းမြို့၌ ဇူလိုင် ၂၄ ရက်ကစ၍ မိုးအဆက်မပြတ်ရွာသွန်းမှုကြောင့် တောင်ကျရေများတိုက်စားခြင်း၊ မြေပြိုခြင်းများဖြစ်ပေါ်လျက်ရှိရာ ဇူလိုင် ၂၈ ရက်တွင် ကလေး-ဖလမ်း-ဟားခါး မိုင်တိုင် (၉၇/၁) ကြားရှိ တားလ်ကျေးရွာမှ တစ်မိုင်ခန့်အကွာတွင် မြေပြိုမှုကြောင့် ယာဉ်သွားလာမှုများယာယီရပ်တန့်ခဲ့ပြီး မြေစာများအား Excavator တစ်စီး၊ JCB နှစ်စီးဖြင့် မြို့နယ်လမ်းဦးစီးဌာန ဦးစီးအရာရှိ (မြို့ပြ)က ကြီးကြပ်ကာ ပြုပြင်ခြင်းလုပ်ငန်းများကို လမ်းကြောင်းတစ်လျှောက် စဉ်ဆက်မပြတ်ဆောင်ရွက်လျက်ရှိကြောင်းသိရသည်။

(ခရိုင် ပြန်/ဆက်)

## ယနေ့ မာတိကာ

ဆီးရီးယားမြောက်ပိုင်းကို အိုင်အက်စ်ကင်းမဲ့ဇုန်အဖြစ် တူရကီနှင့် အမေရိကန်တို့ရည်ရွယ်

စာမျက်နှာ » ၄

ဒုံးကျည်လူသားအဖြစ်ထင်ရှားသည့် အိန္ဒိယသမ္မတဟောင်း ကာလမ်၏ ရုပ်ကလာပ်အား ဇာတိမြေ တမီးလ်နာဒူးပြည်နယ်တွင် ပြုလုပ်မည်

စာမျက်နှာ » ၅

# အာဆီယံ ယူ-၁၆ ပြိုင်ပွဲ၌ မြန်မာအသင်းအနိုင်ရ

ဖနောင်ပင် ဇူလိုင် ၂၈

အာဆီယံဘောလုံးအဖွဲ့ချုပ် (AFF) က ကြီးမှူးကျင်းပလျက်ရှိသည့် ၂၀၁၅ အာဆီယံယူ-၁၆ ဘောလုံးပြိုင်ပွဲအုပ်စု(ခ) ပွဲစဉ်များကို ကမ္ဘောဒီးယားနိုင်ငံ ဖနောင်ပင်မြို့ရှိ အိုလံပစ်ကွင်း၌ ကျင်းပရာ မြန်မာအသင်းသည် စင်ကာပူအသင်းကို အနိုင်ယူပြီး ပွဲဦးထွက်သုံးမှတ်အပြည့် ရရှိခဲ့သည်။

မြန်မာအသင်းသည် ထက်ဝေယံစိုး(ဂိုး)၊ အောင်ဝဏ္ဏစိုး၊ မြတ်ကောင်းခန့်၊ ပြည့်စုံနိုင်၊ ဟိန်းထက်အောင်၊ ထက်ဖြိုးဝေ၊ ဝင်းနိုင်ထွန်း၊ မင်းမြတ်သူ၊ သက်ပိုင်ထွေး၊ ကျော်ဖြိုးဝေ၊ အောင်ချစ်ဦး၊ ကိုကိုတို့ဖြင့် ပွဲထွက်ခဲ့ပြီး သုံးဂိုး-တစ်ဂိုးဖြင့် အနိုင်ယူနိုင်ခဲ့ခြင်းဖြစ်သည်။ မြန်မာအသင်းသည် ကစားကွက်မိမိဖြင့် ကစားနိုင်ခဲ့ပြီး ရက်ပိုင်းသာ ကိုင်တွယ်ချိန်ရရှိသေးသည့် နည်းပြချုပ် အဲရစ်ဝီလျံအတွက်လည်း အဖွင့်လှသွားခဲ့သည်။ မြန်မာယူ-၁၆ အသင်းအတွက် အနိုင်ဂိုးများကို ၁၂ မိနစ်တွင် ဟိန်းထက်အောင်၊ ၃၉ မိနစ်တွင် ဝင်းနိုင်ထွန်း၊ ၆၂ မိနစ်တွင် ထက်ဖြိုးဝေတို့က သွင်းယူခဲ့ပြီး ၃၆ မိနစ်တွင် ချေပဂိုးတစ်ဂိုး ပေးခဲ့ရခြင်းဖြစ်သည်။

အဆိုပါပြိုင်ပွဲကို အုပ်စုနှစ်စုခွဲ၍ ကျင်းပလျက်ရှိပြီး အုပ်စု(က)တွင် မလေးရှား၊ ဗီယက်နမ်၊ ထိုင်း၊ လာအို၊ တီမော၊ ဘရူနိုင်း၊ အုပ်စု(ခ)တွင် ဩစတြေးလျ၊ စင်ကာပူ၊ မြန်မာ၊ ကမ္ဘောဒီးယားနှင့် ဖိလစ်ပိုင်တို့ ပါဝင်နေသည်။

စာမျက်နှာ ၈ ကော်လံ ၁ ❍

# ရှက်ဖီးယူနိုက်တက်တွင်ကစားနေသည့် မြန်မာပြည်ဖွား ကလယ်ဟဲအား မြန်မာ့လက်ရွေးစင်အသင်းကြီးတွင်ကစားရန် ဘောလုံးအဖွဲ့ချုပ် ကမ်းလှမ်း

ရန်ကုန် ဇူလိုင် ၂၈

အင်္ဂလန်နိုင်ငံ ရှက်ဖီးယူနိုက်တက် ယူ-၂၁ တွင် ဝင်ရောက်ကစားနေသည့် မြန်မာပြည်ဖွား ကရင်တိုင်းရင်းသား ကလယ်ဟဲကို ယခုအခါ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် အနေဖြင့် မြန်မာ့လက်ရွေးစင်ဘောလုံးအသင်းတွင် ဝင်ရောက်ကစားနိုင်ရန် ကြိုတင်ကမ်းလှမ်းမှုများ စတင်ပြုလုပ်ထားပြီဖြစ်ကြောင်း မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်မှ သိရသည်။

"ကျွန်တော်တို့ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်အနေနဲ့ လက်ရှိအင်္ဂလန်နိုင်ငံမှာကစားနေတဲ့ မြန်မာပြည်ဖွား ကလယ်ဟဲကို လက်ရွေးစင်အသင်းကြီးမှာ ပါဝင်ကစားဖို့ ကမ်းလှမ်းထားပါတယ်။ သူကလည်း မြန်မာနိုင်ငံ ကိုယ်စားပြုအဖြစ်

စာမျက်နှာ ၁၂ ကော်လံ ၅ ❋



ရှက်ဖီးယူနိုက်တက် ယူ -၂၁ တွင် ကစားနေသည့် ကလယ်ဟဲ ကစားနေပုံ။ ဓာတ်ပုံ- Kler Heh

# တရားမဝင်သွားရောက်လုပ်ကိုင်သည့် မြန်မာနိုင်ငံသား ၂၀၅ ဦးအား ပြန်လည်လွှဲပြောင်းပေးအပ်

နေပြည်တော် ဇူလိုင် ၂၈

တရုတ်နိုင်ငံ ရှန်တုန်းပြည်နယ်နှင့် ကျန်းစုပြည်နယ်တို့တွင် တရားမဝင်သွားရောက်လုပ်ကိုင်မှုဖြင့် ဖမ်းဆီးချုပ်နှောင်ခံရပြီး ထိန်းသိမ်းခံထားရသည့် ချင်းပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးနှင့် ရခိုင်ပြည်နယ်တို့မှ မြန်မာနိုင်ငံသား ၂၀၅ ဦးကို မြန်မာနိုင်ငံမှ မေတ္တာရပ်ခံချက်အရ ဇွန် ၁၀ ရက် ည ၇ နာရီတွင် ရှန်တုန်းပြည်နယ်နှင့် ကျန်းစုပြည်နယ်တို့မှ ရွှေလီမြို့သို့ မီးရထားဖြင့် ပို့ဆောင်ကာ မူဆယ်ခရိုင် လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးအဖွဲ့ ခရိုင်မှူး ဦးခင်မောင်ဦးနှင့် ဒုတိယခရိုင်လူဝင်မှုကြီးကြပ်ရေးမှူး ဦးဝင်းလှိုင်တို့ထံ လွှဲပြောင်းအပ်နှံခဲ့သည်။

စာမျက်နှာ ၃ ကော်လံ ၅ ■



Ph : 662107, 9669012, 0973028674, 02-77838, 053-27705, 074-20071, 081-2122838, 057-27170, 073-22158, 082-23561, 043-23859, 098763546, 067-24760, 0949850196, 075-25979. Fax-521905

mmalin.npt@gmail.com, www.facebook.com/MYANMAALINNEWS
မြန်မာ့အလင်း